ဖက်ဒရယ်ပြည်ထောင်စုရေးရာ ဝန်ကြီးဌာန

MINISTRY OF FEDERAL UNION AFFAIRS

ဖက်ဒရယ်ရေးရာပညာပေးစာစဉ်

အမှတ် (၁)

# ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုစနစ်

ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာနမှ
ဖက်ဒရယ်ရေးရာပညာပေးအဖြစ် ထုတ်ဝေဖြန့်ချီသည်။

ဖက်ဒရယ်ရေးရာ ပညာပေးစာစဉ်

အမှတ် (၁)

# ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုစနစ်

“ပုံနှိပ်မှတ်တမ်း”

| | |
|---|---|
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | မတ်လ၊ ၂၀၂၃ |
| ထုတ်ဝေသူ | Grace |
| မျက်နှာဖုံးဒီဇိုင်း | Amos |
| အတွင်းဒီဇိုင်း | Kyay Thar |
| ပုံနှိပ်စက် | 11 Colours Printing, Bangkok, Thailand |

■

အမျိုးသားညီညွတ်ရေးအစိုးရ
ဖက်ဒရယ်ပြည်ထောင်စုရေးရာ ဝန်ကြီးဌာနမှ
ထုတ်ဝေဖြန့်ချိသည့်
ဖက်ဒရယ်ရေးရာပညာပေးစာစဉ်ဖြစ်သည်။
အမျိုးသားညီညွတ်ရေးအစိုးရ၏ ပေါ်လစီစာတမ်းမဟုတ်ပါ။

# ။ မာတိကာ ။


**အမှာစာ** - ၄

■ **အခန်း (၁)**
ဖက်ဒရယ်စနစ်၏ အင်္ဂါရပ်များ - ၇

■ **အခန်း (၂)**
ဖက်ဒရယ်ပြည်ထောင်စု - ၂၉
ဖွဲ့စည်းပုံအခြေခံဥပဒေ၏အင်္ဂါရပ်များ

■ **အခန်း (၃)**
ဒီမိုကရေစီကျင့်စဉ်များ - ၆၂

■ **အခန်း (၄)**
လွတ်လပ်မှု၏ အခြေခံသဘောတရား - ၁၀၈

■ **အခန်း (၅)**
ပြည်ထောင်စုနှင့်ပြည်နယ်များအကြား - ၁၃၆
အာဏာခွဲဝေခြင်း

■ **အခန်း (၆)**
ဖက်ဒရယ်ပြည်ထောင်စု အခြေခံမူများ - ၁၅၅

■ **နောက်ဆက်တွဲများ** - ၁၉၇
• ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၁) - ၁၉၉
• ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၂) - ၂၂၃

## အမှာစာ

နွေဦးတော်လှန်ရေး၏ ကြွေးကြော်သံသည် စစ်အာဏာရှင်စနစ်ကို အမြစ်ပြတ်ချေမှုန်း၍ စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးပင်ဖြစ်ပါသည်။ ယင်းသည် စစ်အာဏာရှင်စနစ်ကို အစားထိုးနိုင်မည့် ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီစနစ်တို့ကို ပေါင်းစပ်၍ ပြည်ထောင်စုကြီးကို ပြန်လည်ထူထောင်ရေးပင်ဖြစ်သည်။

စစ်အာဏာရှင်စနစ်ကို အမြစ်ပြတ်ချေမှုန်း၍ စစ်မှန်သော ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးတိုက်ပွဲကို ၂၀၂၀ နိုဝင်ဘာ ရွေးကောက်ပွဲရလဒ်ဖြစ်သော DeJure Mandate နှင့် တိုင်းရင်းသားတော်လှန်ရေးအင်အားစုများနှင့် နွေဦးတော်လှန်ရေးတွင် ပါဝင်တိုက်ပွဲဝင်နေကြသူများ၏ De Facto Mandate နှစ်ရပ်ကို ခိုင်မာစွာ ပေါင်းစပ်၍ ဆင်နွှဲနေခြင်းဖြစ်သည်။ ထိုကဲ့သို့ De Jure Mandate နှင့် De Facto Mandate တို့ကို စနစ်တကျ ပေါင်းစပ်ရန် ''ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်'' Federal Democracy Charter (FDC) အစိတ်အပိုင်း (၁) နှင့် အစိတ်အပိုင်း (၂) တို့ကို ပြဋ္ဌာန်းနိုင်ခဲ့ခြင်းဖြစ်ပါသည်။

စစ်အာဏာရှင်စနစ်ကို ဖျက်သိမ်း၍ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးတိုက်ပွဲ ဦးတည်ချက်နှင့်ရည်ရွယ်ချက်များကို ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်တွင် အောက်ပါအတိုင်း ရှင်းရှင်းလင်းလင်း ဖော်ပြခဲ့ပါသည်။ ယင်းတို့မှာ–

(၁) စစ်အာဏာရှင်စနစ် အပါအဝင် အာဏာရှင်စနစ် မှန်သမျှ ပပျောက်ရေး

(၂) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အပြီးသတ် ဖျက်သိမ်းရေး

(၃) ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေး

(၄) အရပ်သားပြည်သူ့အစိုးရ ပေါ်ထွန်းရေးတို့ ဖြစ်ပါသည်။

ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ပါ နိုင်ငံရေးဦးတည်ချက်နှင့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံရေးလမ်းပြမြေပုံ အဆင့် (၁၂) ဆင့်ကို FDC အစိတ်အပိုင်း (၁) တွင် ဖော်ပြထားပါသည်။ ထို့အပြင် ''ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေး'' အတွက် လိုအပ်သောပြည်ထောင်စုမျှော်ရည်ချက်နှင့် စံတန်ဖိုးများ၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူ (၅) ချက်၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ

အခြေခံမူဝါဒ (၆၄) ချက်တို့ကို ဖော်ပြထားပါသည်။ ယင်းကဲ့သို့ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်တွင် ပြဋ္ဌာန်းထားသော ပြည်ထောင်စု မျှော်ရည်ချက်၊ စံတန်ဖိုး၊ လမ်းညွှန်အခြေခံမူများနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အခြေခံမူဝါဒများသည် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးသာမက အမြဲတမ်းကျင့်သုံးမည့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရာတွင်လည်း ခံယူကျင့်သုံးမည့် ''ဖက်ဒရယ် ပြည်ထောင်စု၏အခြေခံမူ'' များ ဖြစ်ကြပါလိမ့်မည်။ ထို့ကြောင့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်တွင်ပါရှိသော ပြည်ထောင်စု မျှော်ရည်ချက်များ၊ စံတန်ဖိုးများနှင့် အခြေခံမူဝါဒများကို ဖွဲ့စည်းပုံအခြေခံဥပဒေအသွင်ဖြင့် ''ပြည်ထောင်စုအခြေခံမူများ'' အဖြစ် ပြောင်းလဲရေးဆွဲပြဋ္ဌာန်းသောအခါ မည်သို့မည်ပုံ ဆောင်ရွက်သင့်ကြောင်း အကြံပေးချက်များကို ဤစာစဉ်တွင် ဖော်ပြထားပါသည်။

ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၁) ကို ဖွဲ့စည်းပုံ အခြေခံဥပဒေအဖြစ် အသွင်ပြောင်း၍ ရေးဆွဲပြဋ္ဌာန်းသောအခါ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် မရှိမဖြစ် လိုအပ်သော ဖက်ဒရယ်အခြေခံမူများ၊ ဒီမိုကရေစီ ကျင့်စဉ်များနှင့် လွတ်လပ်မှု အခြေခံသဘောတရားများကို သီအိုရီသာမက လက်တွေ့ဘဝတွင် ကြုံတွေ့ခဲ့ရသော သင်ခန်းစာများ ပေါင်းစပ်၍ ပင်လုံစာချုပ်ချုပ်ဆိုသည့်အချိန်မှ နွေဦးတော်လှန်ရေးအထိ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည် ဆောက်ရေးအတွက် ခေတ်အဆက်ဆက်ကြိုးပမ်းမှုများ၊ ထိုသို့ ကြိုးပမ်းရာတွင် ကြုံတွေ့ခဲ့သော အခက်အခဲနှင့် စိန်ခေါ်မှုများ၊ ထိုစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးအတွက် တိုက် ပွဲဝင်တောင်းဆိုချက်များကို ဤစာစဉ်တွင် သမိုင်းရှုထောင့်၊ နိုင်ငံရေးရှုထောင့်နှင့် ဥပဒေရှုထောင့် (၃) သွယ်ဖြင့် ပေါင်းစပ်၍ တင်ပြထားပါသည်။ ထို့ကြောင့်နွေဦးတော်လှန်ရေး၏ အောင်ပွဲပန်းတိုင်ဖြစ်သော စစ်အာဏာရှင်စနစ်ဖြုတ်ချရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးကြိုးပမ်းမှုကို အထောက်အကူဖြစ်စေနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

နွေဦးတော်လှန်ရေးတွင် ရှေ့ဆုံးမှ ပါဝင်နေကြသော မြေပြင်သပိတ်တိုက်ပွဲဝင်လူထုကြီး၊ CDM လှုပ်ရှားမှုတွင် ပါဝင်နေကြသော ကဏ္ဍပေါင်းစုံမှ ဝန်ထမ်းများ၊ ပြည်သူ့ကာကွယ်ရေး တော်လှန်ရေးတပ်သားများ၊ တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများနှင့် နိုင်ငံတကာရောက် မြန်မာနိုင်ငံသားများ၏ ခိုင်မာသော တော်လှန်ရေးစိတ်ဓာတ်

ကို ဤစာစဉ်ဖြင့် လေးစားစွာ ဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးများ အပြည့်အဝ အာမခံချက်ရှိသော ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးတိုက်ပွဲတွင် ခေတ်အဆက်ဆက် အသက်သွေးချွေးနှင့် ဘဝ ပေးလှူရင်း ကျဆုံးသွားခဲ့ကြသော အာဇာနည်သူရဲကောင်းအပေါင်းတို့ကိုလည်း ဤစာစဉ်ဖြင့် ဦးညွှတ် အလေးပြုအပ်ပါသည်။

တော်လှန်ရေးသစ္စာဖြင့်...

ဒေါက်တာလျန်မှုန်းဆာခေါင်း
ပြည်ထောင်စုဝန်ကြီး
ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ဖေဖော်ဝါရီ ၂၃ ရက်၊ ၂၀၂၃
**(ခေတ္တမဲဟောင်ဆောင်မြို့)**

## အခန်း (၁)
## ဖက်ဒရယ်စနစ်၏ အင်္ဂါရပ်များ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသည် ၁၉၄၇၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင်ချုပ်ဆိုထားသော ပင်လုံစာချုပ်ကိုအခြေခံ၍ ဖွဲ့စည်းထူထောင်ထားသောနိုင်ငံဖြစ်သည်။ ပင်လုံစာချုပ်သည် ကိုလိုနီခေတ်မတိုင်ခင်က သီးခြားလွတ်လပ်ခဲ့ကြသော တိုင်းရင်းသားလူမျိုးများက သီးခြားစီ လွတ်လပ်ရေးရယူ၍ မိမိတို့အမျိုးသားနိုင်ငံတော်များကို သီးခြားထူထောင်ခြင်းမပြုဘဲ လွတ်လပ်ရေးကို အတူတကွရယူကာ ပြည်ထောင်စုနိုင်ငံသစ်တစ်ခုကို ပူးပေါင်းထူထောင်ရန် ချုပ်ဆိုထားသော သဘောတူစာချုပ်ဖြစ်သည်။ ပင်လုံစာချုပ်တွင် အဓိကအကျဆုံးသော သဘောတူညီချက်များမှာ ထိုစဉ်ကာလတွင် တောင်တန်းဒေသများဟု ခေါ်ဆိုခဲ့သော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ပေးရမည်ဆိုသောအချက်နှင့် အသစ်ထူထောင်မည့် ပြည်ထောင်စုကြီးတွင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးရမည်ဟူသောအချက်များပင် ဖြစ်ပါသည်။

### ဖက်ဒရယ် အဓိပ္ပာယ်ဖွင့်ဆိုချက်

ဖက်ဒရယ်ဟူသော ဝေါဟာရသည် လက်တင်ဘာသာစကားဖြစ်သော “Foedus” နှင့် “Fides” တို့မှ ဆင်းသက်လာပြီး ယင်းကို အင်္ဂလိပ်ဘာသာစကားဖြင့် Federation ဟုဘာသာပြန်ထားကြပါသည်။ Foedus ဟူသော စကားလုံး၏ အဓိပ္ပာယ်သည် “သဘောတူညီခြင်း” (Agreement) သို့မဟုတ် “ပဋိညာဉ်” (Covenant) ဟု ဘာသာပြန်ကြပါသည်။ ထို့ကြောင့် ဖက်ဒရယ်မူရင်းစကား၏အဓိပ္ပာယ်သည် နှစ်ဖက် (သို့မဟုတ်) နှစ်ဖက်ထက် ပို၍များသောလူမျိုးများ (သို့မဟုတ်) ပြည်ထောင်များက မိမိတို့ပိုင်ဆိုင်ထားသော နယ်မြေများ (ဝါ) ပြည်ထောင်များ (ဝါ) နိုင်ငံများကို ပူးပေါင်း၍ ပြည်ထောင်

များကို 'စု' ထားသည့်"ပြည်ထောင်စု" နိုင်ငံတခုကိုထူထောင်ရန် သဘောတူစာချုပ်ချုပ်ဆိုခြင်းပင် ဖြစ်ပါသည်။

ဖက်ဒရယ်ဟူသော ဝေါဟာရ၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကို စံချိန်စံနှုန်းအဖြစ်ကိုင်စွဲပြီး ပင်လုံစာချုပ်ကို လေ့လာသုံးသပ်ကြည့်ပါက ပင်လုံစာချုပ်သည် ဖက်ဒရယ်စနစ်၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အပြည့်အဝ ဖော်ဆောင်နိုင်ခဲ့သော စာချုပ်တရပ်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါသည်။ အကြောင်းမှာ ကိုလိုနီခေတ်မတိုင်မီ သီးခြားလွတ်လပ်၍ ကိုလိုနီခေတ်တလျှောက်လုံး သီးခြားဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေများဖြင့် သီးခြားစီအုပ်ချုပ်ခဲ့သောဗြိတိသျှ ကိုလိုနီနယ် (၄) ခုက သီးခြားစီ လွတ်လပ်ရေး မယူဘဲ မိမိတို့ပိုင်ဆိုင်ထားသော "ပြည်ထောင်" များကို "စု"၍ ပြည်ထောင်စုနိုင်ငံတခု အတူတကွထူထောင်ရန် သဘောတူစာချုပ်ချုပ်ဆိုသောစာချုပ်ဖြစ်သောကြောင့် ဖြစ်ပါသည်။

ဖက်ဒရယ် ဟူသော ဝေါဟာရတွင် "Foedus" ဆိုသည့် သဘောတူညီခြင်း (ဝါ) ပဋိညာဉ်ပြုခြင်းသာမက "Fides" ဟူသော "ယုံကြည်ခြင်း" (Trust) လည်း ပါရှိသည်။ ထို့ကြောင့် ထိုစကားလုံးနှစ်ခုကို ပေါင်းစပ်ပြီး အဓိပ္ပာယ်ဖွင့်ဆိုပါက "ယုံကြည်ခြင်း" ကိုအခြေခံ၍ "သဘောတူစာချုပ်" ချုပ်ဆိုခြင်း (ဝါ) "ပဋိညာဉ်" ပြုခြင်းဖြစ်သည်။ ထို့ကြောင့် ယုံကြည်ခြင်းမှာ အလွန်အရေးကြီးသည်။ ယုံကြည်ခြင်း ပျက်ပြားသောအခါ ပဋိပက္ခဖြစ်ပွားနိုင်သည်။ ယခု ပြည်ထောင်စုမြန်မာနိုင်ငံ၏အဖြစ်အပျက်ကို နှိုင်းယှဉ်ပြီး သုံးသပ်ကြည့်ပါက ယုံကြည်ချက်အပေါ်မှာအခြေခံ၍ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ သို့ရာတွင် အဆက်ဆက်သောအစိုးရက ပင်လုံစာချုပ်ကို အကောင်အထည်ဖော်ရန် ပျက်ကွက်ခဲ့ကြသောကြောင့် ယုံကြည်မှုပျက်ပြားပြီး အနှစ် (၇၀) ပြည်တွင်းစစ်နှင့် ရင်ဆိုင်နေရပါသည်။ ထို့ကြောင့် ဖက်ဒရယ်စနစ်၏ လိုရင်းအဓိပ္ပာယ်ဖြစ်သော "သဘောတူညီခြင်း" နှင့်"ပဋိညာဉ်ပြုခြင်း" သာမက "ယုံကြည်မှုတည်ဆောက်ခြင်း" သည်လည်း ပြည်ထောင်စုကြီး၏ ရှင်သန်ရေးအတွက်အလွန်အရေးကြီးပါသည်။

နွေဦးတော်လှန်ရေးတွင် အာဏာသိမ်းစစ်ကောင်စီကို ဖြုတ်ချရန် တဘက်တွင်ကြိုးပမ်းနေသလို အခြားတဘက်တွင်လည်း ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး ထူထောင်နိုင်ရေးအတွက် "ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်" အစိတ်အပိုင်း (၁) နှင့် (၂) တို့ကို ထုတ်ပြန်နိုင်ခဲ့ပါသည်။ ထို "ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်"သည် အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုကြီး ပြန်လည်ထူထောင်ရေးအတွက် မျှော်မှန်းချက်များ၊

ပြည်ထောင်စု စံတန်ဖိုးများနှင့် လမ်းညွှန်အခြေခံမှုများကို ဖော်ထုတ်နိုင်သကဲ့သို့ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုး အသီးသီးနှင့် လူထုလူတန်းစား အလွှာအသီးသီးကြားတွင် ယုံကြည်မှု တည်ဆောက်ရေး၊ အပြန်အလှန် လေးစား အသိအမှတ်ပြုရေးနှင့် ငြိမ်းချမ်းစွာအတူ လက်တွဲနေထိုင်ရေးဝါဒတို့ကို အလေးပေးဖော်ပြထားသည်။ သို့မှသာ ဖက်ဒရယ်စနစ်၏ဆိုလိုရင်းဖြစ်သော "ပဋိညာဉ်" ပြုခြင်းနှင့်"ယုံကြည်မှုတည်ဆောက်ခြင်း" ကို တပြိုင်နက်တည်း ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## ဖက်ဒရယ်စနစ်၏ အင်္ဂါရပ်များ

ဖက်ဒရယ်ပြည်ထောင်စနစ်ကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပုံစံမျိုးစုံဖြင့် ကျင့်သုံးနေကြပါသည်။ ထို့ကြောင့် ဖက်ဒရယ်စနစ်၏ အင်္ဂါရပ်များသည်လည်း များပြား၍ တနိုင်ငံနှင့် တနိုင်ငံ ကျင့်သုံးပုံခြင်း မတူညီနိုင်ကြပေ။ ဤနေရာတွင် မိမိတို့နိုင်ငံ၏ နိုင်ငံရေး ရေခံမြေခံနှင့် အကိုက်ညီဆုံးဖြစ်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်၏ အင်္ဂါရပ်များကို တင်ပြသွားမည်ဖြစ်ပါသည်။

### ၁။ မိမိတို့၏ လွတ်လပ်သော ဆန္ဒအတိုင်း ပူးပေါင်းခြင်း

### (Voluntary Association)

ဖက်ဒရယ်စနစ်၏ အဓိပ္ပာယ်သည် "သဘောတူစာချုပ်ချုပ်ဆိုခြင်း" (သို့မဟုတ်) "ပဋိညာဉ်ပြုခြင်း" ဖြစ်သည်။ လူမျိုးတမျိုးက မိမိတို့ပိုင်ဆိုင်ထားသောပြည်ထောင် (ဝါ) ပြည်နယ်ကို အခြားလူမျိုးများပိုင်ဆိုင်ထားသော ပြည်ထောင် (ဝါ) ပြည်နယ်နှင့်ပူးပေါင်း၍ ပြည်ထောင်များ စုထားသည့် "ပြည်ထောင်စု" တခုကို ဖွဲ့စည်းထူထောင်ရန် မိမိတို့၏ လွတ်လပ်သော ဆန္ဒသဘောထားအားဖြင့် "သဘောတူ လက်မှတ်ရေးထိုးခြင်း" (ဝါ) "ပဋိညာဉ်ပြုခြင်း" ကိုသာလျှင် ဖက်ဒရယ်ပြည်ထောင်စုစနစ်ဟု ခေါ်ပါသည်။ ထိုလူမျိုး (သို့မဟုတ်) ထိုပြည်ထောင် (သို့မဟုတ်) ထိုပြည်နယ်ကို ပြည်ထောင်စုတွင် အဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင်ရန် "သဘောတူစာချုပ်" ကို အတင်းအဓမ္မ လက်မှတ်ထိုးစေခြင်းသည် ဖက်ဒရယ်စနစ်၏ ဆန့်ကျင်ဘက်အရာပင်ဖြစ်သည်။ ထိုကဲ့သို့ အတင်းအဓမ္မ လက်မှတ်ရေးထိုးစေခြင်း (သို့မဟုတ်) ပြည်ထောင်စုအဖွဲ့ဝင်အဖြစ် ပါဝင်စေခြင်း (သို့မဟုတ်) သိမ်းပိုက်ခြင်းသည် ကိုလိုနီစနစ်၏ကျင့်စဉ်သာလျှင် ဖြစ်ပါသည်။ ဖက်ဒရယ်စနစ် မဟုတ်ပေ။

လွတ်လပ်ရေးကို အတူတကွ ရယူ၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကို စုပေါင်းထူထောင်ရန် ပင်လုံစာချုပ်ကို လက်မှတ်ထိုးခဲ့ကြသော ကြားကာလ မြန်မာ အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်အောင်ဆန်းသည်သော်လည်းကောင်း၊ ချင်း၊ ကချင်နှင့်ရှမ်း ခေါင်းဆောင်များသည်သော်လည်းကောင်း၊ မည်သူတဦးတယောက်၏ အတင်းအဓမ္မ ခိုင်းစေခြင်းကြောင့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြခြင်း မဟုတ်ပေ။ မိမိတို့၏ လွတ်လပ်သော ဆန္ဒသဘောအရ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုး၍ လွတ်လပ်ရေး ကို အတူတကွ ရယူကာ ပြည်ထောင်စုကြီးကို စုပေါင်းထူထောင်ခဲ့ကြခြင်းသာဖြစ်သည်။ တနည်းအားဖြင့်ဆိုပါက ပင်လုံစာချုပ်သည် ချင်း၊ ကချင်နှင့် ရှမ်းတို့က စစ်ရှုံး၍ လက်နက် ချ အညံ့ခံသောစာချုပ် မဟုတ်ပေ။ ပြည်ထောင်စုကြီးကို တန်းတူရည်တူဖြင့် အတူတကွ ထူထောင်ရန် ပဋိညာဉ်ပြုကြခြင်းသာ ဖြစ်သည်။

ဖက်ဒရယ်စနစ်၏ အင်္ဂါရပ်ဖြစ်သော "မိမိတို့၏ လွတ်လပ်သောဆန္ဒအရ အတူ ပူးပေါင်းခြင်း" (Voluntary Association) ကို "Coming Together" ဟူ၍လည်း ခေါ်ဆို တတ်ကြပါသည်။ Coming Together ၏ဆိုလိုရင်းမှာ ယခင်ကမရှိခဲ့ဖူးသေးသည့် ပြည် ထောင်စုတခုကို အတူတကွထူထောင်ခြင်းဟု အဓိပ္ပာယ်ရရှိပါသည်။ Coming Together ၏ ဆိုလိုရင်းအရ ပင်လုံစာချုပ် မချုပ်ဆိုခင်တုန်းက "ပြည်ထောင်စု" မရှိသေး။ ယခု ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအဖြစ် ပါဝင်နေကြသူများသည် သီးခြားလွတ်လပ် သောလူမျိုးများနှင့် ပြည်ထောင်များသာဖြစ်ကြသည်ဟု အဓိပ္ပာယ်ရရှိပါသည်။

ယခုအခါ တချို့သောပုဂ္ဂိုလ်များ– အထူးသဖြင့် မဟာလူမျိုးကြီးဝါဒကို အခိုင်အမာကိုင်စွဲနေကြသော ဗမာ့တပ်မတော်မှ မင်းအောင်လှိုင်နှင့်စစ်ခေါင်းဆောင် များသည်ဤ ပြည်ထောင်စုကို "Coming Together Model" ဖြင့် ထူထောင်ခြင်း မဟုတ်၊ Holding Together Model ဖြင့် ထူထောင်ခြင်းဖြစ်သည်ဟု ပြောဆိုနေကြပါသည်။ Holding Together ၏ ဆိုလိုရင်းသည် ယခင်က အတူတကွ ရှိထားခဲ့ပြီးဖြစ်သည့် နိုင်ငံ တခုကို စုပေါင်း၍ ပြန်လည်ထူထောင်ခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့် ထိုမဟာလူမျိုးကြီးဝါဒီ စစ်ဗိုလ်ချုပ်များက ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ယခု အတူတကွ နေထိုင်ကြသော တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် ရှေးပဝေသဏီခေတ် ကတည်းက အတူတကွ နေထိုင်ခဲ့ကြသည်ဟု သမိုင်းကိုပင် မဟုတ်မမှန် ငြင်းဆိုနေကြ ပါသည်။ ထိုမဟာလူမျိုးကြီးဝါဒီ စစ်ဗိုလ်များနှင့် ရှေးပဝေသဏီဟူသော သမိုင်းအမြင်

ကို ကိုင်စွဲနေသူများသည် အမှန်တရားကို ငြင်းပယ်၍ ရကြမည်မဟုတ်ပါ။ ဥပမာအားဖြင့် မိမိတို့ချင်းလူမျိုး ပိုင်ဆိုင်ထားသော ချင်းပြည်ထောင်သည် ကိုလိုနီခေတ်ကုန်ဆုံးသွားသည့်အချိန်အထိ တစုတဝေးတည်းဖြင့် ဆက်စပ်နေခဲ့ပါသည်။ သို့ရာတွင် ပင်လုံစာချုပ်ကို ယခင် “Chin Hills Regulation– 1896” အရ အုပ်ချုပ်ခဲ့သော ချင်းပြည်မှ ခရိုင်တခု၏ ခေါင်းဆောင် (၃) ဦးသာ လက်မှတ်ရေးထိုးခဲ့သောကြောင့် ချင်းပြည်၏ သုံးပုံတပုံသာ ပြည်ထောင်စုမြန်မာနိုင်ငံထဲ ပါဝင်လာပြီး၊ ကျန်သည် သုံးပုံနှစ်ပုံသည် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်တွင် ကျန်ရစ်သွားခဲ့သည်ဆိုသော အဖြစ်မှန်ကို ဘယ်လိုဖြေဆိုကြမည်နည်း။ ရှေးပဝေသဏီခေတ်ကတည်းက ချင်းပြည်သည် မြန်မာအင်ပါယာ၏ အစိတ်အပိုင်းဖြစ်ခဲ့ပါက ထိုကဲ့သို့ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်တွင် ကျန်ရစ်နေသည့် ချင်းပြည်၏ အနာဂတ်အရေးကို မည်သို့မည်ပုံ ဖြေရှင်းရန် စဉ်းစားတွေးခေါ်နေကြပါသနည်း။

အဖြေမှန်မှာ ယခုပြည်ထောင်စုမြန်မာနိုင်ငံဟု ခေါ်ဆိုသော ပြည်ထောင်စုနိုင်ငံသစ်သည် ပင်လုံစာချုပ်အရ ပေါ်ပေါက်လာသော နိုင်ငံသစ် ဖြစ်ပါသည်။ ပင်လုံစာချုပ်မတိုင်ခင် ပုဂံခေတ်မှ ကုန်းဘောင်ခေတ်အထိ မိမိတို့ချင်းလူမျိုးများသည် မြန်မာမင်းများ၏ မြန်မာအင်ပါယာနှင့် ပတ်သက်ခြင်း မရှိခဲ့ကြောင်း သက်သေပြခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ပင်လုံစာချုပ်သာလျှင် ပြည်ထောင်စုသမိုင်းအစ ဖြစ်ပါသည်။

## ၂။ ကိုယ်ပိုင်အုပ်ချုပ်ခြင်းနှင့် စုပေါင်းအုပ်ချုပ်ခြင်း

## (Self–rule and Shared–rule)

ဖက်ဒရယ်ပြည်ထောင်စုစနစ်၏ ဒုတိယအင်္ဂါရပ်သည် ကိုယ်ပိုင်အုပ်ချုပ်ခြင်း (Self–rule) နှင့် စုပေါင်းအုပ်ချုပ်ခြင်း (Shared–rule) တို့ ပေါင်းစပ်ထားသောစနစ်ဖြစ်ခြင်းပင် ဖြစ်ပါသည်။ ထိုကဲ့သို့ ကိုယ်ပိုင်အုပ်ချုပ်ခြင်းနှင့် စုပေါင်းအုပ်ချုပ်ခြင်းကို ပေါင်းစပ်ထားသောကြောင့် ဖက်ဒရယ်စနစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် အစိုးရတရပ်၊ စုပေါင်းအုပ်ချုပ်ရေးအတွက် အစိုးရတရပ်၊ အနည်းဆုံး အစိုးရ (၂) ရပ်ရှိကြရမည်ဖြစ်သည်။ ထို့ကြောင့် ဖက်ဒရယ်စနစ်ကို အစိုးရ (၂) ရပ် ပေါင်းစပ်ထားသော (Two–tier Government) စနစ်ဟု ခေါ်ဆိုနေခြင်း ဖြစ်ပါသည်။

ဖက်ဒရယ်စနစ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ပြည်ထောင်စု တခုလုံးကို ပူးပေါင်းထူထောင်ရန် သဘောတူစာချုပ် ချုပ်ဆိုထားသော လူမျိုးများ (ဝါ) ပြည်ထောင်များသည်

မိမိတို့ သမိုင်းစဉ်ဆက် ပိုင်ဆိုင်ထားသောနယ်မြေနှင့် ပြည်ထောင်များကို လက်လွှတ် အဆုံးအရှုံးခံ၍ ပြည်ထောင်စုအဖွဲ့ဝင်ဖြစ်လာကြခြင်း မဟုတ်ပေ။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်ထောင် (ဝါ) ပြည်နယ်အသီးသီးတို့သည် မိမိတို့သမိုင်းအစဉ်အဆက် ပိုင်ဆိုင်ထား သောပြည်ထောင်အသီးသီးကို မိမိတို့ကိုယ်တိုင် ဆက်လက်ပိုင်ဆိုင်အုပ်ချုပ်ပြီး အခြား ပြည် ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် အကျိုးတူလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက် ရန် ပြည်ထောင်စုအဖွဲ့ဝင်များအဖြစ် သဘောတူလက်မှတ်ရေးထိုးကြခြင်းသာ ဖြစ်ပါ သည်။ ထို့ကြောင့် မိမိတို့ပိုင်ဆိုင်ထားသော ပြည်ထောင် (ဝါ) ပြည်နယ်များကို မိမိတို့ ကိုယ်တိုင်အုပ်ချုပ်၍၊ ပြည်ထောင်စုအဖွဲ့ဝင် ပြည်ထောင် (ဝါ) ပြည်နယ်များ စုပေါင်း ပိုင်ဆိုင်ထား သောပြည်ထောင်စုကို စုပေါင်းအုပ်ချုပ်ကြရမည်ဖြစ်ပါသည်။

ဖက်ဒရယ်စနစ်တွင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ် ရေးအတွက် ပြည်နယ်အစိုးရများနှင့် စုပေါင်းအုပ်ချုပ်ရေးအတွက် ပြည်ထောင်စုအစိုးရ တို့အပြင်၊ ပြည်နယ်အသီးသီးတွင် စီမံခန့်ခွဲရေး ပိုမိုချောမွေ့အဆင်ပြေစေရန် ဒေသန္တရ အစိုးရများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေအစိုးရများကိုလည်း လိုအပ်လျှင်လိုအပ်သလို အသီးသီးဖွဲ့စည်း၍ အုပ်ချုပ်ရေးကို အဆင့်ဆင့် စီမံခန့်ခွဲနိုင်ပေသည်။ ဤသို့ဖြင့် အုပ်ချုပ် ရေးအဆင့်ဆင့် စီမံခန့်ခွဲထားသော ဖက်ဒရယ်စနစ်တွင် ဗဟိုဦးစီးစနစ်ကို ကျင့်သုံး၍မရ နိုင်ပေ။ ဗဟိုဦးစီးစနစ်သည် ဖက်ဒရယ်စနစ်ကို ဆန့်ကျင်သော အာဏာရှင်အုပ်ချုပ်ရေး စနစ်သာလျှင် ဖြစ်ပါသည်။

## ၃။ ကိုယ်ပိုင်အုပ်ချုပ်ခြင်းနှင့်စုပေါင်းအုပ်ချုပ်ခြင်းအကြား အာဏာခွဲဝေကျင့်သုံး ခြင်း(ဝါ) ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း

ဖက်ဒရယ်စနစ်သည် ကိုယ်ပိုင်အုပ်ချုပ်ခြင်း (Self–rule) နှင့် စုပေါင်းအုပ်ချုပ် ခြင်း(Shared–rule) တို့ပေါင်းစပ်ထားသောစနစ်ဖြစ်သောကြောင့် ကိုယ်ပိုင်အုပ်ချုပ်ရေး အတွက် ဖွဲ့စည်းထားသော "ပြည်နယ်အစိုးရများ"နှင့် စုပေါင်းအုပ်ချုပ်ရေးအတွက် ဖွဲ့စည်းထားသော"ပြည်ထောင်စုအစိုးရ" တို့အကြား စနစ်တကျအာဏာများကို ခွဲဝေ ကျင့်သုံးရန် လိုအပ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာ ခွဲဝေကျင့်သုံးခြင်းသည် ဖက်ဒရယ်စနစ်၏ အရေးကြီးသောအင်္ဂါရပ်တခု ဖြစ်ပေသည်။

ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်းကို အောက် ပါအတိုင်း ခွဲဝေသတ်မှတ်နိုင်ပါသည်။ ယင်းတို့မှာ–

(က) ပြည်ထောင်စု၏ လုပ်ပိုင်ခွင့်အာဏာများ

(ခ) ပြည်နယ်များ၏ လုပ်ပိုင်ခွင့်အာဏာများ

(ဂ) ပြည်ထောင်စုနှင့် ပြည်နယ်များ ပူးတွဲကျင့်သုံးရမည့် "ထပ်တူပြု အာဏာများ"

(ဃ) ကြွင်းကျန်သောအာဏာများ ဟူ၍ ဖြစ်ပါသည်။

ပြည်ထောင်စုလုပ်ပိုင်ခွင့်အာဏာများသည် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များက ဘုံအကျိုးတူလုပ်ငန်းများကို စုပေါင်းဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ စုပေါင်းပိုင်ဆိုင်၍ စုပေါင်းအုပ်ချုပ်ထားသော ပြည်ထောင်စုထံ အပ်နှင်းသည့်အာဏာများဖြစ်ပါသည်။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ပြည်ထောင်စုထံ အပ်နှင်းထားသော ပြည်ထောင်စု၏ လုပ်ပိုင်ခွင့်အာဏာများတွင် အောက်ပါအာဏာများ ပါဝင်လေ့ရှိသည်။

(၁) ပြည်ထောင်စုကာကွယ်ရေး

(၂) နိုင်ငံခြားဆက်ဆံရေး

(၃) ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်လုပ်ရေးနှင့် ဘဏ်စနစ် အပါအဝင် ငွေကြေးစနစ်

(၄) အလေးချိန်နှင့် ချိန်ခွင်တိုင်းတာခြင်း

(၅) အကောက်အခွန်စနစ်

(၆) စာတိုက်၊ ကြေးနန်းနှင့် အခြားဆက်သွယ်ရေးစနစ်များ

(၇) လူဝင်မှုကြီးကြပ်ရေးနှင့် သန်းခေါင်စာရင်း စသည့်ကိစ္စရပ်များ ပါဝင်သည်။

စစ်မှန်သော ဖက်ဒရယ်စနစ်ကို ကျင့်သုံး၍ ပြည်ထောင်စုအဖွဲ့ ဝင်ပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ပေးထားသော ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ဘုံအကျိုးစီးပွားအတွက် ပြည်ထောင်စုအား လွှဲအပ်ထားသော လုပ်ပိုင်ခွင့်အာဏာများမှလွဲ၍ ကျန်သော လုပ်ပိုင်ခွင့်အားလုံးကို ပြည်နယ်များ၏ လုပ်ပိုင်ခွင့်အာဏာများအဖြစ် သတ်မှတ်ထားပါသည်။ အထူးသဖြင့် ပြည်သူလူထုဘဝနှင့် တိုက်ရိုက်ဆက်စပ်သော လုပ်ပိုင်ခွင့်အာဏာများကို လူထုနှင့် အနီးစပ်ဆုံးအစိုးရဖြစ်သည့် ပြည်နယ်အစိုးရများထံအပ်နှင်းထားပါသည်။ ယင်းကို Subsidiary Principles ဟု ခေါ်ဆိုထားပါသည်။ ထို့ကြောင့် ဖက်ဒရယ်

စနစ်တွင် ပြည်သူလူထုတရပ်လုံး၏ နေ့စဉ် စား၊ ဝတ်၊ နေရေးဘဝနှင့် သက်ဆိုင်သော လုပ်ပိုင်ခွင့်အာဏာများကို ပြည်နယ်များကသာ ကျင့်သုံးပိုင်ခွင့်ရှိပေသည်။ ယဉ်ကျေးမှုဆိုင်ရာ လုပ်ပိုင်ခွင့်များနှင့် လူမှုရေးဆိုင်ရာဖြစ်သည့် ပညာရေးနှင့် ကျန်းမာရေးကိစ္စရပ်များ၊ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းအားလုံးကို ပြည်နယ်များ၏ လုပ်ပိုင်ခွင့်အဖြစ်သတ်မှတ်ထားပါသည်။

ထို့အပြင် ဖက်ဒရယ်စနစ်သည် ပြည်နယ်များကို အခြေခံ၍ ဖွဲ့စည်းထားသော ပြည်ထောင်စုစနစ်ဖြစ်သောကြောင့် မြေနှင့်မြေပေါ်မြေအောက်ရှိသဘာဝသယံဇာတများ၊ သစ်တောနှင့် မြစ်ချောင်း အင်းအိုင်အားလုံးတို့၏ မူရင်းပိုင်ရှင်သည် ပြည်နယ်များဖြစ်ကြပါသည်။ ထို့ကြောင့် ယင်းကိစ္စရပ်များနှင့်ပတ်သက်သော လုပ်ပိုင်ခွင့်အာဏာများကိုလည်းပြည်နယ်လုပ်ပိုင်ခွင့်အာဏာများအဖြစ် သတ်မှတ်ထားကြပါသည်။

ပြည်ထောင်စုနှင့်ပြည်နယ်များအကြား အာဏာခွဲဝေရေးတွင် ထပ်တူပြုအာဏာသည်လည်း အရေးကြီးပါသည်။ ထပ်တူပြုအာဏာသည် ပြည်ထောင်စုနှင့် ပြည်နယ်များ ပူးတွဲကျင့်သုံးပိုင်ခွင့်ရှိသော အာဏာများပင်ဖြစ်ပါသည်။ ယင်းသည် အခြေအနေအမျိုးမျိုး၏ တောင်းဆိုချက်အရ ပြည်ထောင်စုအစိုးရက တဘက်သတ်ဆောင်ရွက်၍ မရသောကိစ္စများနှင့် ပြည်နယ်တခုချင်းစီကလည်း သီးခြားစီ ဆောင်ရွက်၍ မရသောကိစ္စရပ်များကို ပြည်ထောင်စုနှင့် ပြည်နယ်များ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်လုပ်ပိုင်ခွင့်အာဏာများဖြစ်ပါသည်။ ဥပမာ– ပြည်ထောင်စုလမ်းမကြီးများ တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းမွမ်းမံခြင်း၊ ကပ်ရောဂါများကို စုပေါင်းကာကွယ် နှိမ်နင်းခြင်း စသည်များ ဖြစ်သည်။

စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုနှင့်ပြည်နယ်များ အာဏာခွဲဝေကျင့်သုံးခြင်းကို ဆောင်ရွက်ရာတွင် ကြွင်းကျန်သောအာဏာများ ကျင့်သုံးခြင်းကို အလေးအနက်ထားလေ့ရှိကြပါသည်။ ကြွင်းကျန်သောအာဏာများဆိုသည်မှာ ယခုလက်ရှိကာလတွင် ဥပဒေအဖြစ် ရေးဆွဲပြဋ္ဌာန်း၍ လက်တွေ့ကျင့်သုံးရန် မလိုအပ်သေးသော်လည်း နောင်တချိန်တွင် ဥပဒေဖြင့် ပြဋ္ဌာန်းကျင့်သုံးရန် လိုအပ်နိုင်သည့် လုပ်ပိုင်ခွင့်အာဏာများပင်ဖြစ်ပါသည်။ ထိုကြွင်းကျန်သောအာဏာများကို ဖက်ဒရယ်စနစ်မှ တပြည်ထောင်စနစ်ဘက်သို့ယိုင်သော ပြည်ထောင်စုနိုင်ငံများတွင် ပြည်ထောင်စု၏ လုပ်ပိုင်ခွင့်အာဏာများအဖြစ် သတ်မှတ်ပြီး တချို့သောပြည်ထောင်စုနိုင်ငံများတွင်

ပြည်ထောင်စုနှင့်ပြည်နယ်များအကြား အကြောင်းအရာအလိုက် လိုအပ်သလို ခွဲဝေ ကျင့်သုံးခွင့်ပေးထားပါသည်။ သို့ရာတွင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အပြည့်အဝပေးထားသော စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ကြွင်းကျန်သောအာဏာများကို ပြည်နယ်များ၏ လုပ်ပိုင်ခွင့်အာဏာအဖြစ် ပြဋ္ဌာန်း သတ်မှတ်ထားပါသည်။

## ၄။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်

စစ်မှန်သောဖက်ဒရယ်စနစ်သည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) ကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပ်နှင်းထားသော ပြည်ထောင်စုစနစ်ဖြစ်သည်။ ယင်းကို ပင်လုံစာချုပ်တွင် တောင်တန်းဒေသများ၏ နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အပြည့်အဝ အပ်နှင်းစေရမည်ဟု ဖော်ပြထားပါသည်။ ထို့ကြောင့် ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ကျင့်သုံးအပ်သော ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်သည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ နယ်တွင်းအုပ်ချုပ်ရေးတွင် ကျင့်သုံးအပ်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပင် ဖြစ်ပါသည်။

ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ကျင့်သုံးပိုင်ခွင့်ရှိသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကို နှစ်မျိုးနှစ်စား ခွဲခြားထားနိုင်ပါသည်။ ယင်းတို့မှာ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ် များ (ဖက်ဒရယ်ယူနစ်များ) က ကျင့်သုံးပိုင်ခွင့်ရှိသော နိုင်ငံရေးကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Political Self-determination) နှင့် ပြည်ထောင်စုဘွား တိုင်းရင်းသားလူမျိုးများက လူမျိုးအလိုက် စုပေါင်းကျင့်သုံးပိုင်ခွင့်ရှိသော ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Cultural Self- determination) တို့ပင် ဖြစ်ပါသည်။

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) ကျင့်သုံးပိုင်ခွင့် ရှိသောနိုင်ငံရေးဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် နိုင်ငံရေးအာဏာ (၃) ရပ်ဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ကျင့်သုံး ပိုင်ခွင့် အခွင့်အရေးပင်ဖြစ်ပါသည်။ ထိုနိုင်ငံရေးအခွင့်အရေးများကို အပြည့်အဝ ကျင့်သုံး နိုင်ရန်အတွက် ဥပဒေပြုရေးအာဏာကို ကျင့်သုံးရန် ပြည်နယ်လွှတ်တော်၊ အုပ်ချုပ်ရေး အာဏာကို ကျင့်သုံးရန် ပြည်နယ်အစိုးရနှင့် တရားစီရင်ရေးအာဏာကို ကျင့်သုံးရန် ပြည်နယ်တရားရုံးများကိုဖွဲ့စည်းထူထောင်ခွင့်ရှိရမည်ဖြစ်သည်။ သို့ရာတွင် ဥပဒေပြု အာဏာကို ကျင့်သုံးသော ပြည်နယ်လွှတ်တော်၊ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးသော

ပြည်နယ်အစိုးရနှင့် တရားစီရင်ရေးအာဏာကို ကျင့်သုံးသော ပြည်နယ်တရားရုံးများကို ဖွဲ့စည်းထူထောင်ရုံမျှဖြင့် ထိုပြည်နယ်များတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိပြီဟု မဆိုနိုင်ပေ။ ထိုပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) က မိမိတို့ပြည်နယ်အတွင်း ကျင့်သုံးရမည့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို လွတ်လပ်စွာ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိမှသာ ထိုပြည်နယ်များတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိသည်ဟု ဆိုနိုင်မည်ဖြစ်သည်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုသည်မှာ လူမျိုးတမျိုး (သို့မဟုတ်) ပြည်နယ်တခုက မိမိတို့လူမျိုး (သို့မဟုတ်) ပြည်နယ်အတွင်း လိုက်နာကျင့်သုံးရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို မိမိတို့လူမျိုး၏ နိုင်ငံရေးသမိုင်းနောက်ခံ၊ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ရိုးရာဓလေ့ထုံးတမ်းဥပဒေများကို အခြေခံ၍သော်လည်းကောင်း၊ ပြည်နယ်တခု၏ နိုင်ငံရေးရေခံမြေခံနှင့် လိုက်လျောညီထွေစေ၍သော်လည်းကောင်း၊ လွတ်လပ်စွာ ရေးသားပြဋ္ဌာန်းခွင့် အခွင့်အရေးပင်ဖြစ်ပါသည်။ ထို့ကြောင့် အခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသောလူမျိုးနှင့်ပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသောလူမျိုး (ဝါ) ပြည်နယ်များဟု ခေါ်သည်။ ထို့ကြောင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်သည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိ– မရှိကို တိုင်းတာသည့် နိုင်ငံရေးစံချိန်ပင် ဖြစ်သည်။

ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် ပြည်နယ် နယ်နိမိတ်ဖြင့် ဘောင်ခတ်ကန့်သတ်၍မရနိုင်ပေ။ လူမျိုးတမျိုး ဖြန့်ကျက်နေထိုင်ရာဒေသတိုင်းတွင် ကျင့်သုံးနိုင်ပါသည်။ တနည်းအားဖြင့်ဆိုပါက ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် လူမျိုးတမျိုးက မိမိတို့လူမျိုးများ၏ မွေးရာပါအခွင့်အရေးအဖြစ် စုပေါင်းပိုင်ဆိုင်ထားသော လူမျိုးရေးဆိုင်ရာအခွင့်အရေးများဖြစ်ကြသည့် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှုနှင့် ရိုးရာဓလေ့ထုံးတမ်းဥပဒေများကို လွတ်လပ်စွာ ထိန်းသိမ်းကာ ကွယ်မြှင့်တင်ခွင့် အခွင့်အရေးများပင်ဖြစ်ပါသည်။ ထို့ကြောင့် ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် လူမျိုးတမျိုး ရှင်သန်ရပ်တည်ရေးအတွက် မရှိမဖြစ်လိုအပ်သော လူမျိုးဖြစ်ခြင်းလက္ခဏာ (National Identity) ၏ ပင်မရေသောက်မြစ်ပင် ဖြစ်ပါသည်။ လူမျိုးဖြစ်ခြင်းလက္ခဏာ(National Identity) သည် ပြင်ပမှလာ၍ ဖန်တီးပြဋ္ဌာန်းပေး၍ မရ။ လူမျိုးတမျိုးက မိမိတို့လူမျိုး ရှင်သန်လှုပ်ရှားမှုအတွက် ဖန်တီးရယူသော အရာ ဖြစ်ပါသည်။ ထိုကဲ့သို့ ဖန်တီးနိုင်ရေးအတွက် ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် တိုင်းရင်းသားလူမျိုးတိုင်းအတွက် မရှိမဖြစ် လိုအပ်သော မွေးရာပါအခွင့်အရေးပင် ဖြစ်သည်။

ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသော ချင်း၊ ကချင်နှင့် ရှမ်းတို့သည် ကိုလိုနီခေတ်တွင် သက်ဆိုင်ရာပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေဟု ခေါ်ဆိုနိုင်သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများကို ပိုင်ဆိုင်ထားခဲ့ကြပြီးဖြစ်သည်။ ကချင်တောင်တန်းဒေသအတွက် 1895 Kachin Hill Tribe Regulation၊ ချင်းတောင်တန်းဒေသအတွက် 1896 Chin Hills Regulation နှင့် ပြည်ထောင်စုရှမ်းပြည်အတွက် ၁၉၂၂– Federated Shan State Act များကို ပိုင်ဆိုင်ထားခဲ့ကြပါသည်။ ပင်လုံစာချုပ်တွင်လည်း ထိုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေများအရ ရရှိစံစား ခံစားပိုင်ခွင့်ရှိသော ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာများကို မည်သည့်အခါမျှ မဖျက်သိမ်းစေရပါဘူးဟု အာမခံချက်ပေးထားခဲ့ပါသည်။ ထို့အပြင် ပင်လုံစာချုပ်အပိုဒ်(၅) တွင် ထိုတောင်တန်းဒေသများ၏နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Full Autonomy) အပြည့်အဝ ပေးထားရမည်ဖြစ်ကြောင်း ထပ်လောင်း၍ အာမခံချက်ပေးထားခဲ့ပါသည်။ သို့ရာတွင် ကိုလိုနီခေတ်တွင် ရရှိခံစားခဲ့သော အခွင့်အရေးများကို လွတ်လပ်ရေး ရရှိပြီးနောက် လက်လွှတ်ဆုံးရှုံးခဲ့ကြပါသည်။ ထို့ကြောင့် ထိုအခွင့်အရေးများပြန်လည်ရရှိနိုင်ရေးအတွက် ၂၀၂၁၊ မတ်လ (၃) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်တွင် ပြည်နယ်များကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းခွင့်ကို ပြန်လည်၍ အာမခံချက်ပေးထားပါသည်။ ထို့ကြောင့် မကြာတော့သော အနာဂတ်ကာလတွင် ရေးဆွဲပြဋ္ဌာန်းမည့်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ကို အပြည့်အဝ အာမခံချက်ပေးထားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

## ၅။ စုပေါင်းအုပ်ချုပ်၍ ပြည်ထောင်စုကို စီမံခန့်ခွဲခြင်း (ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုတရားစီရင်ရေး)

စစ်မှန်သောဖက်ဒရယ်စနစ်ကို ကျင့်သုံး၍ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်နယ်များကို အခြေခံပြီး ဖွဲ့စည်းထူထောင်ထားသည့် ပြည်ထောင်စုစနစ်တွင် စုပေါင်းအုပ်ချုပ်ရေး (Shared–rule) အရ ပြည်ထောင်စုကြီးကို ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက တန်းတူရည်တူ တာဝန်ယူ၍ စီမံခန့်ခွဲခွင့်ရှိကြရမည်ဖြစ်သည်။ ထိုကဲ့သို့ ပြည်နယ်များ ပူးပေါင်း၍ တန်းတူရည်တူ တာဝန်ယူ စီမံခန့်ခွဲနိုင်ခွင့်ရှိကြောင်းကိုလည်း ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအကျ ပြဋ္ဌာန်းပေးရမည်။

ပြည်ထောင်စုကြီးကို တန်းတူရည်တူ စီမံခန့်ခွဲရန် တာဝန်ယူကြသည်ဟုဆိုရာ၌ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး၊ တိုးတက်ဖွံ့ဖြိုးရေးနှင့် တည်တံ့ခိုင်မြဲရေးတို့အတွက် ဘက်ပေါင်းစုံမှ ပါဝင်ဆောင်ရွက်မှုကို ဆိုလိုပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးသော လုပ်ဆောင်ချက်မှာ အချုပ်အခြာအာဏာ၏ ရေသောက်မြစ် (၃) သွယ်ဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့်တရားစီရင်ရေးအာဏာတို့ကို တရားသဖြင့် စီမံခန့်ခွဲခြင်းပင်ဖြစ်သည်။ ထိုအာဏာ (၃) ရပ်ထဲတွင်လည်း ဥပဒေပြုရေးအာဏာသည် အခြေခံအကျဆုံးဖြစ်သောကြောင့် ဥပဒေပြုရေးအာဏာကို အသုံးပြု၍ ပြည်ထောင်စုကြီးကို ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များအားလုံးက မည်သို့မည်ပုံပါဝင်ပတ်သက်၍ စီမံခန့်ခွဲကြောင်း ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တိကျရှင်းလင်းစွာ ကာကွယ်ပြဋ္ဌာန်းရပေမည်။ ထိုနည်းတူ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကိုလည်း ဆောင်ရွက်ရပေမည်။

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်စုကြီးကို စီမံခန့်ခွဲရာ၌ အခြေခံအကျဆုံးသော နိုင်ငံရေးအဆောက်အဦသည် ပြည်ထောင်စုလွှတ်တော်ပင် ဖြစ်ပါသည်။ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုလွှတ်တော်၌ အာဏာတူလွှတ်တော် (၂) ရပ် ထားရှိရပါမည်။ ယင်းတို့မှာ အမျိုးသားလွှတ်တော် (ဝါ) အထက်လွှတ်တော်နှင့် ပြည်သူလွှတ်တော်(ဝါ) အောက်လွှတ်တော်တို့ပင်ဖြစ်ပါသည်။

ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် အမျိုးသားလွှတ်တော် (ဝါ) အထက်လွှတ်တော်ကို ဖွဲ့စည်းခြင်းသည် ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များ တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်စုကြီးကို အတူတကွ ထူထောင်ကြသည်ဟူသော တန်းတူရေးပြယုဂ်ပင်ဖြစ်သည်။ ထို့ကြောင့် အမျိုးသားလွှတ်တော်သည် လူထုကို တိုက်ရိုက်ကိုယ်စားပြုခြင်းမဟုတ်ပေ။ ပြည်နယ်များကို ကိုယ်စားပြုသည်။ ပြည်ထောင်စုထဲမှ တန်းတူသော ပြည်နယ်များကိုသာ ကိုယ်စားပြုခြင်းကြောင့် အမျိုးသားလွှတ်တော်တွင် ပြည်နယ်များက ဦးရေတူညီသော ပြည်နယ်ကိုယ်စားလှယ်များကို စေလွှတ်ကြရမည်။ သို့မှသာ နိုင်ငံရေးအရ တန်းတူသောပြည်နယ်များ ပူးပေါင်း၍ ပြည်ထောင်စုကြီးကို အတူတကွ ထူထောင်ကြသည်ဟူသော “တန်းတူရေး” လက္ခဏာကို ပေါ်လွင်ထင်ရှားနိုင်မည်ဖြစ်သည်။

ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်နယ်ကို ကိုယ်စားပြုသော အမျိုးသားလွှတ်တော်သာမက၊ ပြည်သူလူထုကိုကိုယ်စားပြုသော ပြည်သူ့လွှတ်တော်ကိုလည်း ဖွဲ့စည်းထူထောင်ရပေမည်။ ပြည်သူ့လွှတ်တော်သည် ဒီမိုကရေစီစနစ်အရ လူဦးရေကို ကိုယ်စားပြုပါသည်။ လူဦးရေကို အခြေခံ၍ လူဦးရေပိုများသော ပြည်နယ်က ပြည်ထောင်စုလွှတ်တော်၏ ပြည်သူ့လွှတ်တော်အတွက် ကိုယ်စားလှယ်ဦးရေ ပို၍များပြားစွာ စေလွှတ်ကြရမည်ဖြစ်သည်။ လူဦးရေနည်းသော ပြည်နယ်များက ကိုယ်စားလှယ်ဦးရေ လျှော့၍ပေးပို့ကြရမည်။ ယင်းသည် ဒီမိုကရေစီစနစ်၏အနှစ်သာရပင်ဖြစ်သည်။ ထို့ကြောင့် ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ဖက်ဒရယ်စနစ်အရ ပြည်နယ်ကို ကိုယ်စားပြုသော အမျိုးသားလွှတ်တော်နှင့် ဒီမိုကရေစီစနစ်အရလူထုကို ကိုယ်စားပြုသော ပြည်သူ့လွှတ်တော်ဆိုသည့် ပြည်ထောင်စုလွှတ်တော် (၂) ရပ်ကို ပေါင်းစပ်၍ ပြည်ထောင်စုလွှတ်တော်ကို ဖွဲ့စည်းထူထောင်ရပါသည်။

ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ ပူးပေါင်း၍ အုပ်ချုပ်ရေးအာဏာကို စီမံခန့်ခွဲရာ၌ တနိုင်ငံနှင့် တနိုင်ငံအကြား ကျင့်သုံးပုံချင်း မတူညီကြပေ။ လူမျိုးတမျိုးတည်းသာရှိ၍ သမ္မတစနစ်ကိုကျင့်သုံးသော တိုင်းပြည်များတွင် နိုင်ငံ့ဦးသျှောင် အကြီးအကဲဖြစ်သည့် သမ္မတကို ပြည်သူလူထုက တိုက်ရိုက်ရွေးချယ်တင်မြှောက်ကြပါသည်။ သို့ရာတွင် လူမျိုးပေါင်းစုံ ရောနှောနေထိုင်ပြီး ပါလီမန်စနစ်ကို ကျင့်သုံးသောတိုင်းပြည်များတွင် အုပ်ချုပ်ရေးအာဏာကို သမ္မတနှင့် ဝန်ကြီးချုပ်တို့အား အာဏာခွဲဝေသုံးစွဲသည့်စနစ်ကို ကျင့်သုံးကြပါသည်။ ထိုသို့ခွဲဝေကျင့်သုံးရာတွင်လည်း ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအားလုံး ပူးပေါင်းဖွဲ့စည်းထားသော ပြည်ထောင်စုကြီး၏ အကြီးအကဲဖြစ်သည့် နိုင်ငံ့ဦးသျှောင်သမ္မတကို ပြည်နယ်ကိုယ်စားပြုသည့် အမျိုးသားလွှတ်တော် (ဝါ) အထက်လွှတ်တော်က ရွေးချယ်တင်မြှောက်ပြီး၊ အုပ်ချုပ်ရေးယန္တရားကို တိုက်ရိုက်ကိုင်တွယ် စီမံရန် တာဝန်အရှိဆုံးဖြစ်သူ အစိုးရအကြီးအကဲ ဝန်ကြီးချုပ်ကိုမူ ဒီမိုကရေစီစနစ်အရ ပြည်သူလူထုကို ကိုယ်စားပြုသော ပြည်သူ့လွှတ်တော် (ဝါ) အောက်လွှတ်တော်က ရွေးချယ်တင်မြှောက်ရမည်။

ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် တရားရေးအာဏာကို ကျင့်သုံးရာ၌ လူမျိုးတမျိုးတည်းသာရှိသော တိုင်းပြည်နှင့် လူမျိုးပေါင်းစုံ ရောနှောနေထိုင်သော တိုင်းပြည်များတွင် ကျင့်သုံးပုံကျင့်သုံးနည်း မတူကြပေ။ ပြည်ထောင်စုမြန်မာနိုင်ငံသည် လူမျိုးပေါင်းစုံရောနှောနေထိုင်သော တိုင်းပြည်ဖြစ်သောကြောင့် ပြည်ထောင်စု တရားစီရင်

ရေးအာဏာကို ကိုင်တွယ်ကျင့်သုံးမည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး (Supreme Court Judges) များကို ခန့်အပ်ရာ၌ ယဉ်ကျေးမှုအရသော်လည်းကောင်း၊ ဘာသာစကားအရသော်လည်းကောင်း၊ ကိုးကွယ်ယုံကြည်မှုအရသော်လည်းကောင်း၊ သမိုင်းကြောင်းအရသော်လည်းကောင်း၊ မတူကွဲပြားနေကြသည့်လူမျိုးအားလုံး၏အရေးကို ဦးစားပေး၍ ထောက်ရှုစဉ်းစားရန် လိုအပ်သည်။ တဘက်တွင်လည်း တရားဥပဒေဆိုသည်မှာ "မျက်စိမရှိ၊ နားမရှိ" တရားမျှတမှုကိုသာ ထောက်ရှုစဉ်းစားရမည်ဖြစ်သောကြောင့်၊ တရားသူကြီးချုပ်များ၏ တရားဥပဒေဆိုင်ရာ သမာသမတ်ရှိမှုကိုလည်း ထောက်ရှုစဉ်းစားရန် လိုအပ်ပါသည်။ ထို့ကြောင့် ထိုအချက် (၂) ချက်စလုံးကို ပေါင်းစပ်သောအားဖြင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ တရားသူကြီးများကို ခန့်ထားရာ၌ (၃) ပုံ (၂) ပုံကို လူမျိုးနှင့် ပြည်နယ်များကို အခြေခံ၍ ခန့်ထားပြီး၊ ကျန်ရှိသော တရားသူကြီးများကိုမူ ထိုတရားသူကြီးများ၏ပင်ကိုယ်အရည်အချင်းနှင့် သမာသမတ်ရှိမှုအပေါ် အခြေခံ၍ ခန့်ထားသင့်ပါသည်။ လူမျိုးနှင့်ပြည်နယ်များကို ကိုယ်စားပြုသော တရားသူကြီးများကို ခန့်ထားရာတွင်လည်း ထိုတရားသူကြီးများ၏ ပင်ကိုယ်အရည်အချင်း၊ ဥပဒေပညာ ကျွမ်းကျင်မှုနှင့် သိက္ခာ သမာဓိရှိမှုများအပေါ် အခြေခံ၍ ထိုတရားသူကြီးကိုယ်စားပြုသည့်လူမျိုး (ဝါ) ပြည်နယ်များထဲမှ စနစ်တကျ ရွေးချယ် ခန့်အပ်ထားသင့်ပါသည်။

ဖက်ဒရယ်ပြည်ထောင်စုကြီးကို အဖွဲ့ဝင်ပြည်နယ်များက ပူးပေါင်း၍ စီမံခန့်ခွဲရမည့်နည်းလမ်းများကို ခြုံငုံ၍ ထပ်ပြောရမည်ဆိုပါက –

(က) ပြည်ထောင်စုလွှတ်တော်တွင် ဖက်ဒရယ်စနစ်အရ ပြည်နယ်ကိုကိုယ်စားပြုသည့် အမျိုးသားလွှတ်တော် (ဝါ) အထက်လွှတ်တော်နှင့် ဒီမိုကရေစီစနစ်အရ ပြည်သူလူထုကို ကိုယ်စားပြုသည့် ပြည်သူ့လွှတ်တော် (ဝါ) အောက်လွှတ်တော် ဟူ၍ "အာဏာတူလွှတ်တော် (၂) ရပ်" ထားရှိရမည်။ အမျိုးသားလွှတ်တော် (ဝါ) အထက်လွှတ်တော်တွင် ပြည်နယ်များက ဦးရေတူညီသော ကိုယ်စားလှယ်များကို စေလွှတ်ရမည်။

(ခ) အုပ်ချုပ်ရေးအာဏာကို ကိုင်တွယ်ကျင့်သုံးသည့် ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းရာတွင် တိုင်းပြည်၏အကြီးအကဲဖြစ်သော ပြည်ထောင်စုဦးသျှောင်သမ္မတနှင့် အုပ်ချုပ်ရေးယန္တရားကို တိုက်ရိုက်ကိုင်တွယ်ကျင့်သုံးသည့် အစိုးရအကြီးအကဲဖြစ်သော ဝန်ကြီးချုပ်တို့ကို ရွေးချယ်ခန့်ထားရမည်။ ပြည်ထောင်စု

သမ္မတကြီးကို ပြည်ထောင်စုစနစ်အရ ပြည်နယ်များကို ကိုယ်စားပြုသည့် အမျိုးသားလွှတ်တော် (ဝါ) အထက်လွှတ်တော်က ရွေးချယ်တင်မြှောက်ရမည်။ ဝန်ကြီးချုပ်ကိုမူ ဒီမိုကရေစီစနစ်အရ ပြည်သူလူထုကို ကိုယ်စားပြုသည့် ပြည်သူ့လွှတ်တော်(ဝါ) အောက်လွှတ်တော်က ရွေးချယ်တင်မြှောက်ရပါမည်။

(ဂ) တရားစီရင်ရေးအာဏာကို ထိပ်ဆုံးမှကိုင်တွယ်ကျင့်သုံးမည့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ တရားသူကြီးများအနက် (၃) ပုံ (၂) ပုံကို ပြည်နယ်များ (ဝါ) တိုင်းရင်းသားလူမျိုးများထဲမှ ဥပဒေပညာကျွမ်းကျင်သူများကို ရွေးချယ်ခန့်အပ်ပြီး၊ ကျန် (၃) ပုံ (၁) ပုံကိုမူ ဥပဒေကျွမ်းကျင်မှုနှင့် သမာသမတ်ရှိမှုအပေါ် အခြေခံ၍ တသီးပုဂ္ဂလများကို ရွေးချယ်ခန့်ထားရပါမည်။

## ၆။ ပြည်ထောင်စုလုံခြုံရေးကို စီမံခန့်ခွဲခြင်း (ဖက်ဒရယ်ပြည်ထောင်စုတပ်မတော် ဖွဲ့စည်းထူထောင်ရေးလမ်းစဉ်)

သီးခြားလွတ်လပ်ခွင့်ရှိ၍ သီးခြားအမျိုးသားနိုင်ငံတော်များ ထူထောင်ပိုင်ခွင့်ရှိသော ပြည်ထောင်များ (ဝါ) အမျိုးသားပြည်နယ်များ စုပေါင်း၍ ပြည်ထောင်စုကြီးကို အတူတကွ ထူထောင် ဖွဲ့စည်းသောအခါ ထိုပြည်ထောင် (ဝါ) အမျိုးသားပြည်နယ်များက စုပေါင်းပိုင်ဆိုင်ထားသည့် ပြည်ထောင်စုကြီး၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကိုကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တိုင်း၌ တာဝန်ရှိကြသည်။ ထိုသို့ အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် တိုင်းပြည်အုပ်ချုပ်ရေး ယန္တရားအသီးသီးကို ဖန်တီးထူထောင်ရပါမည်။ အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် ဖွဲ့စည်းထူထောင်ထားသည့် နိုင်ငံရေးယန္တရားများကို အကြမ်းအားဖြင့် နှစ်မျိုးနှစ်စားခွဲခြားနိုင်ပါသည်။ ယင်းတို့မှာ (၁) အုပ်ချုပ်ရေးယန္တရားနှင့်(၂) လုံခြုံရေးယန္တရားတို့ဖြစ်ပါသည်။

အုပ်ချုပ်ရေးတွင် တိုင်းပြည်၏အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေးအာဏာတို့ကို တိုက်ရိုက်ကိုင်တွယ်ကျင့်သုံးသော အစိုးရများ၊ တရားရုံးများနှင့် လွှတ်တော်အဆင့်ဆင့်တို့သာမက နိုင်ငံ့ဝန်ထမ်းအားလုံးလည်း ပါဝင်နေကြသည်။ လုံခြုံရေးတွင် ပြည်ထောင်စု လုံခြုံရေး၊ အေးချမ်းသာယာရေးကို ကာကွယ်စောင့်ရှောက်ရန် အတွက် တိုက်ရိုက်တာဝန်ပေးအပ်ခြင်းခံရသော တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့များနှင့် အခြားလုံခြုံရေးတပ်ဖွဲ့များ ပါဝင်ကြသည်။

ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် ကိုယ်ပိုင်အုပ်ချုပ်ခြင်းနှင့် စုပေါင်းအုပ်ချုပ်ခြင်းကို ရောစပ်ထားသောစနစ်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စု၏ လုံခြုံရေးတာဝန်ကိုထမ်းဆောင်ရာ၌လည်း ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် ပြည်နယ်အဆင့်နှင့် စုပေါင်းအုပ်ချုပ်ရေးအတွက် ပြည်ထောင်စုအဆင့်ဟူ၍ အပိုင်း (၂) ပိုင်းခွဲ၍ တာဝန်ပေးအပ်ရပါမည်။ ပြည်နယ်လုံခြုံရေးကို ပြည်နယ်အတွင်းရှိ ပြည်သူလူထုဘဝ အေးချမ်းသာယာရေးကို ကာကွယ်စောင့်ရှောက်ရန်အတွက် ပြည်နယ်ပြည်သူ့ရဲတပ်ဖွဲ့များကို သက်ဆိုင်ရာပြည်နယ်၏ လိုအပ်ချက်နှင့်အညီ ဖွဲ့စည်းထူထောင်၍ တာဝန်ပေးအပ်ရပါသည်။ ထိုနည်းတူ ပြည်နယ်လုံခြုံရေးစစ်တပ် (State Militia) များကိုလည်း လိုအပ်လျှင် လိုအပ်သလိုဖွဲ့စည်းတာဝန်ပေးအပ်ရပါမည်။

ပြည်ထောင်စုကြီး၏ လုံခြုံရေးကို တာဝန်ယူထမ်းဆောင်နေကြမည့် ပြည်ထောင်စုတပ်မတော်ကိုမူ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအားလုံး စုပေါင်းတာဝန်ယူ၍ စုပေါင်းဖွဲ့စည်းသင့်သည်။ ထို့ကြောင့် ပြည်ထောင်စုတပ်မတော်တွင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အသီးသီးမှ တိုင်းရင်းသားလူမျိုးများ စုပေါင်းပါဝင်ကာ စုပေါင်းတာဝန်ယူ ထမ်းဆောင်ကြရပါမည်။ ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ ရောနှောနေထိုင်သည့် တိုင်းပြည်ဖြစ်သောကြောင့် ပြည်ထောင်စု တပ်မတော်တွင် တိုင်းရင်းသားလူမျိုးများ၏ တပ်ရင်းအလိုက် စုပေါင်းတာဝန်ယူထမ်းဆောင်ခြင်းသည် အကောင်းဆုံးနည်းလမ်းတရပ် ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ၁၉၄၆ ခုနှစ် ကန္ဒီမြို့၌ ဗမာ့တပ်မတော်ကိုယ်စား ဗိုလ်လကျာ်နှင့် ဗြိတိသျှတပ်မတော်ကိုယ်စား ဗိုလ်ချုပ်ကြီးဖရီးမင်းတို့ ချုပ်ဆိုခဲ့သော "လကျာ်–ဖရီးမင်းစာချုပ်"ကို ပြန်လည် အကောင်အထည်ဖော်ကျင့်သုံးခြင်းသည်သာလျှင် ပြည်ထောင်စုတပ်မတော်ကို အသစ်ပြန်လည် ထူထောင်ရေးတွင် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**မှတ်ချက်**။ ။ ၂၀၂၁၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် တိုင်းပြည်၏အာဏာကို မတရားသိမ်းပိုက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဗမာ့တပ်မတော်သည် ပြည်သူလူထုတရပ်လုံး၏ အသက်အိုးအိမ်ကို ထိန်းသိမ်းကာကွယ်ရမည့်အစား ပြည်သူလူထုတရပ်လုံးအပေါ်အကြမ်းဖက်၍ပြည်သူကိုသတ်ဖြတ်နေသော သောင်းကျန်းသူဘဝသို့ နေ့ချင်းညချင်း ကူးပြောင်းသွားခဲ့ကြပါသည်။ ထို့ကြောင့် ၂၀၂၀၊ နိုဝင်ဘာ ရွေးကောက်ပွဲတွင် လူထု၏ ရွေးကောက်တင်မြှောက်ခြင်းကို တရားဝင်ခံယူခဲ့ကြသော "ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)" ကမင်းအောင်လှိုင်နှင့်

အပေါင်းအပါစစ်တပ်ကို သောင်းကျန်းသူများအဖြစ် ကမ္ဘာသိ တရားဝင်ကြေညာထား ပြီး ဖြစ်ပါသည်။

မင်းအောင်လှိုင်နှင့် အပေါင်းအပါ သောင်းကျန်းသူများ၏ ဘေးရန်မှ ကာကွယ် ရန် ပြည်သူလူထုတရပ်လုံးက မိမိကိုယ်ကိုမိမိ ကာကွယ်နိုင်ရေးအတွက် "ပြည်သူ့ကာ ကွယ် ရေးတပ်မတော်" ကို စတင်ဖွဲ့စည်းနေကြပါသည်။ ယခုအခါ အမျိုးသားညီညွတ်ရေး အစိုးရ(NUG) ၏ ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) နှင့် တိုင်းရင်းသားလက်နက် ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ (EAOs) သည် မဟာမိတ်တပ်မတော်များအဖြစ် ပူးတွဲ စစ်ဆင်ရေးများ စတင်လှုပ်ရှားနေကြပြီဖြစ်သည်။ ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (EAO) တပ်မတော် များသည်မဟာမိတ်တပ်မတော်များအဆင့်မှ ဖက်ဒရယ်ပြည်ထောင်စုတပ်မတော် (Fed– eral Army) အဖြစ် တက်လှမ်းနိုင်ကြမည်ဟု ယုံကြည်ပါသည်။ ထိုအကြောင်းအရာကို နောင်တွင် အလျဉ်းသင့်သလို ရေးသားဖော်ပြသွားမည်ဖြစ်သည်။

## ၇။ မြေနှင့် သဘာဝအရင်းအမြစ်များ ပိုင်ဆိုင်ခွင့်နှင့် မျှဝေခံစားခွင့်

ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများက မိမိတို့၏လူမျိုး များပိုင်နယ်မြေများကို မိမိတို့၏ဆန္ဒအလျောက် ပူးပေါင်းဖွဲ့စည်းထားသောနိုင်ငံဖြစ် သည်။ တိုင်းရင်းသားလူမျိုးအသီးသီးက မိမိတို့၏ လူမျိုးပိုင်နယ်မြေများကို ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များအဖြစ် ပူးပေါင်းဖွဲ့စည်းထားသော်လည်း၊ မိမိတို့၏လူမျိုးပိုင်နယ်မြေ များ ပိုင်ဆိုင်ခြင်းကိုမူ မည်သည့်နည်းနှင့်မျှ စွန့်လွှတ်ကြလိမ့်မည် မဟုတ်ပေ။ မိမိတို့၏ လူမျိုးပိုင်နယ်မြေများကို လူမျိုးအလိုက် စုပေါင်းပိုင်ဆိုင်ပြီး၊ ထိုနယ်များထဲမှ သမိုင်း အစဉ်အလာနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံအရ ဆွေမျိုးစု၊ မိသားစုနှင့် တသီးပုဂ္ဂလ တဦး ချင်းအလိုက် အစဉ်အဆက် ပိုင်ဆိုင်လာခဲ့ကြသော မြေများကိုလည်း လက်လွှတ် မဆုံးရှုံး သင့်ပေ။ မြေပိုင်ဆိုင်ခွင့်သည် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခြင်းအားလုံးထဲတွင် အခြေခံအကျဆုံး သော "ပိုင်ဆိုင်ခြင်းတရပ်" ဖြစ်ပါသည်။ မြေပိုင်ဆိုင်ခြင်းအပါအဝင် "ပိုင်ဆိုင်ခြင်း" ဟူသောအရာအားလုံးသည် လူတဦးချင်း၏ ဘဝလုံခြုံရေးအတွက်ကို အာမခံချက်ပေး ရုံသာမက လူမျိုးအလိုက် စုပေါင်းပိုင်ဆိုင်ခြင်းဖြစ်သောကြောင့် ထိုလူမျိုးများ မတိမ်ကော မပပျောက်ရေးအတွက် အခြေခံအကျဆုံးသော လူမျိုးလုံခြုံရေးအာမခံချက်တခုလည်း ဖြစ်ပါသည်။

ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်သားများသည် သမိုင်းစဉ်ဆက် မိမိတို့လူမျိုးများကပိုင်ဆိုင်ထားသော ပြည်နယ်အတွင်းရှိ မြေ၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများ၊ သစ်တော၊ မြစ်ချောင်း၊ အင်းအိုင်နှင့် ရေပေါ်ရေအောက်၊ လေထုမြေထုမှ ထွက်ပေါ်လာသည့် သဘာဝအရင်းအမြစ်များအားလုံးကို ထိုအမျိုးသားပြည်နယ်များက ပိုင်ဆိုင်ကြပါသည်။ ပိုင်ဆိုင်ခွင့်လည်းရှိကြပါသည်။ ထိုပိုင်ဆိုင်မှုကို မည်သည့်အခါမျှ လက်လွတ် ဆုံးရှုံးခြင်းမရှိစေရပေ။

ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များ ပူးပေါင်း၍ ပြည်ထောင်စုကို ဖွဲ့စည်းထူထောင်ခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုတခုလုံးကိုလည်း ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များအားလုံးက စုပေါင်းပိုင်ဆိုင်ထားကြပါသည်။ ယင်းကြောင့် ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များက မိမိတို့၏အမျိုးသားပြည်နယ်ရှိ သဘာဝရင်းမြစ်များ အားလုံးကို အသီးသီးပိုင်ဆိုင်ထားပါသော်လည်း ထိုပိုင်ဆိုင်မှုနှင့် သဘာဝရင်းမြစ်များကို ပြည်ထောင်စုတဝှန်းလုံးအတွက် မျှဝေခံစားရန်လည်း အားလုံးမှာတာဝန်ရှိပါသည်။

ထိုသို့ အမျိုးသားပြည်နယ်အသီးသီးရှိ သဘာဝရင်းမြစ်များကို သက်ဆိုင်ရာအမျိုးသားပြည်နယ်များက ပိုင်ဆိုင်ခြင်းနှင့် ပြည်ထောင်စုတဝှန်းလုံး၏ မျှဝေခံစားခြင်းကို "အခွန်တော်စနစ်" ဖြင့် ချိန်ခွင်လျှာညှိပေးရပါမည်။ ထို့ကြောင့် ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်နယ်အစိုးရရော၊ ပြည်ထောင်စုအစိုးရပါ အစိုးရ (၂) ရပ်စလုံးကို သီးခြားစီ အခွန်ကောက်ယူခွင့်အာဏာကို ပေးထားရပါမည်။ ပြည်နယ်အစိုးရက မိမိတို့၏ ပြည်နယ်အတွင်း ကောက်ခံရရှိသော အခွန်တော်ငွေသည် ပြည်နယ်အတွင်း အသုံးချရန်ဖြစ်၍၊ ပြည်ထောင်စုအစိုးရက ပြည်နယ်များအားလုံးထံမှ ကောက်ခံရရှိသောအခွန်ငွေသည် ပြည်ထောင်စုတဝှန်းလုံးရှိ ပြည်သူလူထုတရပ်လုံး မျှဝေခံစားနိုင်ကာ တိုင်းပြည်အတွက် လိုအပ်သည့်ကဏ္ဍများတွင် အသုံးပြုသွားမည် ဖြစ်သည်။

## ၈။ ဘာသာရေးကို အခြေမခံသောနိုင်ငံ (Secular State)

ပြည်ထောင်စုမြန်မာနိုင်ငံသည် ယဉ်ကျေးမှု၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှုနှင့် သမိုင်းကြောင်း မတူသော တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထူထောင်ထားသောနိုင်ငံဖြစ်သည်။ ဒီမိုကရေစီစနစ်ကိုကျင့်သုံး၍ လူသားအသီးသီးက မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော အခြေခံလူ့အခွင့်အရေးများနှင့် လူမျိုးတိုင်းက မိမိတို့

လူမျိုးအလိုက် ခံစားသင့်ခံစားထိုက်သော လူမျိုးရေးဆိုင်ရာစုပေါင်းအခွင့်အရေးများကို လေးစားလိုက်နာပါက ဤပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးအသီးသီး၏ သီးခြားလက္ခဏာနှင့် ဂုဏ်အင်္ဂါများ၊ ရိုးရာဓလေ့ထုံးစံများ၊ စာပေယဉ်ကျေးမှုများနှင့် ကိုးကွယ်ယုံကြည်မှုများကို လေးစားအသိအမှတ်ပြုရပေမည်။

လူမျိုးတမျိုးတည်းသာရှိ၍ ဘာသာစကားတခုတည်းကိုသာ တနိုင်ငံလုံးက မိခင်ဘာသာစကားအဖြစ် ပြောဆိုသုံးစွဲကြပြီး၊ ကိုးကွယ် ယုံကြည်မှုတခုတည်းရှိသော တိုင်းပြည်များကို "အမျိုးသားနိုင်ငံတော်" အဖြစ် ဖွဲ့စည်းထူထောင်၍ရပါသည်။ ထိုသို့ လူမျိုးတမျိုး၊ ဘာသာစကားတခု၊ သာသနာတပါးတည်းသာရှိသော အမျိုးသားနိုင်ငံတော်ကို ထူထောင်ရန် "အမျိုး၊ ဘာသာ၊ သာသနာ" ဟူသော အမျိုးသားဝါဒအပေါ် အခြေခံ၍ နိုင်ငံတော်ဘာသာကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အတိအကျ ပြဋ္ဌာန်းခွင့် ရှိနိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပူးပေါင်း ဖွဲ့စည်းထားသောနိုင်ငံဖြစ်သည်။ လူမျိုးပေါင်းများစွာ၊ ဘာသာစကားပေါင်းများစွာနှင့် ကိုးကွယ်ယုံကြည်မှုများစွာ ရှိပါသည်။ ထို့ကြောင့် ဤပြည်ထောင်စုကို လူမျိုးတမျိုး၊ ဘာသာစကားတခု၊ ကိုးကွယ်ယုံကြည်မှု သာသနာတပါးတည်းရှိသော အမျိုးသားနိုင်ငံကဲ့သို့ "အမျိုး၊ ဘာသာ၊ သာသနာ" ဟူသော အမျိုးသားရေးဝါဒအပေါ် အခြေခံကာ ဖွဲ့စည်းထူထောင်၍ ရမည် မဟုတ်ပေ။

လွတ်လပ်ရေးရရှိသည့်အချိန်မှစ၍ ယနေ့တိုင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အဓိကပြဿနာတရပ်မှာ အဆက်ဆက်သောအစိုးရတို့က "အမျိုး၊ ဘာသာ၊ သာသနာ" ကိုအခြေခံသော "အမျိုးသားနိုင်ငံတော်"ထူထောင်ရန်ကြိုးပမ်းနေကြသည်။ ထို့ကြောင့် မဟာလူမျိုးကြီးဝါဒ၏ အခြေခံရေသောက်မြစ် (၃) သွယ်ဖြစ်သော လူမျိုးတမျိုးတည်း ဖြစ်သွားရေး၊ ဘာသာစကားတခု လွှမ်းမိုးသွားရေးနှင့် သာသနာတပါးတည်းကိုသာ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး ကိုးကွယ်ယုံကြည်သွားစေရေးဟူသော အမျိုးသားနိုင်ငံထူထောင်ရေးလမ်းစဉ်ကို တစိုက်မတ်မတ် အကောင်အထည်ဖော်ရန် ကြိုးပမ်းနေကြပါသည်။ ပါလီမန်ခေတ်တွင် ဦးနုအစိုးရက ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းခြင်း၊ တော်လှန်ရေးကောင်စီခေတ်တွင် ဗိုလ်ချုပ်ကြီးနေဝင်းက ပြည်တွင်းစစ်ကို အကြောင်းပြ၍ တိုင်းရင်းသား ဘာသာစကား သင်ကြားခွင့်ကို ပိတ်ပင်တားမြစ်ပြီး "မြန်မာစာ၊ မြန်မာစကား" တခုတည်းကိုသာ ရုံးသုံးဘာသာအဖြစ် ပြဋ္ဌာန်းခဲ့ခြင်းနှင့်

နဝတခေတ်တွင် ဗိုလ်ချုပ်ကြီးစောမောင်လက်ထက်၌ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အမည်နာမကို "မြန်မာ" အဖြစ်သို့ ပြောင်းလဲခြင်းသည် "အမျိုး၊ ဘာသာ၊ သာသနာ" ဟူသောအမျိုးသားရေးဝါဒကို အကောင်အထည်ဖော်ရန် ကြိုးပမ်းခြင်းပင်ဖြစ်သည်။ "ဗုဒ္ဓဘာသာ မြန်မာလူမျိုး" ဟူသောအယူဝါဒအပေါ်တွင် အခြေခံ၍ ပြည်ထောင်စု မြန်မာနိုင်ငံကို လူမျိုးတမျိုး၊ ဘာသာစကားတခု၊ သာသနာတပါးဟူသော "အမျိုး၊ ဘာသာ၊ သာသနာ" ဘောင်အတွင်း သွတ်သွင်းသွားရန် လုပ်ဆောင်နေကြခြင်း ဖြစ်သည်။

ယင်းသို့ ပြည်ထောင်စုမြန်မာနိုင်ငံကို တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ အမျိုးသားပြည်နယ်များ ပူးပေါင်းဖွဲ့စည်းသည့် ပြည်ထောင်စုစနစ်မှ သွေဖည်၍ "အမျိုး၊ ဘာသာ၊ သာသနာ" ကို အခြေခံသော အမျိုးသားနိုင်ငံတော် ထူထောင်ရေးကို ကြိုးပမ်းနေသောကြောင့် အနှစ် (၆၀) ပြည်တွင်းစစ်နှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။ ထို့ကြောင့် အနှစ် (၆၀) ကျော် ပြည်တွင်းစစ်ကို အဆုံးသတ်၍ တိုင်းရင်းသားလူမျိုးပေါင်းစုံ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ကြသော ပြည်ထောင်စုကိုထူထောင်လိုပါက "အမျိုး၊ ဘာသာ၊ သာသနာ" ကိုအခြေခံ၍ အမျိုးသားနိုင်ငံထူထောင်ရေးလမ်းစဉ်ကို အရင်ဦးဆုံး စွန့်လွှတ်ရန် လိုအပ်သည်။ သို့မှသာ ဘာသာရေးကို အခြေမခံသော၊ ဘာသာရေးနှင့် နိုင်ငံရေး ရောစပ်ခြင်း မရှိသည့် စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စုစနစ်ကို ပြန်လည်ထူထောင်ရန် လိုအပ်နေမည်ဖြစ်သည်။

## ၉။ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း (သို့မဟုတ်) ဖက်ဒရယ်စနစ်အရ ပဋိညာဉ်ပြု၍ သဘောတူစာချုပ်အသစ် ချုပ်ဆိုခြင်း

ဖက်ဒရယ်စနစ်သည် သီးခြားလွတ်လပ်ခွင့်၊ သီးခြားအမျိုးသားနိုင်ငံတော်များ ထူထောင်ပိုင်ခွင့်ရှိကြသောလူမျိုးများက မိမိတို့၏ပြည်ထောင်အသီးသီးကို စုပေါင်း၍ ပြည်ထောင်များ စုစည်းထားသည့် ပြည်ထောင်စုနိုင်ငံသစ်တခုကို ပဋိညာဉ်ပြု၍ သဘောတူစာချုပ်ချုပ်ဆိုကာ ပူးပေါင်းထူထောင်ခြင်းဖြစ်ပါသည်။

ထိုကဲ့သို့ သဘောတူစာချုပ် ချုပ်ဆိုခြင်း (သို့မဟုတ်) ပဋိညာဉ်ပြုခြင်းသည် ပြည်ထောင်စု အတူတကွ ထူထောင်ရန် စတင်သဘောတူညီမှုအဆင့်တွင် လုံလောက်သော်လည်း၊ ပြည်ထောင်စုကြီးကို အတူတကွ ထူထောင်ပြီး လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော တိုင်းပြည်အဖြစ် ကမ္ဘာသိကြေညာသောအခါတွင်သော်လည်းကောင်း၊ အချင်းချင်းပူးပေါင်း၍ ပြည်ထော င်စုအသစ်တွင် အတူတကွနေထိုင်သောအခါတွင်သော်

လည်းကောင်း လုံလောက်မှုမရှိတော့ပေ။ ထို့ကြောင့် ထိုသဘောတူစာချုပ်များအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေများကိုပါ အတူတကွ ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်လာပါသည်။ ဥပမာ – ၁၇၇၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၏ လွတ်လပ်ရေးကြေညာစာတမ်းတွင် ယခင်ဗြိတိသျှ ကိုလိုနီနယ် (၁၃) ခုက အတူတကွ လက်မှတ်ရေးထိုးခဲ့ကြသော်လည်း ထိုပဋိညာဉ်စာချုပ်ကြီးသည် လွတ်လပ်ရေးရရှိပြီးနောက် နိုင်ငံတခုအဖြစ် အတူတကွ နေထိုင်ကြသောအခါ လုံလောက်မှု မရှိနိုင်တော့ပေ။ ထို့ကြောင့် ၁၇၈၇ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို ပဋိညာဉ်သစ်အဖြစ် ထပ်မံရေးဆွဲပြဋ္ဌာန်းခဲ့ရပါသည်။

ထိုနည်းတူ ယခင်ဗြိတိသျှကိုလိုနီနယ် (၄) ခုဖြစ်သော ယခင် မြန်မာမင်းများပိုင်ဆိုင်ခဲ့ကြသည့် ၁၉၃၅ Burma Act အရ အုပ်ချုပ်ခဲ့သည့် Burma Proper, ၁၉၂၁ Federated Shan States Act အရ အုပ်ချုပ်ခဲ့သည့် ပြည်ထောင်စုရှမ်းပြည်နှင့် ၁၈၉၅ Kachin Hill Tribes Regulation အရအုပ်ချုပ်ခဲ့သည့် ကချင်တောင်တန်းဒေသနှင့် ၁၈၉၆ Chin Hills Regulation အရအုပ်ချုပ်ခဲ့သည့် ချင်းတောင်တန်းဒေသတို့သည် လွတ်လပ်ရေးကို အတူတကွရယူ၍ ပြည်ထောင်စုနိုင်ငံသစ်တခုကိုထူထောင်ရန် ၁၉၄၇၊ ဖေဖော်ဝါရီလ(၁၂) ရက်နေ့တွင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ သို့ရာတွင် ပင်လုံစာချုပ်ဟုခေါ်သော ပဋိညာဉ်ကြီးသည် ပြည်ထောင်စုအသစ်ထူထောင်ရာတွင် လုံလောက်မှုမရှိသောကြောင့် ၁၉၄၇ စက်တင်ဘာလ (၂၄) ရက်နေ့တွင် ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပါသည်။

ပင်လုံစာချုပ်တွင် ချင်း၊ ကချင်၊ ရှမ်းနှင့် ဗမာကြားဖြတ်အစိုးရတို့က ပြည်ထောင်စုနိုင်ငံအသစ်တခုကို ထူထောင်ရန် သဘောတူညီခဲ့ကြသော်လည်း ထိုသဘောတူစာချုပ်ကိုခိုင်မာစေသည့် ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရာတွင် ချင်း၊ ကချင်နှင့် ရှမ်းပြည်တို့၏ ပါဝင်ပတ်သက်မှုကို ဂရုမစိုက်ဘဲ ဗမာ (ဝါ) မြန်မာလူမျိုးများ ကြီးစိုး၍ လူမျိုးတမျိုးတည်း၏ ဆန္ဒအတိုင်း ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ ထိုနည်းတူ ၁၉၇၄ နှင့် ၂၀၀၈ ခုနှစ်များတွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရေးဆွဲပြဋ္ဌာန်းသောအခါကာလများတွင်လည်း ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများ၏ ပါဝင်ပတ်သက်မှုကို ဥပေက္ခာပြု၍ ဗမာ (ဝါ) မြန်မာလူမျိုးတမျိုးတည်း၏ ဆန္ဒအတိုင်းသာ ရေးဆွဲပြဋ္ဌာန်းခဲ့ပါသည်။ ဗမာ (ဝါ) မြန်မာလူမျိုး

တို့၏ဆန္ဒဆိုရာ၌လည်း ဗမာ (ဝါ) မြန်မာလူထုတရပ်လုံး ပါဝင်ခြင်းမရှိ။ မဟာလူမျိုးကြီးဝါဒကို အသေအလဲစွဲကိုင်ထားသော ဗမာ့တပ်မတော်ကြီးစိုးသည့် စစ်အင်အားစုများက တဘက်သတ်ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

ပင်လုံစာချုပ်အရ ပဋိညာဉ်ပြုခဲ့သော သဘောတူညီချက်များကို လေးစားလိုက်နာခြင်းမရှိ၊ ပင်လုံစာချုပ်ကိုလည်း အကောင်အထည်ဖော်ခြင်း မရှိသောကြောင့် နှစ်ပေါင်း(၇၀) ကျော်ပြီဖြစ်သော ပြည်တွင်းစစ်နှင့်ရင်ဆိုင်နေရပြီး ဤတိုင်းပြည်တွင် စစ်အာဏာသိမ်းမှု သုံးကြိမ်သုံးခါ ဖြစ်ပွားနေရခြင်းဖြစ်သည်။ ထို့ကြောင့် အမျိုးသားညီညွတ်ရေးအစိုးရ(NUG) မှဦးဆောင်၍ ပြည်သူလူထုတရပ်လုံး ပူးပေါင်းပါဝင်ရေးဆွဲမည့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို စတင်ရေးဆွဲသည့်အချိန်မှ အတည်ပြုပြဋ္ဌာန်းသည်အထိ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ လူထုလူတန်းစားအလွှာပေါင်းစုံ ပူးပေါင်းပါဝင်ပြီး အတူတကွ ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်မည်ဖြစ်သည်။

ထို့ကြောင့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရာတွင်အခြေခံကျသည့် အကြောင်းအရာနှင့် အချက်အလက်များကို အခန်း (၂) တွင် ရေးသားဖော်ပြသွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

# အခန်း (၂)
# ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ၏အင်္ဂါရပ်များ

ဖက်ဒရယ်စနစ်သည် ''ယုံကြည်ခြင်း'' (Trust) ပေါ် အခြေခံ၍ ''သဘောတူစာချုပ်ချုပ်ဆိုခြင်း'' (Agreement) သို့မဟုတ် ''ပဋိညာဉ်ပြုခြင်း'' (Covenant) ဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ယုံကြည်ခြင်းကို အခြေခံ၍ လူမျိုးအသီးသီးက မိမိတို့ပိုင်ဆိုင်ထားသောနယ်မြေများနှင့် ပြည်ထောင်များကို စုပေါင်း၍ ''ပြည်ထောင်စုနိုင်ငံသစ်'' တခုကို အတူတကွ ထူထောင်ရန် ''သဘောတူစာချုပ် ချုပ်ဆိုခြင်း'' သို့မဟုတ် ''ပဋိညာဉ်ပြုခြင်း'' ဖြစ်ပါသည်။ ထိုကဲ့သို့ ''သဘောတူစာချုပ် ချုပ်ဆိုခြင်း'' သို့မဟုတ် ''ပဋိညာဉ်ပြုခြင်း'' အမှုကို ပြုလုပ်ရာတွင် အခြေခံထားသော ''ယုံကြည်ခြင်း'' (Trust) ကို သေချာလေးနက်စွာ လေ့လာဆန်းစစ်ရန် လိုအပ်ပါသည်။

ခေတ်သစ်သမိုင်းတွင် ဖက်ဒရယ်စနစ်အရ သဘောတူစာချုပ်ချုပ်ဆို၍ ပထမဦးဆုံး ဖွဲ့စည်းထူထောင်ထားသော ပြည်ထောင်စုနိုင်ငံသည် အမေရိကန်ပြည်ထောင်စုဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စုဟုခေါ်ဆိုသော ပြည်ထောင်စုနိုင်ငံသစ်တခုကို ထူထောင်ရန် ယခင်ဗြိတိသျှကိုလိုနီနယ် (၁၃) ခုတို့က ''လွတ်လပ်ရေးကြေညာစာတမ်း'' ကို ၁၇၇၆၊ ဇူလိုင်လ (၄) ရက်နေ့တွင် သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းဖြင့် ပဋိညာဉ်ပြုခဲ့ကြသည်။ ထိုကဲ့သို့ ''ယုံကြည်ခြင်း'' ကို အခြေခံ၍ ဗြိတိသျှကိုလိုနီနယ် (၁၃) ခု တို့က ပြည်ထောင်စုနိုင်ငံသစ် ထူထောင်ရန် သဘောတူစာချုပ်ချုပ်ဆို၍ ပဋိညာဉ်ပြုခဲ့ကြစဉ်က အခြေခံထားသော ယုံကြည်ချက်သည် လွတ်လပ်ရေးကြေညာစာတမ်းတွင် ဖော်ပြထားသည့် ''လူသားတိုင်းသည် တန်းတူရည်တူဖန်ဆင်းခြင်းခံကြသည်'' (All Men are Created Equal) ဆိုသည့်အချက်ပင် ဖြစ်ပါသည်။ ထိုကဲ့သို့ တန်းတူရည်တူ

ဖန်ဆင်းခြင်းခံရသော လူသားတိုင်းသည် တန်းတူရည်တူအခွင့်အရေးရှိကြသည်။ ထို အခွင့်အရေးများအနက် အရေးအကြီးဆုံးသော အခွင့်အရေးများမှာ ''ဘဝရှင်သန်ခွင့်'' (Life)၊ ''လွတ်လပ်ခွင့်'' (Liberty) နှင့် ''ဘဝသုခရှာဖွေဖန်တီးခွင့်'' (The Pursuit of Happiness) တို့ဖြစ်ကြပါသည်။ ယင်းအခြေခံယုံကြည်ချက်များကို ၁၇၈၇ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော အမေရိကန်ပြည် ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပထမပြင်ဆင် ချက်တွင် ''အခြေခံအခွင့်အရေးများနှင့် ရပိုင်ခွင့်များ'' (Bill of Rights) အဖြစ် ထပ်ဆင့် ရေးဆွဲပြဋ္ဌာန်းခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို ယခင်ဗြိတိသျှကိုလိုနီနယ် (၄) ခု ဖြစ်သော ကချင်တောင်တန်းဒေသ၊ ချင်းတောင်တန်းဒေသ၊ ပြည်ထောင်စုရှမ်းပြည်နှင့် ဗမာပြည် ကြားဖြတ်အစိုးရတို့က သီးခြားစီ လွတ်လပ်ရေးယူ၍ သီးခြားစီဖြင့် အမျိုးသားနိုင်ငံတော် များ ထူထောင်ခြင်းမပြုဘဲ၊ ပြည်ထောင်စုနိုင်ငံသစ်တခုကို အတူတကွ ထူထောင်ရန် ''ပင်လုံစာချုပ်'' ကို ၁၉၄၇၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြ သည်။ ထိုကဲ့သို့ ''ယုံကြည်ခြင်း'' (Trust) ကို အခြေခံ၍ ချုပ်ဆိုထားသော ''သဘောတူ စာချုပ်'' ဖြစ်သည့် ပင်လုံစာချုပ်တွင် အခြေခံအကျဆုံးသော ''ယုံကြည်မှု'' မှာ ပင်လုံ စာချုပ်အပိုဒ် (၅) တွင် ဖော်ပြထားသည့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ (ထိုစဉ် အခေါ်အဝေါ်အရ တောင်တန်းဒေသများ) ၏ နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့် (Full Autonomy) အပြည့်အဝ ရှိရမည်ဟူသောအချက်နှင့် ထိုစဉ်အခါက တောင်တန်း ဒေသများ ကျင့်သုံးပိုင်ခွင့်ရှိသော ကိုယ်ပိုင်အုပ်ချုပ်ခြင်း (Self-rule) ကို မည်သည့်အခါ မျှ ဆုံးရှုံးခြင်း မရှိစေရဟူသော အချက်များပင်ဖြစ်ပါသည်။ ထို့အပြင် ပင်လုံစာချုပ် အပိုဒ် (၇) တွင် ဖော်ပြထားသော အသစ်ထူထောင်မည့် ပြည်ထောင်စုနိုင်ငံ၏ အဖွဲ့ဝင် ပြည်နယ် များအားလုံး (ဝါ) တောင်တန်းဒေသများတွင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးရမည်ဟူသော အချက်ဖြစ်သည်။ ထိုမျှသာမက ဗိုလ်ချုပ်အောင်ဆန်းက တိုင်းရင်းသားလူမျိုးများကို ကတိပေးထားသည့် ''ဗမာတကျပ် – ရှမ်းတကျပ်'' ဟူသော ''အမျိုးသားတန်းတူရေး'' လည်း ပါဝင်သည်။ ထို့ကြောင့် ပင်လုံစာချုပ်ချုပ်ဆိုရာတွင် အခြေခံအကျဆုံးသော ''ယုံကြည်ခြင်း'' အခြေခံမှုများသည် ''ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်'' အခွင့်အရေးများပင်ဖြစ်သည်။

ဖက်ဒရယ်စနစ်အရ ယုံကြည်ခြင်းပေါ်အခြေခံ၍ သဘောတူစာချုပ် ချုပ်ပြီး ပြည်ထောင်စုနိုင်ငံသစ်ကို ဖွဲ့စည်းထူထောင်သောအခါ ထိုယုံကြည်ခြင်း၏အခြေခံမှုများ

ကိုပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထပ်လောင်းရေးသားပြဋ္ဌာန်းရပေမည်။ ဤသို့ဖြင့် ''ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ'' ဟူသော ပဋိညာဉ်စာချုပ်အသစ်ကို နောက်ထပ်တဖန် ရေးသားပြဋ္ဌာန်းလျက်ရှိကြပါသည်။ ထို့ကြောင့် ခေတ်သစ်သမိုင်းတွင် ဖက်ဒရယ်စနစ်အရ ဖွဲ့စည်းထူထောင်ထားသော ပြည်ထောင်စုနိုင်ငံအားလုံးတွင် ''ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေ'' မရှိမဖြစ် ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်နေခြင်းဖြစ်ပါသည်။

## ဖက်ဒရယ်ပြည်ထောင်စု
## ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်ထားသော နိုင်ငံတနိုင်ငံကို မည်သို့မည်ပုံ ဖွဲ့စည်း၍ မည်သို့မည်ပုံ အုပ်ချုပ်ရမည်ဟု ထိုနိုင်ငံသားသားများက မိမိတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံး၍ ရေးဆွဲပြဋ္ဌာန်းထားသော တိုင်းပြည်၏ အမြင့်ဆုံးဥပဒေဖြစ်သည်။

ကမ္ဘာတွင် ယေဘုယျအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ နှစ်မျိုးသာရှိသည်ဟု ဆိုနိုင်ပါသည်။ ယင်းတို့မှာ လူမျိုးတမျိုးတည်းသာရှိ၍ ဘာသာစကားတမျိုးတည်းကို ပြောဆိုပြီး ကိုးကွယ်ယုံကြည်မှုလည်း တမျိုးတည်းသာရှိသည့် ''အမျိုး–ဘာသာ–သာသနာ'' ကို အခြေခံသော အမျိုးသားနိုင်ငံများတွင် ကျင့်သုံးသည့် ''တစ်ပြည်ထောင်စနစ်'' နှင့် လူမျိုးပေါင်းစုံရှိ၍ ဘာသာစကားမျိုးစုံကို ပြောဆိုပြီး ကိုးကွယ်ယုံကြည်မှုဘာသာ သာသနာများစွာ ထွန်းကားသည့် တိုင်းပြည်များတွင် ကျင့်သုံးလေ့ရှိသည့် ''ဖက်ဒရယ်ပြည်ထောင်စုစနစ်'' တို့ပင်ဖြစ်သည်။ ထိုကဲ့သို့သော ''တစ်ပြည်ထောင်စနစ်'' နှင့် ''ဖက်ဒရယ်ပြည်ထောင်စုစနစ်'' တို့အကြားတွင် တစ်ပြည်ထောင်စနစ်ကို ကျင့်သုံးသော်လည်း ဖက်ဒရယ်ပြည်ထောင်စုစနစ်ဘက်သို့ ယိမ်းသွားသည့် ဗဟိုဦးစီးစနစ်ကို လျှော့ချသောတိုင်းပြည်များနှင့် ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ကျင့်သုံးသော်လည်း ဗဟိုဦးစီးစနစ်ကို ကျင့်သုံးကာ တစ်ပြည်ထောင်စနစ်သို့ ယိမ်းသွားသော တိုင်းပြည်များဟု ထပ်မံခွဲခြားနိုင်ပါသည်။

ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်သည် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များနှင့် ယင်းပြည်နယ်များ

အတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားပြည်သူတရပ်လုံးက စုပေါင်းပိုင်ဆိုင်ထားသော အချုပ်အခြာအာဏာကို ပြည်ထောင်စုအဆင့်တွင် စုပေါင်းကျင့်သုံးမည့် စုပေါင်းအုပ်ချုပ်ခြင်း (Shared–rule) ဆိုင်ရာ ပြည်ထောင်စုအစိုးရဖွဲ့စည်းရေး၊ ပြည်နယ်အသီးသီး၏ ကိုယ်ပိုင်အုပ်ချုပ်ခြင်း (Self–rule) ဆိုင်ရာ ပြည်နယ်အစိုးရဖွဲ့စည်းရေး၊ ထိုအစိုးရအသီးသီး၏ လုပ်ပိုင်ခွင့်အာဏာများကို ဥပဒေဖြင့် စနစ်တကျဘောင်ခတ်ကန့်သတ်နိုင်ရေးတို့အတွက်အချုပ်အခြာအာဏာ၏ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ကို ပိုင်းခြားကျင့်သုံးခြင်း (Seper–ation of Powers)၊ ခွဲဝေကျင့်သုံးခြင်း (Division of Powers) နှင့် အပြန်အလှန်ထိန်းချုပ်ခြင်း (Check–and–Balance) တို့ကို စနစ်တကျဆောင်ရွက်နိုင်ရေးတို့သာမက၊ ပြည်သူလူထုတရပ်လုံး၏ မွေးရာပါအခွင့်အရေးဖြစ်သည့်အခြေခံအခွင့်အရေးနှင့်ရပိုင်ခွင့်များကို အခိုင်အမာ ကာကွယ်ပြဋ္ဌာန်းပေးနိုင်ရေး စသည်တို့ကို ရည်ရွယ်၍ တိုင်းပြည်၏ အမြင့်ဆုံးဥပဒေကို လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော နိုင်ငံတနိုင်ငံ၏ နိုင်ငံသားများက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံး၍ ရေးဆွဲပြဋ္ဌာန်းခြင်းဖြစ်သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်ဖြစ်သောပြည်သူလူထုနှင့် အစိုးရတို့အကြား ထားရှိအပ်သော ပဋိညာဉ်စာချုပ်တရပ် ဖြစ်သည်။ ထိုကဲ့သို့ ပြည်သူလူထုနှင့် အစိုးရတို့အကြား ပဋိညာဉ်ပြုထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တိုင်းပြည်၏ အချုပ်အခြာအာဏာကို တဖန်ထိန်းသိမ်းကာကွယ်ရပေမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် လူထုနှင့်အစိုးရအကြား ထားရှိအပ်သောပဋိညာဉ်စာချုပ် ဖြစ်သောကြောင့် ထိုတိုင်းပြည်ရှိ ပြည်သူလူထုတရပ်လုံး၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို အကာအကွယ်ပေးနိုင်ရန်အတွက် လိုအပ်သော နိုင်ငံရေးယန္တရားများ (Political Institutions) များကို တည်ဆောက်ရပေမည်။ ဥပဒေပြုအာဏာကို ကျင့်သုံးနိုင်ရေးအတွက်လွှတ်တော်၊ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးနိုင်ရေးအတွက် အစိုးရနှင့် အဆင့်ဆင့်သော အုပ်ချုပ်ရေးယန္တရားများ၊ တရားစီရင်ရေးအာဏာကို ကျင့်သုံးနိုင်ရေးအတွက် လွတ်လပ်သော တရားရုံးများ ဖွဲ့စည်းခြင်းတို့ကို ထိုတိုင်းပြည်၏ အမြင့်ဆုံးဥပဒေဖြင့် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ရပေမည်။ ထို့အပြင် နိုင်ငံရေးအာဏာ (၃) ရပ်ကို ပိုင်းခြားကျင့်သုံးခြင်းနှင့် ခွဲဝေကျင့်သုံးခြင်းတို့ကိုလည်း စနစ်တကျအကောင်အထည်ဖော်နိုင်ရေးအတွက် ထိုဖွဲ့စည်းပုံအခြေခံဥပဒေတွင် အပြည့်အစုံ ရေးဆွဲကာကွယ်ပြဋ္ဌာန်းပေးရမည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းပြည်ကို လူထုကိုယ်စား

အုပ်ချုပ်မည့် အစိုးရဖွဲ့စည်းမှုပုံသဏ္ဍာန်ကို စနစ်တကျဖော်ဆောင်ခြင်း၊ ထိုအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာများကို စနစ်တကျ ကန့်သတ်ဘောင်ခတ်ခြင်းနှင့် ပြည်သူလူထုတ ရပ်လုံး၏ မွေးရာပါအခွင့်အရေးများနှင့် ရပိုင်ခွင့်များကို တိုင်းပြည်၏ အမြင့်ဆုံးဥပဒေ ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခိုင်အမာ ကာကွယ်ပြဋ္ဌာန်းပေးရမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် လူထုနှင့်အစိုးရတို့အကြား ထားရှိအပ်သော ပဋိညာဉ်စာချုပ်ဖြစ်သည်ဟု ခေါ်ဆိုပါသော်လည်း ဖက်ဒရယ်စနစ်အရ ဖွဲ့စည်းထူထောင် ထားသော ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထိုအချက်တခုတည်းဖြင့် မလုံ လောက်ပေ။ ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ရေးဆွဲပြဋ္ဌာန်းကျင့်သုံးရမည့် ပြည်ထောင် စု ဖွဲ့စည်းပုံအခြေခံဥပဒေသည် လူထုနှင့်အစိုးရအကြား ထားရှိအပ်သည့် ပဋိညာဉ်စာချုပ် ဖြစ်ရုံသာမက ပြည်ထောင်စုကို စတင်ဖွဲ့စည်းခဲ့စဉ်က ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ် အချင်းချင်းအကြား သဘောတူချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်ကြီးလည်း ရှိနေသည်။ ယင်းသည် ပင်လုံစာချုပ်ဖြစ်ပါသည်။ ထို့ကြောင့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေသည် လူထုနှင့်အစိုးရအကြား ထားရှိရန်လိုသော ပဋိညာဉ်စာချုပ်ကို အကောင်အထည်ဖော်ရုံသာမက၊ ပြည်ထောင်စု စတင်ဖွဲ့စည်းခဲ့စဉ်ကတည်းက ပြည် ထောင်စုအဖွဲ့ဝင် ပြည်နယ်အချင်းချင်းအကြား စုပေါင်းချုပ်ဆိုခဲ့သော သဘောတူစာချုပ် များ၊ ပဋိညာဉ်များ၊ စာချုပ်စာတမ်းများ၏ ''ယုံကြည်ခြင်းအခြေခံမှု'' များကိုလည်း အကောင်အထည်ဖော်ရန် လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် ပင်လုံစာချုပ်နှင့်တကွ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်တွင်ပါရှိသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက် ရေးဆိုင်ရာ အခြေခံမှုများကို အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ထို့အတွက်ကြောင့် ဖက်ဒရယ်စနစ်အရ ဖွဲ့စည်းထူထောင်ထားသော ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် တစ်ပြည်ထောင်စနစ်အရ ဖွဲ့စည်းထူထောင်ထားသော အမျိုးသား နိုင်ငံတော်၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတို့၏ ဖွဲ့စည်းကျင့်သုံးပုံနှင့် အဓိပ္ပာယ် ဖွင့်ဆိုပုံချင်း ထပ်တူကျနိုင်မည် မဟုတ်ပေ။ အကြောင်းမှာ ဖက်ဒရယ်စနစ်တွင် အနည်း ဆုံး ပဋိညာဉ်စာချုပ် (၂) ရပ်ကို ပေါင်းစပ်၍ ပြည်ထောင်စုကို ဖွဲ့စည်းထူထောင်ထားခြင်း ကြောင့် ဖြစ်ပါသည်။

လူမျိုးတမျိုးသာရှိ၍ ဘာသာစကားတခုတည်းကို ပြောဆိုသုံးစွဲကြပြီး ကိုးကွယ် ယုံကြည်မှု ဘာသာတရားလည်း တူညီသော ''အမျိုး-ဘာသာ-သာသနာ'' ကိုအခြေခံ သည့် အမျိုးသားနိုင်ငံတော်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ နိုင်ငံတော်အချုပ်

အခြေခံဥပဒေ၏ မူလပိုင်ရှင်ဖြစ်သော ပြည်သူလူထုနှင့် ထိုအချုပ်အခြာအာဏာကို ကိုင်တွယ်ကျင့်သုံးသောအစိုးရအကြား သဘောတူချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်သာ ဖြစ်သည်။ ထိုပဋိညာဉ်စာချုပ်တွင် ပြည်သူလူထု၏ အခွင့်အရေးနှင့်ရပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေက အကာအကွယ်ပေးပြီး အခြားတဘက်တွင် အစိုးရ၏လုပ်ပိုင်ခွင့်အာဏာများကို ကန့်သတ်ထိန်းချုပ်ပေးထားသည်။

ဖက်ဒရယ်စနစ်တွင်လည်း ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ပြည်သူတရပ်လုံး၏ မူလအခွင့်အရေးနှင့် ရပိုင်ခွင့်များကို အပြည့်အဝ အကာအကွယ်ပေးပြီး၊ ပြည်ထောင်စုတခုလုံးကို စုပေါင်းအုပ်ချုပ်သော ပြည်ထောင်စုအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာများကို ကန့်သတ်ထိန်းချုပ်ထားသော ပြည်ထောင်စု၏ အမြင့်ဆုံးအာဏာဖြစ်ပါသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ လူထုနှင့် အစိုးရအကြား ချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်ဖြစ်သည်ဆိုသည့်အချက်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့်ပြည်သူလူထုတရပ်လုံး၏ အခြေခံအခွင့်အရေးများနှင့် ရပိုင်ခွင့်များကို ကာကွယ်ပေးရမည်ဟူသော အချက်များတွင် တစ်ပြည်ထောင်စုစနစ်ကို ကျင့်သုံးသော အမျိုးသားနိုင်ငံနှင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးသော ပြည်ထောင်စုနိုင်ငံများ၏ အဓိပ္ပာယ်ဖွင့်ဆိုပုံချင်း တူညီသည်ဟု ဆိုနိုင်ပါသော်လည်း လက်တွေ့ကျင့်သုံးပုံကျင့်သုံးနည်းမှာ ကွာခြားချက်များ ရှိနိုင်ပါသည်။ ထိုကွာခြားချက်မှာ အမျိုးသားနိုင်ငံတော်တွင် မှီတင်းနေထိုင်ကြသော နိုင်ငံသားများသည် ဘာသာစကားတမျိုးတည်းကိုသာ ပြောဆိုသုံးစွဲကြပြီး ကိုးကွယ်ယုံကြည်သည့် ဘာသာတရားသည်လည်း အခြေခံအားဖြင့်တူညီသည့် လူမျိုးတမျိုးသာဖြစ်ကြပါသည်။ ထို့ကြောင့် တနိုင်ငံလုံးရှိ ပြည်သူလူထုတရပ်လုံး၏ မူလအခွင့်အရေးနှင့် ရပိုင်ခွင့်များသည်တူညီ၍ ထိုအခွင့်အရေးနှင့် ရပိုင်ခွင့်များကို အကာအကွယ်ပေးသည့်စနစ်မှာလည်း ပုံစံတူဖြစ်နိုင်ပါသည်။

လူမျိုးပေါင်းစုံ ရောနှောနေထိုင်၍ ဖက်ဒရယ်စနစ်ကို ကျင့်သုံးသော ပြည်ထောင်စုနိုင်ငံတွင်မူ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် လူမျိုးတမျိုးတည်း မဟုတ်ကြပေ။ ထို့ကြောင့် ထိုတိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ လူမျိုးအလိုက် ခံစားသင့်ခံစားထိုက်သော လူမျိုးရေးဆိုင်ရာအခွင့်အရေးများသည် လူမျိုးတမျိုးနှင့် တမျိုးအကြား မတူညီနိုင်ပေ။ ထိုကဲ့သို့ မတူကွဲပြားခြားနားကြသော လူမျိုးအသီးသီးတို့၏ မူလအခွင့်အရေးများသည်လည်း

အတိမ်အနက် ထပ်တူမကျနိုင်ပေ။ ထိုနည်းတူ ထိုမူလအခွင့်အရေးနှင့် ရပိုင်ခွင့်များကို ကာကွယ်ထိန်းသိမ်းမြှင့်တင်ခြင်းပုံစံများသည်လည်း ထပ်တူမကျနိုင်ပေ။ ထိုကဲ့သို့ မတူကွဲပြားခြားနားသော လူမျိုးအသီးသီး၏ မူလအခွင့်အရေးနှင့် ရပိုင်ခွင့်များကို အကာအကွယ်ပေးရန် အုပ်ချုပ်သူအစိုးရ၏လုပ်ပိုင်ခွင့်အာဏာများကို ကန့်သတ်ချုပ်ချယ်ထိန်းသိမ်းသည့်ပုံစံလည်း ထပ်တူကျတူညီနိုင်မည် မဟုတ်ပေ။

ထို့အပြင် တစ်ပြည်ထောင်စနစ်ကို ကျင့်သုံးသော အမျိုးသားနိုင်ငံတော်၌ ''အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်သည်'' ဟူသောအဓိပ္ပာယ်ဖွင့်ဆိုချက်ဖြင့် လုံလောက်မှုရှိပါသော်လည်း၊ လူမျိုးပေါင်းစုံ ရောနှောနေထိုင်သော ပြည်ထောင်စုတွင် အချုပ်အခြာအာဏာကိုဖွင့်ဆိုရန် ''နိုင်ငံသား'' ဟူသောနာမ်စားတခုတည်းဖြင့် မလုံလောက်တော့ပေ။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များက အချုပ်အခြာအာဏာကို စုပေါင်းပိုင်ဆိုင်ထားခြင်းဖြစ်ကြောင်းကို အသိအမှတ်ပြုဖော်ပြရန် လိုအပ်သည်။ ထို့ကြောင့် ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ''အချုပ်အခြာအာဏာသည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်အတွင်းရှိ ပြည်သူလူထုထံမှဆင်းသက်သည်။'' ဟု ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်တွင် အဓိပ္ပာယ်ဖွင့်ဆိုခြင်းဖြစ်သည်။ ထို့အပြင် တစ်ပြည်ထောင်စနစ်ကို ကျင့်သုံးသော အမျိုးသားနိုင်ငံနှင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးသော ပြည်ထောင်စုစနစ်တို့တွင် အချုပ်အခြာအာဏာကို ကျင့်သုံးပုံကျင့်သုံးနည်း မတူညီနိုင်ကြပေ။ အချုပ်အခြာအာဏာကို လူထုကိုယ်စားကျင့်သုံးသော အစိုးရ၏လုပ်ပိုင်ခွင့်အာဏာများကန့်သတ်ထိန်းချုပ်ပုံခြင်းလည်း မတူညီနိုင်ပေ။ တပြည်ထောင်စနစ်ကို ကျင့်သုံးသော အမျိုးသားနိုင်ငံများတွင်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့၏ ''ပိုင်းခြားကျင့်သုံးခြင်း'' (Separation of Powers) ရှိရုံမျှဖြင့် လုံလောက်ပါသည်။

ဖက်ဒရယ်စနစ်တွင်မူ အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို ပိုင်းခြားကျင့်သုံးခြင်းဖြင့် မလုံလောက်ပေ။ ထိုအချုပ်အခြာအာဏာ (၃) ရပ်ကို ပြည်ထောင်စုနှင့် ပြည်နယ်များအကြား ခွဲဝေကျင့်သုံးခြင်း (Division of Powers) ရှိရန်လည်း လိုအပ်ပါသည်။ အကြောင်းမှာ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် ယုံကြည်ခြင်းကိုအခြေခံ၍ ပဋိညာဉ်စာချုပ် လက်မှတ်ရေးထိုးခြင်းမပြုခင် မိမိတို့၏သီးခြားနယ်မြေများနှင့် ပြည်ထောင်များတွင် ထိုအချုပ်အခြာအာဏာကို သီးခြားစီ ပိုင်ဆိုင်ထားခဲ့ကြပြီးဖြစ်ပါသည်။

ပြည်ထောင်စုကို အတူတကွ ထူထောင်ကြသောအခါ မိမိတို့ သီးခြားစီ ပိုင်ဆိုင်ခဲ့ကြသော အချုပ်အခြာအာဏာများကို စုပေါင်းကျင့်သုံးရန် စုစည်းထားကြခြင်းသာလျှင်ဖြစ်သည်။ ထို့ကြောင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ''အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်သည်'' ဟူသော ''Popular Sovereignty'' တခုတည်းဖြင့်သာ အဓိပ္ပာယ်ဖွင့်ဆိုပါက မပြည့်စုံနိုင်ပေ။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အသီးသီး၏ အချုပ်အခြာအာဏာ နဂိုမူရင်းပိုင်ဆိုင်မှုကို အသိအမှတ်ပြုရန် လိုအပ်ပါသည်။ ထိုကဲ့သို့ အသိအမှတ်ပြုခြင်းမှာ ထိုအချုပ်အခြာအာဏာကို ပိုင်းခြားကျင့်သုံးခြင်းသာမက ဖက်ဒရယ်စနစ်တွင် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား ခွဲဝေကျင့်သုံးခြင်းဖြင့် အကောင်အထည်ဖော်ရမည်ဖြစ်သည်။

လွတ်လပ်ရေးရရှိသည့်အချိန်မှစ၍ ယနေ့တိုင် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ကြုံတွေ့နေရသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကျပ်အတည်း (Constitutional Crisis) များစွာအနက် ''ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ'' ကို ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေဟုမခေါ်ဘဲ ''နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ''ဟုခေါ်ဆိုခြင်းသည်လည်း ပြဿနာအကြောင်းရင်းတခုအဖြစ် ပါဝင်သည်။ ''နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ'' ဟု ခေါ်ဆိုထားသောကြောင့်၊ ဤနိုင်ငံသည် ''ပြည်ထောင်စုနိုင်ငံ'' လား၊ ''အမျိုးသားနိုင်ငံ'' လား ကွဲပြားခြင်း မရှိပေ။ ''နိုင်ငံတော်'' သည် ဖက်ဒရယ်စနစ်တွင်လည်း သုံးစွဲနိုင်သည့်စကားလုံးဖြစ်၍ အမျိုးသားနိုင်ငံတော်အတွက်လည်း သုံးစွဲနိုင်သောစကားလုံးဖြစ်သည်။ ထိုကဲ့သို့ မသဲကွဲသော ကြားနေစကားလုံးကို ၁၉၄၇၊ ၁၉၇၄ နှင့် ၂၀၀၈ ခုနှစ်များတွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေများအား ''နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ'' ဟု ခေါ်ဆိုခဲ့သောကြောင့် ထိုဖွဲ့စည်းပုံအခြေခံဥပဒေများကို လက်တွေ့အကောင်အထည်ဖော်ရာတွင်လည်း ပြည်ထောင်စုစနစ်နှင့် တစ်ပြည်ထောင်စနစ်တို့ကို ရောစပ်၍ ပါလီမန်ခေတ်တွင် ဝန်ကြီးချုပ်ဦးနု၊ တော်လှန်ရေးကောင်စီနှင့် မ.ဆ.လ တစ်ပါတီ အာဏာရှင်ခေတ်တွင် ဗိုလ်နေဝင်းနှင့် န.ဝ.တ၊ န.အ.ဖ စစ်အာဏာရှင်စနစ်အောက်တွင် ဗိုလ်စောမောင်၊ ဗိုလ်ခင်ညွန့်နှင့် ဗိုလ်သန်းရွှေတို့တို့က နိုင်ငံတော်ဟူသော မရေရာသည့်စကားလုံးကိုသုံး၍ ထိုနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေများဖြင့် အမျိုးသားနိုင်ငံတော်ထူထောင်ရေးလမ်းစဉ်ကို မလိမ့်တပတ်အကောင်အထည်ဖော် ကျင့်သုံးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အသစ်ရေးဆွဲပြဋ္ဌာန်းမည့် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းသောအခါ ''နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ'' ဟူသော အဓိပ္ပာယ်နှစ်ခွ ရှိ၍၊ မတိကျ၊ မသေချာ၊ မရေရာသည့် စကားလုံး ပြန်သုံးမည် မဟုတ်။ ''ဖက်ဒရယ် ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေ'' ဟု ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို တစိုက်မတ်မတ် ဦးတည်၍ သုံးစွဲသွားမည်ဖြစ်သည်။ ထို့အပြင် အချုပ်အခြာအာဏာ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင်လည်း ''နိုင်ငံတော်အချုပ်အခြာ'' ဟု သုံးစွဲမည်မဟုတ်။ ''ပြည်ထောင်စု အချုပ်အခြာအာဏာ'' ဟု ခေါ်ဆိုပြီး ၂၀၂၁၊ မတ်လ(၃၁) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ''ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်'' တွင် ဖော်ပြထားသည့်အတိုင်း ''ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များအတွင်းရှိ ပြည်သူတို့သည် အချုပ်အခြာအာဏာ၏ မူရင်းပိုင်ရှင်များဖြစ်သည်'' ဟု ရှင်းရှင်းလင်းလင်း ဖော်ပြသွားမည်ဖြစ်ပါသည်။

## ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အင်္ဂါရပ်များ

ဖွဲ့စည်းပုံ အခြေခံဥပဒေတရပ်တွင် အင်္ဂါရပ်များစွာ ရှိပါသည်။ သို့ရာတွင် တစ်ပြည်ထောင်စနစ်ကို ကျင့်သုံးသော အမျိုးသားနိုင်ငံ၏ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးသော ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတို့၏ အင်္ဂါရပ်ချင်း မတူညီနိုင်ကြပေ။ ထို့ကြောင့် ဖက်ဒရယ်စနစ်အရ အသစ်ရေးဆွဲပြဋ္ဌာန်းမည့် ''ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ'' တွင် မရှိမဖြစ် ပါဝင်မည့် အရေးကြီးသောအင်္ဂါရပ်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

### ၁။ ရေးဆွဲပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ခြင်း

**(A Written Constitution)**

ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်ထောင်စု အချုပ်အခြာအာဏာ၏ မူရင်းပိုင်ရှင်ဖြစ်သော ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်းရှိ တိုင်းရင်းသားပြည်သူလူထုတရပ်လုံး၏ မွေးရာပါအခွင့်အရေးများကို အကာအကွယ်ပေးရန် ရေးဆွဲပြဋ္ဌာန်းထားသော ပြည်ထောင်စု၏ အမြင့်ဆုံးဥပဒေဖြစ်ပါသည်။ ထို့အပြင် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များက စုပေါင်းဖွဲ့စည်း၍ စုပေါင်းပိုင်ဆိုင်ထားသော

ပြည်ထောင်စုအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာများကို စနစ်တကျ ကန့်သတ်ထိန်းချုပ်နိုင်ရေးအတွက် ရေးဆွဲပြဋ္ဌာန်းထားသော ပဋိညာဉ်စာချုပ်လည်း ဖြစ်ပါသည်။

အထက်တွင်ဆိုခဲ့သည့်အတိုင်း ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် လူထုနှင့်အစိုးရအကြား သဘောတူလက်ခံထားသော ပဋိညာဉ်စာချုပ် ဖြစ်ရုံသာမက၊ ပြည်ထောင်စုကို စတင်ဖွဲ့စည်းခဲ့စဉ်တုန်းက ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအကြား သဘောတူချုပ်ဆိုထားသော ပဋိညာဉ်ကိုလည်း ထည့်သွင်း၍ အကောင်အထည်ဖော် ကျင့်သုံးနိုင်ရေးအတွက် ရေးဆွဲပြဋ္ဌာန်းသော ပဋိညာဉ်စာချုပ်ဖြစ်ပါသည်။ ထို့ကြောင့် ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပဋိညာဉ်နှစ်ရပ်ကို ပေါင်းစပ်၍ ဖွဲ့စည်းကျင့်သုံးရန် ရေးဆွဲပြဋ္ဌာန်းထားသော အမြင့်ဆုံးဥပဒေ ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးဖြစ်စဉ်နှင့် အတည်ပြုပြဋ္ဌာန်းရေးဖြစ်စဉ် (၂) ရပ်လုံးတွင် ပြည်သူလူထုတရပ်လုံး ပူးပေါင်းပါဝင်သည့်ပုံစံမှာ တစ်ပြည်ထောင်စုစနစ်ကို ကျင့်သုံးသော အမျိုးသားနိုင်ငံနှင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးသော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတို့အကြား မတူညီနိုင်ကြပေ။ တစ်ပြည်ထောင်စနစ်ကို ကျင့်သုံးသော အမျိုးသားနိုင်ငံများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲသော တိုင်းပြုပြည်ပြုလွှတ်တော်ကို ရွေးကောက်ရာတွင်သော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရာတွင်သော်လည်းကောင်း ''လူထု'' ဟူသော နာမ်စားကို အသုံးပြု၍ လုံလောက်ပါသည်။ သို့ရာတွင် ဖက်ဒရယ်ပြည်ထောင်စု၌ ''လူထု'' ဟူသော နာမ်စားဖြင့် မလုံလောက်နိုင်ပေ။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ၏ အခန်းကဏ္ဍ မပါမဖြစ်ပါ ရှိစေရမည်။

ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲမည့် တိုင်းပြုပြည်ပြုလွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ရာတွင် လူထုကိုယ်စားလှယ်များသာမက ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ် (ဖက်ဒရယ်ယူနစ်) များ၏ကိုယ်စားလှယ်များကိုလည်း သီးသန့်ရွေးချယ်တင်မြှောက်ရန် လိုအပ်ပါသည်။ ထိုနည်းတူ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းရာတွင်လည်း သာမန်လူထုကိုအခြေခံသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရုံမျှဖြင့် မလုံလောက်နိုင်ပေ။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ် (ဖက်ဒရယ်ယူနစ်) တခုချင်းစီ၏ ပြည်နယ်ဆန္ဒကို ခံယူ၍ အတည်ပြုပြဋ္ဌာန်းခြင်းကို ဆောင်ရွက်ရန်

လိုအပ်မည်ဖြစ်ပါသည်။ ထိုကဲ့သို့ အဆင့်ဆင့်သောလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ပြီးမှ ရေးဆွဲပြဋ္ဌာန်းသော ဖွဲ့စည်းပုံအခြေခံဥပဒေ (A Written Constitution) သည် ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် မရှိမဖြစ် လိုအပ်ပါသည်။ သို့မှသာပဋိညာဉ်နှစ်ရပ်ကို စနစ်တကျ ပေါင်းစပ်၍ ဖွဲ့စည်းကျင့်သုံးသော ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်နိုင်မည် ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိသည့်အချိန်မှ ယနေ့အထိ ရေးဆွဲပြဋ္ဌာန်းခဲ့သော ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတို့သည် ထိုပဋိညာဉ် (၂) ရပ်ကို ပေါင်းစပ်ခြင်း မရှိဘဲ ပြည်ထောင်စုကြီးကို ထူထောင်ရန် သဘောတူ ချုပ်ဆိုထားသော ''ပင်လုံစာချုပ်'' ကို အမြဲတစေ ဥပေက္ခာပြုခဲ့ကြပါသည်။ ပြည်ထောင်စုကြီးကို ဖွဲ့စည်းထူထောင်ရန် သဘောတူချုပ်ဆိုခဲ့သော ''ပင်လုံစာချုပ်'' ကို ဥပေက္ခာပြု၍ အကောင်အထည်ဖော်ရန် ငြင်းဆန်ခဲ့သောကြောင့် ထိုဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ''ပြည်ထောင်စု'' အနှစ်သာရကင်းမဲ့ပြီး ''ပြည်ထောင်စုစိတ်ဓာတ်'' နှင့် ''ပင်လုံစိတ်ဓာတ်'' တို့သည် ဤတိုင်းပြည်တွင် ရှင်သန်ခွင့် မရရှိနိုင်ခဲ့ပေ။ ထို့ကြောင့် ''ပင်လုံစာချုပ်'' ချုပ်ဆိုခဲ့စဉ်က အခြေခံယုံကြည်ချက်နှင့် မျှော်လင့်ချက်များဖြစ်ကြသော ''ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်'' အခွင့်အရေးများ အပြည့်အဝရှိသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးအတွက် နှစ်ပေါင်း (၇၀) ကျော် လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲနေရခြင်း ဖြစ်ပါသည်။ ယခုအခါတိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများသာမက၊ ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးပေါင်းစုံမှ ပြည်သူလူထုတရပ်လုံးက နွေဦးတော်လှန်ရေးဖြင့် ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးကို တညီတညွတ်တည်း တောင်းဆိုနေကြပါသည်။

## ၂။ ပြည်ထောင်စု၏ အချုပ်အခြာအာဏာ

ဖွဲ့စည်းပုံအခြေခံဥပဒေ၏အရေးကြီးသော ဒုတိယအင်္ဂါရပ်မှာ ''အချုပ်အခြာအာဏာ'' ကို မည်သူက ပိုင်ဆိုင်၍ မည်သို့မည်ပုံကျင့်သုံးသည်ဟူသော နိုင်ငံရေးအာဏာကျင့်သုံးခြင်းဆိုင်ရာကိစ္စရပ်များကို တိကျစွာရေးဆွဲပြဋ္ဌာန်းခြင်း ဖြစ်သည်။

ကမ္ဘာ့နိုင်ငံရေးသမိုင်းတွင် ''အချုပ်အခြာအာဏာ'' ပိုင်ဆိုင်ခြင်းနှင့်ကျင့်သုံးခြင်းဆိုင်ရာပြဿနာများသည် ကြီးမားသော နိုင်ငံရေးမောင်းနှင်အားဖြစ်ခဲ့သည်။

သက်ဦးဆံပိုင်ဘုရင်စနစ်တွင် ရှင်ဘုရင်တို့၏အာဏာသည် အကြွင်းမဲ့ဖြစ်သည်။ ထို့ကြောင့် ထိုခေတ်တွင် အချုပ်အခြာအာဏာကို ရှင်ဘုရင်က အကြွင်းမဲ့ပိုင်ဆိုင်၍ အကြွင်းမဲ့ကျင့်သုံးပိုင်ခွင့်ရှိသည်ဟု ယုံကြည်ကျင့်သုံးခဲ့ကြပါသည်။ အချုပ်အခြာအာဏာသည် အကြွင်းမဲ့ဖြစ်သောကြောင့် ပိုင်းခြားကျင့်သုံး၍လည်း မရ၊ ခွဲဝေကျင့်သုံးရန်လည်း မရှိခဲ့ပေ။

သက်ဦးဆံပိုင်ဘုရင်စနစ်၏ အကြွင်းမဲ့အာဏာကို ပထမဦးဆုံး စိန်ခေါ် ပြောင်းလဲစေခဲ့သောအရာသည် ၁၂၁၅ ခုနှစ်တွင် လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့သော မက္ကနာကာတာ (Magna Carta) ဖြစ်ပါသည်။ Magna Carta ၏ မူရင်းဆိုလိုချက်မှာ ရှင်ဘုရင် အပါအဝင်အုပ်စိုးသူအစိုးရက အပြစ်မဲ့နိုင်ငံသားပြည်သူများကို တရားဥပဒေနှင့်ဆန့်ကျင်၍ (ဝါ) တရားဥပဒေဘောင်ကိုကျော်၍ ဖမ်းဆီးချုပ်နှောင်ခြင်း၊ အပြစ်ပေးခြင်း အထူးသဖြင့် သေဒဏ်ပေးခြင်း မပြုရ။ ပြစ်မှုကျူးလွန်သူများကို တရားဥပဒေနှင့်အညီ၊ တရားရုံးက တရားသဖြင့် စီရင်ခြင်း၊ ပြစ်မှုကျူးလွန်သည်ဟု ထင်ရှားပါက ပြစ်ဒဏ်ခတ်ခြင်းကို ပြုလုပ်ရမည်။ တရားရုံးက တရားဥပဒေနှင့်အညီ တရားစီရင်ခြင်းမပြုဘဲ၊ ရှင်ဘုရင်က သူ့ဆန္ဒအလျောက် နိုင်ငံသားများကို အပြစ်ပေးခြင်း၊ ဒဏ်ခတ်ခြင်း၊ ပစ္စည်းဥစ္စာသိမ်းယူခြင်း စသည်တို့ မပြုလုပ်ရဟု ရှင်ဘုရင်၏ အကြွင်းမဲ့အာဏာကို ပထမဦးဆုံး ကန့်သတ်နိုင်ခဲ့ပါသည်။ တနည်းအားဖြင့်ဆိုပါက အချုပ်အခြာအာဏာ၏ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့်တရားစီရင်ရေးအာဏာတို့အနက် ''တရားစီရင်ရေးအာဏာ'' ကို Magna Carta ဖြင့် ရှင်ဘုရင်လက်ထဲမှ လူထုက ရယူပိုင်ဆိုင်ခြင်းဖြင့် စတင်နိုင်ခဲ့ပါသည်။

ခရစ်သက္ကရာဇ် ၁၂၁၅ ခုနှစ်တွင် Magna Carta ကို ထုတ်ပြန်ကြေညာခဲ့ပြီးနောက် အင်္ဂလန်နိုင်ငံတွင် The Petition Rights ကို ၁၆၂၈ ခုနှစ်တွင်လည်းကောင်း၊ Bill of Rights ကို ၁၆၈၉ ခုနှစ်တွင်လည်းကောင်း အသီးသီးပြဋ္ဌာန်းနိုင်ခဲ့သည်။ ထို့အပြင် ပြင်သစ်တော်လှန်ရေးကြီးတွင် ''Declaration of the Rights of Man and of Citizen'' ကို ၁၇၈၉ ခုနှစ်တွင် ထုတ်ပြန်ကြေညာနိုင်ခဲ့ပါသည်။ ဤသို့ဖြင့် ''အချုပ်အခြာအာဏာ'' သည် ရှင်ဘုရင်က အကြွင်းမဲ့ပိုင်ဆိုင်ထားသော သက်ဦးဆံပိုင်အာဏာ မဟုတ်၊ ပြည်သူလူထုထံမှ ဆင်းသက်သောအာဏာဖြစ်သည်ဆိုသည့် အတွေးအခေါ်ကို ကမ္ဘာ့နိုင်ငံအသီးသီးက တဖြည်းဖြည်း လက်ခံကျင့်သုံးလာခဲ့ကြပါသည်။

၁၇၇၆ ခုနှစ်တွင် အမေရိကန် လွတ်လပ်ရေးကြေညာစာတမ်း ထုတ်ပြန်ကြေညာပြီး၊ ၁၇၈၇ ခုနှစ် တွင် ဖက်ဒရယ်စနစ်အရ အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းသောအခါ အချုပ်အခြာအာဏာ၏ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ပိုင်းခြားကျင့်သုံးခြင်း (Separation of Powers) အပြင်၊ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား ခွဲဝေကျင့်သုံးခြင်း (Division of Powers) ကိုပါ တွဲဖက်ကျင့်သုံးလာနိုင်ခဲ့ပါသည်။ ထိုကဲ့သို့ အချုပ်အခြာအာဏာကို ပိုင်းခြားကျင့်သုံးခြင်းအပြင် ခွဲဝေကျင့်သုံးကိုပါ ဖက်ဒရယ်စနစ်အရ အကောင်အထည်ဖော် ကျင့်သုံးနိုင်ခဲ့ခြင်းကြောင့် "အချုပ်အခြာအာဏာသည် နိုင်ငံသားတို့ထံမှဆင်းသက်" သည်ဆိုသော "Popular Sovereign" တခုတည်းဖြင့် အဓိပ္ပာယ်ဖွင့်ဆိုခြင်းမပြုတော့ဘဲ "အချုပ်အခြာအာဏာသည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ထိုပြည်နယ်များအတွင်းရှိ ပြည်သူလူထုထံမှ ဆင်းသက်သည်" ဆိုသည့် ပိုမိုကျယ်ပြန့်ပြည့်စုံသော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖော်ဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

လွတ်လပ်ရေးရသည့်အချိန်မှ ယနေ့တိုင် ရေးဆွဲပြဋ္ဌာန်းကျင့်သုံးခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေသုံးခုစလုံးကို "ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ" ဟု မခေါ်ဘဲ "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ" ဟု ခေါ်တွင်ခဲ့ကြသည့်အပြင် ထိုဖွဲ့စည်းပုံအခြေခံဥပဒေများ၏ပြဋ္ဌာန်းချက်အရ "အချုပ်အခြာအာဏာ" ကို "ပြည်ထောင်စုအချုပ်အခြာအာဏာ" ဟု မခေါ်ဘဲ "နိုင်ငံတော်အချုပ်အခြာအာဏာ" ဟု ခေါ်ဆိုခဲ့ကြပါသည်။ "နိုင်ငံတော်" ဟူသောစကားကို သုံးစွဲခဲ့ခြင်းကြောင့် ဤတိုင်းပြည်သည် ဖက်ဒရယ်စနစ်အရ ဖွဲ့စည်းထားသောပြည်ထောင်စုစနစ်လား၊ "အမျိုး–ဘာသာ–သာသနာ" ကို အခြေခံ၍ ဖွဲ့စည်းထားသော "အမျိုးသားနိုင်ငံတော်" လားဆိုသည့်အချက် မရှင်းလင်းခဲ့ပေ။ ထိုကဲ့သို့ မရှင်းလင်းသောစကားလုံးများကို အသုံးပြုပြီး "နိုင်ငံတော်အချုပ်အခြာအာဏာ" ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်း "အမျိုး– ဘာသာ– သာသနာ" ကို အခြေခံသော အမျိုးသားနိုင်ငံတော်တွင် အချုပ်အခြာအာဏာကို အဓိပ္ပာယ်ဖွင့်ဆိုသည့်နည်းတူ "ပြည်ထောင်စု" ကို "နိုင်ငံတော်" ဟု ခေါ်ဆိုပြီး၊ နိုင်ငံတော်အတွင်းရှိ "နိုင်ငံသား" ဟူသော နာမ်စားအောက်တွင် ဤတိုင်းပြည်၌ လူမျိုးတမျိုးတည်းသာရှိသကဲ့သို့ ကျင့်ကြံခဲ့ကြပါသည်။ ဤသို့ဖြင့် မဟာလူမျိုးကြီးဝါဒီစစ်အုပ်စုက "နိုင်ငံတော်" နှင့် "နိုင်ငံတော်အချုပ်အခြာအာဏာ" ကို လူမျိုးတမျိုးတည်းက ပိုင်ဆိုင်သယောင် ဗဟိုမှချုပ်ကိုင်၍ တိုင်းပြည်ကိုလည်း နှစ်ပေါင်း (၇၀) ကျော် အုပ်ချုပ်ကာ မင်းလုပ်နိုင်ခဲ့ကြပါသည်။

ဤသို့ဖြင့် ''နိုင်ငံတော်'' နှင့် ''နိုင်ငံတော်အချုပ်အခြာအာဏာ'' တို့သည် ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများနှင့်သက်ဆိုင်ခြင်းလည်း မရှိ၊ ကျင့်သုံးပိုင်ခွင့်လည်း မရှိသော နိုင်ငံရေးယန္တရားနှင့် နိုင်ငံရေးအာဏာစက်များ ဖြစ်သွားခဲ့ကြသည်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်းတွင် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း တခါဖူးမျှ မရှိခဲ့ပေ။ လူမျိုးပေါင်းစုံ ရောနှောနေထိုင်သော တိုင်းပြည်တွင် လူမျိုးတမျိုးတည်းကသာ အချုပ်အခြာအာဏာကို ကိုင်တွယ်ထိန်းသိမ်း ကျင့်သုံးခဲ့သောကြောင့်ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း မဆိုထားဘိ၊ အာဏာပိုင်းခြားကျင့်သုံးခြင်းကိုလည်း အပြည့်အဝ အကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် လွတ်လပ်ရေးရသည့်အချိန်မှ ယနေ့ထိတိုင် အဆက်ဆက်သောအစိုးရတို့၏ လုပ်ပိုင်ခွင့်အာဏာများကို ဖွဲ့စည်းပုံအခြေခံဥပဒေများက စနစ်တကျ ကန့်သတ်နိုင်ခြင်းလည်း မရှိ၊ ထိန်းချုပ်နိုင်ခြင်းလည်း မရှိခဲ့ပေ။ အကြောင်းမှာ– ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေ၏အပေါ်တွင် မ.ဆ.လ တစ်ပါတီအာဏာရှင်စနစ်ရှိပြီး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်တွင် စစ်တပ်ရှိနေခဲ့သောကြောင့် ထိုဖွဲ့စည်းပုံအခြေခံဥပဒေများသည်စစ်အာဏာရှင်များကို အကာအကွယ်ပေးသော ဖွဲ့စည်းပုံအခြေခံဥပဒေများသာဖြစ်ခဲ့ကြပါသည်။ ဤသို့ဖြင့် အာဏာရှင်များ ရေးဆွဲပြဋ္ဌာန်းခဲ့သမျှ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် လူထု၏ မူလအခွင့်အရေးနှင့် ရပိုင်ခွင့်များကိုအကာအကွယ်ပေးသည့် ယန္တရားဖြစ်မလာဘဲ လူထုကို ဖိနှိပ်ချုပ်ချယ်၍ ညှင်းပန်းနှိပ်စက်ရာတွင် အသုံးချသော အာဏာရှင်များ၏ယန္တရားဖြစ်သွားခဲ့သည်။

## ၃။ မူလအခွင့်အရေးများနှင့် ရပိုင်ခွင့်များ

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းရခြင်း၏ အဓိကရည်ရွယ်ချက်သည် တိုင်းသူပြည်သားများ၏ မူလအခွင့်အရေးနှင့် ရပိုင်ခွင့်များကို အပြည့်အဝကာကွယ်ပြဋ္ဌာန်းပေးရေးပင်ဖြစ်ပါသည်။ လူမျိုးတမျိုးတည်းရှိ၍ ဘာသာစကား တမျိုးတည်းကိုသာ သုံးစွဲသောအမျိုးသားနိုင်ငံများတွင် မူလအခွင့်အရေးနှင့် ရပိုင်ခွင့်များသည် လူသားတဦးချင်းစီက ရရှိပိုင်ဆိုင်ခွင့်ရှိသော ''တသီးပုဂ္ဂလအခွင့်အရေးများ'' (Individual Rights) ဖြင့် လုံလောက်ပါသည်။ သို့ရာတွင် လူမျိုးပေါင်းစုံရောနှောနေထိုင်၍ ဖက်ဒရယ်စနစ်ကို ကျင့်သုံးသောပြည်ထောင်စုနိုင်ငံတွင် မူလအခွင့်အရေးနှင့် ရပိုင်ခွင့်များကို ''တသီးပုဂ္ဂလအခွင့်အရေး'' တမျိုးတည်းဖြင့် မလုံလောက်ပေ။ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့က လူမျိုးအလိုက် ရရှိပိုင်ဆိုင်ခွင့်ရှိသော လူမျိုးရေးဆိုင်ရာ စုပေါင်းအခွင့်အရေးများကိုလည်း

ကာကွယ်ပြဋ္ဌာန်းပေးရန် လိုအပ်မည်ဖြစ်ပါသည်။ စစ်မှန်သော ပြည်ထောင်စုစနစ်ကို ကျင့်သုံး၍ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ပေးထားသော ပြည်ထောင်စုစနစ်တွင် တိုင်းရင်းသားလူမျိုးများ၏ လူမျိုးရေးဆိုင်ရာ စုပေါင်းအခွင့်အရေးများကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အဓိကထား၍ ရေးဆွဲပြဋ္ဌာန်းပြီး နိုင်ငံသားအားလုံးနှင့်သက်ဆိုင်သော တသီးပုဂ္ဂလအခွင့်အရေးများကို ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတွင်အဓိကထား၍ ရေးဆွဲပြဋ္ဌာန်းလေ့ရှိပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် မရမက ကာကွယ်ပြဋ္ဌာန်းပေးရမည့် မူလအခွင့်အရေးနှင့် ရပိုင်ခွင့်များအနက် လူသားတဦးချင်းစီ ခံစားပိုင်ဆိုင်ခွင့်ရှိသော တသီးပုဂ္ဂလအခွင့်အရေး (Individual Rights) တွင် လွတ်လပ်စွာ ပြောဆိုရေးသားခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်၊ လွတ်လပ်စွာ အသက်မွေးဝမ်းကျောင်းပိုင်ခွင့်၊ မြေယာအပါအဝင် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်၊ လူသားပီသစွာဖြင့် အသက်ရှင်ရပ်တည်ပိုင်ခွင့်တို့ ပါဝင်ပေသည်။ ထို့အပြင် နိုင်ငံသားတဦးအနေဖြင့် မိမိပိုင်ဆိုင်ထားသော အချုပ်အခြာအာဏာကို ကျင့်သုံး၍ မိမိ၏ကိုယ်စားလှယ်က လွတ်လပ်စွာ မဲပေးရွေးချယ်ပိုင်ခွင့်၊ မိမိကိုယ်တိုင် တိုင်းပြည်၏တာဝန်ကို ထမ်းဆောင်ရန် အရွေးချယ်ခံယူပိုင်ခွင့်များအပါအဝင် နိုင်ငံသားများ၏ ခံစားပိုင်ခွင့်နှင့်တာဝန်ယူပိုင်ခွင့်တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေက ကာကွယ်ပြဋ္ဌာန်းပေးရမည်။

လူသားတိုင်း မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်း၊ မည်သည့်အစိုးရကမျှ မပေးအပ်နိုင်သော (သို့တည်းမဟုတ်) မရုပ်သိမ်းနိုင်သော မွေးရာပါအခွင့်အရေးများရှိကြသည်။ ဒီမိုကရေစီစနစ်ကိုကျင့်သုံးသော တိုင်းပြည်များတွင် ထိုအခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အတိအကျပြဋ္ဌာန်း၍ ကာကွယ်ပေးထားသည်။ ထိုမူလအခွင့်အရေးများကိုအကာအကွယ်ပေးသည့်စနစ်အား အကြမ်းအားဖြင့် (၂) မျိုး ခွဲခြားထားနိုင်ပါသည်။ ပထမတမျိုးမှာ– အစိုးရကို ‘‘မလုပ်ရ’’ ဟု ထိန်းချုပ်ကန့်သတ်ထားသော အခွင့်အရေးများကို ကာကွယ်သည့်နည်းစနစ်ဖြစ်၍ အခြားတမျိုးမှာ– အစိုးရက ‘‘လုပ်ကို လုပ်ပေးရမည်’’ ဟု အမိန့်သဖွယ် ပေးအပ်ထားသော အခွင့်အရေးများကို ကာကွယ်ပေးသည့် နည်းစနစ်ဖြစ်သည်။

အခွင့်အရေးများကို အကာအကွယ်ပေးသည့် ပထမနည်းစနစ်သည် အစိုးရက ပြည်သူလူထု၏အခွင့်အရေးများကို နှောင့်ယှက်ဟန့်တားခြင်း မရှိရလေအောင် အစိုးရ

ကို တရားဥပဒေဖြင့် ကန့်သတ်ထားသော ''အခွင့်အရေး'' များကို ကာကွယ်သည့်နည်းစနစ်ဖြစ်သည်။ ဥပမာ– ပြည်သူလူထု၏ လွတ်လပ်စွာ ရေးသားပြောဆိုခွင့်နှင့် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်စသည်တို့ကို အစိုးရက ပိတ်ပင်တားဆီးခြင်း မပြုရ... စသည့် အခွင့်အရေးများဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လူထု၏အခွင့်အရေးကို အကာအကွယ်ပေးသော ဒုတိယနည်းလမ်းမှာ အစိုးရကို မလုပ်မနေလုပ်ရမည်ဟု အမိန့်သဖွယ်ပေးအပ်ထားသော အခွင့်အရေးဖြစ်သည်။ ယင်းကို ''Affirmative Rights'' ဟု ခေါ်သည်။ Affirmative Rights တွင် တိုင်းရင်းသားလူမျိုးများ၏စာပေ၊ ယဉ်ကျေးမှုနှင့်ဘာသာစကား ကာကွယ် ထိန်းသိမ်းမြှင့်တင်ပေးရမည်ဟူသော အခွင့်အရေး၊ လူ့အဖွဲ့အစည်းတခုခုတွင်သော်လည်းကောင်း၊ အလွှာတရပ်ရပ်တွင်သော်လည်းကောင်း၊ လူနည်းစုများနှင့် ခေတ်နောက်ကျကျန်ရစ်သည့်အစုအဖွဲ့များကို အထူးဦးစားပေး၍ ဆောင်ရွက်ရမည့် အစိုးရ၏တာဝန်ဝတ္တရားများနှင့် ထိုသူများ၏အခွင့်အရေးများကို အကာအကွယ်ပေးခြင်းစနစ်ကို ဆိုလို၏။

မည်သည့်အချိန်၊ မည်သည့်အခြေအနေတွင်မျှ ''ရုပ်သိမ်းပိုင်ခွင့်မရှိသော'' နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းခြင်းသည် အစိုးရ၏လုပ်ပိုင်ခွင့်အာဏာများကို ဘောင်ခတ်ကန့်သတ်ရာတွင် အထိရောက်ဆုံးနိုင်ငံရေးယန္တရားတခု ဖြစ်ပါသည်။

## ၄။ ပြည်ထောင်စု၏ အခြေခံမူများ

ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရာတွင် အရေးကြီးသော ဂုဏ်အင်္ဂါရပ်တခုမှာ ထိုဖွဲ့စည်းပုံအခြေခံဥပဒေ၏ ''အခြေခံမူ'' များပင် ဖြစ်သည်။ ထိုအခြေခံမူသည် တိုင်းပြည်တခု၏ ဖွဲ့စည်းတည်ဆောက်မှု ပုံသဏ္ဌာန်သာမက၊ ထိုနိုင်ငံက ရွေးချယ်ထားသော နိုင်ငံရေးစနစ်ကိုလည်း ဖော်ညွှန်းထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ''အခြေခံမူ'' ကို လေ့လာခြင်းအားဖြင့် ထိုနိုင်ငံသည် ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်စနစ်၊ ဒီမိုကရေစီစနစ် စသည့် နိုင်ငံရေးဝါဒတခုခုအပေါ် အခြေခံသော တိုင်းနိုင်ငံဖြစ်သည်၊ သို့မဟုတ် ဘာသာရေးကိုအခြေခံသောနိုင်ငံဖြစ်သည်၊ သို့မဟုတ် လွတ်လပ်မှုနှင့် ငြိမ်းချမ်းရေးကို ဦးထိပ်ထားသော နိုင်ငံဖြစ်သည် စသည်ဖြင့် စနစ်ကို အခြေခံ၍ ခွဲခြမ်းစိတ်ဖြာနိုင်ပါသည်။ ဥပမာ– ၁၉၄၇ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၆၁ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းပြီးနောက် ပြည်ထောင်စုမြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်း

သော ဘာသာရေးကို အခြေခံသည့်နိုင်ငံတခုဖြစ်သည် ဟူ၍လည်းကောင်း၊ ၁၉၇၄ တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြည့်ခြင်းအားဖြင့် ဆိုရှယ်လစ်စနစ်ကိုအခြေခံသော တပါတီအာဏာရှင်စနစ်ဖြစ်သည်ဟူ၍လည်းကောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံမူနံပါတ် (၆) ကိုကြည့်ခြင်းအားဖြင့် စစ်အာဏာရှင်စနစ်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အခိုင်အခံ့ ကာကွယ်ပြဋ္ဌာန်းထားသည့်နိုင်ငံ ဖြစ်သည်ဟူ၍ လည်းကောင်း သိရှိနားလည်နိုင်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ''အခြေခံမူ'' များသည် ဖွဲ့စည်းပုံအခြေခံဥပဒေတခုလုံး၏ ''အခြေခံပုဒ်မ'' (Principle Articles) များ ဖြစ်ပါသည်။ ထိုအခြေခံပုဒ်မများကို မူတည်၍ ဖွဲ့စည်းပုံတခုလုံးတွင် ပါရှိသည့် ''အကျိုးသက်ရောက်မှုရှိသောပုဒ်မများ'' (Operative Articles) များကို ရေးသားပြဋ္ဌာန်းရမည် ဖြစ်သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ''အခြေခံမူများ'' ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပထမအခန်းတွင် အမြဲတစေ ရေးဆွဲပြဋ္ဌာန်းလေ့ရှိသည်။

မိမိတို့ အသစ်ရေးဆွဲပြဋ္ဌာန်းမည့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ''ပြည်ထောင်စုအခြေခံမူ'' များသည် သက္ကရာဇ် ၂၀၂၁၊ မတ်လ (၃၁) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သော ''ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်'' ကို အခြေခံ၍ ''အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ'' (NUCC) က ပြင်ဆင်ရေးသား ပြဋ္ဌာန်းသော ''ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် အစိတ်အပိုင်း (၁)၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ကြေညာစာတမ်း'' ကို အခြေခံသွားမည်ဖြစ်ပါသည်။ ထို့ကြောင့် မကြာတော့သော အနာဂတ်တွင် မိမိတို့ရေးဆွဲပြဋ္ဌာန်းမည့် "ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ" ၏ "ပြည်ထောင်စုအခြေခံမူ" သည် ထိုပဋိညာဉ်တွင်ပါရှိသည့် "ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူ" (၅) ရပ်ကို အခြေခံသွားမည်ဖြစ်သည်။ ယင်းတို့မှာ–

(၁) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များအတွင်းရှိ ပြည်သူတို့သည်အချုပ်အခြာအာဏာ၏မူရင်းပိုင်ရှင်များဖြစ်ကြသည်။

(၂) ဖက်ဒရယ်ပြည်ထောင်စုကို တန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များဖြင့် ဖွဲ့စည်း

သည်။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အားလုံး (ဖက်ဒရယ်ယူနစ်အားလုံး) တို့သည် နိုင်ငံရေးရ တန်းတူသည်။

(၃) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် သက်ဆိုင်ရာပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသည်။

(၄) အာဏာခွဲဝေမှု (Division of Powers)၊ သယံဇာတခွဲဝေမှု (Revenue Sharing) နှင့် ဖက်ဒရယ်ဘဏ္ဍာရေးစနစ် (Fiscal Federalism) တို့ကို ကျင့်သုံးသည်။ ထိုသို့ခွဲဝေရာတွင် ပြည်သူလူထုနှင့် အနီးကပ်ဆုံးအစိုးရအဆင့် လုပ်ဆောင်နိုင်သည်အထိ လုပ်ပိုင်ခွင့်ပြုသောစနစ် (Subsidiary Principle) ကို ကျင့်သုံးသည်။

(၅) ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာတပ်ဖွဲ့များအားလုံးသည် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသောအရပ်သားအစိုးရ၏ကွပ်ကဲမှုနှင့် စီမံအုပ်ချုပ်မှုအောက်တွင် ရှိရမည်။ လူသားလုံခြုံရေးကို အခြေခံသည့်မူဝါဒကို ကျင့်သုံးရမည်။

## ၅။ အစိုးရဖွဲ့စည်းမှု ပုံသဏ္ဌာန်

(Form of Government)

ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်သည် တိုင်းပြည်ကို လူထုကိုယ်စား အုပ်ချုပ်မည့် အစိုးရတရပ်ကို မည်သို့မည်ပုံ စနစ်တကျ ဖွဲ့စည်း၍ ထိုအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာများကို စနစ်တကျ ဖော်ပြသတ်မှတ်ခြင်းဖြစ်သည်။ အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာနှင့် တာဝန်ဝတ္တရားများကို စနစ်တကျ သတ်မှတ်ပြဋ္ဌာန်းခြင်းဖြင့် ထိုအစိုးရ၏ လုပ်ပိုင်ခွင့်နှင့် အာဏာများကို စနစ်တကျ ကန့်သတ်ထိန်းချုပ်နိုင်ပါသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အသီးသီးတွင်နေထိုင်ကြကုန်သော တိုင်းရင်းသားပြည်သူလူထုတရပ်လုံးက စုပေါင်းပိုင်ဆိုင်ထားသော အချုပ်အခြာအာဏာကို လူထုကိုယ်စားကျင့်သုံးမည့် အစိုးရဖွဲ့စည်းခြင်း၊ ထိုအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာများကို ကန့်သတ်သတ်မှတ်ထားခြင်းတို့သာမက လူထုတရပ်လုံး၏ မွေးရာပါအခွင့်အရေးများကို အကာအကွယ်ပေးသည့် တိုင်းပြည်၏ အမြင့်ဆုံးဥပဒေဖြစ်သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေတိုင်းတွင် အစိုးရ၏အာဏာနှင့်လုပ်ပိုင်ခွင့်များကို ဥပဒေဖြင့် စနစ်တကျ သတ်မှတ်၍ ကန့်သတ်

ထိန်းချုပ်ရန် ''အစိုးရဖွဲ့စည်းမှုပုံသဏ္ဌာန်'' (Form of Government) ကို အခန်းတခန်း အဖြစ် အမြဲတမ်းဖော်ပြထားခြင်း ဖြစ်ပါသည်။

အစိုးရဖွဲ့စည်းမှုပုံသဏ္ဌာန်သည် ''ပြည်ထောင်စုအခြေခံမူ'' များကို တိုက်ရိုက် အကောင်အထည်ဖော်ခြင်းဖြစ်သည်။ ထို့ကြောင့် ထိုတိုင်းပြည်တွင် လက်ခံကျင့်သုံးနေသော အစိုးရဖွဲ့စည်းပုံစနစ်ဖြစ်သည်ဟု သာမန်အားဖြင့် နားလည်တတ်ကြသည်။ ဤတိုင်းပြည်တွင် တစ်ပါတီအာဏာရှင်စနစ်ကို ကျင့်သုံးမည်လား။ စစ်အာဏာရှင်စနစ်ကို ကျင့်သုံးမည်လား။ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးမည်လား။ သမ္မတစနစ်ကို ကျင့်သုံးမည်လား။ ဝန်ကြီးချုပ်နှင့်သမ္မတစနစ်တို့ကို ရောစပ်ထားသည့် (Semi–Presidential) စနစ်ကို ကျင့်သုံးမည်လားဟူသောကိစ္စဖြစ်ပါသည်။ ဥပမာ– ၁၉၇၄ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာပါက အစိုးရဖွဲ့စည်းမှုပုံစံအရ တစ်ပါတီအာဏာရှင်စနစ်ကို ကျင့်သုံးသောနိုင်ငံဖြစ်ကြောင်း သိရှိနိုင်ပါသည်။ ထိုနည်းတူ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း စစ်အာဏာရှင်စနစ် တည်ဆောက်ရေးအတွက် ရေးဆွဲပြဋ္ဌာန်းသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ကြောင်း၊ ထိုဖွဲ့စည်းပုံအခြေခံဥပဒေပါ အစိုးရဖွဲ့စည်းမှုပုံစံကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေတိုင်းတွင် အစိုးရဖွဲ့စည်းမှုပုံသဏ္ဌာန်သည် အလွန်အရေးကြီးပါသည်။ တိုင်းပြည်ကို အုပ်ချုပ်မည့်အစိုးရစနစ်ကို ရွေးချယ်ခြင်းဖြစ်သော ရွေးချယ်မှုမမှားရန်လည်း သတိကြီးစွာ ထားရပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အစိုးရ၏လုပ်ပိုင်ခွင့်အာဏာများကို သတ်မှတ်၍ ကန့်သတ်ထိန်းချုပ်ရာတွင် ''အစိုးရဖွဲ့စည်းမှုပုံသဏ္ဌာန်'' ဖြင့် အဓိကထားဆောင်ရွက်သောအချက်မှာ အချုပ်အခြာအာဏာ၏ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို ပိုင်းခြားကျင့်သုံးခြင်း (Separation of Powers) ပင် ဖြစ်ပါသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသည့် ''အစိုးရဖွဲ့စည်းမှုပုံသဏ္ဌာန်'' သည် အုပ်ချုပ်ရေးအာဏာကို ကိုင်စွဲနေသော ''အစိုးရအဖွဲ့'' ကိုသာ ညွှန်းဆိုခြင်း မဟုတ်။ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ (၃) ရပ်လုံးနှင့် သက်ဆိုင်နေပါသည်။ ထို့ကြောင့် နိုင်ငံရေးအာဏာများ ပိုင်းခြားကျင့်သုံးခြင်းနှင့် အာဏာချိန်ခွင်လျှာများကို အပြန်အလှန်ထိန်းချုပ်ခြင်း (Check–and–Balance) တို့သည် ခွဲခြားမရအောင် ဆက်စပ်နေခြင်းဖြစ်သည်။

သက်ဦးဆံပိုင်ဘုရင်စနစ်နှင့်အာဏာရှင်စနစ်တို့တွင် နိုင်ငံရေးအာဏာ (၃) ရပ်လုံးကို ရှင်ဘုရင်နှင့် အာဏာရှင်တို့၏လက်ထဲတွင် စုပြုံ၍ အပ်နှံထားပါသည်။ တချို့အာဏာရှင်နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အာဏာ (၃) ရပ်ကို ပိုင်းခြားကျင့်သုံးနေသယောင် ဖော်ပြတတ်သော်လည်း အာဏာရှင်များက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရေးသားဖော်ပြထားသည့်အတိုင်း မကျင့်သုံးဘဲ နည်းလမ်းပေါင်းများစွာဖြင့် ထိုအာဏာများကို ချုပ်ကိုင်ထားကြပါသည်။ ဥပမာ– ကွန်မြူနစ်စနစ်ကို ကျင့်သုံးခဲ့သော ဆိုဗီယက်ယူနီယံဖွဲ့စည်းပုံအခြေခံဥပဒေတွင် အာဏာကို ပိုင်းခြားကျင့်သုံးခြင်းကို တိတိကျကျဖော်ပြခဲ့သော်လည်း ထိုဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်တွင် ကွန်မြူနစ်ပါတီကြီးရှိ၍ ကွန်မြူနစ်ပါတီက တနိုင်ငံလုံးကို လွှမ်းမိုးချုပ်ကိုင်ခဲ့သည်။ ထို့ကြောင့် ထိုကဲ့သို့သော ဖွဲ့စည်းပုံအခြေခံဥပဒေက အစိုးရ၏အာဏာနှင့် လုပ်ပိုင်ခွင့်များကို ဘောင်ခတ်ကန့်သတ်ခြင်း မပြုလုပ်နိုင်ခဲ့ပေ။

ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးအာဏာ (၃) ရပ်ကို ရှင်းရှင်းလင်းလင်း ပိုင်းခြားကျင့်သုံးပြီး၊ အာဏာတခုနှင့်တခုအကြား ချိန်ခွင်လျှာညှိပေးထားသည်။ ယင်းကို အာဏာချိန်ခွင်လျှာညှိခြင်း (သို့မဟုတ်) အပြန်အလှန်ထိန်းချုပ်ခြင်း (Check–and–Balance) ဟု ခေါ်ပါသည်။ နိုင်ငံရေးအာဏာ (၃) ရပ်စလုံးကို ချိန်ခွင်လျှာညှိထားသဖြင့် မည်သည့်နိုင်ငံရေးအာဏာမျှ တခုအပေါ် တခု လွှမ်းမိုးချယ်လှယ်နိုင်ခြင်း မရှိပေ။ ဤကိစ္စအတွက် အမေရိကန်ပြည်ထောင်စုကို ဥပမာယူ၍ တင်ပြလိုပါသည်။

(၁) လွှတ်တော် (အထက်လွှတ်တော်နှင့် အောက်လွှတ်တော်) က ဥပဒေပြုသည်။ သို့ရာတွင် ထိုဥပဒေသည် ပြည်ထောင်စုအတွက် သင့်မြတ်လျော်ကန်ခြင်း မရှိဟု ယူဆပါက သမ္မတက ဗီတိုအာဏာဖြင့် ပယ်ချနိုင်သည်။

(၂) သမ္မတက အစိုးရဝန်ကြီးအဖွဲ့များကို ခန့်ထားနိုင်သည်။ သို့သော် လွှတ်တော်၏ အတည်ပြုချက်မရှိဘဲ မည်သူမျှ ဝန်ကြီးမဖြစ်နိုင်ပေ။ တိုင်းပြည်၏ ထိပ်တန်းရာထူး၊ ဥပမာ– ကာကွယ်ရေးစစ်ဦးစီးချုပ်(Joint Chief of Staff) ခန့်ထားခြင်းများကိုလည်း လွှတ်တော် အတည်ပြုချက်မရှိဘဲ သမ္မတက မခန့်အပ်နိုင်ပေ။

(၃) သမ္မတက ပြည်ထောင်စုတရားရုံးချုပ်တွင် တာဝန်ထမ်းဆောင်မည့် တရားလွှတ်တော်ချုပ်တရားသူကြီးများကို ခန့်အပ်သည်။ သို့သော် လွှတ်တော်က

အတည်ပြုမှသာ တရားလွှတ်တော်ချုပ်တရားသူကြီးများ (Supreme Court Judges) များကို ခန့်အပ်ထားခြင်းက တရားဝင်နိုင်သည်။

(၄) လွှတ်တော်က ဥပဒေပြုနိုင်သည်။ သို့သော် တရားလွှတ်တော်ချုပ် (Supreme Court) က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီဟု ယူဆပါက ပယ်ချနိုင်သည်။

(၅) သမ္မတနှင့် လွှတ်တော်တို့၏ လုပ်ရပ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည်ဟု ထင်ရှားပါက တရားလွှတ်တော်ချုပ်က ယင်းတို့ကို အရေးယူ အပြစ်ပေးနိုင်သည်။

အစိုးရဖွဲ့စည်းမှုပုံသဏ္ဌာန်သည် အချုပ်အခြာအာဏာ၏ခက်မ (၃) ဖြာ ဖြစ်သောဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ကိုင်တွယ်ကျင့်သုံးသော လွှတ်တော်၊ အစိုးရနှင့် တရားရုံးတို့က တိုင်းပြည်နှင့် ပြည်သူလူထုတရပ်လုံးအပေါ် တာဝန်ခံခြင်းနှင့် တာဝန်ယူခြင်း ရှိ–မရှိ၊ ယင်းတို့၏လုပ်ငန်းဆောင်ရွက်ချက်များ ပွင့်လင်းမြင်သာမှု ရှိ–မရှိဟူသောအချက်ကိုလည်း ပေါ်လွင်ထင်ရှားစေရမည်။

တစ်ပြည်ထောင်စုစနစ် ကျင့်သုံး၍ လူမျိုးတမျိုးတည်းသာရှိသော အမျိုးသားနိုင်ငံများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရ၏အာဏာနှင့် လုပ်ပိုင်ခွင့်ကို ကန့်သတ်ထိန်းချုပ်ရာ အာဏာ (၃) ရပ်ကို ပိုင်းခြားကျင့်သုံးခြင်းဖြင့် လုံလောက်သော်လည်း ဖက်ဒရယ်စနစ်ကို ကျင့်သုံးသော ပြည်ထောင်စုစနစ်တွင် အာဏာ ပိုင်းခြားကျင့်သုံးခြင်း (Separation of Powers) တခုတည်းဖြင့် မလုံလောက်ပေ။ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာ ခွဲဝေကျင့်သုံးခြင်း (Division of Powers) လည်း လိုအပ်ပါသည်။ ယင်းကို ပြည်ထောင်စုဖွဲ့စည်းမှုပုံသဏ္ဌာန်တွင် ဆက်လက်လေ့လာသွားမည် ဖြစ်သည်။

## ၆။ ပြည်ထောင်စုဖွဲ့စည်းမှုပုံသဏ္ဌာန်

## (Form of Federal Union)

ပြည်ထောင်စုဖွဲ့စည်းမှုပုံသဏ္ဌာန် (Form of Federal Union) သည် ဖက်ဒရယ်စနစ်ကို ကျင့်သုံးသော ပြည်ထောင်စုစနစ်တွင် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ ဖွဲ့စည်းတည်ဆောက်မှုနှင့်ပတ်သက်သည့်ကိစ္စရပ်ပင်ဖြစ်ပါသည်။ ဖက်ဒရယ်ပြည်ထောင်စုအတွင်း အဖွဲ့ဝင်ပြည်နယ်ကို မည်သို့ဖွဲ့စည်းထူထောင်မည်နည်း။ ပြည်နယ်အရေအတွက် မည်မျှဖြင့် ဖွဲ့စည်းထူထောင်မည်နည်း။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်

များကို လူမျိုးကို အခြေခံ၍ ဖွဲ့စည်းမည်လား။ သို့မဟုတ် နယ်မြေ (ပထဝီ) ကို အခြေခံ၍ ဖွဲ့စည်းမည်လား။ သို့မဟုတ် ပြည်ထောင်စု၏ ထူးခြားသောသမိုင်းကြောင်းနှင့် ပထဝီ အခြေအနေတို့ကြောင့် လူမျိုးကိုအခြေခံသော ပြည်နယ်များနှင့်ပထဝီကို အခြေခံသော ပြည်နယ်နှစ်မျိုးလုံးကို ပေါင်းစပ်ကာ ဖွဲ့စည်းမည်လားဆိုသောကိစ္စရပ်များ ပြည်ထောင်စု ဖွဲ့စည်းမှုပုံသဏ္ဍာန်ဖြင့် ဖော်ပြဖြေရှင်းလေ့ရှိသည်။

ပြည်ထောင်စုဖွဲ့စည်းမှုပုံသဏ္ဍာန်၏ အရေးကြီးသော အခြားကိစ္စရပ်တခုမှာ– ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အားလုံးကို တန်းတူသောနိုင်ငံရေးအာဏာ အပ်နှင်း သည့် ''အချိုးညီဖက်ဒရယ်စနစ်'' (Symmetry Federal System) နှင့်ကျင့်သုံးမည်လား။ တချို့ပြည်နယ်များကို အာဏာပိုပေး၍ တချို့ပြည်နယ်များကို အာဏာလျှော့ပေးသော ''အချိုးမညီဖက်ဒရယ်စနစ်'' (Asymmetry Federal System) နှင့်ကျင့်သုံးမည်လားဆို သောကိစ္စရပ်များကို ပြည်ထောင်စုဖွဲ့စည်းမှုပုံသဏ္ဍာန် (Form of Federal Union) ဖြင့် အဆုံးအဖြတ်ပေးရသည်။ ထိုကဲ့သို့ ပြည်ထောင်စုဖွဲ့စည်းမှုပုံသဏ္ဍာန်ဖြင့် ပြည်ထောင်စု ဖွဲ့စည်းပုံကို စနစ်တကျပြဋ္ဌာန်းနိုင်မှသာ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာ ခွဲဝေကျင့်သုံးခြင်း (Division of Powers) ပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတွင် လွတ်လပ်ရေး ရရှိသည့် အချိန်မှစ၍ ယနေ့တိုင် ''ပြည်ထောင်စုဖွဲ့စည်းမှုပုံသဏ္ဍာန်'' ပြဿနာကို ဖြေရှင်းနိုင်ခြင်း မရှိသေးပေ။ ပြည် ထောင်စုဖွဲ့စည်းမှုပုံသဏ္ဍာန်ပြဿနာကို မဖြေရှင်းနိုင်သောကြောင့် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေခြင်းကိုလည်း ဖက်ဒရယ်ပြည်ထောင်စုစနစ်နှင့်အညီ ဆောင်ရွက်နိုင်ခြင်း မရှိသေးပေ။ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းခဲ့သော ပြည် ထောင်စုသည် ''အချိုးမညီ ပြည်ထောင်စု'' (Asymmetry Federalism) ဖြစ်ခဲ့ပါသည်။ ယခင်မြန်မာမင်းများ၏ပိုင်နက်အားလုံးကို ''ပြည်မ'' ဟုခေါ်ဆို၍ ထို ''ပြည်မ'' ကြီးကို ပြည်ထောင်စုအာဏာတခုလုံး ပုံအပ်ပေးခဲ့သည်။ ထို့အပြင် အခြားပြည်ထောင်စုအဖွဲ့ ဝင်များနှင့်တိုင်းများ (ချင်းဝိသေသတိုင်းနှင့် ရခိုင်တိုင်း) တို့ကို နိုင်ငံရေးအာဏာ အပြည့် အဝ အပ်နှင်းခြင်း မရှိခဲ့ချေ။ ပြည်နယ်နှင့်တိုင်းအကြားတွင်လည်း အာဏာအပ်နှင်းပုံ ချင်းမတူခဲ့ပေ။ ထို့ကြောင့် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထူထောင်ခဲ့သော ပြည်ထောင်စုသည် အမည်နာမအားဖြင့်သာ ''ပြည်ထောင်စု'' ဟုခေါ်သော်လည်း လက် တွေ့ကျင့်သုံးပုံအရ တစ်ပြည်ထောင်(Unitary State) မျှသာ ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းခဲ့သော ပြည်ထောင်စုသည် ''အချိုးမညီပြည်

ထောင်စု'' ဖြစ်ခဲ့ရုံသာမက တစ်ပြည်ထောင်စနစ်ကို လက်တွေ့အကောင်အထည် ဖော်ခဲ့သော အမည်ခံပြည်ထောင်စုမျှသာ ဖြစ်သည်။ ထို့ကြောင့် ထိုဖွဲ့စည်းပုံအခြေခံဥပဒေကို ''ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ'' ဟု မခေါ်ဘဲ ''နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ'' ဟု ခေါ်တွင်ခြင်း ဖြစ်ဟန်တူသည်။

၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေများသည်လည်း ''ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ'' များ မဟုတ်ကြပေ။ ''နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ'' ဟုခေါ်ဝေါ်ခဲ့ကြပါသည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေများအရ ပြည်ထောင်စု ဖွဲ့စည်းမှုပုံသဏ္ဍာန်ကို ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများ နေထိုင်ရာဒေသ (၇) ခုကို ပြည်နယ်များဟု ခေါ်တွင်ပြီး ဗမာအများစုနှင့် အခြားတိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ရာဒေသများကို ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအရ "တိုင်း" ဟုခေါ်ဆိုပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ "တိုင်းဒေသကြီး" များဟု ခေါ်တွင်ခဲ့ပါသည်။ ထိုပြည်နယ် (၇) ခုနှင့် တိုင်း (ဝါ) တိုင်းဒေသကြီး (၇) ခုကို နိုင်ငံရေးအာဏာများ တန်းတူရည်တူ အပ်နှင်းသည်ဟု ရေးသားဖော်ပြခဲ့သောကြောင့် ''အချိုးမညီဖက်ဒရယ်စနစ်'' (Asymmetry Federalism) မှ ''အချိုးညီဖက်ဒရယ်စနစ်'' (Symmetry Federalism) သို့ ဦးတည်သွားသည်ဟုဆိုနိုင်ပါသည်။ တချို့ပညာရှင်များက ''ပြည်နယ်-ပြည်မ'' ပြဿနာကိုပါ ဖြေရှင်းနိုင်ခဲ့သည်ဟု ချဲ့ထွင်ပြီးပြောဆိုခဲ့ကြသည်။ သို့ရာတွင် သေချာစွာ ဆန်းစစ်လေ့လာကြည့်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်နယ်နှင့်တိုင်း (ဝါ) တိုင်းဒေသကြီးများကို နိုင်ငံရေးအာဏာ တန်းတူပေးသည်ဟု ဆိုသော်လည်း ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်တွင် စစ်အာဏာရှင်အသွင်ပြောင်း မ.ဆ.လ တပါတီအာဏာရှင်စနစ်ရှိပြီး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်တွင် စစ်အာဏာရှင်အစစ်အမှန် ရှိနေသည့်အတွက် ထိုမဟာလူမျိုးကြီးဝါဒီ စစ်အာဏာရှင်တို့ကြောင့် ထိုဖွဲ့စည်းပုံအခြေခံဥပဒေများသည် အာဏာရှင်များ အာဏာတည်မြဲရေးအတွက် ရေးဆွဲထားသော အာဏာရှင်ယန္တရားများသာဖြစ်ခဲ့သည်။ ပြည်သူလူထု၏အခွင့်အရေးကို ကာကွယ်ပေးသော ဥပဒေများ မဟုတ်သကဲ့သို့ အစိုးရ၏လုပ်ပိုင်ခွင့်အာဏာကို ကန့်သတ်ထားသောဥပဒေများလည်း မဟုတ်ခဲ့ပေ။

နိုင်ငံဖွဲ့စည်းမှုပုံသဏ္ဍာန်ကို ၁၉၄၇၊ ၁၉၇၄ နှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ''နိုင်ငံတော်ဖွဲ့စည်းမှုပုံသဏ္ဍာန်'' ဟုတစ်ပြည်ထောင်စုစနစ်ဘက်သို့ နှယ်၍ခေါ်ဆိုကြပါသည်။ ထို့ကြောင့် ''နိုင်ငံဖွဲ့စည်းမှုပုံသဏ္ဍာန်'' (Form of State) ပြဿနာ

ကို သေချာစွာလေ့လာရန်၊ ဖက်ဒရယ်စနစ်တွင် ဖြစ်ပေါ်သည့် (Symmetry Federalism) နှင့် (Asymmetry Federalism) တို့အကြားဖြစ်ပွားသော ပြဿနာ၏ရှုထောင့်တခုတည်း ဖြင့်မဟုတ်ဘဲ ပြည်ထောင်စုစနစ်နှင့် တပြည်ထောင်စနစ် (အမျိုးသားနိုင်ငံတော်) တို့ အကြား ဖြစ်ပွားတတ်သည့် နိုင်ငံဖွဲ့စည်းမှုပုံသဏ္ဌာန်ပြဿနာရှုထောင့်ဖြင့်လည်း ချဉ်း ကပ်ရန် လိုအပ်မည်ဖြစ်ပါသည်။ အကြောင်းမှာ နိုင်ငံ၏ဖွဲ့စည်းမှုပုံသဏ္ဌာန်သည် တိုင်း ပြည်တခုကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းမည်လော၊ တစ်ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းမည်လောဟူသော မေးခွန်း၏အဖြေဖြစ်သောကြောင့် လွန်စွာအရေးကြီးသည်။ ထို့ကြောင့် တချို့က တိုင်းပြည်၏ဖွဲ့စည်းမှုပုံသဏ္ဌာန်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အသက်သွေးကြောဖြစ်သည်ဟု ဆိုနေကြပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတွင်လည်း လွတ်လပ်ရေးရရှိသည့်အချိန်မှ ယနေ့တိုင် နိုင်ငံရေးပဋိပက္ခမျိုးစုံနှင့်ရင်ဆိုင်ပြီး နှစ်ပေါင်း (၇၀) ကျော် ပြည်တွင်းစစ်နှင့်ရင်ဆိုင်နေရခြင်းမှာ နိုင်ငံဖွဲ့စည်းမှုပုံသဏ္ဌာန်နှင့်ပတ်သက် သောပြဿနာကို မဖြေရှင်းနိုင်သောကြောင့် ဖြစ်ပေါ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ နိုင်ငံရေးအကျပ်အတည်း (Constitutional Crisis) ပင် ဖြစ်သည်။ ပင်လုံစာချုပ်အရ ဤ တိုင်းပြည်ကို ပြည်ထောင်စုစနစ်ဖြင့်ထူထောင်ရမည်ဟု သဘောတူလက်မှတ်ရေးထိုးခဲ့ ကြသော်လည်း ယနေ့တိုင် ပြည်ထောင်စုဖွဲ့စည်းမှုပုံသဏ္ဌာန်ဆိုင်ရာပြဿနာများကို ဖြေ ရှင်းနိုင်ခြင်းမရှိသောကြောင့် နှစ်ပေါင်း (၇၀) ကျော်ပြည်တွင်းစစ်နှင့် စစ်အာဏာသိမ်းမှု သုံးကြိမ်သုံးခါရင်ဆိုင်နေရကြောင်း အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်သည်။

ဤတိုင်းပြည်ကို ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းထူထောင်ရမည်ဟု သဘောတူထားပါက ပြည်ထောင်စုဖွဲ့စည်းမှုပုံသဏ္ဌာန်သည် ပြည်ထောင်စုတခုလုံး အတွက် ပုံစံတမျိုးတည်းသာ ရှိသင့်ပါသည်။ ထိုကဲ့သို့ ပြည်ထောင်စုဖွဲ့စည်းမှုပုံသဏ္ဌာန် ကို တမျိုးတည်း ထားရှိမည်ဆိုပါက ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ် (ဝါ) ဖက်ဒရယ် ယူနစ် အားလုံး၏အမည်နာမသည်လည်း တမျိုးတည်းသာရှိသင့်သည်။ ထို့ကြောင့် ပြည် ထောင်စုအဖွဲ့ဝင်ဖက်ဒရယ်ယူနစ်များ၏ အမည်နာမအားလုံးကို ပြည်ထောင် (သို့မဟုတ်) ပြည် (သို့မဟုတ်) ပြည်နယ် (သို့မဟုတ်) တိုင်းဟု ပုံစံတခုတည်းဖြင့် မှည့်ခေါ်သင့် ပါသည်။

ယခုမူ လွတ်လပ်ရေးရသည့်အချိန်မှ ယနေ့တိုင် ဗမာမဟုတ်သော တိုင်းရင်း သားလူမျိုးများ နေထိုင်ရာဒေသများကို ပြည်နယ်ဟု ခေါ်ဆိုပြီး ဗမာလူမျိုးများနေထိုင်

ရာဒေသကို ၁၉၄၇ နှင့် ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေများအရ တိုင်းဟုခေါ်ဆိုပြီး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီးဟု ခေါ်ဆိုထားကြောင်း အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယင်းသည် နိုင်ငံတခုတည်းအတွင်း ဗမာလူမျိုးများအတွက် "အမျိုးသားနိုင်ငံတော်" ကို ထူထောင်ပြီး ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများအတွက် ပြည်ထောင်စုအသွင်သဏ္ဍာန်ဖြင့် ပြည်နယ်များ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ တိုင်းပြည်တခုတွင် ပြည်ထောင်စုစနစ်နှင့် တစ်ပြည်ထောင်စနစ်တို့ကို ရောစပ်ထူထောင်ပြီး အမျိုးသားနိုင်ငံ ထူထောင်ရေးလမ်းစဉ် (Nation Building Process) ဖြင့် ဗမာအမျိုးသားနိုင်ငံတော်က ပြည်ထောင်စုတခုလုံးကို လွှမ်းမိုးဝါးမျိုရေးကို အဆက်ဆက်သောအစိုးရတို့က ဆောင်ရွက်ခဲ့ကြပါသည်။ ထိုကဲ့သို့ ဗမာအမျိုးသားနိုင်ငံတော် ထူထောင်ရေးလမ်းစဉ်ဖြစ်သော (Nation Building Process) အရ–

(၁) ဘာသာရေးအရ လွှမ်းမိုးခြင်းဝါဒ (၁၉၆၁ တွင် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းခြင်း)

(၂) ဘာသာစကားအရ လွှမ်းမိုးခြင်းဝါဒ (၁၉၆၆ ခုနှစ်တွင် မြန်မာစာကိုသာ တခုတည်းသော ရုံးသုံးစာအဖြစ် သတ်မှတ်ပြဋ္ဌာန်းပြီး အခြားတိုင်းရင်းသားလူမျိုးများ၏ စာပေသင်ကြားခွင့်ကို ပိတ်ပင်ခြင်း)၊

(၃) လူမျိုးရေးအရ လွှမ်းမိုးခြင်းဝါဒ (၁၉၈၉ ခုနှစ်တွင် တိုင်းပြည်၏နာမည်ကို ဗမာ(ဝါ) မြန်မာလူမျိုးတို့၏ လူမျိုးနာမည်ဖြင့် ပြောင်းလဲမှည့်ခေါ်ခြင်း) တို့ကို ဆောင်ရွက်ခဲ့ပါသည်။

ပြည်ထောင်စုဖွဲ့စည်းမှုပုံသဏ္ဍာန် (Form of State) ဆိုင်ရာပြဿနာကို မဖြေရှင်းနိုင်သောကြောင့် ဖက်ဒရယ်ပြည်ထောင်စုစနစ်အရ ပြည်ထောင်စုနှင့် ပြည်နယ်များအကြားအာဏာခွဲဝေခြင်း (Division of Powers) ကိုလည်း အပြည့်အဝ ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာခွဲဝေခြင်းကို မဆောင်ရွက်နိုင်သောကြောင့် ပြည်ထောင်စုအဆင့်တွင်သော်လည်းကောင်း၊ ပြည်နယ်များအဆင့်တွင်သော်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အစိုးရ၏အာဏာနှင့်လုပ်ပိုင်ခွင့်ကို ကန့်သတ်ထိန်းချုပ်နိုင်ခြင်းမရှိခဲ့ပေ။

ထို့အပြင် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား စနစ်တကျ အာဏာခွဲဝေကျင့်သုံးခြင်းမရှိသောကြောင့် ဖက်ဒရယ်စနစ်အရ ပြည်နယ်များတွင် လွတ်လပ်စွာကျင့်

သုံးရန် ခွဲဝေပေးထားသောအာဏာများလည်း ပီပီပြင်ပြင် မရှိခဲ့ပေ။ လွတ်လပ်ရေးရရှိသည့်အချိန်မှ ယနေ့တိုင်ပြည်နယ်များ ရရှိသောအခွင့်အရေးများသည် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေခြင်း ''မှု'' ကြောင့် မဟုတ်ဘဲ၊ ဗဟိုက စေတနာ ကရုဏာအားဖြင့် ပေးကမ်းစွန့်ကြဲခြင်းအဖြစ်သာ သတ်မှတ်ခဲ့ကြပါသည်။ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား ဖက်ဒရယ်စနစ်အရ ''အာဏာခွဲဝေကျင့်သုံးခြင်း'' မရှိသောကြောင့် ပြည်နယ်များက မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော အခွင့်အာဏာများကို လွတ်လပ်စွာ ကျင့်သုံးရန် တောင်းဆိုသည့် ''ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်'' ကိုလည်း ''ဖက်ဒရယ်ခွဲထွက်ရေးမှု'' ကြောင့် တောင်းဆိုခြင်းဖြစ်သည်ဟု စွပ်စွဲခြင်း ခံခဲ့ကြရပါသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ တောင်းဆိုခဲ့သော ဒီမိုကရေစီရေးနှင့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးတို့ကို ဟန့်တားပိတ်ပင်ရန် မဟာလူမျိုးကြီးဝါဒီ စစ်အုပ်စုတို့က သုံးကြိမ်သုံးခါ စစ်တပ်ဖြင့် အာဏာသိမ်းပြီး စစ်အာဏာရှင်စနစ်ကို နည်းမျိုးစုံဖြင့် ထူထောင်နေကြခြင်းဖြစ်ပါသည်။

ဤတိုင်းပြည်တွင် ''ပြည်ထောင်စုဖွဲ့စည်းမှုပုံသဏ္ဌာန်'' (Form of Federal Union) ပြဿနာကို ဖြေရှင်းနိုင်ခြင်း မရှိသောကြောင့်ဖြစ်ပေါ်နေသော ''ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ နိုင်ငံရေးအကျပ်အတည်း'' (Constitutional Crisis) နှင့် ယင်း၏နောက်ဆက်တွဲပြဿနာများအဖြစ် ပေါ်ပေါက်ခဲ့သော နှစ်ပေါင်း (၇၀) ကျော်ကြာ ပြည်တွင်းစစ်ချုပ်ငြိမ်းရေးနှင့် စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးတို့သည် မိမိတို့ရှေ့တွင် လက်တွေ့ရင်ဆိုင်နေရသော နိုင်ငံရေးစိန်ခေါ်မှုများပင် ဖြစ်ကြသည်။ ထိုစိန်ခေါ်မှုများကို ကျော်လွှန်၍ နွေဦးတော်လှန်ရေးတွင် တိုင်းရင်းသား ပြည်သူလူထုတရပ်လုံး ကြွေးကြော်တောင်းဆိုထားသည့်အတိုင်း စစ်မှန်သော ''ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုကြီး'' တည်ဆောက်ရေးအတွက် ဦးလည်မသုန် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထိုသို့တည်ဆောက်ရာတွင် "ပြည်ထောင်စုဖွဲ့စည်းမှုပုံသဏ္ဌာန်" ကို ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်တွင် ဖော်ပြထားသည့် ''ဖက်ဒရယ်ပြည်ထောင်စု၏အသွင်သဏ္ဌာန်များ'' အတိုင်းဖွဲ့စည်းထူထောင်သွားမည်။

ယင်းတို့မှာ–

(က) ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝရှိသော လူမျိုးကိုအခြေခံသည့်ပြည်နယ်များနှင့်ပထဝီကို အခြေခံသည့်ပြည်နယ်များဖြင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု

ကိုဖွဲ့စည်းသည်။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အားလုံး (ဖက်ဒရယ်ယူနစ်အားလုံး) သည် နိုင်ငံရေးအရ တန်းတူသည်။ (Cf: FDC–၂)

(ခ) တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အခွင့်အရေးများကို အဆင့်ဆင့်အာမခံချက်ပေးနိုင်ရေးအတွက် သမိုင်းကြောင်းအရ တည်ရှိပြီးသား လူမျိုးကိုအခြေခံသည့်ပြည်နယ်များကို လူမျိုးအမည်ဖြင့် ဆက်လက်ဖွဲ့စည်းထူထောင်ခွင့်သာမက ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်းရှိ တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်ရန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် အမျိုးသားနယ်မြေများ ဖွဲ့စည်းခွင့်ရှိစေရမည်။ (Cf: PPST အခြေခံမူ– ၇)

(ဂ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်တိုင်းတွင် အချုပ်အခြာအာဏာ၏ မဏ္ဍိုင် (၃) ရပ်ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့ရှိသည်။ (Cf: FDC– ၃)

(ဃ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်သစ်များ ဖွဲ့စည်းထူထောင်ခွင့်ရှိသည်။ (FCDCC– ၅၅)

## ၇။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း

ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အာမခံချက်ပေးနိုင်သော ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များတွင် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိရမည်။ အကြောင်းမှာ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ နိုင်ငံရေးဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Political Self– determination) နှင့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Cultural Self–determination) နှစ်မျိုးစလုံးကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်းဖြင့် အာမခံချက်ပေးနိုင်သောကြောင့်ဖြစ်ပါသည်။

ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ နိုင်ငံရေးဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုသည်မှာ သက်ဆိုင်ရာပြည်နယ်များက မိမိတို့၏ပြည်နယ်အတွင်း လိုက်နာကျင့်သုံးရမည့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို မိမိတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံး၍

ရေးဆွဲပြဋ္ဌာန်းပြီး ထိုဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် မိမိပြည်နယ် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများ ကျင့်သုံးပိုင်ခွင့်ရှိခြင်းကို ဆိုလိုပါသည်။ ထို့ကြောင့် နိုင်ငံရေးကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုသည်မှာ မိမိတို့ကိုယ်တိုင်ရေးဆွဲပြဋ္ဌာန်းသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အုပ်ချုပ်၍ ထိုဥပဒေနှင့်အညီ တရားစီရင်ပိုင်ခွင့်အာဏာရှိခြင်းကိုဆိုလိုသည်။

တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုသည်မှာ တိုင်းရင်းသားလူမျိုးတမျိုးက မိမိတို့လူမျိုးဖြစ်တည်ရေး (Existence) အတွက် မရှိမဖြစ်လိုအပ်၍ ပိုင်ဆိုင်ထားသော လူမျိုးရေးဆိုင်ရာ စုပေါင်းအခွင့်အရေးများဖြစ်ကြသည့် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် အမျိုးသားလက္ခဏာများ (National Identity) များကို လွတ်လပ်စွာ ကာကွယ်၊ ထိန်းသိမ်း၊ စောင့်ရှောက်ခွင့်သာမက ခေတ်မီတိုးတက်အောင် ဆောင်ရွက်ပိုင်ခွင့် အခွင့်အရေးများ ပါဝင်ပေသည်။ ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် တခါတရံ လူမျိုးတမျိုးနေထိုင်ရာ ဒေသတခုတည်းနှင့်သက်ဆိုင်၍ ပြန့်ကြဲစွာ နေထိုင်သောလူမျိုးများအတွက်မှာမူ ယဉ်ကျေးမှုဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် နယ်နိမိတ် သတ်မှတ်၍မရနိုင်ပေ။ ထိုလူမျိုးများ နေထိုင်ရာဒေသအတွင်းတွင် ကျင့်သုံးနိုင်သည်။

ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတည်းဟူသော နိုင်ငံရေးအာဏာ သုံးရပ်အနက် ဥပဒေပြုရေးအာဏာသည် အခြေခံအကျဆုံးသောနိုင်ငံရေးအာဏာဖြစ်ပေသည်။ ပြည်သူလူထုတရပ်လုံးက မိမိတို့ကိုယ်တိုင် လိုက်နာကျင့်သုံးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် ဥပဒေများကို မိမိတို့ကိုယ်တိုင် ရေးဆွဲပြဋ္ဌာန်းနိုင်မှ ထိုပြည်သူများကို "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" ရှိသောပြည်သူများဟု ခေါ်ဆိုနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် လူမျိုးတမျိုး၊ ပြည်ထောင်(ဝါ) ပြည်နယ်တခုထဲတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိ–မရှိဟူသောပြဿနာသည် ထိုလူမျိုးများထဲတွင် မိမိတို့ကိုယ်တိုင် ကျင့်သုံးမည့်ဥပဒေကို မိမိတို့လူမျိုး၏သမိုင်းကြောင်း၊ အမျိုးသားလက္ခဏာ၊ စာပေယဉ်ကျေးမှုနှင့်ဓလေ့ထုံးတမ်းစဉ်လာအရ လွတ်လပ်စွာ ရေးဆွဲပြဋ္ဌာန်းခွင့် ရှိ၊ မရှိ ဟူသောပြဿနာပင် ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ ရောနှောနေထိုင်သော တိုင်းပြည်ဖြစ်ပါသည်။ ထိုလူမျိုးများသည် သမိုင်းကြောင်းအရသော်လည်းကောင်း၊ အမျိုးသားလက္ခဏာအရသော်လည်းကောင်း၊ စာပေယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများ မတူညီကြပေ။ ထိုမတူကွဲပြားမှုကို လက်ခံခြင်း မရှိဘဲ လူမျိုးတမျိုးက

အခြားလူမျိုးများအပေါ် သူတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှုနှင့် ဓလေ့ထုံးတမ်းများကို အတင်းအဓမ္မ လက်ခံကျင့်သုံးစေပါက တရားမျှတမှုရှိမည် မဟုတ်ပေ။ ဥပမာ– ဗုဒ္ဓဘာသာ ကိုးကွယ်ယုံကြည်သူများကို အစ္စလာမ်ဘာသာအရ ပြဋ္ဌာန်းထားသောဥပဒေဖြင့် တရားစီရင်ပါက တရားမည်မဟုတ်ပေ။ ထိုနည်းတူ ခရစ်ယာန် ဘာသာ ကိုးကွယ်ယုံကြည်သောသူများကို ဗုဒ္ဓဘာသာအခြေခံ၍ ပြဋ္ဌာန်းထားသောဥပဒေဖြင့် တရားစီရင်ပါက တရားမျှတမည် မဟုတ်ပေ။ လူမျိုးတမျိုး၏ ဓလေ့ထုံးတမ်းဥပဒေဖြင့် ပြဋ္ဌာန်းထားသောဥပဒေဖြင့် အခြားလူမျိုးများကို တရားစီရင်ပါက ဘာသာရေးကို အခြေခံသောဥပဒေများနည်းတူ တရားမျှတမှုရှိနိုင်မည် မဟုတ်ပေ။

ထိုသို့ မတူကွဲပြားမှုများကို လက်ခံအသိအမှတ်ပြုပြီး ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်းရှိ လူမျိုးများ၏သီးခြားဖြစ်တည်နေသောအမျိုးသားလက္ခဏာများ၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းစဉ်လာများကို လေးစားအသိအမှတ်ပြုရန် လိုအပ်ပါသည်။ ထို့အပြင် သမိုင်းကြောင်းအရ တည်ရှိပြီးသားဖြစ်သည့် လူမျိုးများနှင့် ပြည်နယ်များကို လေးစားအသိအမှတ်ပြုပြီး ထိုလူမျိုးများ၏ပြည်နယ်များအတွက် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် "မူ" အားဖြင့် ဆန့်ကျင်ကွဲလွဲမှု မရှိစေဘဲ သီးခြားလွတ်လပ်စွာ ရေးသားပြဋ္ဌာန်းပိုင်ခွင့်ပေးထားရမည်။ သို့မှသာ ထိုပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝပေးသည်" ဟု ခေါ်ဆိုနိုင်ပေမည်။

ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ သီးခြားလွတ်လပ်စွာ ရေးဆွဲပြဋ္ဌာန်းခြင်းသည် ပြည်နယ်အားလုံး၊ ဖက်ဒရယ်ယူနစ်အားလုံးအတွက် လွန်စွာအရေးကြီးပါသည်။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရှိမှသာ မိမိတို့ပြည်နယ်အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု နယ်ပယ်ပေါင်းစုံ တိုးတက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သောဥပဒေများကို လွတ်လပ်စွာ ပြဋ္ဌာန်းနိုင်မည်ဖြစ်သည်။ ထို့အပြင် မိမိတို့ကိုယ်တိုင် ပြဋ္ဌာန်းထားသောဥပဒေအတိုင်း တိကျစွာ စီမံအုပ်ချုပ်နိုင်မည်ဖြစ်ပါသည်။ အကယ်၍ မိမိတို့ကိုယ်တိုင် ပြဋ္ဌာန်းထားသော ဥပဒေအတိုင်း အုပ်ချုပ်စီမံခြင်းမရှိပါက မိမိတို့ပြဋ္ဌာန်းထားသော ဥပဒေအတိုင်း မိမိတို့ကိုယ်တိုင် ထူထောင်ထားသော တရားရုံးများက ပြစ်ဒဏ် စီရင်ချမှတ်ခြင်းကိုလည်း ဆောင်ရွက်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် မိမိတို့ကိုယ်တိုင် ရေးဆွဲပြဋ္ဌာန်းသောဥပဒေဖြင့် အုပ်ချုပ်၍ တရားစီရင်နိုင်မှသာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည်ဟု ခေါ်ဆိုနိုင်မည်ဖြစ်ပါသည်။

ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းခွင့် အခွင့်အရေး ပေးထားသင့်ကြောင်း နိုင်ငံရေးနှင့်ဥပဒေရှုထောင့်တို့မှ အောက်ပါအချက်များကို တင်ပြလိုပါသည်။

(၁) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအား ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းခွင့်ပေးခြင်းအားဖြင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အားလုံးကို မိမိတို့၏ဘဝကံကြမ္မာကို မိမိတို့ကိုယ်တိုင် အဆုံးအဖြတ်ပေးနိုင်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည်ဟူသောအချက် ပေါ် လွင်ထင်ရှားနိုင်ပါသည်။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အားလုံးရှိ ပြည်နယ်သူပြည်နယ်သားများက မိမိတို့ဘဝကောင်းစားရေးအတွက် မိမိတို့နှင့်လက်တွဲ၍ အနီးစပ်ဆုံးစီမံခန့်ခွဲမည့် ပြည်နယ်အစိုးရကို ထူထောင်ဖွဲ့စည်းခွင့်နှင့် ရွေးချယ်တင်မြှောက်ခွင့် ရရှိကြမည်ဖြစ်ပါသည်။ ပြည်နယ်များသည် ပြည်ထောင်စုအစိတ်အပိုင်းများဖြစ်ကြပါသော်လည်း၊ ဖက်ဒရယ်စနစ်တွင် ပြည်နယ်အစိုးရများသည် ပြည်ထောင်စုအစိုးရ၏ အစိတ်အပိုင်းများ မဟုတ်ကြပါ။ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ ခွင့်ပြုချက်ဘောင်အတွင်း သက်ဆိုင်ရာပြည်နယ်များကို လွတ်လပ်စွာ စီမံခန့်ခွဲနိုင်ရန် ပြည်နယ်သူပြည်နယ်သားများက ရွေးချယ်တင်မြှောက်ထားသော အစိုးရများသာဖြစ်ကြပါသည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်း သားလူမျိုးပေါင်းစုံတို့သည် သမိုင်းကြောင်းအရသော်လည်းကောင်း၊ လူမျိုးရေးအရသော်လည်းကောင်း၊ စာပေ၊ ယဉ်ကျေးမှုနှင့် ဘာသာစကားအရသော်လည်းကောင်း၊ ပထဝီအနေအထားနှင့် ပြည်နယ်အကျယ်အဝန်းသာမက လူဦးရေထူထပ်မှုချင်းလည်း မတူညီကြပါ။ ထို့ကြောင့် ထိုပြည်နယ်အားလုံးကို လုံးဝဥဿုံတူညီသော နိုင်ငံရေးပုံစံခွက်ထဲ ထည့်၍မရပေ။ ထိုလူမျိုးများနှင့်ပြည်နယ်များ၏ မတူကွဲပြားမှုများကို လေးစားအသိအမှတ်ပြုရန် လိုအပ်ပါသည်။ ထိုမတူကွဲပြားမှုများကို တဖက်မှာ လေးစားလိုက်နာပြီး အခြားတဖက်တွင် ပြည်ထောင်စုတခုလုံး သွေးစည်းညီညွတ်ရေးကို တပြိုင်နက်တည်း ဆောင်ရွက်နိုင်ရေးအတွက် အကောင်းဆုံးနည်းလမ်းမှာ ပြည်နယ်များကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ ရေးဆွဲပြဋ္ဌာန်းခွင့်ပေးခြင်းသာ ဖြစ်ပါသည်။

(၃) ဖက်ဒရယ်စနစ်အရ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို သီးခြားလွတ်လပ်စွာ ရေးဆွဲပြဋ္ဌာန်းပိုင်ခွင့်ရှိသောကြောင့် လူဦးရေပိုမိုထူထပ် ၍ လူမျိုးပေါင်းစုံ ရောနှောနေထိုင်သောပြည်နယ်များ၊ ဥပမာ–ရှမ်း ပြည်နယ်တွင် လွှတ်တော် (၂) ရပ်ထားရှိရေးကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြုပြီး၊ လူဦးရေနည်းပါး၍ လူမျိုးတမျိုးတည်း ရှိသော ပြည်နယ်၊ ဥပမာ– ချင်းပြည်နယ်တွင် ပြည်နယ်လွှတ်တော် တရပ်သာ ထားရှိရေး စသည်တို့ကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ပါသည်။

(၄) မတူကွဲပြားသော တိုင်းရင်းသားလူမျိုးများ၏ အသွင်မတူကွဲပြားမှုကို အပြန်အလှန် လေးစားအသိအမှတ်ပြုပြီး ပြည်ထောင်စုကြီးတခုလုံး စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ရေးဟူသည့် ''မတူကွဲပြားမှုကို အသိအမှတ်ပြု၍ ညီညွတ်ရေး တည်ဆောက်ခြင်း'' (Unity in Diversity) မူကို ကျင့်သုံးနိုင်ခြင်းပင် ဖြစ်ပါသည်။

(၅) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းခွင့်ရှိသော တိုင်းပြည်များတွင် ပြည်ထောင်စုအတွင်းမှ ပြည်နယ်များနှင့် တိုင်းရင်းသားလူမျိုးများ ''ခွဲထွက်ခြင်း'' ဆိုသော ခွဲထွက်ခွင့်ပြဿနာ မရှိသလောက် နည်းပါးသည်ကို လေ့လာတွေ့ရှိနိုင်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖက်ဒရယ်စနစ် ကျင့်သုံးပုံကျင့်သုံးနည်း မတူကြပေ။ တချို့သော ဖက်ဒရယ်စနစ်ကို ကျင့်သုံးသည့်တိုင်းပြည်များတွင် ပြည်နယ်များအား ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ ရေးဆွဲပြဋ္ဌာန်းခွင့်ကို ပေးအပ်ထားပါသည်။ ဥပမာ– အမေရိကန်ပြည်ထောင်စု၊ ဂျာမဏီ၊ ဩစတြေးလျ၊ ဆွစ်ဇလန်နှင့် မလေးရှားစသည့်နိုင်ငံများ။ ထိုနိုင်ငံများ၏သမိုင်းကြောင်းကို လေ့လာသုံးသပ်ပါက ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ပေးထားပြီး၊ ပြည်နယ်များကို မိမိတို့၏ပြည်နယ်အတွင်း ကျင့်သုံးအပ်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပေးထားသောကြောင့် ခွဲထွက်ရေးကို ဦးတည်သည့် လက်နက်ကိုင်လှုပ်ရှားမှုနှင့် နိုင်ငံရေးပဋိပက္ခများ မရှိကြောင်းကို တွေ့ ရှိနိုင်ပါသည်။

တချို့သော ဖက်ဒရယ်ကျင့်သုံးသည့် ပြည်ထောင်စုနိုင်ငံများတွင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့် မပေးချေ။

ဥပမာ– အိန္ဒိယနိုင်ငံ။ ဖက်ဒရယ်စနစ်ကို ကျင့်သုံးပါသော်လည်း ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်မရှိသည့် တိုင်းပြည်များတွင် ခွဲထွက်ရေးကို ဦးတည်သောလက်နက်ကိုင်လှုပ်ရှားမှုများနှင့် နိုင်ငံရေး၊ လူမျိုးရေးပဋိပက္ခ များစွာရှိကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

စစ်အာဏာရှင်စနစ်ကို အပြီးတိုင်တိုက်ဖျက်ပြီး အနှစ် (၇၀) ကျော်နေပြီဖြစ်သော ပြည်တွင်းစစ်ကို ချုပ်ငြိမ်းစေကာ တိုင်းရင်းသားလူမျိုးပေါင်းစုံ ချစ်ကြည်ရင်းနှီးစွာ အတူလက်တွဲနေထိုင်နိုင်သော ပြည်ထောင်စုကြီးကို တည်ဆောက်လိုပါက ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ ရေးဆွဲပြဋ္ဌာန်းပိုင်ခွင့် ရှိကို ရှိရမည်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးများ နှစ် (၇၀) ကျော် လက်နက်ကိုင်တိုက်ပွဲဝင် တောင်းဆိုထားသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုစနစ်အရ အာမခံချက်ပေးနိုင်သည့် တခုတည်းသောနည်းလမ်းမှာ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ရရှိရေးပင်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခွင့်သည် နွေဦးတော်လှန်ရေးအောင်မြင်မှုအတွက်သာမက နှစ် (၇၀) ကျော် ပြည်တွင်းစစ်ချုပ်ငြိမ်းရေးအတွက် မရှိမဖြစ်လိုအပ်သော မဟာလိုအပ်ချက်ကြီးပင် ဖြစ်ပါသည်။ ထို့ကြောင့် နွေဦးတော်လှန်ရေးနှင့်အတူ အသစ်ထူထောင်မည့် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်ဖြစ်ကြောင်း "ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်" တွင် အတိအလင်း ဖော်ပြထားပါသည်။

ယင်းတို့မှာ–

(က) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသည်။ (FDC – ၁၂)

(ခ) ဖက်ဒရယ် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ဒေသန္တရအုပ်ချုပ်ရေး အဆင့်ဆင့်သတ်မှတ်မှု၊ ဒေသန္တရအုပ်ချုပ်ရေး နယ်မြေသတ်မှတ်မှုနှင့်ဒေသန္တရအစိုးရဖွဲ့စည်းမှုအပါအဝင် ဒေသန္တရအစိုးရဆိုင်ရာကိစ္စရပ်များကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် လိုအပ်သလို ထည့်သွင်းပြဋ္ဌာန်းရမည်။(12 EROs – ၂၀)

(ဂ) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်းရှိ မြေနှင့် သဘာဝသယံဇာတဆိုင်ရာ အောက်ဖော်ပြပါကိစ္စရပ်များကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းရမည်။

(၁) မြေပိုင်ဆိုင်ခွင့်၊ အသုံးပြုပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်၊ အခွန် ကောက်ခံပိုင်ခွင့်၊ အကျိုးခံစားပိုင်ခွင့်။ (12 EROs – 18)

(၂) တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းစဉ်လာအရ မြေပိုင်ဆိုင်မှုကို အသိအမှတ်ပြုပိုင်ခွင့်။ (12 EROs – 18)

(၃) သဘာဝသယံဇာတပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်၊ အခွန် ကောက်ခံခွင့်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပိုင်ခွင့်။ (12 EROs – 18)

(ဃ) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် သက်ဆိုင်ရာ ပြည်နယ် ရွေးကောက်ပွဲဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသည်။ (Cf: 12 EROs – 10)

(င) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်းရှိ တိုင်းရင်း သားလူမျိုး တိုင်း၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစသည့် ကဏ္ဍအသီးသီးနှင့် သက်ဆိုင်သော အခွင့်အရေးများကို ကာကွယ်ထိန်းသိမ်း မြှင့်တင်ပေးရမည်။ (FDC – ၁၄)

(စ) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်းရှိ ဌာနေတိုင်းရင်းသား လူမျိုးများ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုတို့အား ထိခိုက် ပျက်ယွင်းစေလောက်သော ပြည်တွင်းရွှေ့ပြောင်းအခြေချမှု မဖြစ်ပေါ်စေရန် စနစ်တကျ စီမံကွပ်ကဲရမည်။ (12 EROs – ၁၃)

(ဆ) ပြည်နယ်များ၏ရုံးသုံးဘာသာစကားကို သက်ဆိုင်ရာပြည်နယ်က သင့်လျော် သလို သတ်မှတ်နိုင်သည်။ (FDC – ၁၅)

# အခန်း (၃)
# ဒီမိုကရေစီကျင့်စဉ်များ

### ၁။ ဒီမိုကရေစီ အဓိပ္ပာယ်ဖွင့်ဆိုချက်

''ဒီမိုကရေစီ'' ဟူသော စကားလုံးသည် ''Demos'' နှင့် ''Kratos'' ဟူသော ဂရိစကားလုံး နှစ်ခုမှ ဆင်းသက်လာသည်။ ''Demos'' ဟူသော ဂရိစကားလုံးသည် ''လူထု''(People) ဟု အဓိပ္ပာယ်ရှိပြီး၊ ''Kratos'' သည် ''အုပ်ချုပ်ခြင်း'' (Rule) ဟူ၍ အဓိပ္ပာယ်ရသည်။ ထို စကားလုံးနှစ်ခုကို ပေါင်းစပ်သောအခါ ဒီမိုကရေစီကို ''လူထုအုပ်ချုပ်ခြင်းစနစ်'' ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတွင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ နှင့် ယင်းပြည်နယ်များတွင် နေထိုင်ကြသော ပြည်သူလူထုသာလျှင် ပြည်ထောင်စု၏ အချုပ်အခြာအာဏာပိုင်ရှင်များ ဖြစ်ကြပါသည်။ ပြည်ထောင်စု၏အချုပ်အခြာအာဏာ ကို ပိုင်ဆိုင်ခြင်းဟုဆိုရာ၌ အချုပ်အခြာအာဏာ၏ ရေသောက်မြစ်သုံးသွယ်ဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ပြည်သူ လူထုက မိမိတို့ဆန္ဒအတိုင်းလွတ်လပ်စွာကျင့်သုံးပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့် အခွင့် အာဏာများရရှိခြင်းကို ဆိုလိုသည်။ ထိုသို့ ကျင့်သုံးရာတွင်သော်လည်းကောင်း၊ စီမံခန့်ခွဲ ရာတွင်သော်လည်းကောင်း၊ လွတ်လပ်စွာ တာဝန်ယူပိုင်ခွင့်နှင့် တာဝန်ခံပိုင်ခွင့် အခွင့် အာဏာများကိုလည်း ပြည်သူလူထုက လက်ဝယ်ပိုင်ဆိုင်ထားကြသည်။ ယင်းသည် ''အုပ်ချုပ်ခြင်း'' သာမက နိုင်ငံရေးအာဏာတရပ်လုံးကို လူထုက လက်ဝယ်ပိုင်ဆိုင် ထားသောကြောင့် ဒီမိုကရေစီစနစ်ကို ''လူထုထံတွင် အာဏာရှိသောစနစ်'' (People's Power) ဟုလည်း တချို့က အဓိပ္ပာယ်ဖွင့်ဆိုကြခြင်း ဖြစ်သည်။

ယခုခေတ်တွင် နိုင်ငံရေးအာဏာများကို လက်ဝယ်ပိုင်ဆိုင်ကျင့်သုံးရာ၌ ရှေးခေတ်ဂရိမြို့ပြနိုင်ငံများနှင့် မတူပေ။ လူထုက တိုက်ရိုက်အုပ်ချုပ်ခြင်းထက် ရွေးကောက်ပွဲများ ကျင်းပ၍ ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ခြင်းစနစ်ကို ကျင့်သုံးကြသည်က ပိုများသည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်ကို ''လူထုအုပ်ချုပ်ခြင်း'' ဆိုသောအဓိပ္ပာယ်ထက် ''လူထုထံတွင် အာဏာရှိခြင်း'' ဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အများက ပို၍လက်ခံလာသည်။ သို့ရာတွင် ထိုအဓိပ္ပာယ်ဖွင့်ဆိုချက် နှစ်မျိုးစလုံးသည် အနက်အဓိပ္ပာယ်အားဖြင့် အတူတူပင်ဖြစ်သည်။

ဒီမိုကရေစီစနစ်ကို လူထုအုပ်ချုပ်ခြင်းစနစ်ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်ဖြစ်စေ၊ လူထုထံတွင် အာဏာအပြည့်အဝရှိသောစနစ်ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်ဖြစ်စေ၊ ပြည်သူလူထုက မိမိတို့၏ မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော ''အချုပ်အခြာအာဏာ'' ကို ကိုင်တွယ်ကျင့်သုံးရာ၌ အောက်ပါအင်္ဂါရပ်များနှင့် ပြည့်စုံရမည် ဖြစ်သည်။

(၁) ဒီမိုကရေစီစနစ်၏ အလေးနက်ဆုံးသော အနှစ်သာရသည်အချုပ်အခြာအာဏာကို ပြည်သူလူထုတရပ်လုံးက စုပေါင်းပိုင်ဆိုင်ခြင်းဖြစ်သည်။

(၂) အချုပ်အခြာအာဏာကို စုပေါင်းပိုင်ဆိုင်ထားသော ပြည်သူလူထုကြီးကို ''နိုင်ငံသား'' များဟုခေါ်သည်။ ထို့ကြောင့် ''နိုင်ငံသား'' (Citizen) ၏ အဓိပ္ပာယ်သည် အချုပ်အခြာအာဏာကို စုပေါင်းပိုင်ဆိုင်ထားသော ပြည်သူလူထုဟု အဓိပ္ပာယ်ရသည်။ နိုင်ငံသားများသည် အချုပ်အခြာအာဏာကို စုပေါင်းပိုင်ဆိုင်ခွင့်သာမက၊ စုပေါင်းကာကွယ်ခွင့်၊ တာဝန်ခံခွင့်နှင့် တာဝန်ယူခွင့် စသည့်အခွင့်အရေးများလည်း အပြည့်အဝရရှိထားကြသည်။

(၃) အချုပ်အခြာအာဏာကို စုပေါင်းပိုင်ဆိုင်ကြသော နိုင်ငံသားများသည် မိမိတို့၏ကံကြမ္မာကို မိမိတို့ကိုယ်တိုင် လွတ်လပ်စွာဖန်တီးခွင့်၊ တာဝန်ယူပိုင်ခွင့်နှင့် တာဝန်ခံပိုင်ခွင့်များဟူသည့် ''ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်'' အပြည့်အဝရှိကြသည်။ ထို့ကြောင့် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော တိုင်းပြည်တခု၏ နိုင်ငံသားများသည် ''ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်'' ရှိသော ပြည်သူပြည်သားများလည်း ဖြစ်ကြသည်။

(၄) ပြည်သူလူထုတရပ်လုံးက ပြည်ထောင်စု၏အချုပ်အခြာအာဏာကို ပိုင်ဆိုင်နေပါသည်ဟုဆိုရာ၌ ပြည်သူလူထုက အချုပ်အခြာအာဏာ၏ ရေ

သောက်မြစ်သုံးသွယ်ဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို လက်ဝယ်ထားပြီး လွတ်လပ်စွာ ကျင့်သုံးနိုင်ခွင့်ကို ဆိုလိုသည်။ ထို့အပြင် ထိုနိုင်ငံရေးအာဏာ (၃) ရပ်ကို ပိုင်းခြား၍ ကျင့်သုံးခြင်း (Separation of Powers) နှင့် ခွဲဝေကျင့်သုံးခြင်း (Division of Powers)တို့လည်းရှိရမည်ဖြစ်သည်။

(၅) ပြည်သူလူထုတရပ်လုံးက နိုင်ငံရေးအာဏာ (၃) ရပ်စလုံးကို လက်ဝယ်ထားကျင့်သုံးရာတွင် နည်းလမ်းများစွာရှိသည်။ လက်ရှိကာလတွင် အများဆုံး ကျင့်သုံးလျက်ရှိသော နည်းလမ်းနှစ်ခုမှာ (၁) တိုက်ရိုက်ကျင့်သုံး ခြင်းနှင့်(၂) မိမိတို့ လက်ဝယ်ပိုင်ဆိုင်ထားသော နိုင်ငံရေးအာဏာများကို မိမိတို့က ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်များမှတဆင့် သွယ်ဝိုက်ကျင့်သုံးခြင်းတို့ ဖြစ်သည်။

(၆) ပြည်သူလူထုက မိမိတို့ပိုင်ဆိုင်ထားသော နိုင်ငံရေးအာဏာများကို တိုက်ရိုက်ကျင့်သုံးရာတွင် အများဆုံးကျင့်သုံးသောနည်းလမ်းမှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများ အပါအဝင် လူထုဆန္ဒခံယူပွဲအဆင့်ဆင့်တွင် တိုက်ရိုက်မဲပေးခြင်းဖြင့် မိမိတို့၏လိုအင်ဆန္ဒအတိုင်း ဆုံးဖြတ်ပိုင်ခွင့်၊ တင်ပြခွင့်နှင့် မိမိတို့ ရွေးချယ်တင်မြှောက်ထားပြီးသော ကိုယ်စားလှယ်များကို ''ပြန်လည်ရုပ်သိမ်းခွင့်'' (The Right to Recall) တို့ ပါဝင်သည်။

(၇) ဒီမိုကရေစီစနစ်တွင် ''အစိုးရ''သည် ပြည်သူလူထုက မိမိတို့လက်ဝယ်ပိုင်ဆိုင်ထားသော နိုင်ငံရေးအာဏာ (၃) ရပ်အနက် အုပ်ချုပ်ရေးအာဏာကို ကိုင်စွဲကျင့်သုံးရန် တာဝန်ပေးအပ်ခြင်းခံရသော နိုင်ငံယန္တရားတခုမျှသာ ဖြစ် သည်။ တနည်းအားဖြင့်ဆိုပါက အစိုးရသည် ပြည်သူလူထုကို အလုပ်အကျွေး ပြုရန် ဖန်တီးထားသော နိုင်ငံယန္တရားတခုသာဖြစ်သည်။ ထို့ကြောင့် အစိုးရသည် ပြည်သူလူထုအထက်တွင် မရှိအပ်ပေ။ ပြည်သူလူထုကသာလျှင် အစိုးရ၏အထက် (အပေါ်) တွင် ရှိနေရမည် ဖြစ်သည်။

(၈) ဒီမိုကရေစီစနစ်တွင် အချုပ်အခြာအာဏာကို ပြည်သူလူထုက ပိုင်ဆိုင်ထားပြီး၊ အစိုးရသည် အချုပ်အခြာအာဏာ၏ ရေသောက်မြစ် သုံးသွယ်ထဲမှ အုပ်ချုပ်ရေးအာဏာကိုသာ ကိုင်တွယ်ကျင့်သုံးခွင့်ရှိသည့်အဖွဲ့ ဖြစ်

သောကြောင့် အစိုးရနှင့် အချုပ်အခြာအာဏာကို ထပ်တူထပ်မျှ သဘော မထားသင့်ပေ။ အစိုးရသည် အချုပ်အခြာအာဏာပိုင်ရှင်များ မဟုတ်။ ပြည်သူလူထုသာလျှင် အချုပ်အခြာအာဏာ၏ပိုင်ရှင်များဖြစ်သည်။

(၉) ဒီမိုကရေစီစနစ်တွင် တရားစီရင်ရေးအာဏာကို လွတ်လပ်သောတရားရုံး များက လွတ်လပ်စွာ ကျင့်သုံး၍ လွတ်လပ်စွာ တရားစီရင်ရမည်။ လွတ် လပ်သော တရားစီရင်ခြင်းဟုဆိုရာ၌ အစိုးရအာဏာ၊ ငွေကြေးဓနနှင့် အခြားသော ဩဇာလွှမ်းမိုးမှုမျိုးစုံမှ ကင်းလွတ်ရပေမည်။ တရားဥပဒေ ဟုဆိုရာ၌လည်း လူတဦး (သို့တည်းမဟုတ်) လူတစုက တဖက်သတ် ရေးဆွဲပြဋ္ဌာန်းထားသော ဥပဒေမဟုတ်ဘဲ၊ ပြည်သူလူထုတရပ်လုံး၏ အများဆန္ဒနှင့်အညီ လူထုကိုယ်တိုင် ပါဝင်ရေးဆွဲသောဥပဒေများသာလျှင် ဖြစ်ရမည်။ ထို့ပြင် လူမျိုးတိုင်းက သမိုင်းအဆက်ဆက် ရိုးရာဓလေ့ထုံး တမ်းအဖြစ် ကျင့်သုံးလာခဲ့ပြီးနောက် ကျွမ်းကျင်သူ ဥပဒေပညာရှင်များ နှင့် တရားရုံးများက ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်မွမ်းမံရေးသားထား ပြီး ပြည်သူလူထုက သူတို့ခေတ်တွင် ဆက်လက်ကျင့်သုံးအပ်သည်ဟု အတည်ပြုပြဋ္ဌာန်းထားသော ရိုးရာဓလေ့ထုံးတမ်းဥပဒေများသာလျှင် ဖြစ် ရမည်။

(၁၀) ဒီမိုကရေစီစနစ်သည် ပြည်သူလူထုက အချုပ်အခြာအာဏာကို ပိုင်ဆိုင် ပြီး၊ နိုင်ငံရေးအာဏာ (၃) ရပ်စလုံးကိုလည်းလွတ်လပ်စွာကျင့်သုံးပိုင်ခွင့် ရှိသောစနစ်ပင်ဖြစ်သည်။ အချုပ်အခြာအာဏာကို ပိုင်ဆိုင်ပြီး နိုင်ငံရေး အာဏာ (၃) ရပ်စလုံးကို ကျင့်သုံးပိုင်ခွင့်ရှိသော ပြည်သူလူထုအတွက် အရေးကြီးဆုံးပိုင်ဆိုင်မှု၊ တနည်းအားဖြင့် ထိုပိုင်ဆိုင်မှုအားလုံး၏အရင်း အမြစ်သည် လူသားတိုင်း၏ ''အခြေခံလွတ်လပ်ခွင့်'' (Fundamental Freedom) ပင်ဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီ၏အခြေခံအုတ်မြစ်သည် ''လွတ်လပ်မှု'' ပင် ဖြစ်သည်။ အခြေခံလွတ်လပ်ခွင့်မှ မရှိလျှင် ပြည်သူလူ ထုကအချုပ်အခြာအာဏာကို ပိုင်ဆိုင်ခြင်းဆိုသောအရာသည် အဓိပ္ပာယ် မရှိသော ပိုင်ဆိုင်မှုသာဖြစ်သည်။ ထိုအခြေအနေမျိုး နိုင်ငံရေးအာဏာ (၃) ရပ်ကိုလည်း လက်တွေ့ဘဝတွင် ကိုင်တွယ်ကျင့်သုံးပိုင်ခွင့်ရှိလိမ့် မည် မဟုတ်ပေ။

(၁၁) ဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်ဖြစ်သော လွတ်လပ်မှုကို ထိခိုက်စော်ကားပြီး အလွဲသုံးစားမှုမပြုနိုင်အောင် ပြည်ထောင်စုအစိုးရ၏ ယန္တရားမျိုးစုံဖြင့် ကာကွယ်ရပေမည်။ အထူးသဖြင့် တိုင်းပြည်၏အမြင့်ဆုံးဥပဒေဖြစ်သော ''ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ'' ဖြင့် အခိုင်အမာ ကာကွယ်ပြဋ္ဌာန်းပေးရမည်။ ထို့အပြင် ပြည်သူလူထုတရပ်လုံးက မိမိတို့၏ လက်တွေ့ဘဝတွင် လွတ်လပ်စွာ ကျင့်သုံးနိုင်ရေးအာမခံချက်ကို ဥပဒေရေးပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ (၃) ရပ်စလုံးဖြင့် ကာကွယ်စောင့်ရှောက်ရမည်။

(၁၂) ဒီမိုကရေစီစနစ်တွင် ပြည်သူလူထုတရပ်လုံးက ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို မိမိတို့ကိုယ်စား ကျင့်သုံးခွင့်အပ်နှင်းထားသောပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရ အဖွဲ့ဝင်များနှင့် တရားသူကြီးများကို လွတ်လပ်စွာ ရွေးချယ်တင်မြှောက် ခွင့်ရှိသည်။ ထို့ကြောင့် ''ရွေးကောက်ပွဲ'' သည် ဒီမိုကရေစီစနစ်တွင် မရှိမဖြစ်ကျင့်သုံးရမည့် ဒီမိုကရေစီအင်္ဂါရပ်တခု ဖြစ်သည်။

(၁၃) ဒီမိုကရေစီစနစ်သည် လွတ်လပ်မှုကို အခြေခံသည့်စနစ်ဖြစ်သည်။ လွတ်လပ်သော လူသားတဦးချင်းစီ၏ ဆန္ဒသဘောထား တူညီမှုအပေါ် အခြေခံ၍ အရာရာကို အဆုံးအဖြတ်ပေးသောစနစ်လည်း ဖြစ်သည်။ တဦးချင်းစီ၏တူညီသောဆန္ဒများ ပေါင်းစပ်မှုကို ''အများဆန္ဒ'' ဟူ၍ ခေါ်ဆိုလေ့ရှိသည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်သည် ''အများဆန္ဒ'' ဖြင့် အဆုံးအဖြတ်ပေးသောစနစ်လည်းဖြစ်သည်။

(၁၄) ဒီမိုကရေစီစနစ်သည် ''အများဆန္ဒ'' က အဆုံးအဖြတ်ပေးသည့်စနစ်ဟု ခေါ်ဆိုသော်လည်း ထိုစနစ်သည် လူသားတဦးချင်းစီ၏ လွတ်လပ်မှု၊ လွတ်လပ်စွာ ခံယူထားသော ယုံကြည်မှုနှင့်ဆန္ဒတို့ကို အလေးအနက်ထားသောကြောင့် ဒီမိုကရေစီစနစ်တွင် အနည်းစု၏ သဘောဆန္ဒကိုလည်း လုံးဝဥပေက္ခာ မပြုသင့်ပေ။ ထို့ကြောင့် ဒီမိုကရေစီစနစ်တွင် လူနည်းစုအခွင့်အရေးများကို ဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းပေးရမည်။

(၁၅) ဒီမိုကရေစီစနစ်တွင် ပြည်သူလူထုတရပ်လုံး ရရှိခံစားထိုက်သော "လွတ်လပ်မှု" ရှိခြင်း၏ ကောင်းကျိုးတရပ်မှာ မိမိတို့ပိုင်ဆိုင်ထားသော အချုပ်အခြာအာဏာများကို မိမိတို့ကိုယ်စား ကိုင်တွယ်ကျင့်သုံးမည့် ပြည်သူ့ကိုယ်စားလှယ်များကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ အခါအားလျော်စွာ ကျင်းပပြီး ရွေးကောက်တင်မြှောက်ခြင်းဖြစ်သည်။ ထိုနည်းတူထိုနိုင်ငံရေးအာဏာများကို ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့ကိုယ်စားလှယ်များက အလွဲသုံးစားမပြုရလေအောင် တရားဥပဒေဖြင့် ထိန်းချုပ်ကာကွယ်ပိုင်ခွင့်အာဏာကိုလည်း ပြည်သူ့ထံတွင် တဖန်ပြန်လည်အပ်နှင်းထားရမည်။

(၁၆) ဒီမိုကရေစီစနစ်တွင် အမြင်ချင်းမတူညီသော လူပုဂ္ဂိုလ်တဦးနှင့်တဦး၊ ဘာသာစကားနှင့်ယဉ်ကျေးမှု မတူညီကြသော လူမျိုးတမျိုးနှင့်တမျိုး၊ ကိုးကွယ်ယုံကြည်မှု မတူညီကြသော ဘာသာဝင်တစုနှင့်တစုအကြား မတူညီသောအမြင်၊ မတူညီသောဘာသာစကား၊ မတူညီသော ယဉ်ကျေးမှု ဓလေ့ထုံးစံနှင့် မတူညီသော ကိုးကွယ်ယုံကြည်မှုများကို လွတ်လပ်စွာ တင်ပြခွင့်နှင့် ပြောဆိုခွင့်၊ ကျင့်သုံးခွင့်တို့ကို ပေးထားသည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်သည် ထိုမတူညီသောအမြင်၊ ဝါဒ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှုများ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးအတွက် "သည်းခံခြင်းတရား" ဖြင့် တည်ဆောက်မှသာ ဒီမိုကရေစီစနစ် အောင်မြင်နိုင်ပေမည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်၏ အဓိကမောင်းနှင်အားတခုသည် "သည်းခံခြင်းတရား" ဖြစ်သည်။

## ၂။ ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးအာဏာများ ကျင့်သုံးပုံကျင့်သုံးနည်း

ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးအာဏာများကို ပြည်သူလူထုက လက်ဝယ်ပိုင်ဆိုင်ထားရုံသာမက တိုက်ရိုက်ကိုင်တွယ် ကျင့်သုံးခွင့်လည်းရှိသည်။ နိုင်ငံရေးအာဏာများဟု ဆိုရာတွင် အချုပ်အခြာအာဏာ၏ ရေသောက်မြစ်သုံးသွယ်ဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာကို ဆိုလိုသည်။ ယခုခေတ်တွင် ပြည်သူ လူထုတရပ်လုံးက မိမိတို့လက်ဝယ်ပိုင်ဆိုင်ထားသော နိုင်ငံရေးအာဏာများကို လွတ်လပ်စွာ ကျင့်သုံးရာ၌ လက်တွေ့အကျဆုံးနှင့် အများဆုံးကျင့်သုံးသောနည်း

လမ်းတခုမှာ ပြည်သူလူထုက မိမိတို့၏ကိုယ်စားလှယ်များကို တရားမျှတ၍ လွတ်လပ်သန့်ရှင်းပြီး အခါအားလျော်စွာ ကျင်းပလေ့ရှိသော ရွေးကောက်ပွဲမှတဆင့် ရွေးချယ်တင်မြှောက်ခြင်းပင် ဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် မရှိမဖြစ်လိုအပ်သော အင်္ဂါရပ်တခုဖြစ်သည်။

ထိုသို့ အခါအားလျော်စွာ ရွေးကောက်ပွဲကျင်းပခြင်းသည် –

(၁) ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတည်းဟူသော နိုင်ငံရေးအာဏာသုံးရပ်စလုံး ပြည်သူ့လက်ဝယ်တွင် ထားရှိကြောင်း ပြသသည်။

(၂) အရေးကြီးသော ဆုံးဖြတ်ချက်များကို ဆုံးဖြတ်ရာတွင် ပြည်သူလူထုဆန္ဒအတိုင်းသာလျှင် ဆုံးဖြတ်သင့်ကြောင်း၊ ထိုသို့ ဆုံးဖြတ်ရာတွင်လည်း အဆင့်ဆင့်သော ဆုံးဖြတ်ချက်များတွင် ပြည်သူလူထု ပါဝင်သင့်ကြောင်းကို ဖော်ပြသည်။ တနည်းအားဖြင့်ဆိုပါက တိုင်းပြည်ကံကြမ္မာအားလုံးကို ပြည်သူလူထုကသာလျှင် အဆုံးအဖြတ်ပေးပိုင်ခွင့်ရှိကြောင်း“ရွေးကောက်ပွဲ” က သက်သေထူရပေမည်။ တိုင်းပြည်အတွက် အရေးကြီးဆုံးသော ဆုံးဖြတ်ချက်အဆင့်ဆင့် (Decision Making Process) တိုင်းတွင် ပြည်သူလူထု ပါဝင်ခွင့် အပြည့်အဝပေးထားကြောင်းကိုလည်း လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြင့် ပြသရမည်။

(၃) ထိုသို့ ပြည်သူလူထုက မိမိတို့ကံကြမ္မာကို မိမိတို့ကိုယ်တိုင်ဆုံးဖြတ်ပြီး မိမိတို့၏ အရေးအရာကိစ္စအားလုံးတွင်ပါဝင်နိုင်ရေးအတွက် ကျေးရွာနှင့် ဒေသန္တရအုပ်ချုပ်ရေးအဆင့်မှစပြီး ပြည်နယ်နှင့် တိုင်းဒေသအုပ်ချုပ်ရေးအပါအဝင် ပြည်ထောင်စုအတိုင်းအတာဖြင့် အုပ်ချုပ်စီမံရေးအဆင့်အထိ ရွေးကောက်ပွဲများကို အခါအားလျော်စွာ ကျင်းပ၍ ပြည်သူလူထုကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် ပုံမှန်ကျင်းပလျက်ရှိသော ရွေးကောက်ပွဲများသာမက တတိုင်းပြည်လုံး အတိုင်းအတာဖြင့် လူထုဆန္ဒသဘောထားများကို လွတ်လပ်စွာ ဖော်ထုတ်ခွင့်နှင့် လူထု၏အဆုံးအဖြတ်ကို ခံယူနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများကိုပါ အခါအားလျော်စွာ ကျင်းပပေးရမည်ဖြစ်သည်။

(၄) ဖက်ဒရယ်ဒီမိုကရေစီစနစ်တွင် ပြည်သူလူထုက ပိုင်ဆိုင်သော နိုင်ငံရေး အာဏာများကို တရားဥပဒေနှင့်အညီ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် နိုင်ငံရေးအာဏာများကို ပိုင်းခြား၍ ကျင့်သုံးခြင်း (Separation of Pow–ers) နှင့် ခွဲဝေကျင့်သုံးခြင်း (Division of Powers) ရှိရမည်။ ထိုသို့ နိုင်ငံရေးအာဏာများကို ပိုင်းခြားကျင့်သုံးခြင်းနှင့် ခွဲဝေကျင့်သုံးခြင်းတို့သည် ပြည်သူလူထုမှရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ်များက နိုင်ငံရေးအာဏာများကို အလွဲသုံးစားမှု မပြုနိုင်ရန်ဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးအာဏာသုံးရပ်ဖြစ်သော ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို ပိုင်းခြား ကျင့်သုံးခြင်းသာမက ဖက်ဒရယ်စနစ်အရ ပြည်ထောင်စုနှင့် ပြည်နယ် များအကြား ခွဲဝေကျင့်သုံးခြင်းကိုပါ တွဲဖက်ကျင့်သုံးရပေမည်။

(၅) ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးအာဏာများကို စနစ်တကျ ကျင့်သုံးနိုင်ရေး အတွက်သော်လည်းကောင်း၊ စနစ်တကျ ပုံမှန်လည်ပတ်နိုင်ရေးအတွက် သော်လည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံရေးအဆောက်အအုံ (Political Institutions) များကိုလည်း တည်ဆောက်ထားရမည်။ ဥပဒေပြုရေး အာဏာကို စနစ်တကျ ကျင့်သုံးနိုင်ရေးအတွက် လွှတ်တော်များကိုသော် လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကို စနစ်တကျကျင့်သုံးနိုင်ရေး အတွက် အစိုးရများကိုသော်လည်းကောင်း၊ တရားစီရင်ရေးအာဏာကို စနစ်တကျ ကျင့်သုံးနိုင်ရေးအတွက် တရားရုံးများကိုသော်လည်းကောင်း စနစ်တကျ တည်ဆောက်ထားရမည်။ ထိုသို့ ပြည်သူလူထုက ဥပဒေနှင့် အညီ ရွေးချယ်တင်မြှောက်ထားသည့် လွှတ်တော်များ၊ အစိုးရများနှင့် တရားရုံးများကို ကျေးရွာနှင့် ဒေသန္တရအဆင့်မှ ပြည်နယ်နှင့်ပြည်ထောင်စု အဆင့်အထိ ပြည်သူ့အုပ်ချုပ်ရေးယန္တရားနှင့် ပြည်ထောင်စုအဆောက် အအုံအဖြစ် အဆင့်ဆင့်တည်ဆောက်ထားရမည်။

(၆) ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးအာဏာများ ကျင့်သုံးပုံကျင့်သုံးနည်းနှင့် တကွ နိုင်ငံရေးအဆောက်အအုံ (Political Institutions) များကို တရား ဥပဒေဖြင့် အခိုင်အမာကာကွယ်ပေးရမည်။ နိုင်ငံရေးကျင့်စဉ်တရားများ နှင့် နိုင်ငံရေးအဆောက်အအုံများကို တရားဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်း

ခြင်း မရှိပါက အနိုင်ရပါတီတချို့နှင့် အာဏာရပုဂ္ဂိုလ်တချို့က ယင်းတို့ အာဏာတည်မြဲရေးအတွက် နိုင်ငံရေးဖြစ်စဉ်များကို လွယ်ကူစွာ ခြယ်လှယ်သွားပေလိမ့်မည်။ ထိုသို့ အာဏာအလွဲသုံးစားမှု မပေါ်ပေါက်နိုင်ရေးအတွက် တရားဥပဒေဖြင့်ကာကွယ်ပေးရမည်။

(၇) တရားဥပဒေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွားများနှင့် နိုင်ငံရေးကျင့်စဉ်တရားများကို ကာကွယ်ရာ၌ ထိုဥပဒေသည် လူတစု (သို့မဟုတ်) နိုင်ငံရေးပါတီတရပ် (သို့မဟုတ်) နိုင်ငံရေးဝါဒတခုကိုအခြေခံ၍ ရေးဆွဲပြဋ္ဌာန်းသောဥပဒေမျိုး မဖြစ်စေရ၊ ပြည်သူလူထုတရပ်လုံးက မိမိတို့အကျိုးစီးပွားအတွက် မိမိတို့ကိုယ်တိုင် ပါဝင်ရေးဆွဲထားသောဥပဒေများသာဖြစ်စေရမည်။

(၈) ပြည်သူလူထုတရပ်လုံး၏ အကျိုးစီးပွားအတွက် ကျင့်သုံးအပ်သော နိုင်ငံရေးကျင့်စဉ်တရားများနှင့် ထိုနိုင်ငံရေးကျင့်စဉ်တရားများကို အကာအကွယ်ပေးရန် တည်ဆောက်ထားသည့် အဆင့်ဆင့်သော နိုင်ငံရေးအဆောက်အအုံများ၊ အဆင့်ဆင့်သောလွှတ်တော်များ၊ အဆင့်ဆင့်သောအစိုးရများနှင့် အဆင့်ဆင့်သော တရားရုံးများကို ပြည်သူလူထုကိုယ်တိုင် ပါဝင်ရေးဆွဲသော ဥပဒေများဖြင့် ကာကွယ်ပြဋ္ဌာန်းပေးရမည်။ ထိုသို့ ကာကွယ်ပြဋ္ဌာန်းရာတွင်လည်း တိုင်းပြည်၏ အမြင့်ဆုံးဥပဒေဖြစ်သည့် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများဖြင့် ကာကွယ်ပြဋ္ဌာန်းရမည်။

## ၃။ ပြည်ထောင်စု၏အချုပ်အခြာအာဏာနှင့်

## ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ

လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်ထားသော တိုင်းပြည်တခု၏အမြင့်ဆုံးသောဥပဒေမှာ "ဖွဲ့စည်းပုံအခြေခံဥပဒေ" ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များစွာရှိသည့်အနက် အဓိကအကျဆုံးသော ရည်ရွယ်ချက်မှာ ပြည်သူလူထုတရပ်လုံးက စုပေါင်းပိုင်ဆိုင်ထားသော အချုပ်အခြာအာဏာကို မည်သို့မည်ပုံ ကာကွယ်စောင့်ရှောက် ထိန်းသိမ်း၍၊ လူထုဘဝ ကောင်းစားရေးအတွက် ထိုအာဏာများကို မည်သို့မည်ပုံ ခွဲဝေကျင့်သုံးရမည်ဟူသောအချက်လည်းပါဝင်နေသည်။

ပြည်ထောင်စု၏ အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်း၍ ကျင့်သုံးရန် တည်ဆောက်ထားသော တိုင်းပြည်၏ အုပ်ချုပ်ရေးယန္တရားဟု ဆိုရာ၌ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို လက်တွေ့ကျင့်သုံးရန် တည်ဆောက်ထားသည့် ပြည်ထောင်စုအတွင်းရှိ အဆင့်ဆင့်သော ဥပဒေပြုလွှတ်တော်များ၊ အဆင့်ဆင့်သောအစိုးရများ၊ အဆင့်ဆင့်သော တရားရုံးများအပါအဝင် ပြည်ထောင်စု၏ လုံခြုံရေးကိစ္စအရပ်ရပ်ကိုတာဝန်ယူထိန်းသိမ်းရသော ပြည်သူ့ရဲနှင့်တပ်မတော်၊ တိုင်းပြည်၏အုပ်ချုပ်ရေးယန္တရားများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် တာဝန်ပေး ဖွဲ့စည်းထားသည့် ပြည်သူ့ဝန်ထမ်းတို့ ပါဝင်ကြသည်။

ထို့အပြင် ဒီမိုကရေစီစနစ် ကျင့်သုံးသော တိုင်းပြည်များတွင် မရှိမဖြစ် လိုအပ်သော လူမှုအခြေပြု အဖွဲ့အစည်းများ (Civil Society) များ၊ စီးပွားရေးလောကမှ စီးပွားရေးလုပ်ငန်းရှင်များ၊ အလုပ်သမားများနှင့် တောင်သူလယ်သမားများသည်လည်း ပြည်ထောင်စု၏ ယန္တရားများအဖြစ် ပါဝင်ကြသည်။ တနည်းအားဖြင့်ဆိုပါက တိုင်းပြည်တခုအတွင်းရှိ လူ့ အဖွဲ့အစည်းအသီးသီး၊ လူထုလူတန်းစား အလွှာအသီးသီး၊ အားလုံး ပါဝင်ပူးပေါင်း၍ အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းရေးကို တာဝန်ယူကြရသည်။ တာဝန်လည်းခံကြရသည်။

ဒီမိုကရေစီစနစ်နှင့် အာဏာရှင်စနစ်တို့၏ ကွာခြားချက်မှာ အာဏာရှင်စနစ်တွင် အာဏာရှင်အစိုးရက အချုပ်အခြာအာဏာ တည်မြဲရေး၊ ထိန်းသိမ်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကို အကြောင်းပြပြီး ပြည်သူလူထု၏ အခြေခံလွတ်လပ်ခွင့် (Basic Freedom) များကို ပိတ်ပင်တားဆီး၍ အခြေခံလူ့အခွင့်အရေး (Fundamental Human Rights) များကိုလည်း ချိုးဖောက်နေတတ်ကြသည်။ ထိုသို့ ပြည်သူလူထု၏ လွတ်လပ်ခွင့်များကို ပိတ်ပင်ပြီး၊ လူ့အခွင့်အရေးများကို ချိုးဖောက်နိုင်ရန် အချုပ်အခြာအာဏာအား ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရေးဟူသော အကြောင်းပြချက်ဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအပါအဝင် ဥပဒေအမျိုးမျိုးကို ပြဋ္ဌာန်း၍ အာဏာရှင်စနစ် သက်ဆိုးရှည်ရေးကို လုပ်ဆောင်တတ်ကြသည်။

ဖက်ဒရယ်ဒီမိုကရေစီစနစ်တွင် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်မှာ အချုပ်အခြာအာဏာအား ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးဟူသော ရည်ရွယ်ချက်တခုတည်းသာ မဟုတ်ပေ။ အချုပ်အခြာအာဏာကာ

ကွယ်စောင့်ရှောက်ထိန်းသိမ်းရေးဟူသော အကြောင်းပြချက်ဖြင့် အစိုးရက ပြည်သူလူထုတရပ်လုံးကို ဖိနှိပ်ချုပ်ချယ်ခြင်း မရှိရလေအောင် အစိုးရ၏လုပ်ပိုင်ခွင့်အာဏာများကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပြန်လည်ကန့်သတ်ထိန်းချုပ်ရေးဟူသော ရည် ရွယ်ချက်လည်း ပါဝင်သည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တဖက်တွင် ပြည်သူလူထုတရပ်လုံး၏ အခြေခံရပိုင်ခွင့်များ၊ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အစွမ်းကုန်ပြဋ္ဌာန်းကာကွယ်ပြီး အခြားတဖက်တွင် အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာကို ကန့်သတ်၍ထိန်းချုပ်ပေးသော ပြည်ထောင်စု၏ အဓိကယန္တရားကြီးတခု ဖြစ်သည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေသည် အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာများကို ကန့်သတ်ပေးရုံသာမက အချုပ်အခြာအာဏာကို ပြည်သူလူထုဘဝ ကောင်းစားရေးအတွက် မည်သို့မည်ပုံ အဆင့်ဆင့် ခွဲဝေကျင့်သုံးရမည်ဟူသော လမ်းညွှန်ဥပဒေကြီးလည်း ဖြစ်သည်။ ထိုလမ်းညွှန်ချက်တွင် နိုင်ငံသားအချင်းချင်း မည်သို့မည်ပုံ ဆက်ဆံ၍ ကျင့်ကြံနေထိုင်သင့်ကြောင်းကို နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများ၊ တာဝန်များ၊ လုပ်ပိုင်ခွင့်များကို ကာကွယ်ပြဋ္ဌာန်းပေးခြင်းအားဖြင့်သော်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးအချင်းချင်း ပြည်ထောင်စုကြီးအတွင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးများအားလုံး လူမျိုးအလိုက် ခံစားသင့်ခံစားထိုက်သော အခွင့်အရေးများကို ကာကွယ်ပြဋ္ဌာန်းပေးခြင်းအားဖြင့်သော်လည်းကောင်း၊ ပြည်ထောင်စုကြီးအတွင်း တန်းတူညီမျှရေးနှင့် တရားမျှတရေးတို့ ရှင်သန်ကြီးထွားနိုင်ရေးအတွက် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို မည်သို့မည်ပုံဖွဲ့စည်းသင့်ကြောင်းကိုပါ ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေဖြင့် အတိအကျ ပြဋ္ဌာန်းပေးရမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူလူထုက မိမိတို့ပိုင်ဆိုင်ထားသော အချုပ်အခြာအာဏာကို အသုံးပြု၍ မိမိတို့ကြိုက်နှစ်သက်သော နိုင်ငံရေးစနစ်ကို ရွေးချယ်ပြဋ္ဌာန်းခြင်းပြယုဂ်လည်းဖြစ်သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အောက်ပါအင်္ဂါရပ်များပါဝင်ရမည်ဖြစ်သည်။

(၁) ပြည်ထောင်စု၏အချုပ်အခြာအာဏာကို ပြည်သူလူထုတရပ်လုံးက စုပေါင်းပိုင်ဆိုင်ထားကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တိကျရှင်းလင်းစွာပြဋ္ဌာန်းရမည်။ ထို့အပြင် ဖက်ဒရယ်စနစ်တွင်အချုပ်အခြာအာဏာ

သည် ပြည်ထောင် စုအဖွဲ့ဝင်ပြည်နယ်များနှင့် ထိုပြည်နယ်များအတွင်း မှီတင်းနေထိုင်ကြကုန်သော ပြည်သူလူထုတရပ်လုံးက စုပေါင်းပိုင်ဆိုင်ပြီး ပြည်ထောင်စုတဝှန်းလုံးတွင် တည်ရှိသည်ဟူသော ဖက်ဒရယ်စနစ်အရ အချုပ်အခြာအာဏာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုလည်း ရှင်းရှင်းလင်းလင်းဖော်ပြရန် လိုအပ်သည်။

(၂) နိုင်ငံသားတို့၏ မွေးရာပါအခွင့်အရေးများဖြစ်သည့် အခြေခံလွတ်လပ်ခွင့်များနှင့် အခြေခံလူ့အခွင့်အရေးများကို တိကျရှင်းလင်းစွာ ကာကွယ်ပြဋ္ဌာန်းပေးရမည်။

(၃) တိုင်းရင်းသားလူမျိုးပေါင်းစုံ ရောနှောနေထိုင်သော တိုင်းပြည်များတွင် တိုင်းရင်းသားလူမျိုးများအားလုံး လူမျိုးအလိုက် ခံစားသင့်ခံစားထိုက်သော စုပေါင်းအခွင့်အရေးများ (ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးစံများနှင့် ကိုးကွယ်ယုံကြည်မှုများအပါအဝင်) ကို တိကျရှင်းလင်းစွာ ပြဋ္ဌာန်းကာကွယ်ပေးရမည်။ တိုင်းရင်းသားလူမျိုးများ လူမျိုးအလိုက် ခံစားသင့်ခံစားထိုက်သော လူမျိုးရေးဆိုင်ရာ စုပေါင်းအခွင့်အရေးကို တိုင်းရင်းသားလူမျိုးများ၏ ''ယဉ်ကျေးမှုဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်'' (Cultural Self–deternamination ဟု ခေါ်ဆိုသည်။

(၄) ''နိုင်ငံသား'' ဖြစ်ခြင်းကို ပြဋ္ဌာန်း၍ နိုင်ငံသားများ၏ ''ဆန္ဒမဲပေးပိုင်ခွင့်'' အခွင့်အရေးကိုလည်း ကာကွယ်ပြဋ္ဌာန်းပေးရမည်။ ဆန္ဒမဲပေးပိုင်ခွင့်ဟူသော အခွင့်အရေးသည် နိုင်ငံသားတိုင်းအတွက် မိမိတို့၏ မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော အချုပ်အခြာအာဏာများကို ကာကွယ်ထိန်းသိမ်းပိုင်ခွင့်အပါအဝင်၊ ထိုအာဏာများကို မိမိတို့ကိုယ်စားလက်တွေ့ကျင့်သုံးခွင့်အပ်နှင်းခြင်းခံရသည့် မိမိတို့၏ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ပိုင်ခွင့်နှင့် မိမိတို့ကိုယ်တိုင်ပါဝင်ရွေးချယ်တင်မြှောက်ပိုင်ခွင့်ဟူသော ''အခွင့်အရေး'' (Right) လည်းဖြစ်သည်။

(၅) အချုပ်အခြာအာဏာ၏ ရေသောက်မြစ်သုံးသွယ်ဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတို့ကို ပိုင်းခြားကျင့်သုံးခြင်း (Separation of Powers) ကို တိကျရှင်းလင်းစွာ ပြဋ္ဌာန်း

ထားရမည်။ ထိုသို့ နိုင်ငံရေးအာဏာများကို ပိုင်းခြားကျင့်သုံးနိုင်ရေး အတွက် လိုအပ်သော နိုင်ငံရေးယန္တရားများနှင့် နိုင်ငံရေးအဆောက်အအုံ (Political Institutions) များကို တိုင်းပြည်အတွင်း တည်ဆောက်ဖန်တီး ခွင့်ပေးရမည်။ ဥပဒေပြုရေးအာဏာများကို ကျင့်သုံးနိုင်ရေးအတွက် အဆင့်ဆင့်သောလွှတ်တော်များ၊ အုပ်ချုပ်ရေးအာဏာများကိုကျင့်သုံးနိုင် ရေးအတွက် ဒေသန္တရအဆင့်မှ ပြည်ထောင်စုအဆင့်အထိ အဆင့်ဆင့် သော အစိုးရများ၊ တရားစီရင်ရေးအာဏာများကို ကျင့်သုံးနိုင်ရေးအတွက် အဆင့်ဆင့်သော တရားရုံးများကို မည်သို့မည်ပုံ ဖန်တီးထူထောင်၍ ထို အာဏာများကို ကိုင်တွယ်မည့် လူပုဂ္ဂိုလ်များ၏ အရည်အချင်း၊ ရွေးချယ် ပုံရွေးချယ်နည်းနှင့် တာဝန်ထမ်းဆောင်မည့် သက်တမ်းများကိုပါ ဖွဲ့စည်း ပုံအခြေခံဥပဒေက ပြဋ္ဌာန်းလမ်းညွှန်ရမည်။

(၆) လူမျိုးပေါင်းစုံရောနှောနေထိုင်၍ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ကျင့် သုံးသောတိုင်းပြည်များတွင် ပြည်ထောင်စုအစိုးရနှင့်ပြည်နယ်အစိုးရများ အကြားအာဏာခွဲဝေရေး (Division of Powers) နှင့် ပြည်ထောင်စုအစိုးရ နှင့်ပြည်နယ်အစိုးရများဆက်ဆံရေး (Federal and States Relation) တို့ကို ပြည်ထောင်စုဖွဲ့စည်းပုံသဏ္ဌာန် (Form of State) ဖြင့် တိကျ ရှင်းလင်းစွာ ပြဋ္ဌာန်းရမည်။

(၇) ဒီမိုကရေစီကျင့်စဉ်တရားများနှင့်အညီ လွတ်လပ်သန့်ရှင်း၍ တရားမျှတ သော ရွေးကောက်ပွဲများမှ ရွေးချယ်တင်မြှောက်လိုက်သည့် အစိုးရများ ၏လုပ်ပိုင်ခွင့်အာဏာများ၊ လုပ်ထုံးလုပ်နည်းများ၊ အစိုးရဖွဲ့စည်းမှုပုံ သဏ္ဌာန်နှင့် ဖွဲ့စည်းပုံစနစ် (Form of Government) တို့ကို တိကျရှင်း လင်းစွာ ကာကွယ်ပြဋ္ဌာန်း၍ အစိုးရကို ဥပဒေဖြင့် ထိန်းကျောင်းလမ်းညွှန် ပေးရမည်။

(၈) အစိုးရတရပ်၏ လုပ်ပိုင်ခွင့်အာဏာများကို ဥပဒေနှင့်အညီ ကန့်သတ်ထိန်း ချုပ်ပြီး၊ အုပ်ချုပ်ရေးယန္တရားများကို ကိုင်တွယ်ကျင့်သုံးရာတွင် လမ်းညွှန် ချမှတ်ပေးရုံသာမက ဥပဒေများနှင့် နည်းဥပဒေအသစ်များကို လွှတ်တော် မှတဆင့် အတည်ပြုပြဋ္ဌာန်းရာတွင်လည်း လိုက်နာကျင့်သုံးရမည့် လွှတ်တော်

လုပ်ထုံးလုပ်နည်းများနှင့် ဥပဒေပြုအာဏာတရပ်လုံး၏မူဘောင်နှင့် စည်းမျဉ်းစည်းကမ်းများကို တိကျရှင်းလင်းစွာ ပြဋ္ဌာန်းပေးရမည်။

(၉) တရားဥပဒေစိုးမိုးရေးကို ဦးထိပ်ထား၍ ဒီမိုကရေစီကျင့်စဉ်တရားများကို လိုက်နာစောင့်ထိန်းသော တိုင်းပြည်များတွင် ပြည်ထောင်စုအတွင်း ကျင့်သုံးမည့်ဥပဒေများနှင့် နည်းဥပဒေအားလုံးကို ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ၏ ခွင့်ပြုချက်ဘောင်အတွင်းသာ ရေးဆွဲပြဋ္ဌာန်းကြရသည်။ ဒီမိုကရေစီစနစ်တွင် လွတ်လပ်သောတရားရုံးများကို ထူထောင်ခွင့်ပေးထားသောကြောင့် နိုင်ငံသားတိုင်းက တရားရုံးများ၏ တရားစီရင်ဆုံးဖြတ်ချက်များသည် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း၊ ဆန့်ကျင်ခြင်းရှိ–မရှိ စုံစမ်းစစ်ဆေးပိုင်ခွင့် အပါအဝင် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တရားရုံးတရပ်ရပ်က တရားစီရင်ဆုံးဖြတ်ခြင်း မရှိဟု ယူဆပါက ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး (Constitutional Tribunal Court) တွင် အယူခံပိုင်ခွင့် ''အခွင့်အရေး'' များကိုပါပေးရမည်။

(၁၀) တိုင်းပြည်၏ အုပ်ချုပ်ရေးယန္တရားများကို ကိုင်တွယ်ကျင့်သုံးသည့် အစိုးရအား နိုင်ငံသားများထံမှ အခွန်တော်ကောက်ယူပိုင်ခွင့်အာဏာ ပေးရမည်။ ထို့အပြင် ပြည်ထောင်စု လုံခြုံရေးနှင့် အေးချမ်းသာယာရေးကို ကာကွယ်စောင့်ရှောက်မည့်တပ်မတော်နှင့် ပြည်သူ့ရဲတပ်ဖွဲ့များ ဖွဲ့စည်းထူထောင်ခွင့်အာဏာကိုလည်း အစိုးရထံ အပ်နှင်းရမည်။

(၁၁) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြေခံအားဖြင့်အခွင့်အရေးနှစ်မျိုးကို ပြဋ္ဌာန်းသည်။ ပထမတမျိုးမှာ – အစိုးရကို ကန့်သတ်သည့်အခွင့်အရေးဖြစ်၍ ယင်းကို အနုတ်လက္ခဏာဆောင်သောအခွင့်အရေး(Negative Right) ဟုခေါ်သည်။ ယင်းကဲ့သို့သောအခွင့်အရေးသည် အစိုးရက ပြည်သူလူထု၏ အခွင့်အရေးများကို နှောင့်ယှက်ဟန့်တားခြင်း မရှိရလေအောင် အစိုးရကို တရားဥပဒေဖြင့် ကန့်သတ်ထားသော ''အခွင့်အရေး''များဖြစ်သည်။ ဥပမာ –ပြည်သူလူထု၏ လွတ်လပ်စွာ ရေးသားပြောဆိုခွင့်နှင့် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်တို့ကို အစိုးရက ပိတ်ပင်တားဆီးခြင်း မပြုရ၊

တရားဥပဒေနှင့် ဆန့်ကျင်၍ မည်သူ့ကိုမျှ ဖမ်းဆီးချုပ်နှောင်ခြင်းမပြုရ စသည့် အခွင့်အရေးများဖြစ်သည်။

(၁၂) ဖွဲ့စည်းပုံအခြေခံဥပဒေက ပြည်သူလူထုကို ပေးအပ်ထားသော အခြားအခွင့်အရေးတမျိုးမှာ အစိုးရကို မလုပ်မနေ လုပ်ရမည်ဟု အမိန့်သဖွယ် ပေးအပ်ထားသောအခွင့်အရေးဖြစ်သည်။ ယင်းကို ''Affirmative Right'' ဟု ခေါ်သည်။ Affirmative Right တွင် တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ယဉ်ကျေးမှုနှင့် ဘာသာစကားတို့ကို ကာကွယ်ထိန်းသိမ်းမြှင့်တင်ပေးရမည်ဟူသော အခွင့်အရေး၊ လူ့အဖွဲ့အစည်းများ တခုခုတွင်သော်လည်းကောင်း၊ အလွှာတရပ်ရပ်တွင်သော်လည်းကောင်း၊ လူနည်းစုများနှင့် ခေတ်နောက်ကျကျန်ရစ်သည့် အစုအဖွဲ့များကို အထူးဦးစားပေး၍ ဆောင်ရွက်ရမည့်အစိုးရ၏ တာဝန်ဝတ္တရားနှင့် ထိုသူများ၏ အခွင့်အရေးများကို ဆိုလိုသည်။

(၁၃) ဖွဲ့စည်းပုံအခြေခံဥပဒေသည် အချုပ်အခြာအာဏာတည်မြဲရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက်သာမက ပြည်သူလူထုတရပ်လုံး၏ဘဝကောင်းစားရေးကို ဦးထိပ်ထား၍ ရေးဆွဲပြဋ္ဌာန်းအပ်သော တိုင်းပြည်၏ အမြင့်ဆုံးဥပဒေဖြစ်သည်။ သို့ရာတွင် ခေတ်ကာလအခြေအနေအကြောင်းအမျိုးမျိုးကြောင့် ထိုဥပဒေကို လိုအပ်လာလျှင် လိုအပ်သလို ပြင်ဆင်ပြဋ္ဌာန်းပိုင်ခွင့်မှာ နိုင်ငံသားတို့ထံတွင် ရှိကိုရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတိုင်းတွင် ထိုဥပဒေကို မည်သို့မည်ပုံပြင်ဆင်ပြောင်းလဲပြဋ္ဌာန်းနိုင်ကြောင်းကို ဖော်ပြသည့် ''ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပြဋ္ဌာန်းခြင်း'' ဆိုင်ရာပုဒ်မ (သို့မဟုတ်) အခန်းကို အမြဲတမ်း ထည့်သွင်းဖော်ပြလေ့ရှိသည်။

## ၄။ ဖက်ဒရယ်ကျင့်စဉ်နှင့် ဒီမိုကရေစီစနစ် ပေါင်းစပ်ထားသော ''ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုစနစ်''

တိုင်းရင်းသားလူမျိုးပေါင်းစုံ ပူးပေါင်းနေထိုင်သော တိုင်းပြည်တွင် လူမျိုးရေးအရသော်လည်းကောင်း၊ ယဉ်ကျေးမှုအရသော်လည်းကောင်း၊ ဘာသာရေးအရသော်လည်းကောင်း၊ ယုံကြည်မှုအရသော်လည်းကောင်း၊ သမိုင်းကြောင်းအရသော်လည်း

ကောင်း မတူကွဲပြားသောလူမျိုးများ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကို အထူး ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည်။ လူမျိုးပေါင်းစုံ ရောနှောနေထိုင်သော တိုင်းပြည် တခုကို လူမျိုးတမျိုးတည်းသာ နေထိုင်သော တိုင်းပြည်ကဲ့သို့ ''အမျိုးသားနိုင်ငံတော်'' တခုအဖြစ် ထူထောင်၍ရမည်မဟုတ်ပေ။ အမျိုးသားနိုင်ငံတော်သည် လူမျိုးတမျိုး၊ ဘာသာစကားတခုနှင့် ကိုးကွယ်ယုံကြည်မှုတခုတည်းသာရှိသော တိုင်းပြည်များကို ထူထောင်ရာတွင် ကျင့်သုံးသောစနစ်ဖြစ်သောကြောင့် ဖြစ်သည်။

လူမျိုးပေါင်းစုံ ရောနှောနေထိုင်သော တိုင်းပြည်တခုကို အမျိုးသားနိုင်ငံတော် အဖြစ် ထူထောင်သွားပါက လူမျိုးတမျိုး (ဝါ) အုပ်ချုပ်သူလူမျိုးများက တခြားအုပ်ချုပ် ခံလူမျိုးများ၏ လူမျိုးဖြစ်ခြင်းလက္ခဏာ၊ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုများနှင့် ကိုး ကွယ်ယုံကြည်မှုများကို တနည်းမဟုတ်တနည်း ထိပါးနှောင့်ယှက်ခြင်း၊ ပိတ်ပင်ဟန့် တားခြင်းနှင့် ဖျက်ဆီးဝါးမျိုခြင်းတို့ကို အစဉ်အမြဲလုပ်ဆောင်တတ်သည်။ ထို့ကြောင့် လူမျိုးပေါင်းစုံရောနှောနေထိုင်သော တိုင်းပြည်တခုကို ''အမျိုးသားနိုင်ငံတော်'' အဖြစ် ထူထောင်ပါက မလွဲမသွေရင်ဆိုင်ရမည့် နိုင်ငံရေးဝါဒဆိုးတရပ်မှာ ''မဟာလူမျိုးကြီး ဝါဒ''ပင် ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ "ပြည်ထောင်" များကို စုစည်းထားသည့် ''ပြည်ထောင်စု'' နိုင်ငံတခု ဖြစ်သည်။ ထို့ကြောင့် ဤပြည် ထောင်စုကြီးကို မဟာလူမျိုးကြီးဝါဒက လွှမ်းမိုးသွားမည့် အမျိုးသားနိုင်ငံတော်အဖြစ် ထူထောင်၍ ရမည်မဟုတ်ပေ။ လူမျိုးပေါင်းစုံ ငြိမ်းချမ်းစွာ၊ ချစ်ကြည်ရင်းနှီးစွာ အတူ ယှဉ်တွဲနေထိုင်နိုင်ရေးအတွက် တခုတည်းသောနည်းလမ်းမှာ စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စုစနစ်ဖြင့် ဤပြည်ထောင်စုကြီးကို အသစ်တဖန် ပြန်လည်ထူထောင်ရေး သာဖြစ်သည်။

ပြည်ထောင်စုကို စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် ပြန်လည်ထူ ထောင်ရာတွင် အောက်ပါအခြေခံအင်္ဂါရပ်များနှင့် ပြည့်စုံရမည်ဖြစ်သည်။

(၁) ဖက်ဒရယ်ပြည်ထောင်စုကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိ၍ တန်းတူ သော နိုင်ငံရေးအာဏာများ အပ်နှင်းခြင်းခံရသည့် ပြည်နယ်များဖြင့် အခြေခံ၍ ဖွဲ့စည်းရမည်။

(၂) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတည်းဟူသော နိုင်ငံရေးအာဏာ (၃)ရပ်စလုံးကို အပြည့်အဝအပ်နှင်းစေရမည့်အပြင်၊ ထိုနိုင်ငံရေးအာဏာ (၃) ရပ်စလုံးကို တရားဥပဒေနှင့်အညီ လွတ်လပ်စွာ ကျင့်သုံးနိုင်ရေးအတွက် ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်တရားရုံးချုပ်များကို လွတ်လပ်စွာ ထူထောင်ပိုင်ခွင့် ရှိစေရမည်။

(၃) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် သက်ဆိုင်ရာပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ ရေးဆွဲပြဋ္ဌာန်းပိုင်ခွင့်ရှိရမည်။ သို့မှသာ ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ရှိစေနိုင်လိမ့်မည်။

(၄) ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Self–rule) နှင့် ထိုအဖွဲ့ဝင်ပြည်နယ်များ ပူးပေါင်း၍ ဖွဲ့စည်းသည့် ပြည်ထောင်စုကို စုပေါင်းအုပ်ချုပ်ခွင့် (Shared–rule) တို့ကို ပေါင်းစပ်ထားသည့် စနစ်ဖြစ်သောကြောင့် ဖက်ဒရယ်ပြည်ထောင်စုအစိုးရနှင့် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အစိုးရများအကြားတွင် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အာဏာများကို ခွဲဝေကျင့်သုံးခြင်း (Division of Powers) ရှိစေရမည်။

(၅) တန်းတူသောပြည်နယ်များပူးပေါင်း၍ ပြည်ထောင်စုကို ဖွဲ့စည်းသောအခါ ပြည်ထောင်စုလွှတ်တော်တွင် အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) နှင့်ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) များကို ထားရှိရမည်။ ပြည်သူ့လွှတ်တော်သည် ဒီမိုကရေစီစနစ်အရ လူထု (ဝါ) လူဦးရေကို ကိုယ်စားပြုသောလွှတ်တော်ဖြစ်၍ အမျိုးသားလွှတ်တော်သည် ပြည်ထောင်စုစနစ်အရ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ကိုယ်စားပြုသောလွှတ်တော်ဖြစ် သည်။ ထို့ကြောင့် အမျိုးသားလွှတ်တော်တွင် ပြည်နယ်များက ဦးရေတူညီသော ပြည်နယ်ကိုယ်စားလှယ်များကို စေလွှတ်ခွင့် ရှိစေရမည်။

(၆) ပြည်နယ်များက စုပေါင်းကျင့်သုံးရန် ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းထားသည့် နိုင်ငံခြားဆက်သွယ်ရေး၊ ပြည်ထောင်စုကာကွယ်ရေး၊ ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်လုပ်ရေးနှင့် ပြည်ထောင်စုလမ်းပန်းဆက်သွယ်ရေး

စသောအာဏာများမှအပ ကြွင်းကျန်သောအာဏာ (Residual Powers) များကို ပြည်နယ်များ၌ အပ်နှင်းထားစေရမည်။

(၇) ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ် (Self–rule) နှင့် စုပေါင်းအုပ်ချုပ်ရေးစနစ် (Shared–rule) တို့ကို ပေါင်းစပ်ထားသော စနစ်ဖြစ်သောကြောင့် ပြည်ထောင်စုထဲတွင် အနည်းဆုံးအစိုးရ (၂) ရပ် ဖွဲ့စည်းထူထောင်ရပေမည်။ ယင်းတို့မှာ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ် အစိုးရများဖြစ်ကြသည်။

(၈) ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ် အစိုးရများသာမက ဒေသန္တရအစိုးရများကိုလည်း ဖွဲ့စည်းထူထောင်ရ မည်။ ထိုဒေသန္တရအစိုးရများကိုလည်း သင့်လျော်သော လုပ်ပိုင်ခွင့် အာဏာများ အပြည့်အဝပေးထားရမည်။ အထူးသဖြင့် ဒေသန္တရအစိုးရ နှင့် ပြည်နယ်အစိုးရများကို သက်ဆိုင်ရာဒေသ စီမံအုပ်ချုပ်ရေးအတွက် အခွန်တော်ကောက်ခံခွင့်အာဏာများကို ပေးအပ်ထားရမည်ဖြစ်သည်။

## ၅။ တရားဥပဒေစိုးမိုးရေး

တရားဥပဒေစိုးမိုးရေးသည် လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းနှင့် တရားမျှတ ခြင်းဟူသော လောကပါလတရားများပေါ်တွင် အခြေတည်သည်။ ထို့ကြောင့် တရား ဥပဒေစိုးမိုးရေးသည် လူသားတိုင်း၏ မွေးရာပါအခွင့်အရေးအဖြစ် ရရှိပိုင်ဆိုင်ထားသော အခြေခံလွတ်လပ်ခွင့်များကို လေးစားအသိအမှတ်ပြုပြီး ကာကွယ်ထိန်းသိမ်းသည်။ တရားဥပဒေရှေ့မှောက်တွင် နိုင်ငံသား (လူသား) တိုင်း တန်းတူရည်တူအခွင့်အရေးရရှိ ကြသည်ဟူသောလူသားချင်း တန်းတူညီမျှရေးကို လေးစားအသိအမှတ်ပြုပြီး ထိန်းသိမ်း ကာကွယ်သည်။ ထို့အပြင် လူမျိုး၊ ဘာသာစကား၊ ကိုးကွယ်သည့်သာသနာ၊ ယဉ်ကျေးမှု နှင့် အသားအရောင်ကွဲပြားမှုတို့ကြောင့် ခွဲခြားဆက်ဆံခြင်းမရှိစေဘဲ လူမျိုးတိုင်း တန်းတူ ရည်တူ အခွင့်အရေးရှိကြသည်ဟူသော လူမျိုးရေးတန်းတူညီမျှခွင့်ကိုလည်း လေးစား အသိအမှတ်ပြုပြီး ကာကွယ်စောင့်ရှောက်သည်။ လွတ်လပ်မှုကို အခြေခံ၍ လူသားချင်း တန်းတူညီမျှခွင့်နှင့် လူမျိုးရေးတန်းတူညီမျှခွင့်တို့ကို တရားဥပဒေဖြင့် အခိုင်အမာကာ ကွယ်ပြဋ္ဌာန်းနိုင်မှသာလျှင် လူ့အဖွဲ့အစည်းတွင် တရားမျှတမှု ထွန်းကားပြီး လူ့လောက ကြီးလည်း ငြိမ်းချမ်းသာယာပေလိမ့်မည်။

အာဏာရှင်စနစ်နှင့်ဒီမိုကရေစီစနစ် နှစ်ခုအကြား မတူကွဲပြားမှုများနှင့် ခြားနားချက်ပေါင်း များစွာရှိသည်။ ထိုခြားနားချက်ပေါင်း မြောက်မြားစွာရှိသည့်အနက် အရေးကြီးဆုံးသောခြားနားချက်တခုမှာ တရားဥပဒေ စိုးမိုးရေး ရှိ–မရှိ ဟူသောအချက်ဖြစ်သည်။ အာဏာရှင်စနစ်တွင် တရားဥပဒေဆိုသောအရာသည် အာဏာရှင်များ၏ အာဏာတည်မြဲရေးအတွက် အသုံးချသည့် နိုင်ငံရေးကိရိယာတခုမျှသာဖြစ်သည်။ တရားဥပဒေက ပြည်သူလူထု၏အကျိုးစီးပွားကို ကာကွယ်ပြဋ္ဌာန်းခြင်းမရှိဘဲ အုပ်စိုးသူအာဏာရှင်များ၏အကျိုးစီးပွားကိုသာ ကာကွယ်ပေးလေ့ရှိသည်။ ထို့ကြောင့် အာဏာရှင်စနစ်တွင် အာဏာရှင်များသည် တရားဥပဒေအထက် (Above the Law) တွင် ရှိနေကြသည်။ သူတို့အာဏာတည်မြဲရေးအတွက် ဥပဒေကို အမျိုးမျိုးပြဋ္ဌာန်းကာ ပြည်သူလူထုကို ထိုဥပဒေများဖြင့် ဖိနှိပ်ချုပ်ချယ်လေ့ရှိသည်။ ယင်းကိုပင် တရားဥပဒေဖြင့် အုပ်ချုပ်ခြင်း (The Rule by Law) ဟုခေါ်ဆိုတတ်ကြသေးသည်။ ဥပဒေဖြင့် အုပ်ချုပ်ရုံမျှဖြင့် တရားဥပဒေစိုးမိုးရေးမရှိနိုင်ပေ။ အကြောင်းမှာ မတရားသောဥပဒေသည် တရားဥပဒေ စိုးမိုးရေးကို ဆန့်ကျင်နေသောကြောင့် ဖြစ်သည်။

တရားဥပဒေ စိုးမိုးရေးဟူသော တရားရေးဆိုင်ရာ နိုင်ငံရေးစကားကို သက္ကရာဇ် ၁၂၁၅ ခုနှစ်ကာလတွင် လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့သော မဂ္ဂနာကာတာ (Magna Carta) နှင့်အတူပေါ်လာခဲ့သော ခေတ်သစ်နိုင်ငံရေးအတွေးအခေါ်တခုဖြစ်ပါသည်။ မူရင်းဆိုလိုချက်မှာ ရှင်ဘုရင်အပါအဝင် အုပ်ချုပ်သူအစိုးရက အပြစ်မဲ့နိုင်ငံသားများကို တရားဥပဒေနှင့်ဆန့်ကျင်၍ (တရားဥပဒေဘောင်ကိုကျော်၍) ဖမ်းဆီးချုပ်နှောင်အပြစ်ပေးခြင်း မပြုရ။ တရားဥပဒေနှင့်အညီ ပြစ်မှုကျူးလွန်သည်ဟု တရားရုံးက တရားသဖြင့် စီရင်ခြင်း၊ ဒဏ်ခတ်ခြင်းခံရသူမှအပ၊ မည်သူတဦးတယောက်ကိုမျှ ဖမ်းဆီးချုပ်နှောင်ဒဏ်ခတ်ခြင်း မပြုရဟု ရှင်ဘုရင်၏ အကြွင်းမဲ့အာဏာကို ကန့်သတ်ချုပ်ချယ်ခြင်းဖြင့် အစပြုခဲ့ပါသည်။ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးသည် ရှင်ဘုရင်အပါအဝင် အုပ်ချုပ်သူအစိုးရ၏ ထင်ရာလုပ်ပိုင်ခွင့်အာဏာကို ကန့်သတ်ချုပ်ချယ်ထားပါသည်။ နိုင်ငံသားတိုင်း ပြစ်မှုကျူးလွန်သည်ဟု တရားရုံးက စီရင်ခြင်း မချမှတ်ဘဲ၊ ဖမ်းဆီးချုပ်နှောင်ခြင်း မပြုရဟူသော လွတ်လပ်မှုတသည့် တရားစီရင်ခြင်းနှင့် တရားဥပဒေရှေ့မှောက်တွင် အုပ်ချုပ်သူအစိုးရနှင့် အုပ်ချုပ်ခံပြည်သူလူထုတို့သည် တန်းတူရည်တူအခွင့်အရေးရှိကြကြောင်းကို ဖော်ပြသည်။ မည်သူမဆို တရားဥပဒေချိုးဖောက်ပါက တရားဥပဒေနှင့်အညီ တရားစီရင်ခြင်းခံကြရမည်ဖြစ်ကြောင်း၊ ပြစ်မှုထင်ရှားသည်ဟု တရားစီရင်ခြင်းခံရပါ တရားဥပဒေ

နှင့်အညီ ပြစ်ဒဏ်ခံကြရမည်ဖြစ်ကြောင်း၊ မည်သူတဦးတယောက်မျှ တရားဥပဒေအပေါ် (Above the Law)တွင် မရှိနိုင်ကြောင်းကို တရားဥပဒေစိုးမိုးရေးက ထင်ရှားစေပါသည်။

ဒီမိုကရေစီစနစ်တွင်မူ နိုင်ငံသားတိုင်းသည် တရားဥပဒေရှေ့မှောက်တွင် တန်းတူရည်တူ အခွင့်အရေး ရရှိကြသည်။ မည်သူကမျှ တရားဥပဒေအထက်တွင် မရှိသကဲ့သို့ တရားဥပဒေဘောင်၏ အပြင်ဘက်တွင်လည်း မလှုပ်ရှားနိုင်ကြပေ။ လူမျိုးမရွေး၊ ဘာသာမရွေး၊ လိင်ခွဲခြားမှုမရှိ၊ လူတန်းစား နိမ့်မြင့်ခွဲခြားမှုမရှိ၊ အားလုံး တန်းတူသည်။ တရားဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုကို တန်းတူရည်တူ ခံစားနိုင်သကဲ့သို့ ပြစ်မှုကျူးလွန်ပါက မည်သူမဆို ပြဋ္ဌာန်းထားသော တရားဥပဒေအတိုင်း ပြစ်ဒဏ်စီရင်ခြင်းခံကြရမည်သာ ဖြစ်သည်။

ထို့ကြောင့် ဒီမိုကရေစီစနစ်တွင် တရားဥပဒေစိုးမိုးနိုင်ရေးအတွက် အောက်ပါ အင်္ဂါရပ်များနှင့်ပြည့်စုံသော လူ့အဖွဲ့အစည်းကို တည်ဆောက်ရမည်။

(၁) တရားဥပဒေရှေ့မှောက်တွင် နိုင်ငံသားတိုင်း တန်းတူရည်တူ အခွင့်အရေး ရှိကြသည်။

(၂) တိုင်းပြည်၏ အမြင့်ဆုံးတာဝန်ကို ထမ်းဆောင်နေရသော သမ္မတ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများအပါအဝင် အစိုးရတရပ်လုံးသော်လည်းကောင်း၊ ပြည်ထောင်စုလုံခြုံရေးအတွက် တာဝန်ယူထမ်းဆောင်နေသော တပ်မတော်၏အမြင့်ဆုံးသော စစ်သေနာပတိချုပ်မှ အနိမ့်ဆုံးစစ်သားအထိသော်လည်းကောင်း၊ ပြည်ထောင်စုအတွင်း တရားဥပဒေထိန်းသိမ်းရေးနှင့် ငြိမ်းချမ်းရေးတာဝန်များကိုထမ်းဆောင်နေကြသော ပြည်သူ့စစ်များသည်သော်လည်းကောင်း မည်သူမျှ တရားဥပဒေ၏အထက်တွင်မရှိကြ။ တရားဥပဒေအတိုင်းပေးအပ်ထားသည့်တာဝန်များကို ထမ်းဆောင်ကြပြီး ပြစ်မှုတစုံတရာကျူးလွန်ပါက တရားဥပဒေအတိုင်း တရားစီရင်ခြင်း ခံကြရမည်ဖြစ်၍ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပါက တရားဥပဒေဖြင့် အရေးယူအပြစ်ပေးခံကြရမည် ဖြစ်သည်။

(၃) လူမျိုးပေါင်းစုံ ရောနှောနေထိုင်သော တိုင်းပြည်တွင်ကျင့်သုံးမည့် အမြင့်ဆုံးသော ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေမှစ၍ ပြစ်မှုဆိုင်ရာဥပဒေ

များအပါအဝင် အခြားအခြားသော ဥပဒေများအားလုံးတို့သည် တိုင်းရင်းသားလူမျိုးအားလုံး၏အရေး၊ ပြည်သူလူထုတရပ်လုံး၏အရေးနှင့် အကျိုးစီးပွားတို့ကို ကာကွယ်စောင့်ရှောက်ရမည်။ လူတစုအရေး၊ အာဏာရှင်တချို့အရေး၊ စစ်တပ်(သို့မဟုတ်) ဝန်ထမ်းတချို့၏အရေး၊ လူမျိုးတမျိုးအရေးနှင့် ဘာသာရေးတခုခု၏အရေးကိုသာ ဦးစားပေး၍ မည်သည့်ဥပဒေကိုမျှ သတ်မှတ်ပြဋ္ဌာန်းခြင်း မပြုအပ်ပေ။

(၄) ပြည်သူလူထုတရပ်လုံးက တရားဥပဒေကို လေးစားလိုက်နာရမည်။ ထိုသို့ဥပဒေကို လေးစားလိုက်နာရေးအတွက် အကောင်းဆုံးနည်းလမ်းမှာ ပြည်သူလူထုတရပ်လုံးက မိမိတို့၏ အကျိုးစီးပွားအတွက် မိမိတို့၏ဆန္ဒအမြင်ကိုလွတ်လပ်စွာ ဆွေးနွေးတင်ပြ၍ မိမိတို့ကိုယ်တိုင် ပါဝင်ရေးဆွဲပြဋ္ဌာန်းထားသောဥပဒေကို ကျင့်သုံးခြင်းပင်ဖြစ်သည်။ သို့မှသာ ပြည်သူလူထုတရပ်လုံးသည် ထိုဥပဒေကို မိမိတို့၏ပိုင်ဆိုင်မှုအဖြစ် လေးစားလိုက်နာကြမည် ဖြစ်သည်။

(၅) တရားဥပဒေစိုးမိုးသော လူ့အဖွဲ့အစည်းထူထောင်နိုင်ရေးအတွက် ဥပဒေကျွမ်းကျင်သူများကို တက္ကသိုလ်များမှသော်လည်းကောင်း၊ အခြားသင်တန်းများမှသော်လည်းကောင်း မွေးထုတ်ပေးရမည့်အပြင် ပြည်သူလူထုတရပ်လုံး နားလည်သဘောပေါက်နိုင်ရေးအတွက် ဆောင်ရွက်ရမည်။ ရက်တိုသင်တန်းများ၊ ရှင်းလင်းဟောပြောပွဲများ၊ စာအုပ်စာစောင်များထုတ်ဝေခြင်းများအပြင်ရေဒီယို၊ ရုပ်မြင်သံကြားနှင့် သတင်းစာ၊ ဂျာနယ်မျိုးစုံကို အသုံးပြုပြီး လူထုပညာပေးလုပ်ငန်းများကို လုပ်ဆောင်ရမည်။

(၆) ဒီမိုကရေစီစနစ်တွင် လွတ်လပ်သောတရားရုံးများကို ထားရှိရမည့်အပြင် ဥပဒေပညာ ကျွမ်းကျင်သောတရားသူကြီးများလည်း ခန့်ထားရမည်။ ထို့အပြင် ပြစ်မှုတစုံတရာကျူးလွန်သည်ဟု စွပ်စွဲခံရသောအမှုသည်များအား တရားမျှတစွာ တရားစီရင်နိုင်ရေးအတွက် ရှေ့နေများငှားရမ်းခွင့်၊ အမှုသည်က ရှေ့နေငှားရမ်းနိုင်သော ငွေအင်အား မရှိပါက အစိုးရတရားရုံးများက အကုန်အကျခံပြီး ငှားရမ်းပေးခွင့် စသည့် အခွင့်အရေးများကို ထားရှိရမည်။

## ၆။ ဥပဒေပြုရေးအာဏာ

နိုင်ငံရေးသည် အာဏာပြဿနာများကို ကိုင်တွယ်ဖြေရှင်းရသော အလုပ်ဖြစ်သည်။ နိုင်ငံရေးအာဏာသည် တန်ခိုးကြီး၏။ တန်ခိုးကြီးသဖြင့်လည်း ဖောက်ပြန်တတ်ကြသည်။ ထို့ကြောင့် တန်ခိုးကြီးပြီး ဖောက်ပြန်တတ်သောနိုင်ငံရေးအာဏာကို ကိုင်တွယ်သုံးစွဲရာတွင် အလွဲသုံးစားမှု အလွယ်တကူ ဖြစ်ပေါ်တတ်သည်။ ထို့ကြောင့် ''Power corrupts, and absolute power corrupts absolutely'' ဟူသော စကားရပ် ပေါ်လာခဲ့ခြင်း ဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးအာဏာများ အလွဲသုံးစားခြင်း မရှိရလေအောင် နိုင်ငံရေးအာဏာ (၃) ရပ်ကို ပိုင်းခြားကျင့်သုံးခြင်း ''Seperation of Powers'' အကြောင်းတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

နိုင်ငံရေးအာဏာ (၃) ရပ်စလုံးတွင် အရေးကြီးဆုံးသောအာဏာမှာ ဥပဒေပြုရေးအာဏာဖြစ်သည်။ ကောင်းမွန်မှန်ကန်၍ တရားမျှတသောဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်မှသာလျှင် တိုင်းပြည်ကို တည်ငြိမ်အေးချမ်းစွာ အုပ်ချုပ်နိုင်မည်ဖြစ်သည်။ တရားမျှတသောဥပဒေကို လက်တွေ့ပြုကျင့်နိုင်မှသာ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းနှင့် တရားမျှတခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားပြီး လူ့အဖွဲ့အစည်းကြီးလည်း တည်ငြိမ်အေးချမ်းမည်။ ထို့ကြောင့် တရားဥပဒေစိုးမိုး၍ ငြိမ်းချမ်းသာယာပြီး တိုးတက်ဖွံ့ဖြိုးသော ပြည်ထောင်စုတခု ထူထောင်နိုင်ရန်အတွက် တရားမျှတသည့် ''တရားဥပဒေများ'' ကို ရေးသားပြဋ္ဌာန်းရန် အထူးလိုအပ်သည်။

ပြည်သူလူထုတရပ်လုံးက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်တကွ တိုင်းပြည်၏ အသက်သွေးကြောတမျှ အရေးကြီးသောဥပဒေများကို မိမိတို့ကိုယ်စား ရေးသားပြုစုအတည်ပြုနိုင်ခြင်းငှာသော်လည်းကောင်း၊ ကာကွယ်စောင့်ရှောက်ခြင်းငှာသော်လည်းကောင်း ဥပဒေပြုလွှတ်တော်ကို ပြည်ထောင်စုတွင် တည်ဆောက်ထားရမည်။ တပြည်ထောင်စနစ်ကျင့်သုံးသော တိုင်းပြည်များတွင် လွှတ်တော်တရပ်သာ လိုအပ်သော်လည်း လူမျိုးပေါင်းစုံ ရောနှောနေထိုင်သော ပြည်ထောင်စုစနစ်ကို ကျင့်သုံးသော တိုင်းပြည်များတွင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ဟူ၍ လွှတ်တော် (၂) ရပ်ထားရှိပြီး၊ ပြည်နယ်လွှတ်တော်ကိုလည်း ဖွဲ့စည်းထူထောင်ရပေမည်။

ဥပဒေပြုရေးအာဏာကို ကိုင်စွဲကျင့်သုံးသော လွှတ်တော်များ၏ အရေးကြီးသောအခန်းကဏ္ဍမှာ–

(၁) တိုင်းပြည်တွင် ကျင့်သုံးမည့် "ဥပဒေကြမ်း" များကို အကျေအလည်ဆွေးနွေးခြင်း၊ ဝေဖန်သုံးသပ်ချက်များပြုလုပ်ပြီး တိုင်းပြည်နှင့် ပြည်သူလူထုအတွက်အကျိုးရှိသည်ဟု ပြည်သူ့လွှတ်တော်၏ကိုယ်စားလှယ်အများစုက ထောက်ခံဆန္ဒမဲပေးပါက လွှတ်တော်တွင် တင်သွင်းသော ဥပဒေကြမ်းများကို ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းခြင်း။

(၂) အစိုးရက တင်သွင်းသော နှစ်စဉ်ရသုံး ခန့်မှန်းခြေငွေဥပဒေကြမ်းများကို အတည်ပြုခြင်း။

(၃) ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာဝန်ထမ်းများအပါအဝင် တိုင်းပြည်တွင် တာဝန်ထမ်းဆောင်နေကြသည့် ပြည်သူ့ဝန်ထမ်းအားလုံးနှင့် အစိုးရယန္တရားအားလုံးကို တရားဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်ခြင်း ရှိ–မရှိ ဥပဒေရှုထောင့်မှ ကြည့်ရှုစောင့်ထိန်းခြင်း။

(၄) အုပ်ချုပ်ရေးအာဏာကို ကိုင်စွဲကျင့်သုံးနေကြသော အစိုးရနှင့်တကွဝန်ကြီးဌာနအားလုံးအား တရားဥပဒေဘောင်အတွင်း တာဝန်ထမ်းဆောင်ခြင်းရှိ/ မရှိကို ဥပဒေပြုလွှတ်တော်က ကြီးကြပ်ရမည်။ အထူးသဖြင့် သမ္မတစနစ်ကိုကျင့်သုံးသော တိုင်းပြည်များတွင် ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာကို လုံးလုံးလျားလျား ခွဲခြားထားသောကြောင့် ပို၍အရေးကြီးသည်။

(၅) ဒီမိုကရေစီစနစ်တွင် ဥပဒေပြုရေးအာဏာဖြင့် အုပ်ချုပ်ရေးအာဏာကို ထိန်းကျောင်းထားသည်။

## ၇။ အုပ်ချုပ်ရေးအာဏာ

ဒီမိုကရေစီစနစ်တွင် အုပ်ချုပ်ရေးအာဏာကိုကျင့်သုံးပြီး အုပ်ချုပ်ရေးယန္တရား တခုလုံးကိုစီမံခန့်ခွဲသည့် "အစိုးရ" ကို ပြည်သူလူထုက တိုက်ရိုက်ရွေးချယ်တင်မြှောက်သည်။

ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသော အစိုးရဟု ဆိုရာတွင် ပါလီမန်ဒီမိုကရေစီစနစ်တွင်ကျင့်သုံးသော အစိုးရတရပ်ကို ရွေးချယ်တင်မြှောက်ပုံစနစ်နှင့် သမ္မတစနစ်ကိုကျင့်သုံးသော တိုင်းပြည်များတွင် ရွေးချယ်ပုံစနစ်တို့ မတူညီကြပေ။ ပါလီမန်ဒီမိုကရေစီစနစ်တွင် ဝန်ကြီးချုပ်မှစ၍ ဝန်ကြီးအဖွဲ့အားလုံးကို ပြည်သူလူထုက တိုက်ရိုက်ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ် (ပါလီမန်အမတ်) များ

ဖြင့် ဖွဲ့စည်းထားသည်။ ထို့ကြောင့် ပါလီမန်စနစ်တွင် အထွေထွေရွေးကောက်ပွဲ (General Elections) များကိုလည်း ကျင်းပရသည်။ သမ္မတစနစ် (အထူးသဖြင့် အမေရိကန်ပြည်ထောင်စု) တွင် သမ္မတ တဦးတည်းကို ပြည်သူလူထုက တိုက်ရိုက်ရွေးချယ်သည်။ ထို့ကြောင့် သမ္မတရွေးကောက်ပွဲကို တိုက်ရိုက်ကျင်းပရသည်။ ပြည်သူလူထုက သမ္မတကို ရွေးချယ်တင်မြှောက်ပြီးနောက် သမ္မတက သူ၏အစိုးရတွင် တာဝန်ထမ်းဆောင်ကြရမည့် ဝန်ကြီးအဖွဲ့များကို သူ့စိတ်တိုင်းကျ ရွေးချယ်ပြီး တာဝန်များကို ပေးအပ်ရသည်။ သို့သော် သမ္မတက ဝန်ကြီးအဖြစ် အဆိုပြုထားသောပုဂ္ဂိုလ်များကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုပေးရသည်။ ထို့ကြောင့် မည်သည့်ဝန်ကြီး တဦးတယောက်ကိုမျှ ပြည်သူ့လွှတ်တော်၏ အတည်ပြုထောက်ခံခြင်း မရှိဘဲ ခန့်အပ်ပိုင်ခွင့် မရှိပေ။

တိုင်းပြည်၏ အုပ်ချုပ်ရေးအာဏာကို တိုက်ရိုက်ကိုင်တွယ် ကျင့်သုံးခွင့်ရှိသော ပြည်ထောင်စုအစိုးရသည် တိုင်းပြည်ကို စီမံအုပ်ချုပ်ရာ၌ တာဝန်အရှိဆုံးသောအဖွဲ့ဖြစ်သည်။ ထိုတာဝန်များတွင် –

(၁) တိုင်းပြည်အုပ်ချုပ်ရေးယန္တရားအားလုံး ချောမွေ့စွာ လည်ပတ်နိုင်ရေးအတွက် ဝန်ကြီးဌာန အသီးသီးကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ခြင်း၊ တာဝန်ထမ်းဆောင်ခြင်း။

(၂) ပြည်ထောင်စု ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဝန်ထမ်းများ ဖြစ်ကြသည့်တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် ပြည်သူ့ရဲတပ်ဖွဲ့များ၊ အခြားစစ်ဝန်ထမ်းများဆိုင်ရာ တပ်ဖွဲ့များကို ကြီးကြပ်ခြင်း၊ တာဝန်ယူခြင်းနှင့် တာဝန်ခံခြင်း။

(၃) ပြည်ထောင်စု၏ နှစ်စဉ် ရသုံး ခန့်မှန်းခြေငွေစာရင်းကို ပြုစုခြင်း။

(၄) ပြည်ထောင်စု တိုးတက်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းဌာနအသီးသီးကို ကမကထလုပ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

(၅) နိုင်ငံခြားတိုင်းပြည်များနှင့် သံတမန်ရေးအရသော်လည်းကောင်း၊ စီးပွားရေး၊ လုံခြုံရေးနှင့် ယဉ်ကျေးမှုစသည့် ကဏ္ဍပေါင်းစုံမှသော်လည်းကောင်း ဆက်သွယ်ဆက်ဆံရေးကို တာဝန်ယူခြင်းနှင့် တာဝန်ခံခြင်း။

(၆) ပြည်ထောင်စု၏တရားစီရင်ရေးကို တာဝန်ယူ၊ တာဝန်ခံမည့် တရားသူကြီးချုပ်မှစ၍ တရားရေးဆိုင်ရာဝန်ထမ်းများကို ခန့်အပ်ခြင်း။

(၇) ဒီမိုကရေစီစနစ်တွင် အုပ်ချုပ်ရေးအာဏာကို ကိုင်တွယ်သည့်အစိုးရက တရားရေးဌာနကို ကိုင်တွယ်သည့် ပြည်ထောင်စုရှေ့နေချုပ်မှစ၍ တရားလွှတ်တော်တရားသူကြီးများ အပါအဝင် တရားရေးဝန်ထမ်းများကို ခန့်အပ်ပြီး၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ကို ခံယူရသည်။ ဤနည်းဖြင့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ အချင်းချင်းထိန်းညှိခြင်း၊ ထိန်းကျောင်းခြင်း (Check–and–Balance) ပြုလုပ်နိုင်သည်။

## ၈။ တရားစီရင်ရေးအာဏာ

တရားဥပဒေစိုးမိုး၍ လောကပါလတရားများ ထွန်းကားသော လူ့ဘောင်အဖွဲ့အစည်းတရပ် ထူထောင်နိုင်ရေးအတွက် လွတ်လပ်သော တရားစီရင်ရေးကို ကျင့်သုံးရပါမည်။ လွတ်လပ်သော တရားစီရင်ရေးကို ကျင့်သုံးနိုင်ရေးအတွက် ပြည်ထောင်စု၏ တရားစီရင်ရေးအာဏာကို သီးခြားလွတ်လပ်ခွင့်ပေးထားရမည်ဖြစ်ပြီး ပြည်ထောင်စု၏ အခြားအာဏာရပ်များ ဖြစ်ကြသော ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့၏ ဩဇာသက်ရောက်လွှမ်းမိုးခြင်းမရှိအပ်ပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်တကွ တရားသဖြင့်ပြဋ္ဌာန်းထားသော အခြားဥပဒေများနှင့်အညီ လွတ်လပ်စွာ တရားစီရင်ဆုံးဖြတ်ခြင်းများကို ပြုလုပ်ရမည်။ ထို့အပြင် လွတ်လပ်သောတရားစီရင်ခြင်း၏ အရေးကြီးသော အခြားအင်္ဂါရပ်တခုမှာ နိုင်ငံရေးအာဏာကြောင့် ဩဇာကြီးမားသူများ၊ ပစ္စည်းဥစ္စာနှင့် ငွေကြေးဩဇာကြီးမားသူများ၊ ဘာသာရေးနှင့် လူမှုရေးအခြေအနေမျိုးစုံကြောင့် ဩဇာအာဏာကြီးသူများ၏ ဩဇာစွက်ဖက်လွှမ်းမိုးမှုတို့မှ ကင်းလွတ်ရေး ဖြစ်သည်။

လွတ်လပ်သော တရားစီရင်ခြင်း၏ အနှစ်သာရသည် တရားဥပဒေရှေ့မှောက်တွင် နိုင်ငံသားတိုင်း တန်းတူအခွင့်အရေးရှိသည်။ မည်သူမျှ ဥပဒေအထက် (Above the Law) တွင် မရှိနိုင်ဟူသောအချက်ဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်တွင် လွတ်လပ်သော တရားစီရင်ရေးကို ထိရောက်စွာဆောင်ရွက်နိုင်ရန် အောက်ပါအချက်များ လိုအပ်သည်။

(၁) လွတ်လပ်သော တရားစီရင်ရေးတွင် တရားသူကြီးများသည် လွတ်လပ်စွာဖြင့် တရားဥပဒေနှင့်အညီ တရားစီရင်ခွင့်ရှိရမည်။ လွတ်လပ်စွာဟု ဆိုရာတွင် တရားသူကြီးတဦးက မိမိဆန္ဒသဘောအတိုင်း တဖက်သတ်စီရင်

ဆုံးဖြတ်ချက်ချမှတ်ခြင်းများ မဟုတ်ပါ။ ပြည်ထောင်စုက ပြဋ္ဌာန်းထားသောဥပဒေများနှင့်အညီ တရားစီရင်ဆုံးဖြတ်ခြင်းများကိုသာ ဆိုလိုသည်။

(၂) လွတ်လပ်သော တရားစီရင်ခြင်းဟု ဆိုရာ၌ တရားစီရင်ရေးကိစ္စအဝဝတွင် အုပ်ချုပ်ရေးအာဏာကို ကိုင်စွဲကျင့်သုံးနေသောအစိုးရ၊ ဥပဒေရေးပြုအာဏာကို ကိုင်စွဲကျင့်သုံးနေသောလွှတ်တော်၊ ပြည်ထောင်စုလုံခြုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကို တာဝန်ယူ ထမ်းဆောင်နေကြသော တပ်မတော်နှင့် ပြည်သူ့ရဲတပ်ဖွဲ့၊ တိုင်းပြည်၏အဆင့်ဆင့်သော တာဝန်များကို ထမ်းဆောင်နေကြသော ဝန်ထမ်းများနှင့် အရာရှိကြီးများ၏ ဩဇာ စွက်ဖက်လွှမ်းမိုးမှုမှ ကင်းရှင်းစေရမည်ဟုဆိုလိုခြင်းဖြစ်သည်။

(၃) လွတ်လပ်သောတရားစီရင်ရေးက နိုင်ငံသားတိုင်း တရားဥပဒေရှေ့မှောက်တွင် တန်းတူရည်တူ အခွင့်အရေး အာမခံချက်ပေးကြောင်း၊ မည်သည့်တရားစီရင်ရေးကိုမျှ နိုင်ငံရေးဩဇာလွှမ်းမိုးမှု၊ ဘာသာရေးဩဇာလွှမ်းမိုးမှုနှင့် အခြားသောဩဇာလွှမ်းမိုးမှု တစုံတရာမရှိကြောင်း ပြသရမည်။

(၄) ပြည်ထောင်စု၏တရားစီရင်ရေးအာဏာကို ကိုင်စွဲနေကြသော ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှစ၍ အဆင့်ဆင့်သောတရားရုံးများ၊ ပြည်ထောင်စုရှေ့နေချုပ်မှစ၍ အဆင့်ဆင့်သောဥပဒေဝန်ထမ်းများ၊ နိုင်ငံရေးအရခန့်အပ်ထားသည့် တရားရေးဝန်ကြီးနှင့်တရားသူကြီးများသည် ပြည်ထောင်စုဥပဒေပြုအဖွဲ့က တရားဥပဒေများ ရေးဆွဲပြဋ္ဌာန်းသောအခါ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီခြင်း ရှိ-မရှိကို အဆုံးအဖြတ်ပေးရမည့်အပြင် အုပ်ချုပ်ရေးအာဏာပိုင်များ၏လုပ်ဆောင်ချက်များက တရားဥပဒေနှင့်ကိုက်ညီခြင်း ရှိ-မရှိ၊ မရှိပါက လိုအပ်လျှင် လိုအပ်သလို စုံစမ်းစစ်ဆေးမှုများပြုလုပ်၍ ဥပဒေဆိုင်ရာအဆုံးအဖြတ်များကိုပေးရမည်။

## ၉။ ဒီမိုကရေစီစနစ်နှင့် ရွေးကောက်ပွဲ

ဒီမိုကရေစီစနစ်သည် နိုင်ငံရေးဝါဒတခု မဟုတ်ပါ။ နိုင်ငံရေးအာဏာများကို ကိုင်တွယ်ကျင့်သုံးရာတွင် အသုံးပြုသောကျင့်စဉ်တခုသာဖြစ်သည်။ ပြည်ထောင်စုအာဏာများကို ပြည်သူလူထုက အများဆန္ဒနှင့်အညီ ကိုင်တွယ်ကျင့်သုံးနိုင်ရေးအတွက်

ခွင့်ပြုထားသောစနစ်တခုလည်း ဖြစ်သည်။ ထို့ကြောင့် ပြည်သူလူထုက မိမိဆန္ဒအမှန်ကို လွတ်လပ်စွာ ဖော်ထုတ်နိုင်သော ရွေးကောက်ပွဲများကို ပုံမှန်ကျင်းပပေးရမည်။ ယင်းသည် ဒီမိုကရေစီ၏ လေးနက်ထူးခြားသောအင်္ဂါရပ်ဖြစ်သည်။

ထိုသို့ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို အခါအားလျော်စွာ ကျင်းပပေးရခြင်း၏ အကြောင်းအရင်းများမှာ –

(၁) ပြည်သူလူထုသည် မိမိတို့လိုလားသော နိုင်ငံရေးစနစ်ကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိရေးနှင့် မိမိတို့၏နိုင်ငံရေးကံကြမ္မာကို မိမိတို့ကိုယ်တိုင် လွတ်လပ်စွာ ဖန်တီးပြဋ္ဌာန်းခွင့် ရရှိရေး၊

(၂) တိုင်းပြည်၏ လိုအပ်ချက်များနှင့် ပြည်သူတရပ်လုံး၏ နေ့စဉ်နှင့်အမျှ ရင်ဆိုင်နေရသော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးပြဿနာများကို အကောင်းဆုံးဖြေရှင်းပေးနိုင်သည့် ခေါင်းဆောင်များနှင့်ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ခွင့် ရရှိရေး၊

(၃) အစိုးရတရပ်မှ တရပ်သို့ ပြည်ထောင်စုအာဏာများကို ငြိမ်းချမ်းစွာဖြင့် တရားဥပဒေနှင့်အညီ လူထုဆန္ဒခံယူ၍ လွှဲပြောင်းပေးနိုင်ရေး စသည့်အချက်များ ပါဝင်သည်။

သို့ရာတွင် ရွေးကောက်ပွဲသည် ဒီမိုကရေစီစနစ်ကို အခိုင်အမာ တည်ဆောက်ကာကွယ်နိုင်ရေးအတွက် တခုတည်းသောနည်းလမ်း မဟုတ်ပေ။ အာဏာရှင်များကလည်း မိမိတို့ပိုင်ဆိုင်ထားသော အာဏာများ၊ စည်းစိမ်များ၊ လက်နက်အင်အားများကို အားကိုးအသုံးပြုပြီး ရွေးကောက်ပွဲများကို အနိုင်ရအောင်လုပ်နိုင်သည်။ ဤသို့ဖြင့် ရွေးကောက်ပွဲကိုအသုံးချ၍ အာဏာရှင်စနစ်ကို တည်ဆောက်နိုင်ကြသည်။ ကမ္ဘာ့သမိုင်းတွင် အဆိုးဝါးဆုံးအာဏာရှင်ကြီးဖြစ်သည့် ဟစ်တလာသည် ရွေးကောက်ပွဲဖြင့် အာဏာရရှိခဲ့သည်ဟူ သောအချက်ကို မမေ့သင့်ပေ။

ဒီမိုကရေစီကျင့်စဉ်တရားနှင့်အညီ ကျင်းပအပ်သည့် ရွေးကောက်ပွဲများသည် သန့်ရှင်း၍ တရားမျှတမှု ရှိရမည်။ သန့်ရှင်း၍ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် အောက်ပါအင်္ဂါရပ်များ လိုအပ်သည်။

(၁) တရားဥပဒေက အသက်အရွယ်ပြည့်ပြီးသူဟု သတ်မှတ်ထားသော မည်သည့် နိုင်ငံသားမဆို လွတ်လပ်စွာ မဲပေးပိုင်ခွင့် ရှိရမည်။

(၂) အသက်အရွယ်ပြည့်ပြီးသူဟု တရားဥပဒေက သတ်မှတ်ထားသည့် မည်သည့် နိုင်ငံသားတဦးတယောက်ကိုမျှ ကိုယ်အင်္ဂါချို့ယွင်းမှုကြောင့်သော်လည်းကောင်း၊ အင်္ဂါ မစုံလင်မှုကြောင့်သော်လည်းကောင်း၊ လိင်ခွဲခြားမှုကြောင့်သော်လည်းကောင်း၊ လူမျိုးကွဲပြားခြားနားမှုကြောင့်သော်လည်းကောင်း၊ ဘာသာရေးနှင့် ယုံကြည်ကိုးကွယ်မှု ကွဲပြားခြားနားမှုကြောင့်သော်လည်းကောင်း မဲပေးပိုင်ခွင့်ကို တားမြစ်ခြင်း မရှိစေရ။

(၃) နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့်နှင့် အရွေးခံပိုင်ခွင့် "အခွင့်အရေး" အပြည့်အ၀ ရရှိစေရမည်။

(၄) ပြည်သူ့ကိုယ်စားလှယ်အဖြစ် အရွေးချယ်ခံရန်ဆန္ဒရှိသည်ဟု မိမိကိုယ်တိုင်ကသော်လည်းကောင်း၊ သက်ဆိုင်ရာပါတီများကသော်လည်းကောင်း၊ ကြေညာခြင်း ခံရသော ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများ အနေဖြင့် မိမိတို့၏ပါတီပေါ်လစီနှင့်မူဝါဒများကို မဲဆန္ဒရှင်ပြည်သူလူထုထံသို့ လွတ်လပ်စွာ တင်ပြစည်းရုံးနိုင်ခြင်းငှာ လွတ်လပ်စွာ ပြောဆို၊ ရေးသား၊ မဲဆွယ်စည်းရုံးပိုင်ခွင့်ရှိရမည့်အပြင် အခြားပြိုင်ဘက်နိုင်ငံရေးပါတီများ၏ပေါ်လစီ၊ မူဝါဒနှင့်လုပ်ဆောင်ချက်များ၏အားနည်းချက်များ၊ ချို့ယွင်းချက်များကို လွတ်လပ်စွာ ဖော်ထုတ်ဝေဖန်ခွင့် ရရှိရမည်။

(၅) ရွေးကောက်ပွဲတွင် အရွေးချယ်ခံရန် စာရင်းတင်သွင်းထားသော ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီအားလုံးသည် တန်းတူသောလွတ်လပ်ခွင့်၊ ရေးသားပြောဆိုခွင့်၊ စည်းရုံးမဲဆွယ်ခွင့်များ ရရှိရမည်။

(၆) မဲလိမ်၊ မဲခိုး၊ မဲဝယ်မှုများနှင့် အခြားသော မတရားလုပ်ဆောင်မှုမျိုးစုံမှ ကင်းရှင်းနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်းခြင်း၊ လူထုအား နားလည်အောင် ရှင်းလင်းခြင်း၊ တင်ပြခြင်းများပြုလုပ်ရမည်။ ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသော ပြည်သူတရပ်လုံး လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရမည်။ အသက်အရွယ်ကြီးရင့်ခြင်းကြောင့်သော်လည်းကောင်း၊ မလွှဲမရှောင်သာသော လူမှုရေးကိစ္စနှင့် အခြားသောကိစ္စများကြောင့်သော်လည်းကောင်းရွေးကောက်ပွဲနေ့ရက်တွင် မဲရုံသို့ ဆန္ဒမဲမပေး

နိုင်သူများ မဲပေးပိုင်ခွင့်ရှိစေရေးအတွက် အခြားနည်းလမ်းများဖြင့် ဆောင်ရွက်ပေးရမည်။

(၇) ရွေးကောက်ပွဲတွင် တရားမျှတ၍ လွတ်လပ်သန့်ရှင်းစွာ ပြည်သူများ မဲပေးနိုင်ခွင့် ရှိ– မရှိအား ကြီးကြပ် စောင့်ကြည့်ပိုင်ခွင့်ကို ခွင့်ပြုထားရမည်။

(၈) ဆန္ဒမဲများ ရေတွက်သောအခါ အမှားအယွင်းမရှိစေရေး၊ လိမ်လည်မှုများမရှိ စေရေး၊ မဲလိမ်၊ မဲခိုး၊ မဲဝယ်မှုများမရှိစေရေးအတွက် တရားဥပဒေဖြင့် တင်းကျပ်စွာ ဆောင်ရွက်ပေးရမည်။

(၉) ဆန္ဒမဲများကို အများပြည်သူရှေ့မှောက်တွင် မှန်ကန်စွာ ရေတွက်ရမည်။

(၁၀) ရွေးကောက်ပွဲတွင် ဆန္ဒမဲများရေတွက်ရာ၌လည်းကောင်း၊ မဲပေးပုံပေးနည်း မှားယွင်းသည်ဟု ယူဆမှု၊ မကျေနပ်မှု၊ အငြင်းပွားမှုများ ပေါ်ပေါက်လာပါကလည်းကောင်း တရားနည်းလမ်းကျစွာ ဖြေရှင်းနိုင်ရေးအတွက် တရားဥပဒေဖြင့် ဆောင်ရွက်ပေးရမည်။

လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် အထူးလိုအပ်သောအချက်မှာ မဲပေးပုံ၊ မဲပေးနည်းစနစ်ကို ပြည်သူလူထု ကောင်းမွန်စွာ နားလည်သဘောပေါက်နိုင်ရေးအတွက် ပညာပေးလုပ်ငန်းများကို ကြိုတင်၍ စနစ်တကျ ဆောင်ရွက်ခြင်း ဖြစ်သည်။

ဒီမိုကရေစီစနစ်သည် အများဆန္ဒဖြင့် အရာရာကို ဆုံးဖြတ်သောစနစ် ဖြစ်သဖြင့် အလွန်ကောင်းသည်။ အများပြည်သူဆန္ဒကို လွတ်လပ်စွာ ဖော်ထုတ်၍ ရွေးကောက်ပွဲတွင် မိမိတို့ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ခွင့်ရှိသောကြောင့် ပို၍ကောင်းသည်။ သို့သော် ထိုကောင်းကွက်များကို ကိုယ်ကျိုးရှာ နိုင်ငံရေးသမားများနှင့် အာဏာမက်ပုဂ္ဂိုလ်များက အလွဲသုံးစားပြုလုပ်တတ်သည်။ ရွေးကောက်ပွဲသည် ဒီမိုကရေစီ ရှင်သန်ဖြစ်ထွန်းရေးအတွက် အလွန်အရေးကြီးသည်။ ထိုနည်းတူ ရွေးကောက်ပွဲကို အလွဲသုံးစားလုပ်ခြင်းဖြင့် ဒီမိုကရေစီစနစ်ကို ဖျက်ဆီးနိုင်သည်။ ထို့ကြောင့် ရွေးကောက်ပွဲစနစ်ကို စနစ်တကျ ရွေးချယ်သတ်မှတ်သင့်သည်။ ရွေးကောက်ပွဲများ ကျင်းပရာတွင် မဲပေးပုံ၊ မဲပေးနည်းများကိုလည်း မိမိတို့တိုင်းပြည်၏ အခြေအနေ၊ ပြည်သူလူထု၏ နှစ်သက်မှုနှင့် နားလည်သဘောပေါက်ပုံ၊ လူနေမှုစနစ်နှင့် ပညာရေးအခြေအနေ စသည်တို့ကို ဘက်ပေါင်းစုံမှထည့်တွက်ပြီး အကောင်းဆုံး ရွေးချယ်သတ်မှတ်သင့်သည်။ ရွေး

ကောက်ပွဲကြောင့် ဒီမိုကရေစီစနစ်ရှင်သန်သကဲ့သို့ ရွေးကောက်ပွဲကြောင့် ဒီမိုကရေစီစနစ် ကျဆုံးသွားနိုင်သည်။ ထို့ကြောင့် ရွေးကောက်ပွဲသည် ဒီမိုကရေစီစနစ် ရှင်သန်ကြီးထွား ရေးအတွက် အကောင်းဘက်ကရော အဆိုးဘက်ကပါ လွှမ်းမိုးနိုင်သဖြင့် အရေးကြီးသည်။

## ၁၀။ ဒီမိုကရေစီစနစ်နှင့် နိုင်ငံရေးပါတီ

ဒီမိုကရေစီစနစ်သည် လူသားတိုင်း မွေးရာပါအခွင့်အရေးများအဖြစ်ခံစားသင့် ခံစားထိုက်သော အခြေခံအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ပြည်သူလူထုက စု ပေါင်းကာကွယ်စောင့်ရှောက်၍ ရှင်သန်ဖွံ့ဖြိုးအောင် စုပေါင်းလုပ်ဆောင်သောစနစ်ဖြစ် သည်။ ထိုအခွင့်အရေးများကို ပြည်သူလူထုကိုယ်စား တိုင်းပြည်အာဏာကိုလက်ခံကျင့် သုံးသော အစိုးရများက ပြည်သူလူထုအတွက် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည်။ ထို့ကြောင့် ပြည်သူလူထုက မိမိတို့ခံစားသင့်ခံစားထိုက်သော မွေးရာပါအခြေခံအခွင့် အရေးများကို မိမိတို့ကိုယ်စားကာကွယ်စောင့်ရှောက်မည့်အစိုးရကို မိမိတို့ကိုယ်တိုင်ရွေး ချယ်တင်မြှောက်ရမည်ဖြစ်သည်။ ထိုသို့ မိမိတို့၏အခွင့်အရေးများကို ကာကွယ်စောင့် ရှောက်ပြီး မိမိတို့၏လိုလားချက်များကို ဖြည့်ဆည်းပေးမည့်အစိုးရကို ရွေးချယ်တင် မြှောက်နိုင်ရေးအတွက် အကောင်းဆုံးသော ရွေးချယ်ရေးနည်းလမ်းတရပ်မှာ တိုင်းပြည် နှင့် ပြည်သူလူထုကို အလုပ်အကျွေးပြုရန် ဆန္ဒချင်းတူညီ၍ ရည်ရွယ်ချက်နှင့်မူဝါဒချင်း ကိုက်ညီသော လူပုဂ္ဂိုလ်များစုစည်း၍ နိုင်ငံရေးပါတီများကို ထူထောင်ခြင်းပင်ဖြစ်သည်။ ထိုသို့ နိုင်ငံရေးပါတီများကိုထူထောင်ရာ၌ ကျင့်သုံးသောနည်းလမ်းများအနက် –

(၁) မိမိတို့လူမျိုး၏ အကျိုးစီးပွားကို စုပေါင်းဆောင်ရွက်နိုင်ရေးအတွက် အမျိုး သားရေးစိတ်ဓာတ်အပေါ် အခြေခံ၍ဖွဲ့စည်းသည့် နိုင်ငံရေးပါတီများ၊

(၂) နိုင်ငံရေးဝါဒချင်းတူညီပြီး ထိုနိုင်ငံရေးဝါဒ အောင်မြင်အောင် အကောင် အထည်ဖော်နိုင်ရေးအတွက် ဖွဲ့စည်းထားသောဝါဒရေးရာကို အခြေခံ သည့် နိုင်ငံရေးပါတီများ (ဥပမာ– ဆိုရှယ်လစ်ဝါဒအပေါ် အခြေခံ၍ ဖွဲ့ စည်းထားသော ဆိုရှယ်လစ်ပါတီ၊ ကွန်မြူနစ်ဝါဒအပေါ် အခြေခံ၍ ဖွဲ့စည်း ထားသော ကွန်မြူနစ်ပါတီ စသည့်ပါတီများ)

(၃) နိုင်ငံရေးဝါဒသာမက၊ အကြောင်းအခြင်းအရာ တခုခုအပေါ်တွင် အခြေခံ၍ စုပေါင်းလုပ်ဆောင်ရန် ဖွဲ့စည်းထားသောနိုင်ငံရေးပါတီများ ‘‘Issue–

based Political Parties'' (ဥပမာ – သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာမူဝါဒအပေါ် အခြေခံ၍ ဖွဲ့စည်းထားသည့်ပါတီများ)

(၄) ထင်ပေါ်ကျော်ကြား၍ နောက်လိုက်ပေါင်းများစွာ စုဆောင်းနိုင်သော ခေါင်းဆောင် တဦးတယောက်အပေါ် အခြေခံပြီး ဖွဲ့စည်းထားသောပါတီ များစသည်တို့ပင် ဖြစ်သည်။

ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍမှာ –

(၁) နိုင်ငံရေးပါတီတခုခုက ပြည်သူလူထုတရပ်လုံးအတွက် ကောင်းမြတ်သည်ဟု ခံယူထားသောဝါဒ၊ လမ်းစဉ်နှင့်လုပ်ငန်းစဉ်များကို ပြည်သူလူထုထံတင် ပြရှင်းလင်းပြီး ပြည်သူလူထု၏ထောက်ခံအားပေးမှု ရရှိနိုင်အောင် မဲဆွယ်စည်းရုံးမှုများ စုပေါင်းဆောင်ရွက်ရေး၊

(၂) နိုင်ငံရေးပါတီတခုခု၏ နိုင်ငံရေးဝါဒ၊ လမ်းစဉ်နှင့်လုပ်ငန်းစဉ်များကို ပြည်သူ လူထုအများစုက ထောက်ခံဆန္ဒမဲပေးပြီး ရွေးကောက်ပွဲတွင် အနိုင်ရရှိပါကအစိုးရတရပ်ကို ဖွဲ့စည်းပြီး ထိုဝါဒ၊ လမ်းစဉ်နှင့်လုပ်ငန်းစဉ်များကို လက်တွေ့အကောင်အထည် ဖော်ဆောင်ရွက်ရေး၊

(၃) နိုင်ငံရေးပါတီတခုခုက ရွေးကောက်ပွဲတွင် အနိုင်ရရှိလာသောအခါ မိမိတို့ ပါတီ၏ ဝါဒ၊ လမ်းစဉ်နှင့် လုပ်ငန်းစဉ်များ အမြန်ဆုံး အကောင်အထည်ဖော် နိုင်ရေးအတွက် ဥပဒေကြမ်းများကိုပြုစုပြီး လွှတ်တော်သို့တင်သွင်းကာ ဥပဒေတရပ်ဖြစ်သွားအောင် ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) နိုင်ငံရေးပါတီတခုခုသည် ရွေးကောက်ပွဲတွင် ပြည်သူလူထုအများစု၏ ထောက်ခံအားပေးမှု မရရှိနိုင်သော်လည်း ထိုပါတီများသည် အတိုက်အခံ နိုင်ငံရေးပါတီများအဖြစ် ဆက်လက်ရပ်တည်နိုင်သည်။ ထို့ကြောင့် ထို ပါတီ၏ ကိုယ်စားလှယ်များထဲမှ အရွေးခံသော ပြည်သူ့လွှတ်တော်ကိုယ် စားလှယ်များက ထိုပါတီ၏ဝါဒ၊ လမ်းစဉ်နှင့်အမြင်များကို တင်ပြပြီး ထို ပါတီက အများကောင်းကျိုးအတွက် တတ်နိုင်သရွေ့ ဆက်လက်ဆောင် ရွက်ရေး၊

(၅) အနိုင်ရပါတီများက လွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းရန် တင်သွင်းလာ သောဥပဒေကြမ်းများသည် တိုင်းပြည်အတွက် ကောင်းကျိုးထက်ဆိုးကျိုး

သာဖြစ်စေနိုင်သည်ဟု ယူဆပါက အတိုက်အခံပါတီများကကန့်ကွက် ဆန္ဒမဲပေးပြီး ဥပဒေကြမ်းများကို ဥပဒေမဖြစ်နိုင်ရေးအတွက် ဟန့်တား ဆောင်ရွက်နိုင်သည်။

(၆) ဒီမိုကရေစီစနစ်တွင် အနိုင်ရနိုင်ငံရေးပါတီက အာဏာရှင်ဆန်ဆန် ပြုမူဆောင်ရွက်ခြင်း မပြုလုပ်နိုင်ရေးအတွက် အတိုက်အခံပါတီများက ဝေဖန်၊ ပြစ်တင်၊ ဆန့်ကျင်၊ ထောက်ပြ၊ ဟန့်တားခြင်းများ ပြုလုပ်နိုင်သည်။ ထို့ကြောင့် အတိုက်အခံပါတီများ၏ အခန်းကဏ္ဍသည် ဒီမိုကရေစီစနစ်တွင် အလွန်အရေးကြီးသည်။

(၇) ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးပါတီများသည် ပါတီတခုနှင့်တခု ရှင်သန်ရပ်တည်နိုင်ရေးကို ဖျက်လိုဖျက်ဆီးလုပ်ရန် ကြိုးပမ်းခြင်းမျိုး မပြုလုပ်အပ်ပေ။ ပါတီတခုနှင့် တခု ယှဉ်ပြိုင်ခြင်းသည် ပြည်သူလူထုတရပ်လုံး၏ အကျိုးစီးပွားကို သူ့ထက်ကိုယ်ကသာအောင် ပိုမိုဆောင်ရွက်နိုင်ရန် ကြိုးပမ်းသောယှဉ်ပြိုင်ခြင်းသာလျှင် ဖြစ်သင့်သည်။

(၈) ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးပါတီများ၏ ကြီးမားသောတာဝန်တရပ်မှာ အစိုးရနှင့် ပြည်သူလူထုအကြား ပေါင်းကူးတံတားသဖွယ် ရပ်တည်ပြီး အစိုးရတရပ်၏လုပ်ဆောင်ချက်များကို မှန်ကန်ရိုးသားစွာ ပြည်သူလူထုထံ တင်ပြခြင်းနှင့် ပြည်သူလူထု၏ လိုလားချက်နှင့် အကျိုးစီးပွားများကို အစိုးရက လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ထိုပါတီများမှနိုင်ငံရေးသမားများက အစွမ်းကုန်ဆောင်ရွက်ပေးခြင်းစသည့် တာဝန်များဖြစ်သည်။

နိုင်ငံရေးသည် ''အာဏာပြဿနာ'' ဖြစ်ရာ နိုင်ငံရေးပါတီများ ဖွဲ့စည်းခြင်း၏ အဓိကရည်ရွယ်ချက်သည် အာဏာရရှိရေးအတွက် ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့် မူဝါဒတူညီကြသော နိုင်ငံသားများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ကြခြင်းသာလျှင်ဖြစ်သည်။ သို့ရာတွင် ဒီမိုကရေစီစနစ်၏ ကောင်းမြတ်သောအစဉ်အလာတခုမှာ ထိုအာဏာကို ပြည်သူလူထုဆန္ဒအတိုင်း ကျင့်သုံးနိုင်ရေးအတွက် ရွေးကောက်ပွဲများကိုကျင်းပပြီး နိုင်ငံရေးပါတီများစွာကို လွတ်လပ်စွာ ပါဝင်ယှဉ်ပြိုင်ရွေးချယ်ခွင့်ပေးထားခြင်းပင်ဖြစ်သည်။ ထို့အပြင် ရွေးကောက်ပွဲများတွင် ရှုံးနိမ့်သွားသောနိုင်ငံရေးပါတီများကိုလည်း အတိုက်အခံပါတီများအဖြစ် ဆက်လက်ရပ်တည်ရှင်သန်ခွင့်ပေးထားသောကြောင့် အနိုင်ရပါတီ

များအနေဖြင့် အာဏာအလွဲသုံးစားခြင်း မရှိရလေအောင် ဟန့်တားကာကွယ်ပေး နိုင်သည်။

## ၁၁။ ဒီမိုကရေစီစနစ်တွင် ဖွဲ့စည်းအပ်သော အစိုးရ၊ ညွှန့်ပေါင်းအစိုးရနှင့် အတိုက်အခံပါတီများ

နိုင်ငံရေးသည် အာဏာပြဿနာ ဖြစ်သည်။ ထိုနိုင်ငံရေးအာဏာကို ကိုင်တွယ်ကျင့်သုံးရာတွင် အထိရောက်ဆုံးနှင့်အထက်မြက်ဆုံးသောယန္တရားသည် အစိုးရဖြစ်သည်။ဒီမိုကရေစီစနစ်တွင် အုပ်ချုပ်ရေးအာဏာကို ထိပ်ဆုံးမှ ကိုင်တွယ်မောင်းနှင်သော ယန္တရားဖြစ်သည့်အစိုးရကို ပြည်သူလူထုက ရွေးချယ်တင်မြှောက်ကြသည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်သည် လူထုဆန္ဒကို ရွေးကောက်ပွဲများတွင် လွတ်လပ်စွာ ခံယူ၍ တရားဥပဒေနှင့်အညီအုပ်ချုပ်သူအစိုးရကို ရွေးချယ်တင်မြှောက်သောစနစ်ဖြစ်သည်။

ဒီမိုကရေစီစနစ်သည် အာဏာကို အကြမ်းဖက်သောနည်းလမ်းဖြင့် လုယူသိမ်းပိုက်ခြင်း မရှိရလေအောင် လူထုဆန္ဒဖြင့် ထိန်းချုပ်သောစနစ်လည်းဖြစ်သည်။ နိုင်ငံရေးအာဏာများကို အကြမ်းဖက်၍ အချင်းချင်း လုယူသိမ်းပိုက်ခြင်း မရှိရလေအောင် ထိန်းသိမ်းကာကွယ်ရာတွင် အကောင်းဆုံးသော အခြားနည်းလမ်းတရပ်မှာ အစိုးရတရပ်၏အုပ်ချုပ်ရေးသက်တမ်းကို ဥပဒေဖြင့် ကန့်သတ်ပြီး၊ ထိုကန့်သတ်ထားသော သက်တမ်းကုန်ဆုံးသော အခါ လူထုဆန္ဒကို အသစ်တဖန်ခံယူတောင်းဆိုနိုင်ရန် ရွေးကောက်ပွဲများကို ပုံမှန်ကျင်းပခြင်းဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီကျင့်စဉ်တရား၏ ကောင်းမြတ်သောအစဉ်အလာတရပ်မှာ အာဏာကို အကြမ်းဖက်လုယူသိမ်းပိုက်ခြင်း မရှိဘဲ၊ လူထုဆန္ဒနှင့်အညီ ရွေးကောက်ပွဲများ ကျင်းပ၍၊ ရွေးကောက်ပွဲတွင် အနိုင်ရရှိသော နိုင်ငံရေးပါတီ (ဝါ) နိုင်ငံရေးပါတီများထံသို့ ငြိမ်းချမ်းစွာ အာဏာကို လွှဲပြောင်းခြင်းပင် ဖြစ်သည်။

ဒီမိုကရေစီစနစ်တွင် အစိုးရတရပ်ကို ရွေးချယ်တင်မြှောက်ရာ၌ ကျင့်သုံးသောနည်းလမ်းများစွာ ရှိသည်။ ယခုခေတ်တွင် အသုံးအများဆုံးသော နည်းလမ်းမှာ သမ္မတ စနစ်၊ ပါလီမန်စနစ်၊ သမ္မတနှင့် ပါလီမန်စနစ်ကို ရောစပ်သည့် (Semi-Presidential System) များပင်ဖြစ်သည်။ ထိုစနစ်များကို အကြမ်းဖျင်းလေ့လာ တင်ပြသွားပါမည်။

သမ္မတစနစ်ကို လေ့လာရာတွင် အကောင်းဆုံးဥပမာတခုမှာ အမေရိကန်ပြည်ထောင်စုပင်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို ရောစပ်ခြင်းမရှိဘဲ ကင်းကင်းရှင်းရှင်း ခွဲခြားထားသည်။ ဥပဒေပြုရေးအာဏာကို ကိုင်တွယ်ကျင့်သုံးမည့် အထက်လွှတ်တော်နှင့်အောက် လွှတ်တော်များကို သီးခြားရွေးကောက်ပွဲများဖြင့် ရွေးကောက်တင်မြှောက်သည်။ အုပ်ချုပ်ရေးအာဏာကို ကိုင်တွယ်ကျင့်သုံးမည့်သမ္မတကိုလည်း သီးခြားရွေးကောက်ပွဲတရပ်ဖြင့် ရွေးချယ်တင်မြှောက်သည်။ တရားစီရင်ရေးအာဏာကို ကိုင်တွယ်ကျင့်သုံးမည့် တရား သူကြီးချုပ်များကို သမ္မတက လျာထားရွေးချယ်ပြီး လွှတ်တော် (၂) ရပ်၏ အတည်ပြုချက်ဖြင့် ခန့်အပ်ရသည်။ သမ္မတစနစ်တွင် အုပ်ချုပ်ရေးအာဏာကို ထိပ်ဆုံးမှ ကိုင်တွယ်ကျင့်သုံးမည့်သမ္မတကို ပြည်သူလူထုက တိုက်ရိုက်ရွေးချယ်တင်မြှောက်သည်။ ထိုသို့ရွေးချယ်တင်မြှောက်ခြင်းခံရသော သမ္မတက သူ့အစိုးရတွင် တာဝန်ထမ်းဆောင်မည့် ဝန်ကြီးအဖွဲ့ကို ရွေးချယ်ပြီး လွှတ်တော်၏အတည်ပြုချက်ဖြင့် ခန့်အပ်တာဝန်ပေးသည်။

ပါလီမန်စနစ်တွင်မူ ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာများကို ကိုင်တွယ်ကျင့်သုံးမည့် လွှတ်တော်ကိုယ်စားလှယ်များကို ပြိုင်တူရွေးချယ်တင်မြှောက်ရသည်။ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ် အများဆုံးနေရာကိုအနိုင်ရရှိသည့် နိုင်ငံရေးပါတီများက အုပ်ချုပ်ရေးကို ကိုင်တွယ်ကျင့်သုံးမည့်အစိုးရကို ဖွဲ့စည်းတာဝန်ယူရသည်။ ထို့ကြောင့် ပါလီမန်စနစ်တွင် အနိုင်ရပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေ ပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာများကို ပြိုင်တူကိုင်တွယ်ကျင့်သုံးပိုင်ခွင့် ရှိသည်။

ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာများကို ခွဲခြားကျင့်သုံးသော သမ္မတစနစ်တွင်ဖြစ်စေ၊ ပူးတွဲ၍ ကျင့်သုံးသော ပါလီမန်စနစ်တွင်ဖြစ်စေ၊ ထိုအာဏာ (၂) ရပ်စလုံးကို ကိုင်တွယ်ကျင့်သုံးခွင့် ရရှိနိုင်ရေးအတွက် နိုင်ငံရေးပါတီများစွာကို တည်ထောင်ဖွဲ့စည်းပြီး ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်လေ့ရှိကြသည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်သည်ပါတီစုံစနစ်နှင့် ကင်းကွာ၍မရပေ။ အနည်းဆုံးပါတီ (၂) ပါတီ ရှိရမည်။ ပါလီမန်စနစ်တွင် ပါတီစုံစနစ်ကို ကျင့်သုံးသည်ကများ၍၊ သမ္မတစနစ်တွင်မူ (၂) ပါတီစနစ်ဖြင့် ဒီမိုကရေစီကိုရှင်သန်အောင် ဖန်တီးနိုင်သည်။

ပါလီမန်စနစ်တွင် ပါတီစုံစနစ်ကိုကျင့်သုံးသောကြောင့် ရွေးကောက်ပွဲများတွင် နိုင်ငံရေးပါတီများစွာ ဝင်ရောက်ယှဉ်ပြိုင်ရသည်။ ထိုရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ် အများဆုံးနေရာကို ရရှိအနိုင်ယူလိုက်သည့်နိုင်ငံရေးပါတီများက အစိုးရကိုဖွဲ့စည်း၍ အုပ်ချုပ်ရေးအာဏာများကို ကိုင်တွယ်ကျင့်သုံးရသည်။ သို့ရာတွင် ပါလီမန်စနစ်၌ ဖြစ်လေ့ဖြစ်ထရှိသောအချက်တခုမှာ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီတခုတည်းက အပြတ်အသတ်အနိုင်မရဘဲ အစိုးရဖွဲ့နိုင်လောက်သည့် လွှတ်တော်ကိုယ်စားလှယ် အင်အား မရရှိခြင်းပင် ဖြစ်သည်။ ထိုအခါမျိုးတွင် ပါတီတခုတည်းဖြင့် အစိုးရဖွဲ့စည်းနိုင်ခြင်း မရှိတော့ဘဲ မိမိတို့နှင့် ပေါ်လစီချင်းတူညီသည့် အခြားပါတီများနှင့် ပူးပေါင်း၍ အစိုးရကို ဖွဲ့စည်းကြသည်။ ထိုသို့ ပါတီတခုတည်းဖြင့် မဟုတ်ဘဲ နီးစပ်ရာပါတီများ ပူးပေါင်း၍ ဖွဲ့စည်းသော အစိုးရကို ''ညွန့်ပေါင်းအစိုးရ''ဟု ခေါ်သည်။

ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်နေရာတချို့တွင်သာ အနိုင်ရရှိပြီး အစိုးရလည်း မဖွဲ့နိုင်၊ ညွန့်ပေါင်းအစိုးရတွင်လည်း ပါဝင်ခြင်းမရှိသော နိုင်ငံရေးပါတီများသည် လွှတ်တော်ထဲတွင် ''အတိုက်အခံပါတီ'' များအဖြစ် ဆက်လက်ရပ်တည်ရသည်။ ဒီမိုကရေစီစနစ်တွင် ညွန့်ပေါင်းအစိုးရများ ဖွဲ့စည်းခြင်းနှင့် အတိုက်အခံပါတီများ ရှိနေခြင်းသည် တိုင်းပြည်နှင့် ပြည်သူလူထုအတွက် အကျိုးများစွာ ဖြစ်ထွန်းစေသည်။ ညွန့်ပေါင်းအစိုးရနှင့် အတိုက်အခံပါတီများ ရှိခြင်းအားဖြင့်–

(၁) အနိုင်ရနိုင်ငံရေးပါတီက သူတို့၏ပေါ်လစီနှင့်လမ်းစဉ်များကို တဖက်သတ်ချမှတ်အကောင်အထည်ဖော်နိုင်ခြင်းမရှိဘဲ၊ ညွန့်ပေါင်းအစိုးရတွင် ပါဝင်သော အခြားနိုင်ငံရေးပါတီများ၏ ပေါ်လစီနှင့်လမ်းစဉ်များကိုပါ ထည့်သွင်းအကောင်အထည်ဖော်ရသောကြောင့် အစိုးရအတွင်း ပေါ်လစီညှိနှိုင်းခြင်း နှင့် အပေးအယူလုပ်ခြင်း ဖြစ်ပေါ်နိုင်သည်။

(၂) ထိုသို့ ပေါ်လစီညှိနှိုင်းခြင်းနှင့် အပေးအယူလုပ်ခြင်းများ ဖြစ်ပေါ်သောကြောင့် အစွန်းရောက်ဝါဒနှင့် တယူသန်အစိုးရများကို ရှောင်ရှားနိုင်သည်။

(၃) အတိုက်အခံနိုင်ငံရေးပါတီများရှိခြင်းအားဖြင့် အစိုးရတရပ်၏ လုပ်ဆောင်ချက်များ၊ ပေါ်လစီများကို လွှတ်တော်အတွင်း ပွင့်လင်းစွာ ဝေဖန်သုံးသပ်ခြင်းများ၊ ဆွေးနွေးငြင်းခုံခြင်းနှင့် ဟန့်တားခြင်းများ ပြုလုပ်နိုင်သည်။

(၄) ထိုသို့ လွှတ်တော်အတွင်းဝေဖန်ခြင်း၊ ကန့်ကွက်ခြင်းများကို အတိုက်အခံနိုင်ငံရေးပါတီများက ပြုလုပ်သောကြောင့် အနိုင်ရနိုင်ငံရေးပါတီ၏ ပေါ်လစီနှင့်လုပ်ငန်းစဉ်များသည် ပြည်သူလူထုအတွက် အကျိုးမရှိဟု ယူဆပါက ဆန့်ကျင်၊ ကန့်ကွက်၊ ပယ်ဖျက်သွားနိုင်သည်။

(၅) လွှတ်တော်အတွင်း အစိုးရနှင့်အတိုက်အခံပါတီများပွင့်လင်းစွာ၊ လွတ်လပ်စွာ ဝေဖန်ဆွေးနွေးငြင်းခုံခြင်းကြောင့် မည်သူမှန်သည်၊ မည်သူမှားသည်၊ မည်သည့်ပေါ်လစီက တိုင်းပြည်နှင့် ပြည်သူလူထုအတွက် ပို၍အကျိုးရှိနိုင်သည်ဟူသောအချက်များကို ပြည်သူလူထုတရပ်လုံး နားလည်သဘောပေါက်နိုင်သည်။

(၆) အစိုးရပေါ်လစီများ၊ လုပ်ဆောင်ချက်များနှင့် စီမံကိန်းများကို လက်တွေ့အကောင်အထည်မဖော်ခင် လွှတ်တော်အတွင်းအတိုက်အခံပါတီများက မေးခွန်းထုတ်ခြင်း၊ ဆွေးနွေးဝေဖန်ခြင်းများ ပြုလုပ်ရကြသောကြောင့် အစိုးရတရပ်အနေဖြင့် ထိုလုပ်ဆောင်ချက်များအပေါ် ပွင့်လင်းမှု၊ တာဝန်ခံမှုနှင့် တာဝန်ယူမှုများ ပိုရှိလာပြီး ပိုမိုများပြားထွန်းကားလာနိုင်သည်။

## ၁၂။ အစိုးရ၏ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု

ဒီမိုကရေစီစနစ်တွင် တိုင်းပြည်တာဝန်ကို ထမ်းဆောင်နေသော ပြည်သူ့ဝန်ထမ်းအားလုံး၏ လုပ်ဆောင်ချက်အားလုံးသည် တရားဥပဒေနှင့်အညီဖြစ်ကြောင်း တာဝန်ခံမှု ရှိရမည်။ ပြည်သူ့ဝန်ထမ်းဟုဆိုရာတွင် ရွေးကောက် တင်မြှောက်ခံရခြင်းဖြင့် နိုင်ငံ့တာဝန် ကိုထမ်းဆောင်နေကြသော နိုင်ငံရေးသမားများနှင့် ကျွမ်းကျင်မှုပညာနှင့် အရည်အချင်းကြောင့် နိုင်ငံ့တာဝန်ကိုထမ်းဆောင်နေကြသော အစိုးရဝန်ထမ်းများအားလုံးပါဝင်ကြသည်။

တိုင်းပြည်၏ယန္တရားအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းအားလုံးသည် မိမိတို့ တာဝန်ထမ်းဆောင်ချက်များကို ပြည်သူလူထုနှင့် ဥပဒေရှေ့မှောက်တွင် တာဝန်ယူရဲရမည့်အပြင် မိမိလုပ်ဆောင်ချက်အားလုံးကိုလည်း ဖုံးကွယ်ခြင်းမရှိဘဲ ရိုးသားပွင့်လင်းစွာ ပြည်သူလူထုထံသို့ အခါအားလျော်စွာ ရှင်းလင်းတင်ပြကြရမည်ဖြစ်သည်။ အစိုးရတရပ်၏ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမှု (Responsibility, Ac-

countability and Transparency) တို့ကို တိုင်းပြည်၏ ယန္တရားအသီးသီးအား အသုံးချ၍ ပြုလုပ်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် ဥပဒေရှုထောင့်၊ အုပ်ချုပ်ရေးရှုထောင့် နှင့် တရားစီရင်ရေးရှုထောင့် အသီးသီးမှ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်။

(၁) အစိုးရတရပ်၏လုပ်ဆောင်ချက်အားလုံးသည် ပွင့်လင်းမှုရှိပြီး ပြည်ထောင်စု တဝှမ်းလုံးရှိ ပြည်သူလူထု တရပ်လုံးကို တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည် ဖြစ်ကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့်သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်အဆင့်ဆင့်မှ အခါအားလျော်စွာ ပြဋ္ဌာန်းထားသောဥပဒေများဖြင့်သော်လည်းကောင်း၊ အဆင့်ဆင့်သောအစိုးရများ၏ ဥပဒေကဲ့သို့ အာဏာပါသောအမိန့်ပြန်တမ်းစာဖြင့်သော်လည်းကောင်း ဥပဒေအသီးသီးရေးဆွဲပြဋ္ဌာန်းရမည်။

(၂) ပြည်ထောင်စုတွင် ထူထောင်ထားသည့်အဆင့်ဆင့်သော တရားရုံးများက အစိုးရတရပ်ရပ်၏ လုပ်ဆောင်ချက်များ ပွင့်လင်းမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိနိုင်ရေးအတွက် လွတ်လပ်သော တရားစီရင်မှုနှင့် တရားဥပဒေ စိုးမိုးရေးကိုဦးထိပ်ထားရမည်။ ဆိုလိုသည်မှာ အုပ်ချုပ်ရေးအာဏာများကို လက်ဝယ်ကိုင်ထားကျင့်သုံးနေကြသော အစိုးရတရပ်သည် ဥပဒေ အထက် (Above the law) တွင် မရှိကြောင်း၊ တရားဥပဒေဘောင်အတွင်းတွင်သာလျှင် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ကြောင်းဖြင့် တရားရုံးများက ထိန်းညှိစောင့်ထိန်းရမည်။

(၃) ပြည်ထောင်စု၏ တရားရေးဆိုင်ရာယန္တရားများကိုအသုံးပြု၍၊ အဆင့်ဆင့်သော ပြည်သူ့ဝန်ထမ်းများနှင့် ရွေးကောက်ခြင်းဖြင့် ရွေးချယ်တင်မြှောက်ခံရသော နိုင်ငံ့ဝန်ထမ်းများအားလုံးအတွက် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အစိုးရရုံးဌာနများ၏ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းပေးရမည်။

(၄) ပြည်ထောင်စုအတွင်းရှိ တရားရုံးများအား အစိုးရတရပ်ရပ်နှင့် ပြည်သူ့ဝန်ထမ်းအားလုံး၏ လုပ်ငန်းဆောင်ရွက်မှုအားလုံးကို တရားဥပဒေနှင့် အညီရှိ– မရှိ စုံစမ်းစစ်ဆေးပိုင်ခွင့်အာဏာ ပေးအပ်ထားရမည်။ (Judicial Review)

(၅) တိုင်းပြည်တာဝန်ကို ထမ်းဆောင်ကြမည့်ဝန်ထမ်းများ၊ အထူးသဖြင့် ရွေးကောက်တင်မြှောက်ခံရခြင်းဖြင့် တိုင်းပြည်တာဝန်ကို ထမ်းဆောင်နေကြသောဝန်ထမ်း (နိုင်ငံရေးသမား) များသည် မိမိတို့၏ကိုယ်ပိုင်စီးပွားရေးနှင့် အများပြည်သူ၏အကျိုးစီးပွားများ အချင်းချင်းဆန့်ကျင်ပြီး ဒွေးရောယှက်တင်ပဋိပက္ခ (Conflict of Interest) မဖြစ်ပွားရလေအောင် မိမိတို့၏ပိုင်ဆိုင်မှုများအားလုံးကို နိုင်ငံ့ဝန်ထမ်းနှင့် ပြည်သူလူထုထံသို့ ပွင့်လင်းစွာ တင်ပြရမည်။ ထိုသို့ တရားဥပဒေနှင့်အညီ ပြုလုပ်ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေများ (Conflict of Interest and Financial Disclosure Law) ကို ပြဋ္ဌာန်းရမည်။

(၆) ပြည်ထောင်စု၏ အုပ်ချုပ်ရေးအဆင့်ဆင့်တွင် ပွင့်လင်းမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုများ အပြည့်အစုံရှိစေနိုင်ရေးအတွက် အောက်ပါကိစ္စများကိုလည်း ဆောင်ရွက်ရမည်။

(က) ပြည်သူ့အကျိုး(ဝန်ထမ်းများအပါအဝင်) ကာကွယ်ရေး (Ombudsman)

(ခ) လွတ်လပ်သော စာရင်းစစ် (Independent Auditors)

(ဂ) ပြည်သူလူထု၏ မကျေနပ်ချက်များကို တိုင်တန်းပြီး စုံစမ်းစစ်ဆေးသော အုပ်ချုပ်ရေးဆိုင်ရာ တရားရုံး (Administrative Court)

(ဃ) အကျင့်သိက္ခာစောင့်ထိန်းသည့် (Ethical Rules) စသည်များ ပါဝင်သည်။

(၇) အစိုးရတရပ်၏ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်ပွင့်လင်းမှုများကို ပြည်သူလူထုက စောင့်ကြည့်ပြီး၊ ရိုးသားပွင့်လင်းမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုမရှိသည့် အစိုးရတရပ်ကို တရားဥပဒေနှင့်အညီ အရေးယူမှုများ ပြုလုပ်နိုင်ရုံသာမကထိုအစိုးရကို အခါအားလျော်စွာ ကျင်းပသော လွတ်လပ်သန့်ရှင်းသည့် ရွေး ကောက်ပွဲကို ကျင်းပစေပြီး၊ ထိုအစိုးရကို ဖြုတ်ချခြင်း၊ အခြားနိုင်ငံရေးပါတီများကို အစားထိုး၍ ရွေးကောက်တင်မြှောက်ခြင်းများ ပြုလုပ်နိုင်သည်။

## ၁၃။ ပြည်သူလူထု၏တာဝန်နှင့် ဝတ္တရားများ

ဒီမိုကရေစီစနစ်နှင့် အာဏာရှင်စနစ်တို့၏ ကွာခြားချက်တရပ်မှာ ဒီမိုကရေစီစနစ်တွင် ပြည်သူလူထုက မိမိတို့၏အကျိုးစီးပွားကို မိမိတို့ကိုယ်စား ကာကွယ်စောင့်ရှောက်၍မိမိတို့ဘဝ တိုးတက်ရာ တိုးတက်ကြောင်းကို မိမိတို့ကိုယ်စား တာဝန်ယူဆောင်ရွက်ပေး မည့်အစိုးရတရပ်ကို မိမိတို့ကိုယ်တိုင်က ရွေးချယ်တင်မြှောက်ခြင်းပင်ဖြစ်သည်။

ပြည်သူလူထုကိုယ်တိုင်က မိမိတို့ပိုင်ဆိုင်ထားသော အချုပ်အခြာအာဏာများကိုမိမိတို့ကိုယ်စား ကျင့်သုံးခွင့်ပေး၍ မိမိတို့၏အကျိုးစီးပွားကို ကာကွယ်စောင့်ထိန်းပြီး မိမိတို့ဘဝ တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ရန် ရွေးချယ်ထားသော အစိုးရတရပ်ဖြစ်သောကြောင့် ပြည်သူလူထုကိုယ်တိုင်ကလည်း အစိုးရကို တာဝန်ခံရမည်။ တာဝန်လည်း ယူကြရမည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်အတွင်းရှိ ပြည်သူလူထုတရပ်လုံးထံတွင် အောက်ပါတာဝန်ဝတ္တရားများ ရှိသည်။

(၁) ဒီမိုကရေစီစနစ်တွင် ပြည်သူလူထုတရပ်လုံးသည် ပြည်ထောင်စု၏အရေးအရာကိစ္စအားလုံး၌ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပတ်သက် လုပ်ဆောင်ခွင့် (Participation) ရှိရမည်။ မိမိကိုယ်တိုင် ပါဝင်ရွေးချယ် တင်မြှောက်ခွင့်လည်းရှိသည်။

(၂) ထိုသို့ ပါဝင်ပတ်သက်ဆောင်ရွက်ရာတွင် မိမိတို့လိုလားသော ပြည်သူ့ကိုယ်စားလှယ်လောင်းများကို ရွေးကောက်ပွဲတွင် ပါဝင်ဆန္ဒမဲပေးခြင်းမှစ၍ ပြည်သူ့လွှတ်တော်အဆင့်ဆင့်နှင့် အစိုးရအဆင့်ဆင့်၏လုပ်ငန်းဆောင်ရွက်ချက်များတွင် မိမိ၏အမြင်ကို ရိုးသားပွင့်လင်းစွာ တင်ပြခြင်း၊ ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း၊ ဆန္ဒပြခြင်းများ ပြုလုပ်နိုင်သည်။

(၃) ဒီမိုကရေစီစနစ်တွင် ပြည်သူလူထုထံ အခွင့်အရေးများသာမက တာဝန် (Responsibilities) များလည်း ရှိကြသည်။ ထို့ကြောင့် နိုင်ငံသားတိုင်းက မိမိတို့၏အခွင့်အရေးအတွက် မိမိတို့ကိုယ်တိုင် တာဝန်ယူဆောင်ရွက်ရမည်။ တပါးသူကို အားကိုး၍မရသောစနစ် ဖြစ်သည်။

(၄) ဒီမိုကရေစီစနစ်တွင် အစိုးရဆိုသည်မှာ ပြည်သူလူထုက ပိုင်ဆိုင်ထားသောပိုင်ဆိုင်မှုတခုပင် ဖြစ်သည်။ ထို့ကြောင့် ပြည်သူလူထုက မိမိတို့ပိုင်

ဆိုင်ထားသောအစိုးရယန္တရားအားလုံး ကောင်းမွန်ချောမွေ့စွာ လည်ပတ်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီရမည်။ သို့မှသာ အစိုးရက ပြည်သူလူထုကို တာဝန်ခံမှု (Accountability) ရှိလာမည်ဖြစ်သည်။

(၅) ဒီမိုကရေစီစနစ်တွင် ပြည်သူလူထုတရပ်လုံးသည် အစိုးရ ပုံမှန်လည်ပတ် အလုပ်လုပ်နိုင်ရေးအတွက် မိမိတို့ လုပ်အားခနှင့်ဝင်ငွေများထဲမှ အခွန်တော်များကို ပုံမှန်ပေးဆောင်ခြင်း၊ တရားဥပဒေများကို သေချာစွာလိုက်နာဆောင်ရွက်ခြင်း၊ စည်းကမ်းသေဝပ်ခြင်းနှင့် တိုင်းပြည်၏လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းတာဝန်ယူခြင်း စသော တာဝန်နှင့် ဝတ္တရားများကို ဆောင်ရွက်ကြရမည်။

(၆) ဒီမိုကရေစီစနစ်တွင် လူထုက မိမိတို့လူ့အဖွဲ့အစည်း ကောင်းမွန်တိုးတက်ရေးအတွက် အရာရာကို တာဝန်ယူရသလို တာဝန်လည်းခံရသော "စနစ်" ဖြစ်သည်။ ထို့ကြောင့် လူထုက မိမိတို့လူ့အဖွဲ့အစည်းအတွက် တာဝန်ယူခြင်း (Responsibility)၊ တာဝန်ခံခြင်း (Accountability)၊ ပွင့်လင်းခြင်း (Transparency) ရှိပါက လူ့အဖွဲ့အစည်းလည်း တိုးတက်သာယာမည်။ လူထုမှ ကောင်းမွန်မှန်ကန်၍ တရားမျှတစွာ တာဝန်ထမ်းဆောင်နိုင်သော အစိုးရကို ရွေးချယ်နိုင်ပါက တိုင်းပြည်လည်း သာယာတိုးတက်မည် ဖြစ်သည်။

(၇) ဒီမိုကရေစီစနစ်တွင် အစိုးရကို ပြည်သူက ရွေးချယ်တင်မြှောက်ပြီး မိမိ၏ ကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်ထားသော်လည်း အစစအရာရာ အားလုံးကို အစိုးရထံ ပုံအပ်ထားသော "စနစ်" မဟုတ်ပေ။ လူ့အဖွဲ့အစည်း တရပ်၏လိုအပ်ချက်များစွာနှင့် ကဏ္ဍများစွာတို့ကို ပြည်သူလူထုက တိုက်ရိုက်ဖြည့်စွက်ပြီး တာဝန်ယူဆောင်ရွက်ကြရမည်။ ထို့ကြောင့် လွတ်လပ်သော လူမှုအဖွဲ့အစည်း (Civil Society) များသည် ဒီမိုကရေစီစနစ်တွင် အထူးအရေးကြီးသော အင်္ဂါရပ်တခု ဖြစ်သည်။

## ၁၄။ ဒီမိုကရေစီစနစ်တွင် မရှိမဖြစ်လိုအပ်သည့် လူထုအခြေပြု အဖွဲ့အစည်းများ (Civil Society)

ဒီမိုကရေစီစနစ်သည် နိုင်ငံသားများက အချုပ်အခြာအာဏာကို ပိုင်ဆိုင်သော စနစ်ဖြစ်သည်။ အချုပ်အခြာအာဏာကို ပိုင်ဆိုင်ထားသော နိုင်ငံသားများသည် အုပ်ချုပ်ရေးယန္တရားများကို ကိုင်တွယ်ကျင့်သုံးမည့်အစိုးရကို ရွေးချယ်တာဝန်ပေးရုံသာမက တိုင်းပြည်လုံခြုံရေးကို တာဝန်ယူမည့် ‘‘တပ်မတော်’’ကို ဖွဲ့စည်းပြီး နိုင်ငံသားများ၏ ချွေးနှဲစာဖြင့် အခွန်ဆောင်၍ တပ်မတော်အပါအဝင် ပြည်သူ့ဝန်ထမ်းအားလုံးကို အလုပ်အကျွေးပြုသည်။ ထို့မျှမက ပြည်ထောင်စုအတွင်း၌ ပြည်သူလူထုတရပ်လုံး လွတ်လပ်စွာ ကုန်သွယ်ရောင်းဝယ်နိုင်ရေးအတွက် တရားဥပဒေများ ပြဋ္ဌာန်း၍ လွတ်လပ်သော စီးပွားကုန်သွယ်ခွင့်လည်း ရှိသည်။

လူ့အဖွဲ့အစည်းတရပ်တွင် အုပ်ချုပ်ရေးနှင့် လုံခြုံရေးကို တာဝန်ယူသောအစိုးရနှင့် တပ်မတော်သာမက အမြတ်အစွန်းကိုရည်စူး၍ စီးပွားရေးလုပ်နေသော ကုန်သည်အသိုင်းအဝိုင်းများလည်းရှိသည်။ ထို့အပြင် အစိုးရ၏နိုင်ငံရေးယန္တရားနှင့် ဝန်ထမ်းလောကထဲတွင်သော်လည်းကောင်း၊ စီးပွားရေးလောကထဲတွင်သော်လည်းကောင်း၊ မပါဝင်မပတ် သက်သော လူမှုအသိုင်းအဝိုင်းနှင့် လူထုအဖွဲ့အစည်းများရှိသေးသည်။ ထိုအဖွဲ့အစည်းများကို လူထုအခြေပြုအဖွဲ့အစည်း (Civil Society) ဟုခေါ်သည်။ လူထုအခြေပြုအဖွဲ့အစည်းများသည် လူ့အဖွဲ့အစည်း ကြီးပွားကောင်းစားရေး၊ ငြိမ်းချမ်းသာယာရေးနှင့် လူသားအချင်းချင်း ကူညီစောင့်ရှောက်ရေးအတွက် ဖွဲ့စည်းထားသော အဖွဲ့အစည်းများဖြစ်သည်။ နိုင်ငံရေးအာဏာရရှိရေးအတွက်သော်လည်းကောင်း၊ စီးပွားရေး အမြတ်အစွန်း ရရှိရေးအတွက်သော်လည်းကောင်း ရည်ရွယ်၍ ဖွဲ့စည်းထူထောင်သော အဖွဲ့အစည်းများ မဟုတ်ကြပေ။

လူထုအခြေပြုအဖွဲ့အစည်းများသည် နိုင်ငံရေးအာဏာနှင့် ကင်းရှင်းရမည့်အပြင်၊ အမြတ်အစွန်းကို ရည်ရွယ်သော စီးပွားရေးလုပ်ငန်းများနှင့်လည်း ကင်းရှင်းစေရမည်။ ထို့ကြောင့် လူထုအခြေပြုအဖွဲ့အစည်းများ၏ အဓိကထားလုပ်ဆောင်လျက်ရှိသော လုပ်ငန်းများမှာ –

(၁) ပြည်သူလူထုတို့၏ လူနေမှုဘဝ တိုးတက်မြင့်မားရေး၊ လူ့အဖွဲ့အစည်း ငြိမ်းချမ်းသာယာရေးနှင့် လူသားချင်းစာနာထောက်ထားစိတ်ဖြင့် အချင်းချင်း ကူညီပံ့ပိုးရေးစသည့် ပရဟိတလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(၂) ထိုသို့ အချင်းချင်း ကူညီပံ့ပိုးနိုင်ရေးအတွက် လူထုပညာပေးလုပ်ငန်းများ၊ စည်းရုံးရေးလုပ်ငန်းများနှင့် စုပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခြင်း၊

(၃) ပြည်သူလူထု– အထူးသဖြင့် ဆင်းရဲနွမ်းပါး၍ ပညာမဲ့သော လူ့အသိုင်းအဝိုင်းတွင် နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများ ရရှိခံစားနိုင်ရေး၊ ပြည်သူလူထုအတွက် အစိုးရ၏ လုပ်ဆောင်ချက်များ ထိရောက်မှု ရှိ– မရှိ၊ စောင့်ကြည့် လေ့လာစုံစမ်းကာ အကျိုးမရှိဟုဆိုပါက အစိုးရ၏လုပ်ရပ်များကို ဝေဖန်သုံးသပ်ပြီး လမ်းကြောင်းတည့်မတ်ပေးခြင်း(သို့မဟုတ်) ပယ်ဖျက်ခြင်း၊ ရပ်ဆိုင်းခြင်းများ ပြုလုပ်ရေး၊ ထို့အပြင် အစိုးရတရပ်၏ လုပ်ဆောင်ချက်များက တိုင်းပြည်နှင့် ပြည်သူလူထုအတွက် အမှန်တကယ်အကျိုး ရှိ–မရှိကို ပြည်သူလူထုကိုယ်တိုင် နားလည်သဘောပေါက်အောင် လူထုပညာပေးလုပ်ငန်းများ လုပ်ဆောင်ခြင်း၊

(၄) လူထုအခြေပြုအဖွဲ့အစည်းများက လူ့အဖွဲ့အစည်းတရပ်၏ လိုအပ်ချက်များစွာကို ဘက်ပေါင်းစုံမှပါဝင်ကူညီလုပ်ဆောင်ပေးနိုင်သည်။ ဥပမာ– သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ဆောင်ခြင်း၊ အမျိုးသမီးအခွင့်အရေးအတွက် တိုက်ပွဲဝင်ခြင်း၊ လူနည်းစုများ၏အခွင့်အရေးများကို တောင်းဆိုတိုက်ပွဲဝင်ခြင်း၊ ခန္ဓာကိုယ်ချို့တဲ့မှုကြောင့်သော်လည်းကောင်း၊ အခြားသောအကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း လူစဉ်မမီဘဝသို့ ရောက်ရှိနေသူများကို အကူအညီပေးနိုင်ရေးအတွက် စုပေါင်းလုပ်ဆောင်ခြင်း၊

(၅) လူထုအခြေပြုအဖွဲ့အစည်းများသည် လူ့အဖွဲ့အစည်း၏လိုအပ်ချက်များကို ဘက်ပေါင်းစုံမှ ကူညီဆောင်ရွက်ပေးသောအဖွဲ့အစည်းများဖြစ်သောကြောင့်အမျိုးသားနိုင်ငံရေး လုပ်နေကြသည်ဟု ဆိုနိုင်သည်။ သို့ရာတွင် လူထုအခြေပြုအဖွဲ့အစည်းနှင့် နိုင်ငံရေးပါတီတို့၏ကွာခြားချက်မှာ နိုင်ငံရေးပါတီများသည် ''အာဏာရရှိရေး'' အတွက် ဖွဲ့စည်းထူထောင်သောအဖွဲ့အစည်းများဖြစ်ကြပြီး၊ လူထုအခြေပြုအဖွဲ့အစည်းများသည် နိုင်ငံရေးအာဏာ ရရှိရေးအတွက် ဖွဲ့စည်း ထူထောင်ထားခြင်း မဟုတ်ဘဲ၊ လူ့အဖွဲ့

အစည်းကို စေတနာသန့်သန့်ဖြင့် အကျိုးဆောင်သောအဖွဲ့အစည်းများ ဖြစ်ကြသည်။

(၆) လူထုအခြေပြုအဖွဲ့အစည်းများသည် လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များကိုဖြည့်စွက်ရန် ဖွဲ့စည်းထားသောအဖွဲ့အစည်းများဖြစ်ကြသည်နှင့်အညီ တခါတရံတွင် အစိုးရက ပြည်သူလူထုအကျိုးအတွက် ဆောင်ရွက်သောလုပ်ငန်းများတွင် အစိုးရနှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်သည်။ သို့ရာတွင် အစိုးရ၏သြဇာခံ မဖြစ်စေရ။

(၇) လူထုအခြေပြုအဖွဲ့အစည်းများသည် လူ့အဖွဲ့အစည်းတိုးတက်ရေးနှင့် စည်ပင်သာယာရေးကို ဆောင်ရွက်နေကြသော အဖွဲ့အစည်းများဖြစ်သည်နှင့်အညီ လူ့အဖွဲ့အစည်းကို နိုင်ငံရေးအရ အလုပ်အကျွေးပြုရန် ဖွဲ့စည်းထားသော နိုင်ငံရေးပါတီများကို စည်းရုံးခြင်း၊ နှိုးဆော်ခြင်း၊ တွန်းအားပေးခြင်းများ ပြုလုပ်နိုင်သည်၊ (သို့တည်းမဟုတ်) နိုင်ငံရေးပါတီတရပ်ရပ် (သို့မဟုတ်) အစိုးရတရပ်ရပ်၏လုပ်ဆောင်ချက်များကိုလည်း လူထုအတွက်အကျိုးမပြုရုံသာမက အန္တရာယ်ပြု ခြိမ်းခြောက်သည်ဟု ယူဆပါက ပြည်သူလူထုအင်အားဖြင့် ဆန့်ကျင်ကန့်ကွက်နိုင်သည်။

(၈) လူထုအခြေပြုအဖွဲ့အစည်းများသည် ဒီမိုကရေစီစနစ်တွင် မရှိမဖြစ်လိုအပ်သောဒီမိုကရေစီကျင့်စဉ်တရား၏အင်္ဂါရပ်တခုဖြစ်သည်။ ထို့ကြောင့် လူထုအခြေပြုအဖွဲ့အစည်းက ဒီမိုကရေစီ ထွန်းကားရှင်သန်ရေးအတွက် အထောက်အကူပြုလုပ်ငန်းများစွာကို လုပ်ဆောင်နိုင်သည်။ အထူးသဖြင့်–

(က) လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်း၊ လူ့အခွင့်အရေးတိုးတက်ရှင်သန်ရေးကို လုပ်ဆောင်ခြင်း၊ လူ့အခွင့်အရေးကို ပြည်သူလူထုက နားလည်နိုင်စေရန်နှင့် မိမိကိုယ်ကိုမိမိ ကာကွယ်နိုင်ရန် ပညာပေးခြင်း၊

(ခ) တရားဥပဒေစိုးမိုးရေးအတွက် လူထုပညာပေးလုပ်ငန်းများ လုပ်ဆောင်ခြင်း၊ မတရားသဖြင့် ဖမ်းဆီးချုပ်နှောင်ခံရသူများလွတ်မြောက်ရေးအတွက် ဆောင်ရွက်ခြင်း၊ (ရှေ့နေငှားပေးခြင်း၊ ဆန္ဒပြခြင်း၊ နှိုးဆော်တိုက်တွန်းစာများ ဖြန့်ချိခြင်းစသည့်) နှင့် မတရားသောဥပဒေများ ပြင်ဆင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်း၊

(ဂ) ကျား/မ တန်းတူရေးအပါအဝင် အမျိုးသမီးများနှင့်အမျိုးသမီးအဖွဲ့အစည်းများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်း၊ မြှင့်တင်ခြင်းနှင့် ပညာပေးခြင်း၊

(ဃ) သတင်းမီဒီယာ လွတ်လပ်ရေးအတွက် တတပ်တအား ပါဝင်လှုပ်ရှားခြင်း၊ ပညာပေးခြင်း၊

(င) နိုင်ငံရေးပါတီများ၏ ပေါ်လစီနှင့်ရှေ့လုပ်ငန်းစဉ်များ ချမှတ်ရာတွင် လူထုအကျိုးနှင့်လူ့အဖွဲ့အစည်းအကျိုးကို အမှန်တကယ်ထမ်းဆောင်နိုင်ရေးအတွက် တိုက်တွန်းနှိုးဆော်ခြင်း၊ ကိုယ်ကျိုးရှာနိုင်ငံရေးသမားများက နိုင်ငံရေးပါတီများကို အသုံးချ၍ လူ့အဖွဲ့အစည်းကို အန္တရာယ်ဖြစ်လာစေမည့်လုပ်ရပ်များကို ဖော်ထုတ်ခြင်း၊ ဟန့်တားခြင်း၊

(စ) အစိုးရ၏ လုပ်ရပ်မှန်သမျှတွင် တာဝန်ခံမှုနှင့် တာဝန်ယူမှု ရှိ–မရှိ စောင့်ကြည့်လေ့လာခြင်း၊ လာဘ်ပေးလာဘ်ယူမှုအပါအဝင် အစိုးရက ပြည်သူလူထုကို ဖိနှိပ်ချယ်လှယ်ခြင်းမှ ကင်းဝေးအောင် ဆောင်ရွက်ခြင်း စသည့် လုပ်ငန်းမျိုးစုံကို လုပ်ဆောင်နိုင်သည်။

## ၁၅။ ဒီမိုကရေစီစနစ်တွင် ထားရှိအပ်သော တပ်မတော်၏အခန်းကဏ္ဍများ

လွတ်လပ်၍ အချုပ်အခြာအာဏာ ပိုင်ဆိုင်ထားသော တိုင်းပြည်တခုရှိ နိုင်ငံသားအားလုံး၏ အဓိကတာဝန်မှာ အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးပင်ဖြစ်သည်။ ထိုသို့ အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် တိုင်းပြည်၏ယန္တရားအဆင့်ဆင့်ကို ဖန်တီးထူထောင်ရမည်။ အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် ဖွဲ့စည်းထူထောင်ထားသည့် တိုင်းပြည်၏ယန္တရားများကို အကြမ်းအားဖြင့် နှစ်မျိုးနှစ်စားခွဲခြားနိုင်သည်။ ယင်းတို့မှာ (၁) အုပ်ချုပ်ရေးယန္တရား (၂) လုံခြုံရေးယန္တရားတို့ ဖြစ်သည်။

အုပ်ချုပ်ရေးယန္တရားတွင် တိုင်းပြည်၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေးအာဏာများကို တိုက်ရိုက်ကိုင်တွယ်ကျင့်သုံးသော အစိုးရများ၊ တရားရုံးများနှင့် လွှတ်တော်အဆင့်ဆင့်တို့သာမက နိုင်ငံ့ဝန်ထမ်းအားလုံးလည်း ပါဝင်နေကြသည်။ လုံခြုံရေးယန္တရားတွင် ပြည်ထောင်စုလုံခြုံရေးနှင့်အေးချမ်းသာယာရေးကို ကာကွယ်

စောင့်ရှောက်ရန် တိုက်ရိုက်တာဝန်ပေးခြင်းခံရသော တပ်မတော်နှင့် ပြည်သူ့ရဲတပ်ဖွဲ့ များ ပါဝင်သည်။

ဒီမိုကရေစီစနစ်တွင် တိုင်းပြည်အုပ်ချုပ်ရေးနှင့် လုံခြုံရေးယန္တရားများကို ရောစပ်ခြင်းမရှိဘဲ၊ သီးခြားစီဖြင့် ကဏ္ဍကိုခွဲ၍ တာဝန်များကို ထမ်းဆောင်စေသည်။ ထိုသို့ ရှင်းလင်းစွာဖြင့် သီးခြားစီတာဝန်ထမ်းဆောင်နေကြသောကြောင့် လုံခြုံရေးတာဝန်ကို ထမ်းဆောင်နေကြသော တပ်မတော်သားများအနေဖြင့် တိုင်းပြည်အုပ်ချုပ်ရေးယန္တရားများတွင် ပါဝင်ပတ်သက်ခြင်း မပြုအပ်ပေ။ အုပ်ချုပ်ရေးတွင် ပါဝင်ပတ်သက်ရန် မလိုအပ်သောကြောင့် နိုင်ငံရေးမှလည်း ကင်းရှင်းစွာ နေရမည်။

ဒီမိုကရေစီစနစ်၏ထူးခြားသောအင်္ဂါရပ်တခုမှာ တိုင်းပြည်၏လုံခြုံရေးတာဝန်ကိုထမ်းဆောင်နေရသည့် တပ်မတော်နှင့် ရဲတပ်ဖွဲ့များအား တိုင်းပြည်အုပ်ချုပ်ရေးတာဝန်ကိုထမ်းဆောင်ရန်အတွက် ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသော အရပ်သားအစိုးရ၏လက်အောက်တွင် တာဝန်ထမ်းဆောင်နေကြသော ပြည်သူ့ဝန်ထမ်းတရပ်အဖြစ်ရှိနေစေခြင်းဖြစ်သည်။

ထို့ကြောင့် ဒီမိုကရေစီစနစ်တွင် –

(၁) အုပ်ချုပ်ရေးယန္တရားကို တာဝန်ယူထမ်းဆောင်သော "အစိုးရ" နှင့် လုံခြုံရေးယန္တရားကို တာဝန်ထမ်းဆောင်နေသော"တပ်မတော်"ကို သီးခြားယန္တရားများအဖြစ် အသိအမှတ်ပြု၍ သီးခြားစီဖြင့်တာဝန်ထမ်းဆောင်စေရမည်။

(၂) အုပ်ချုပ်ရေးယန္တရားကို တာဝန်ယူထမ်းဆောင်နေသောအစိုးရနှင့် လုံခြုံရေးတာဝန်ကို ထမ်းဆောင်နေသောတပ်မတော်တို့သည် တိုင်းပြည်အချုပ်အခြာ အာဏာတည်မြဲရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတွင် တာဝန်အရှိဆုံး နိုင်ငံ့ယန္တရားများ ဖြစ်ကြသည်။ ထို့ကြောင့် နီးကပ်စွာ တာဝန်ထမ်းဆောင်ကြရမည်။

(၃) အစိုးရနှင့် တပ်မတော်တို့သည် တိုင်းပြည်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် နီးကပ်စွာ တာဝန်ထမ်းဆောင်ကြရမည် ဖြစ်ပါသော်လည်း ဒီမိုကရေစီစနစ်တွင် တပ်မတော်သည် အရပ်သားအစိုးရ၏ အမိန့်ကို နာခံရသည်။ ထို့ကြောင့် တိုင်းပြည်အုပ်ချုပ်ရေးတာဝန်ကို ထမ်းဆောင်

ပြီး၊ နိုင်ငံ့ဦးသျှောင်လည်းဖြစ်သည့် ပြည်ထောင်စုသမ္မတသည် ပြည်ထောင်စု၏ စစ်သေနာပတိချုပ်တာဝန်ကိုပါ ပူးတွဲထမ်းဆောင်ရမည်။

(၄) ဒီမိုကရေစီစနစ်တွင် လုံခြုံရေးတာဝန်ကို ထမ်းဆောင်နေကြသော တပ်မတော်သားများသည် အုပ်ချုပ်ရေးယန္တရားများကို တိုက်ရိုက်ကိုင်တွယ်ခွင့်မရှိသည့်အပြင် အုပ်ချုပ်ရေးတာဝန်ထမ်းဆောင်ခြင်းမှလည်း ကင်းရှင်းရမည်။ ထို့ကြောင့် ဒီမိုကရေစီအရပ်သားအစိုးရ၏ ကာကွယ်ရေးဝန်ကြီးရာထူးကို လက်ရှိတာဝန်ထမ်းဆောင်နေသော တပ်မတော်သားများအား ခန့်အပ်တာဝန်ပေးခြင်း မပြုသင့်ပေ။ ကာကွယ်ရေးဝန်ကြီးသည် အရပ်သားတဦးသာ ဖြစ်ရမည်။

(၅) တပ်မတော်သားများအနေဖြင့် အုပ်ချုပ်ရေးယန္တရား၏ တာဝန်များကို တိုက်ရိုက်ထမ်းဆောင်ခွင့်မရှိသောကြောင့် နိုင်ငံရေးနှင့်ကင်းရှင်းရပေမည်။ သို့သော် နိုင်ငံရေးလုပ်ရန် ဆန္ဒရှိပါက တပ်မတော်မှ တရားဝင်နုတ်ထွက်ပြီးမှသာ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး နိုင်ငံရေးတာဝန်များကို ထမ်းဆောင်သင့်သည်။

# အခန်း (၄)
# လွှတ်လပ်မှု၏ အခြေခံသဘောတရားများ

ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရခြင်း၏ ပထမရည်ရွယ်ချက်သည် ပြည်သူလူထုတရပ်လုံးက စုပေါင်းပိုင်ဆိုင်ထားသော အချုပ်အခြာအာဏာကို လူကိုယ်စားကျင့်သုံးမည့် 'အစိုးရ' စနစ်တကျဖွဲ့စည်းထူထောင်ရေးပင် ဖြစ်ပါသည်။

နိုင်ငံရေးအာဏာသည် တန်ခိုးကြီးသည်။ ထိုကဲ့သို့ တန်ခိုးကြီးသည့် နိုင်ငံရေးအာဏာကို ကိုင်တွယ်ကျင့်သုံးမည့် အစိုးရက အာဏာအလွဲသုံးစားခြင်း မပြုရလေအောင် ထိုအစိုးရ၏လုပ်ပိုင်ခွင့်အာဏာများကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပြန်လည်ကန့်သတ်၍ဘောင်ခတ်ထိန်းချုပ်ပေးရန် လိုအပ်ပါသည်။ ထို့ကြောင့် လူထုကိုယ်စား အချုပ် အခြာအာဏာကို ကိုင်တွယ်ကျင့်သုံးသော အစိုးရ၏လုပ်ပိုင်ခွင့်အာဏာများကို ကန့်သတ်ထိန်းချုပ်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အချုပ်အခြာအာဏာ၏ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို ပိုင်းခြားကျင့်သုံးရေး (Separation of Powers) ကို စနစ်တကျပြဋ္ဌာန်းရပေမည်။

ထို့အပြင် ဥပဒေပြုရေးအာဏာကို ပိုင်းခြား၍ သီးသန့်ကျင့်သုံးနိုင်ရေးအတွက် လွှတ်တော်၊ အုပ်ချုပ်ရေးအာဏာကို ပိုင်းခြား၍ သီးသန့်ကျင့်သုံးနိုင်ရေးအတွက် အစိုးရနှင့် တရားစီရင်ရေးအာဏာကို ပိုင်းခြား၍ သီးသန့်ကျင့်သုံးနိုင်ရေးအတွက် တရားရုံးဟူသော အစိုးရယန္တရားအသီးသီးကို ဖန်တီး၍ ထိုအစိုးရယန္တရား တခုနှင့်တခုအကြားအာဏာချိန်ခွင်လျှာညှိခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်း (Check–and–Balance) ကို ဆောင်ရွက်ရပေမည်။

ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် အချုပ်အခြာအာဏာကို ပိုင်းခြားကျင့်သုံးရုံမျှဖြင့် မလုံလောက်ပေ။ ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခြင်း (Self–rule) နှင့် ပြည်ထောင်စုကြီးကို စုပေါင်းအုပ်ချုပ်ခြင်း (Shared–rule) တို့ကို ပေါင်းစပ်ထားသောစနစ်ဖြစ်သောကြောင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခြင်းကို စနစ်တကျ အကောင်အထည်ဖော်ရန် ဖွဲ့စည်းထားသော ''ပြည်နယ်အစိုးရများ'' နှင့် စုပေါင်းအုပ်ချုပ်ခြင်းကို စနစ်တကျ အကောင်အထည်ဖော်ရန် ဖွဲ့စည်းထားသည့် ''ပြည်ထောင်စုအစိုးရ'' တို့အကြား အာဏာခွဲဝေခြင်း (Division of Powers) ရှိရပေမည်။ ထို့ကြောင့် ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စု၏အချုပ်အခြာအာဏာကို စနစ်တကျခွဲဝေကျင့်သုံးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများဟူ၍ အနည်းဆုံးအစိုးရ (၂) ရပ်ကို ဖွဲ့စည်းထူထောင်ခြင်းဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရခြင်း၏ ဒုတိယရည်ရွယ်ချက်မှာ ပြည်သူလူထုတရပ်လုံးက မွေးရာပါအခွင့်အရေးများအဖြစ် ပိုင်ဆိုင်ထားသော အခြေခံအခွင့်အရေးများနှင့်ရပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အသေအချာပြဋ္ဌာန်း၍ အကာအကွယ်ပေးရန်ပင် ဖြစ်ပါသည်။

ကမ္ဘာ့သမိုင်းအဆက်ဆက်တွင် ပြည်သူလူထုတရပ်လုံး၏ မွေးရာပါအခွင့်အရေးများကို တိုက်ရိုက်ချိုးဖောက်နိုင်သည့် အင်အားစုသည် အချုပ်အခြာအာဏာကို ကိုင်တွယ်ကျင့်သုံးသော အစိုးရပင်ဖြစ်ကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အစိုးရ၏လုပ်ပိုင်ခွင့်အာဏာများကို စနစ်တကျကန့်သတ်ထိန်းချုပ်နိုင်ရေးအတွက် အချုပ်အခြာအာဏာကို ပိုင်းခြားကျင့်သုံးခြင်းနှင့် ခွဲဝေကျင့်သုံးခြင်းတို့သာမက၊ ထိုဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားများအပါအဝင်၊ ထိုတိုင်းပြည်တွင် နေထိုင်ကြကုန်သော လူထုတရပ်လုံး၏ မွေးရာပါအခွင့်အရေးများနှင့် ရပိုင်ခွင့်များကို စနစ်တကျရေးသားပြဋ္ဌာန်းရန်လိုအပ်သည်။

ပြည်သူလူထုတို့၏ အခြေခံအခွင့်အရေးနှင့် ရပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များသည် ''လွတ်လပ်ခွင့်'' ဟူသော ဒီမိုကရေစီအခွင့်အရေးများနှင့် တိုက်ရိုက်ပတ်သက်နေပါသည်။ထို့ကြောင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သောတိုင်းပြည်ကို ပြည်ထောင်စုစနစ်ဖြင့် ထူထောင်ရာ၌ ဖက်ဒရယ်စနစ်သာမက ဒီမိုကရေစီစနစ်ကိုပါ အပြည့်အဝပူးတွဲကျင့်သုံးရန် လိုအပ်ပါသည်။ ဥပမာ ဆိုဗီယက်ယူနီယံသည်ဖက်ဒရယ်စနစ်ကို

အပြည့်အဝကျင့်သုံးခဲ့သော်လည်း ဒီမိုကရေစီစနစ်ကို ပူးတွဲကျင့်သုံးခြင်း မရှိခဲ့သောကြောင့် ဆိုဗီယက်ပြည်ထောင်စုကြီးတွင် နေထိုင်ခဲ့ကြသော ပြည်သူလူထုတရပ်လုံး "လွတ်လပ်ခွင့်" မရှိခဲ့ကြချေ။ လွတ်လပ်ခွင့်မရှိသောကြောင့် အခြေခံလူ့အခွင့်အရေးများ ခံစားခွင့် မရှိခဲ့ကြချေ။ ထို့ကြောင့် မိမိတို့တွင် မကြာတော့သည့်အနာဂတ်တွင် ထူထောင်မည့် "ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု" စနစ်တွင် ဖက်ဒရယ်စနစ်နှင့်ဒီမိုကရေစီစနစ်ကို အပြည့်အဝကျင့်သုံးသွားရပေမည်။ ထိုသို့ကျင့်သုံးရာတွင် အောက်ပါ "လွတ်လပ်မှု၏ အခြေခံသဘောတရားများ" အပြည့်အဝကျင့်သုံးရန် လိုအပ်ကြောင်း တင်ပြအပ်ပါသည်။

## ၁။ လွတ်လပ်မှု၏ အခြေခံသဘောတရားများ

ဒီမိုကရေစီစနစ်သည် ပြည်သူလူထုထံတွင် အာဏာရှိ၍ ပြည်သူလူထုက တိုင်းပြည်ကို အုပ်ချုပ်သောစနစ်ဖြစ်သည်။ တိုင်းပြည်၏အချုပ်အခြာအာဏာကို ပိုင်ဆိုင်၍ တိုင်းပြည်ကို အုပ်ချုပ်ကွပ်ကဲပိုင်ခွင့်ရှိသောပြည်သူလူထုသည် "လွတ်လပ်သော" ပြည်သူလူထုသာ ဖြစ်ကြရမည်။ "လွတ်လပ်သောပြည်သူ" သာလျှင် မိမိတို့၏ကံကြမ္မာကို မိမိတို့ကိုယ်တိုင် လွတ်လပ်စွာ ဖန်တီးခွင့်ရှိ၍ မိမိတို့၏ဘဝအရေးကို မိမိတို့ကိုယ်တိုင် လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့်၊ တာဝန်ယူပိုင်ခွင့်နှင့်တာဝန်ခံပိုင်ခွင့်ရှိကြ၏။ ထို့ကြောင့် "လွတ်လပ်မှု" သည် ဒီမိုကရေစီကျင့်စဉ်တရားအားလုံး၏ အခြေခံအကျဆုံးသောအင်္ဂါရပ်တခုဖြစ်သည်။

လူသားတိုင်း၏ အခြေခံလွတ်လပ်မှုသည် ဖန်ဆင်းရှင်ဘုရားသခင် (သို့မဟုတ်) သဘာဝတရားက လူသားတဦးချင်းစီကို မျှတစွာပေးအပ်ထားသော အခြေခံအခွင့်အရေးဖြစ်သည်။ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်း၊ မည်သည့်အစိုးရကမျှပေးအပ်နိုင်သောအရာမဟုတ်။ လူသားတိုင်း၏မွေးရာပါအခွင့်အရေးဖြစ်သည်။ ဥပမာ– လွတ်လပ်စွာ "စကား" ပြောဆိုခွင့်ကို မွေးကင်းစကလေးငယ်တဦးထံ မည်သူပေးပိုင်ခွင့်ရှိသနည်း။ သဘာဝတရားက မွေးကင်းစကလေးငယ်အားလုံးကို ပေးအပ်ထားသောအခွင့်အရေးဖြစ်၏။ သဘာဝတရားက အချိန်တန် အရွယ်ရောက်လာသောအခါ ကလေးငယ်ကို တီတီတာတာဖြင့် စကားလုံးလေးများ ပြောဆိုတတ်အောင် သင်ပေး၏။ သင်ကြားခြင်း တစုံတရာမရှိဘဲ သဘာဝတရားနှင့် မိမိမွေးဖွားရာ ပတ်ဝန်းကျင်အခြေအနေများက မိခင်ဘာသာစကားကို သင်ကြားတတ်မြောက်စေ၏။ ထို့ကြောင့် လွတ်လပ်စွာ ပြောဆိုခွင့်၊ စဉ်းစားတွေးတော ကြံဆခွင့်နှင့် ရေးသားတင်ပြခွင့်တို့သည် လူသားတဦးက အခြား

လူသားတဦးကို ပေးအပ်နိုင်သော အခွင့်အရေးမျိုး မဟုတ်ပေ။ လူ့လောကတွင် လူ့သဘာဝတရားအရ လူသားတိုင်းရရှိခံစားပိုင်ခွင့်ရှိသော အခြေခံအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များသာ ဖြစ်ကြသည်။

ဒီမိုကရေစီစနစ်သည် လူ့သဘာဝနှင့်လူ့လောကကို လေးစားလိုက်နာသည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်တွင် လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ စဉ်းစားတွေးခေါ်ပြီး ရေးသားတင်ပြခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်၊ လွတ်လပ်စွာ စည်းရုံးပိုင်ခွင့်၊ စုစည်းပိုင်ခွင့်နှင့် မိမိတို့၏လိုအင်ဆန္ဒများကို တဦးချင်းအလိုက်သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း တင်ပြပိုင်ခွင့်၊ စီတန်းလှည့်လည် ဆန္ဒပြပိုင်ခွင့်နှင့် မိမိတို့ မလိုလားသောအရာများကို ဆန့်ကျင်ကန့်ကွက်ပိုင်ခွင့် စသည့်အခွင့်အရေးများကို အပြည့်အဝ ရရှိခံစားကြရမည်ဖြစ်သည်။ ထို့ပြင်သာမက မိမိတို့၏ ကာယ၊ ဉာဏစွမ်းအားနှင့်အညီ လွတ်လပ်စွာ ပညာရှာမှီးခွင့်၊ ဥစ္စာရှာဖွေလုပ်ကိုင် စုဆောင်းခွင့်နှင့် အသက်မွေးဝမ်းကျောင်းပြုပိုင်ခွင့်တို့ကို ရရှိထားရမည် ဖြစ်သည်။ ထိုအခွင့်အရေးများသည် လူသားတိုင်းက မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသောအခွင့်အရေးများ ဖြစ်သည်။

လူသားတိုင်း၏ မွေးရာပါအခွင့်အရေးများကို လူသားအချင်းချင်း တဦးကိုတဦး မည်သူမျှ ပေးအပ်နိုင်ခြင်း မရှိသော်လည်း၊ ထိုအခွင့်အရေးများ အပြည့်အဝ ရရှိခံစားနိုင်ခြင်း မရှိရလေအောင် တားဆီးဟန့်တားနိုင်သည်။ အနှောင့်အယှက်ပေးနိုင်သည်။ တပါးသူ၏ လွတ်လပ်ခွင့်ကို အခြားတဦးက ထိပါးစော်ကားနိုင်သည်။ အချင်းချင်း ဖိနှိပ်၍ တပါးသူ၏ လွတ်လပ်မှုကို ဖျက်ဆီးချေမှုန်းနိုင်သည်။ ထိုကဲ့သို့အခြားသူတဦးက မိမိ၏ မွေးရာပါအခွင့်အရေးများကို ထိပါးစော်ကားခြင်း၊ ဟန့်တားနှောင့်ယှက်ခြင်းနှင့် ဖိနှိပ်ချုပ်ခြယ်၍ ဖျက်ဆီးချေမှုန်းခြင်း မပြုရလေအောင် နည်းမျိုးစုံဖြင့် ထိန်းသိမ်းကာကွယ်ရမည်။

လူ့သမိုင်းတလျှောက်လုံးတွင် လူသားတိုင်း၏အခြေခံလွတ်လပ်မှုကို အများဆုံးထိပါးနှောင့်ယှက်၍ ဖိနှိပ်ချုပ်ချယ်သောအရာသည် ''အစိုးရ''ဖြစ်သည်။ လူကိုလူချင်း အုပ်ချုပ်ရန် ဖန်တီးထားသော ''အစိုးရ'' ဆိုသည့် အုပ်ချုပ်ရေးယန္တရားသည် လွတ်လပ်မှုကို အများဆုံးဟန့်တား၍ လူသားတိုင်း၏ အခြေခံအခွင့်အရေးများကို အများဆုံးချိုးဖောက်သောအရာဖြစ်၏။ ထို့ကြောင့် လူ့သမိုင်းတလျှောက်လုံးတွင် ဆင်နွှဲခဲ့၊ ဆင်နွှဲဆဲ၊ ဆင်နွှဲရဦးမည့် ''အတွေးအခေါ်တော်လှန်ရေး'' မှစ၍ ''လက်နက်ကိုင်တော်လှန်ရေး''

အဆုံး၊ အမျိုးမျိုးသော လူမှုတော်လှန်ရေးသည် လူထု၏ လွတ်လပ်မှုကို ဖိနှိပ်ချုပ်ချယ်သည့် အမျိုးမျိုးသောအစိုးရကို တော်လှန်ပုန်ကန်၍ အုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲရန် ဆင်နွှဲသည့်တော်လှန်ရေးများဖြစ်ကြောင်း ထင်ရှားစွာ တွေ့ရှိနိုင်သည်။ ပဒေသရာဇ်စနစ်၊ ကိုလိုနီစနစ်နှင့် အမျိုးမျိုးသော အာဏာရှင်စနစ်များကို တော်လှန်ပြောင်းလဲရန် ဆင်နွှဲခဲ့ကြသောတိုက်ပွဲများလည်းဖြစ်ကြ၏။

ဒီမိုကရေစီ၏ ထူးခြားလေးနက်သော အနှစ်သာရတခုမှာ– အုပ်ချုပ်သူအစိုးရက အုပ်ချုပ်ခံပြည်သူလူထုကို ဖိနှိပ်ချုပ်ချယ်ခြင်းမှ ကင်းလွတ်သွားအောင် စီမံအုပ်ချုပ်ခြင်းပင်ဖြစ်သည်။ ဒီမိုကရေစီကျင့်စဉ်တရားများအနက် အချုပ်အခြာအာဏာကို ပြည်သူလူထုလက်ဝယ်တွင် ထားရှိခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အစိုးရ၏လုပ်ပိုင်ခွင့်အာဏာများကို တဘက်မှကန့်သတ်ချုပ်ချယ်၍ အခြားတဘက်တွင် ပြည်သူလူထု၏ အခြေခံအခွင့်အရေးများနှင့်လွတ်လပ်မှုများကို ကာကွယ်ပြဋ္ဌာန်း၍ အာမခံချက်ပေးခြင်း၊ နိုင်ငံရေးအာဏာများကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာဟူ၍ ခွဲဝေသုံးစွဲခြင်း (Separation of Powers)၊ ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စု(ဗဟို)အစိုးရနှင့် ပြည်နယ်အစိုးရများအကြား အာဏာခွဲဝေသုံးစွဲခြင်း (Division of Powers between Federal and States)၊ ဗဟိုဦးစီးစနစ် နည်းနိုင်သမျှနည်းအောင် တိုင်းပြည်အာဏာကို ပြည်သူလူထုလက်ဝယ်သို့ ဖြန့်ဝေခြင်း (Decentralization) နှင့် တရားဥပဒေ စိုးမိုးရေး စသည်တို့သည် အစိုးရက ပြည်သူလူထု၏ အခြေခံအခွင့်အရေးများနှင့် လွတ်လပ်မှုများကို ထိပါးနှောင့်ယှက်ခြင်း မရှိရလေအောင် "ဖိနှိပ်ခြင်းနှင့် ထိပါးစော်ကားခြင်းမှ ကင်းလွတ်ရေး" အတွက် ဖန်တီးထားသော တိုင်းပြည်၏ယန္တရားများဖြစ်ကြသည်။

ဤသို့ဖြင့် ဒီမိုကရေစီစနစ်တွင် သဘာဝတရားက ပေးအပ်ထားသော လူသားတိုင်း၏ အခြေခံအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို နဂိုပကတိအတိုင်း ထားရှိပြီး၊ လက်တွေ့ဘဝတွင်ပါ ကျင့်သုံးနိုင်အောင် ထိန်းသိမ်းကာကွယ်ထားသည်။ ထို့အပြင် လူသားအချင်းချင်း သဘာဝတရားက ပေးအပ်ထားသော အခြေခံအခွင့်အရေးများနှင့် လွတ်လပ်မှုများကို ထိပါးနှောင့်ယှက်ခြင်းမှ ကင်းဝေးစေရန်အတွက်လည်း ထိန်းသိမ်းကာကွယ်ရမည်။ ဒီမိုကရေစီစနစ်တွင် ကျင့်သုံးသော ''လွတ်လပ်မှု''ကို အခြေခံအားဖြင့် နှစ်မျိုးနှစ်စားအဖြစ် ပိုင်းခြား၍ ခွဲခြမ်းစိတ်ဖြာနိုင်သည်။

ဒီမိုကရေစီစနစ်တွင် လက်တွေ့ကျင့်သုံးနိုင်သည့် လွတ်လပ်ခွင့်နှစ်မျိုးနှစ်စားကိုအတွေးအခေါ်ပညာရှင်ကြီး Isaiah Berlin ''အပေါင်းလက္ခဏာဆောင်သော လွတ်လပ်မှု'' (Positive Freedom; e.g., Freedom of...) နှင့် ''အနုတ်လက္ခဏာဆောင်သော လွတ်လပ်မှု'' (Negative Freedom; e.g., Freedom from..,) ဟူ၍ ခွဲခြားသုံးစွဲထားသည်။ အပေါင်းလက္ခဏာဆောင်သော လွတ်လပ်မှု (Positive Freedom) သည် လူသားတိုင်းအတွက် မွေးရာပါအခွင့်အရေးအဖြစ် သဘာဝတရားက ပေးအပ်ထားသော လွတ်လပ်ခွင့် ''ရှိစေရမည်'' (Freedom of...) ဟူသောလွတ်လပ်ခွင့်များပါဝင်သည်။ ထို့ကြောင့် အပေါင်းလက္ခဏာဆောင်သော (Positive Freedom) တွင် လူသားတိုင်း မွေးရာပါလွတ်လပ်ခွင့်ရှိစေရမည် ဟူသော လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာ ရေးသားတင်ပြခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် (freedom of speech, freedom of expression, freedom of belief, etc.) စသည်တို့ ပါဝင်သည်။

''အနုတ်လက္ခဏာဆောင်သော လွတ်လပ်မှု'' (Negative Freedom)သည် ပြည်သူလူထုက မိမိတို့၏မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော အခြေခံလွတ်လပ်မှုများကို ထိပါးခြင်း၊ နှောင့်ယှက်ခြင်း၊ စော်ကားခြင်းနှင့် ဖိနှိပ်ချုပ်ချယ်ခြင်းများ ''မရှိစေရေး'' ဆိုသည့် ''ဖိနှိပ်ခြင်းနှင့် ထိပါးနှောင့်ယှက်စော်ကားခြင်းမှ ကင်းလွတ်ရေး'' ဟူသောအမြင်နှင့် ထိုသို့ ထိပါးနှောင့်ယှက်ခြင်း၊ စော်ကားခြင်းနှင့် ဖိနှိပ်ခြင်းတို့မှ ကင်းလွတ်ရမည်ဖြစ်သောကြောင့် လူ့ဘဝတွင် အကြောက်တရားမှ ကင်းရှင်းစွာနေထိုင်ရမည်ဆိုသည့်''အကြောက်တရားမှ ကင်းလွတ်ရေး'' (Freedom from Fear) ဟူသော အမြင်နှစ်မျိုးကို ပေါင်းစပ်ထားသည်။

အနုတ်လက္ခဏာဆောင်သော လွတ်လပ်မှုတွင် ဖိနှိပ်ခြင်းနှင့် ထိပါးနှောင့်ယှက်စော်ကားခြင်း ''မရှိစေရေး'' နှင့် ''အကြောက်တရားမှ ကင်းလွတ်ရေး'' တို့အပြင် လူသားတိုင်း လူ့ဘဝ၏လိုအင်ဆန္ဒများကို ဖြည့်ဆည်းပိုင်ခွင့်ရှိ၍ လူသားပီသစွာ အသက်ရှင်နေထိုင်ခွင့်ရှိရမည်။ ထိုအခွင့်အရေးကို မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်း၊ မည်သည့်အစိုးရကမျှ ရုပ်သိမ်းခြင်း မပြုရဆိုသည့် ''လွတ်လပ်စွာ လိုအင်ဆန္ဒ ဖြည့်ဆည်းခွင့်ကို ထိပါးနှောင့်ယှက်ခြင်းနှင့် ဖိနှိပ်ချုပ်ချယ်ခြင်းမှ ကင်းလွတ်ရမည်''(Freedom from Want) ဟူသော လွတ်လပ်မှုလည်း ပါရှိသည်။

ဒီမိုကရေစီစနစ် ပွင့်လန်းရှင်သန်နိုင်ရေးအတွက် ''ဖိနှိပ်ခြင်းနှင့် ထိပါးနှောင့်ယှက်စော်ကားခြင်း မရှိစေရေး''၊ ''အကြောက်တရားမှ ကင်းလွတ်ရေး'' နှင့် ''လိုအင်

ဆန္ဒဖြည့်ဆည်းခွင့်ကို ထိပါးနှောင့်ယှက်ခြင်းမှ ကင်းလွတ်ရေး''ဟူသော အနုတ်လက္ခဏာဆောင်သောလွတ်လပ်မှုမျိုးကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တိကျစွာ ပြဋ္ဌာန်းကာကွယ်ပေးရမည်။ ထို့အပြင် လူမျိုးပေါင်းစုံ ရောနှောနေထိုင်သောတိုင်းပြည်တွင် ထိုလူမျိုးများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့် ကိုးကွယ်ယုံကြည်မှုများကို အကြောက်တရားကင်းမဲ့စွာဖြင့် လွတ်လပ်စွာ ကျင့်သုံးနိုင်ခွင့်ရမည်။ ထိုအတွက် လူမျိုးပေါင်းစုံ ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်နိုင်ရေးဝါဒကို အားပေးသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းပေးရမည်။

ဒီမိုကရေစီစနစ်တွင် ထိုလွတ်လပ်မှုနှစ်မျိုးစလုံးကို တန်းတူရည်တူတန်ဖိုးထားရသည်။ ထိုလွတ်လပ်မှုနှစ်မျိုးစလုံး ပြည့်စုံမှသာလျှင် လွတ်လပ်မှု (Freedom) ဆိုသည့် လူ့သဘာဝတရားကြီးက လူ့အဖွဲ့အစည်းကို အစွမ်းကုန် ပွင့်လန်းရှင်သန်စေနိုင်လိမ့်မည်။ ဒီမိုကရေစီစနစ်သည် ဖန်ဆင်းရှင် (ဝါ) သဘာဝတရားက လူသားတိုင်းကို တန်းတူညီမျှစွာ ပေးအပ်ထားသော အခြေခံလွတ်လပ်မှုများကို အစွမ်းကုန်ပွင့်လန်းရှင်သန်ခွင့်ပေးထားသောကြောင့် လူသားတိုင်းတို့၏ အသိဉာဏ် ပွင့်လင်းမှု၊ တီထွင်ကြံဆမှုနှင့် တွေးခေါ်မြော်မြင်မှုတို့ကိုလည်း အစွမ်းကုန်တိုးတက်ရှင်သန်ခွင့်ရစေပါသည်။ ဒီမိုကရေစီစနစ်နှင့် လွတ်လပ်မှုတို့ ပေါင်းစပ်ခြင်း၏ ကောင်းမြတ်သောအစဉ်အလာနှင့် အင်္ဂါရပ်များမှာ –

(၁) ဒီမိုကရေစီစနစ်သည် အစိုးရတရပ်ရပ်၏ ရက်စက်ကြမ်းကြုတ်မှု၊ အာဏာအလွဲသုံးစားမှုနှင့် အုပ်ချုပ်ခံပြည်သူလူထုကို တိုင်းပြည်၏ယန္တရားများအသုံးချပြီး နည်းမျိုးစုံဖြင့် ဖိနှိပ်ချုပ်ချယ်ခြင်းမှ ကာကွယ်ဟန့်တားနိုင်သည်။

(၂) ဒီမိုကရေစီစနစ်တွင် အုပ်ချုပ်သူအစိုးရသည် အုပ်ချုပ်ခံပြည်သူလူထုကို အုပ်ချုပ်ရေးယန္တရားများ၊ အထူးသဖြင့် တိုင်းပြည်လုံခြုံရေးအတွက် ဖန်တီးထားသောယန္တရားများဖြစ်ကြသည့် တပ်မတော်နှင့်ရဲတပ်ဖွဲ့များကို အသုံးချ၍ ပြည်သူလူထုကို ဖိနှိပ်ချုပ်ချယ်ခြင်း၊ လူထု၏ အခြေခံအခွင့်အရေးများကို ရိုက်ချိုးခြင်း၊ နိုင်ငံသားတိုင်း၏ မွေးရာပါအခွင့်အရေးဖြစ်သည့် လွတ်လပ်မှုများကို တားမြစ်ပိတ်ပင်ခြင်းစသည့် ဖိနှိပ်ချုပ်ချယ်မှုအမျိုးမျိုးမှ ကင်းဝေးပြီး၊ ပြည်သူလူထုတရပ်လုံး အကြောက်တရားမျိုးစုံမှ ကင်းရှင်းစွာနေထိုင်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင်

အခြားဥပဒေများနှင့် နည်းဥပဒေများကို ပြဋ္ဌာန်း၍ လူထုကို ကာကွယ်စောင့်ရှောက်ရမည်။

(၃) ဒီမိုကရေစီစနစ်တွင် နိုင်ငံသားများ၏အခွင့်အရေးကိုကာကွယ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်အခြားသောဥပဒေများကို ပြဋ္ဌာန်းထားရုံဖြင့် မလုံလောက်ပေ။ ထိုဥပဒေများကို အကောင်အထည်ဖော်ရန် လွှတ်တော်၊ အစိုးရနှင့် တရားရုံးစသည့် အုပ်ချုပ်ရေးယန္တရားများနှင့် တပ်မတော်၊ ပြည်သူ့ရဲ စသည့်လုံခြုံရေးယန္တရားများကို တည်ဆောက်ဖန်တီးထားရုံဖြင့်လည်း မလုံလောက်သေးပေ။ ထိုဥပဒေများ သက်ဝင်ရှင်သန်ပြီး၊ ထိုနိုင်ငံ၏ယန္တရားများ တရားသဖြင့်ပုံမှန်လည်ပတ်နိုင်ရေးအတွက် ပြည်သူလူထုတရပ်လုံး၊ နိုင်ငံသားအားလုံးက ထိုအခွင့်အရေးများ မိမိတို့ကိုယ်တိုင် ကျင့်သုံးကာကွယ်တတ်အောင် ပညာပေး၍ လေ့ကျင့်သင်ကြားစေရမည်။

(၄) ဒီမိုကရေစီစနစ်သည် လူသားတိုင်း မိမိကံကြမ္မာကို မိမိကိုယ်တိုင် လွတ်လပ်စွာ ဖန်တီးခွင့်၊ တာဝန်ယူခွင့်နှင့်တာဝန်ခံပိုင်ခွင့်တို့ကို ပေးထားသောစနစ်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားတိုင်းက မိမိတို့၏ကံကြမ္မာကို မိမိတို့ကိုယ်တိုင် လွတ်လပ်စွာ ဖန်တီးနိုင်ရေးအတွက် မိမိတို့၏အခြေခံလွတ်လပ်ခွင့်ကို မိမိတို့ကိုယ်တိုင် ကာကွယ်စောင့်ထိန်းရမည်။ ထိုသို့ မိမိတို့၏ မွေးရာပါအခွင့်အရေးနှင့် လွတ်လပ်မှုတို့ကို စောင့်ထိန်းကာကွယ်ရန် အစိုးရ၊ လွှတ်တော်၊ တရားရုံးများနှင့် တိုင်းပြည်၏ လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြသော တပ်မတော်သားများနှင့် ပြည်သူ့ရဲတပ်ဖွဲ့များကိုသာ အလုံးစုံလွှဲအပ်၍ အားကိုးခြင်းမပြုဘဲ မိမိတို့ကိုယ်တိုင်လည်း ဘက်ပေါင်းစုံမှ ပါဝင်ပူးပေါင်း ဆောင်ရွက်ကြရပေမည်။

(၅) ဒီမိုကရေစီစနစ်တွင် နိုင်ငံသားများကို လူသားတိုင်း၏ မွေးရာပါအခွင့်အရေးအဖြစ် ရရှိခံစားထိုက်သော တသီးပုဂ္ဂလအခွင့်အရေးများ ဖြစ်သည့် မိမိကံကြမ္မာကို လွတ်လပ်စွာဖန်တီးခွင့်၊ တာဝန်ယူခွင့်နှင့် တာဝန်ခံပိုင်ခွင့်များသာမက၊ လူ့အဖွဲ့အစည်းအလိုက် (သို့မဟုတ်) လူမျိုးအလိုက် စုပေါင်းခံစားသင့်၊ ခံစားထိုက်သော စုပေါင်းအခွင့်အရေးများကိုလည်း ပေး

ထားသည်။ ထိုစုပေါင်းအခွင့်အရေးကို တိုင်းရင်းသားလူမျိုးများ၏ ''ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်'' ဟုခေါ်သည်။

(၆) တိုင်းရင်းသားလူမျိုးများ၏ လူမျိုးအလိုက် ခံစားသင့်ခံစားထိုက်သည့် ''ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်'' နှင့် လူ့အဖွဲ့အစည်းအလိုက် ခံစားသင့်ခံစားထိုက်သည့် စုပေါင်းအခွင့်အရေးများကို အာမခံချက်ပေးရန် ကျင့်သုံးသောနည်းလမ်းများစွာအနက်အကောင်းဆုံးနည်းလမ်းမှာ– တိုင်းရင်းသားလူမျိုးများကို မိမိတို့ကိုယ်တိုင် လိုက်နာကျင့်သုံးမည့်ဥပဒေများ– အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းသောအခါမျိုးတွင် မိမိတို့ကိုယ်တိုင်ပါဝင်ရေးဆွဲပြဋ္ဌာန်းခွင့်ပေးထားရမည်။ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ထုံးတမ်းများအဖြစ် နှစ်ပေါင်းများစွာ၊ ခေတ်ပေါင်းများစွာ သမိုင်းအဆက်ဆက် ကျင့်သုံးလာခဲ့သော ဓလေ့ထုံးတမ်းများနှင့် ရိုးရာအစဉ်အလာများကိုလည်း ခေတ်နှင့်လျော်ညီစွာ မိမိတို့ကိုယ်တိုင်ပြင်ဆင်မွမ်းမံ၍ ဥပဒေအဖြစ် ရေးဆွဲပြဋ္ဌာန်းပိုင်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်နှင့် ကျင့်သုံးပိုင်ခွင့်ရှိစေရမည်။ ပြည်ထောင်စုစနစ်တွင် တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ်များကို စီမံအုပ်ချုပ်ရာတွင် အသုံးပြုမည့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ ပြည်နယ်အမျိုးသားများကို လွတ်လပ်စွာ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိစေရမည်။ သို့မှသာ ထိုဥပဒေများကို မိမိတို့ကိုယ်တိုင် ပါဝင်ရေးဆွဲထားသဖြင့် မိမိတို့ပိုင်ဆိုင်ထားသောဥပဒေများအဖြစ် အသက်နှင့်ထပ်တူ ကာကွယ်စောင့်ရှောက်လာလိမ့် မည်။ တိုင်းပြည်နှင့် ပြည်ထောင်စုကြီးကိုလည်း မိမိတို့ကိုယ်တိုင်ပိုင်ဆိုင်ထားသော ''ပြည်ထောင်'' များ ''စု'' ထားသည့် ''ဘုံပိုင်ပြည်ထောင်စု'' အဖြစ်တန်ဖိုးထားကာ မြတ်နိုးစိတ်ဖြင့် ကာကွယ်စောင့်ရှောက်လာလိမ့်မည်။

(၇) ဒီမိုကရေစီစနစ်တွင် အချုပ်အခြာအာဏာကို ပိုင်ဆိုင်နေကြသော နိုင်ငံသားများနှင့် ပြည်သူလူထုက မိမိတို့ကိုယ်စားတိုင်းပြည်၏ အုပ်ချုပ်ရေးတာဝန်များကို ထမ်းဆောင်ရန် ရွေးကောက်တင်မြှောက်ထားသောအစိုးရအကြား ဆက်ဆံရာတွင်သော်လည်းကောင်း၊ ဥပဒေပြုရေးအာဏာကို

ကိုင်တွယ်ကျင့်သုံးသည့်လွှတ်တော်ကိုယ်စားလှယ်များနှင့်ဆက်ဆံရာတွင် သော်လည်းကောင်း၊ တရားစီရင်ရေးအာဏာကို ကိုင်တွယ်ကျင့်သုံးသည့် တရားသူကြီးများ၊ တရားရုံးများနှင့် ဆက်ဆံရာတွင်သော်လည်းကောင်း ထားရှိရမည့် စံချိန်စံနှုန်းများမှာ–

(က)ပွင့်လင်းမြင်သာမှု (Transparency)

(ခ) တာဝန်ခံမှု (Accountability)၊

(ဂ) တာဝန်ယူမှု (Responsibility) များဖြစ်သည်။

(၈) အစိုးရသည် အုပ်ချုပ်ရေးကိစ္စအဝဝကို ပွင့်လင်းမြင်သာစွာဖြင့် လူထုထံသို့ တင်ပြရမည်။ အသိပေးရမည်။ သို့မှသာ လူထုက အစိုးရကို တာဝန်ခံ၍ရ ပေလိမ့်မည်။ အစိုးရတရပ်၏လုပ်ဆောင်ချက်များကို ပွင့်လင်းမြင်သာစွာ သိရှိနိုင်ခြင်းမရှိပါက လူထုအနေဖြင့် ထိုအစိုးရကို တာဝန်ခံ၍ ရမည် မဟုတ်ပေ။အစိုးရတရပ်၏လုပ်ရပ်ကို မသိဘဲ ထိုအစိုးရကို လူထုက တာဝန် မခံသင့်ပေ။

(၉) ထိုနည်းတူ အစိုးရအနေဖြင့် လူထုကိုယ်စားထမ်းဆောင်ထားသောတာဝန် ထမ်းဆောင်မှုအလုံးစုံကို လူထုထံသို့ ပွင့်လင်းမြင်သာစွာ တင်ပြရမည်။ ၎င်းအပြင် မိမိတို့ဆောင်ရွက်ထားသော လုပ်ငန်းအားလုံးကို တာဝန်ယူ၍ တာဝန်လည်းခံရမည်။ သို့မှသာ ပြည်သူလူထုက ထိုအစိုးရကို မိမိတို့ကိုယ် တိုင်ရွေးချယ်၍ မိမိတို့ကိုယ်စား နိုင်ငံအုပ်ချုပ်ရေးတာဝန်ကို ထမ်းဆောင် နေသည့် မိမိတို့ပိုင်ဆိုင်ထားသော အစိုးရအဖြစ် အသိအမှတ်ပြုနိုင်လိမ့် မည်။ ထိုသို့ အစိုးရနှင့်လူထုအကြား အချင်းချင်း အပြန်အလှန် အသိ အမှတ်ပြုနိုင်မှသာ ထိုအစိုးရကို ပြည်သူလူထုက တာဝန်ယူ၍ တာဝန် လည်း ခံရဲလာပေလိမ့်မည်။

## ၂။ အခြေခံလူ့အခွင့်အရေးများ

လူသားတိုင်းတွင် မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်း၊ မည်သည့်အစိုးရ ကမျှ ရုပ်သိမ်းပိုင်ခွင့်မရှိသော မွေးရာပါအခြေခံလူ့အခွင့်အရေးများ ရှိကြသည်။

အစိုးရတရပ်သည် နိုင်ငံသားများ၏အခြေခံလူ့အခွင့်အရေးများကို ရုပ်သိမ်းပိုင်ခွင့် မရှိပေ။ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခွင့်သာရှိသည်။ ဒီမိုကရေစီစနစ်တွင် ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသော အစိုးရတရပ်၏ အဓိကတာဝန်မှာ– နိုင်ငံသားတိုင်း၏ မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော အခြေခံလူ့အခွင့်အရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်သည်။

လူသားတိုင်း လူ့ဂုဏ်သိက္ခာဖြင့်ပြည့်ဝ၍ လူ့ဘဝတွင် ပျော်ရွှင်ချမ်းမြေ့စွာ အသက်ရှင်နေထိုင်နိုင်ရေးအတွက် လွတ်လပ်မှုနှင့် အခြေခံအခွင့်အရေးများကို အပြည့်အဝ ခံစားရရှိရန် လိုအပ်သည်။ လူ့ဂုဏ်သိက္ခာကို လေးစား၍ တန်းတူညီမျှခြင်းနှင့်တရားမျှတခြင်းကို အခြေခံသော လူသားချင်း လေးစားအသိအမှတ်ပြုသည့် ''သည်းခံခြင်းတရား'' ကို လွတ်လပ်မှု၏ အခြေခံအုတ်မြစ်အဖြစ် ချမှတ်ထားနိုင်မှသာလျှင် လူသားတိုင်းသည် မိမိတို့၏ မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော လူ့အခွင့်အရေးများကို အပြည့်အဝ ခံစားနိုင်မည်ဖြစ်သည်။

လူ့အဖွဲ့အစည်းတရပ် (သို့မဟုတ်) တိုင်းနိုင်ငံတခုတွင် လူမျိုးခွဲခြားခြင်း၊ အသားအရောင်ခွဲခြားခြင်း၊ ဘာသာရေးခွဲခြားခြင်းနှင့် လူတန်းစားခွဲခြားခြင်းတို့မရှိဘဲ လူသားတိုင်းအခြေခံလူ့အခွင့်အရေး အပြည့်အဝ ရရှိခံစားနိုင်ရေးအတွက် လွတ်လပ်မှုကို အခြေခံသော ဒီမိုကရေစီစနစ် လိုအပ်သည်။ အာဏာရှင်စနစ်တွင် လွတ်လပ်မှုနှင့် အခြေခံလူ့အခွင့်အရေး ပွင့်လန်းရှင်သန်နိုင်ခြင်းမရှိဘဲ ချိုးဖောက်စော်ကားခြင်းသာရှိ၏။ ဒီမိုကရေစီစနစ်တွင်မူကား လွတ်လပ်မှုနှင့် အခြေခံလူ့အခွင့်အရေးတို့ကို အာမခံချက်ပေးထားသည်။

လွတ်လပ်ခွင့် (Freedom) နှင့် အခြေခံလူ့အခွင့်အရေးများ (Fundamental Human Rights) သည် ခွဲခြားမရအောင် ဆက်စပ်နေသောအရာများဖြစ်ကြသည်။ ထိုအရာနှစ်ခုပေါင်းစပ်၍ တွဲဖက်ရှင်သန်နေမှသာ လူ့အဖွဲ့အစည်း ရှင်သန်ရပ်တည်ရေးအတွက် မရှိမဖြစ် လိုအပ်သောနိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးလောကများလည်း တိုးတက်ရှင်သန်နိုင်မည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်တွင် အောက်ပါအင်္ဂါရပ်များဖြင့် ပြည့်စုံသော အခြေခံလူ့အခွင့်အရေးများကို နိုင်ငံသားတိုင်း ရရှိခံစားပိုင်ခွင့်ရှိစေရမည်။

(၁) လူသားတိုင်းသည် လွတ်လပ်စွာတွေးခေါ်ကြံဆခွင့်၊ တီထွင်ဖန်တီးခွင့်နှင့် အယူဝါဒတခုခုကို လွတ်လပ်စွာ ယုံကြည်လက်ခံကျင့်သုံးခွင့်သာမက

ဘာသာတရားများကို လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်များရှိကြရမည့် အပြင် ထိုတွေးခေါ်ကြံဆမှု၊ တီထွင်ဖန်တီးမှု၊ ကိုးကွယ်ယုံကြည်မှုတို့ကို လွတ်လပ်စွာ ရေးသားတင်ပြခွင့်နှင့် စည်းရုံးဟောပြောခွင့်ရှိရမည်။

(၂) နိုင်ငံသားတိုင်းက မိမိတို့၏ မွေးရာပါအခွင့်အရေးအဖြစ် စုပေါင်းပိုင်ဆိုင်ထားသော အချုပ်အခြာအာဏာကို ခွဲဝေကျင့်သုံးရန် ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရသောအစိုးရ၊ လွှတ်တော်နှင့်တရားရုံးများတွင် မိမိတို့ကိုယ်တိုင် ပါဝင်ခွင့်၊ တာဝန် ထမ်းဆောင်ခွင့်နှင့် ဝေဖန်ကန့်ကွက်ခွင့်များ ရှိရမည်။

(၃) နိုင်ငံသားတဦးဦးကို မတရားသဖြင့် ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်း မခံရလေအောင် ဥပဒေဖြင့်ကာကွယ်ပေးထားရမည်။ ထို့ကြောင့်အခြေခံလူ့အခွင့်အရေးများကို ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများဖြင့် ကာကွယ်ပြဋ္ဌာန်းပေးရမည်။

(၄) ပြည်ထောင်စု၏ လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြသော တပ်မတော်သားများအနေဖြင့်သော်လည်းကောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ထိန်းသိမ်း ကာကွယ်ရေးအတွက် တာဝန်ထမ်းဆောင်နေကြသော ပြည်သူ့ရဲတပ်ဖွဲ့ဝင်များအနေဖြင့်သော်လည်းကောင်း မိမိတို့တာဝန်ကို ထမ်းဆောင်ကြသောအခါ နိုင်ငံသားတို့၏ အခြေခံလူ့အခွင့်အရေးများကို လေးစားလိုက်နာရမည်။ ပြစ်မှုတစုံတရာ ကျူးလွန်မိသောတရားခံများပင်လျှင် သူတို့၏မွေးရာပါ လူ့အခွင့်အရေးများကို တရားဥပဒေနှင့်အညီ ခံစားပိုင်ခွင့်ရှိကြရမည်။

(၅) တိုင်းရင်းသားလူမျိုးပေါင်းစုံ ရောနှောနေထိုင်သော တိုင်းပြည်များတွင် တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကားနှင့် ကိုးကွယ်ယုံကြည်မှုများကို ထိုတိုင်းရင်းသားလူမျိုးများ၏ အခြေခံလူ့အခွင့်အရေးအဖြစ် အသိအမှတ် ပြုပေးရမည်။ ထို့ကြောင့် ထိုတိုင်းရင်းသားလူမျိုးများ၏ ဘာသာစကားနှင့် ကိုးကွယ်ယုံကြည်မှုများကို ကာကွယ်စောင့်ရှောက်ရေးအတွက်သာမက၊ တိုးတက်ရှင်သန်ရေးအတွက်ပါ လုပ်ဆောင်ရာတွင် အစိုးရ

အနေဖြင့် ဟန့်တားပိတ်ပင်ပိုင်ခွင့် မရှိစေရ။ လိုအပ်သော အကူအညီများနှင့် အကာအကွယ်များကိုသာ ပေးပိုင်ခွင့်ရှိစေရမည်။

(၆) လူသားတိုင်း မိမိဘဝရှင်သန်ရေးနှင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရေးအတွက် လွတ်လပ်စွာ ဝမ်းစာရှာဖွေခွင့်၊ အလုပ်လုပ်ပိုင်ခွင့်နှင့် မိမိ၏လုပ်အားခနှင့်အညီ ထိုက်တန်သော အကျိုးခံစားပိုင်ခွင့်များ ရှိစေရမည်။

(၇) အရွယ်မရောက်သေးသောကလေးငယ်များကို ကာကွယ်စောင့်ရှောက်ရန် မိဘများမှစ၍ နိုင်ငံသားတိုင်းနှင့် အစိုးရထံတွင် တာဝန်ရှိသည်။ မိဘများအနေဖြင့် မိမိတို့၏ ရင်သွေးငယ်များ အရွယ်မရောက်မချင်း တာဝန်ယူရန် သဘာဝတရားက ပေးအပ်သောတာဝန်များရှိကြ၏။ အကယ်၍ အခြေအနေအမျိုးမျိုးကြောင့် မိဘများက မိမိတို့၏ရင်သွေးငယ်များကို တာဝန်ယူနိုင်ခြင်း မရှိပါက၊ နိုင်ငံသားများနှင့် အစိုးရက တာဝန်ယူရမည်။ အခွန်ဆောင်ခြင်းအားဖြင့်သော်လည်းကောင်း၊ အခြားပရဟိတလုပ်ငန်းဖြင့်သော်လည်းကောင်း၊ ရရှိလာသော အခွန်တော်ငွေများကို အသုံးပြု၍ အရွယ်မရောက်သေးသောကလေးများ ထိန်းသိမ်းစောင့်ရှောက်ရေးကို နည်းလမ်းမျိုးစုံဖြင့် တာဝန်ယူဆောင်ရွက်ပေးရမည်။

(၈) အခြေခံလူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရေးနှင့်တိုးတက်ရှင်သန်ရေးအတွက် အစိုးရကိုသာ အလုံးစုံတာဝန်လွှဲအပ်ခြင်း မပြုသင့်ပေ။ ပြည်သူလူထုတရပ်လုံးက နည်းလမ်းပေါင်းစုံဖြင့် ပါဝင်ပံ့ပိုးလုပ်ဆောင်ရမည်။ ပြည်သူလူထုက နည်းလမ်းပေါင်းစုံဖြင့် ပါဝင်လုပ်ဆောင်နိုင်မှသာ အစိုးရတရပ်က လူ့အခွင့်အရေးချိုးဖောက်ခြင်း ရှိ– မရှိဟူသော အရေးကိစ္စအပါအဝင် ထိုအစိုးရ၏လုပ်ဆောင်မှုမှန်သမျှ တရားဥပဒေနှင့်အညီလုပ်ဆောင်ခြင်းရှိ–မရှိကို လူထုက ပွင့်လင်းစွာ သိမြင်နားလည်နိုင်မည်ဖြစ်ပြီး တာဝန်ယူမှုနှင့် တာဝန်ခံမှုတို့လည်း ရှိလာနိုင်မည်ဖြစ်သည်။

(၉) အခြေခံလူ့အခွင့်အရေးသည် လူသားတိုင်းနှင့် သက်ဆိုင်သောအရာ ဖြစ်သည်။ ထို့ကြောင့် အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းရေးဟူသော အကြောင်းပြချက်ဖြင့် အစိုးရတရပ်က ပြည်သူလူထု၏ အခြေခံလူ့အခွင့်အရေးများကို ချိုးဖောက်ခြင်း မရှိရလေအောင် နိုင်ငံတကာ

မိသားစုမှ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။ ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂကဲ့သို့သောနိုင်ငံတကာအသင်းကြီးများကို ဖန်တီး၍ နိုင်ငံတကာလူ့အခွင့်အရေးကြေညာစာတမ်းကိုထုတ်ပြန်ကာ ထိုကြေညာစာတမ်းကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးက ဥပဒေကဲ့သို့ အသိအမှတ်ပြုကျင့်သုံးနေခြင်းဖြစ်သည်။

## ၃။ လွတ်လပ်စွာ ပြောဆိုရေးသားခွင့်

ဒီမိုကရေစီစနစ်သည် ပြည်သူလူထုက မိမိတို့မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသောအချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းပြီး၊ ထိုအာဏာများကို စီမံအုပ်ချုပ်ရန် တာဝန်ပေးအပ်ခြင်းခံရသည့် အစိုးရ၊ လွှတ်တော်နှင့်တရားရုံးများကို လွတ်လပ်သန့်ရှင်း၍ တရားမျှတသော ရွေးကောက်ပွဲများဖြင့် ရွေးချယ်တင်မြှောက်သောစနစ်ဖြစ်သည်။ ထို့ ကြောင့် ဒီမိုကရေစီစနစ်သည် ပြည်သူလူထုက မိမိတို့ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ခြင်းနှင့် မိမိတို့ကိုယ်တိုင် ပါဝင်ရွေးချယ်ခြင်း (အရွေးခံပိုင်ခွင့်) တို့ကိုပေါင်းစပ်ထားသည့် လွတ်လပ်သောပြည်သူများ၏ မိမိကိုယ်ကိုမိမိအုပ်ချုပ်သောစနစ် ဖြစ်သည်။

လွတ်လပ်သော ပြည်သူလူထုက မိမိကိုယ်ကိုမိမိ စီမံအုပ်ချုပ်ရာတွင်သော်လည်းကောင်း၊ မိမိတို့၏ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ရာတွင်သော်လည်းကောင်း၊ အခြေခံအကျဆုံးသောအရာမှာ "လွတ်လပ်စွာ ပြောဆိုရေးသားခွင့်" ပင် ဖြစ်သည်။ ပြည်သူလူထုကိုယ်စား အချုပ်အခြာအာဏာနှင့် ယင်း၏ရေသောက်မြစ်သုံးသွယ်ဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို ကိုင်တွယ်ကျင့်သုံးရန် လူထုကိုယ်စားလှယ်လောင်းများအဖြစ် နာမည်စာရင်းတင်သွင်း၍ ရွေးကောက်ပွဲဝင်မည့်ပုဂ္ဂိုလ်တဦးက မိမိ၏နိုင်ငံရေးအမြင်၊ အတွေးအခေါ်နှင့် အရွေးချယ်ခံရပါက ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို လွတ်လပ်စွာ ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ရေးသားတင်ပြခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်းများ မပြုလုပ်နိုင်ပါက ထိုကိုယ်စားလှယ်၏နိုင်ငံရေးအမြင်နှင့် ရှေ့လုပ်ငန်းစဉ်များကို ပြည်သူလူထုက မည်ကဲ့သို့နားလည်သဘော ပေါက်နိုင်ပါမည်နည်း။ ကိုယ်စားလှယ်လောင်းတဦး (သို့မဟုတ်) နိုင်ငံရေးပါတီတရပ်က သူတို့၏အတွေးအမြင်၊ မူဝါဒသဘောထား၊ ပေါ်လစီနှင့်ရှေ့လုပ်ငန်းစဉ်များကို လွတ်လပ်စွာ တင်ပြစည်းရုံးနိုင်မှသာ ပြည်သူလူထုက မိမိတို့ကိုယ်စားလှယ်

အဖြစ် ရွေးချယ်သင့် ရွေးချယ်ထိုက်သူ၏ အတွေးအခေါ်နှင့် ရှေ့လုပ်ငန်းစဉ်များကိုသာ မက ထိုသူ၏ အကျင့်သိက္ခာနှင့် နောက်ခံသမိုင်းများ၊ သူကိုယ်တိုင်ချမှတ်ထားသော မူဝါဒ၊ ပေါ်လစီနှင့်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်မည့် အရည်အချင်းရှိ-မရှိ၊ အခက်အခဲနှင့် အကျပ်အတည်းများ ရင်ဆိုင်တွေ့ကြုံသောအခါ ခေါင်းအေးအေးဖြင့် ဖြေရှင်းကျော်လွှားနိုင်သော ပင်ကိုအရည်အချင်း ရှိ-မရှိ၊ တိုင်းပြည်တွင် ကြီးမားသော အန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့သောအခါ ရဲရင့်စွာ ဖြေရှင်းနိုင်မည့် ရဲစွမ်းသတ္တိရှိ- မရှိ စသည်တို့ကို ပြည်သူလူထုက တွေ့မြင်လေ့လာသုံးသပ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် လွတ်လပ်စွာ ပြောဆိုရေးသားခြင်းသည်ဒီမိုကရေစီစနစ် ရှင်သန်ရေးအတွက် မရှိမဖြစ် လိုအပ်သောအင်္ဂါရပ်ဖြစ်သည်။

လွတ်လပ်စွာ ပြောဆိုရေးသားခြင်းသည် တိုင်းပြည်ကိုအုပ်ချုပ်မည့် ပြည်သူ့ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်မှုအတွက်သာမက အခြားအခြားသောကဏ္ဍများစွာအတွက်လည်း အရေးကြီးသည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်တွင်-

(၁) အများဆန္ဒအရ ဆုံးဖြတ်ချက်မချခင် အရာရာကို လွတ်လပ်စွာ ဟောပြောစည်းရုံးခြင်း၊ ရေးသားထုတ်ဝေခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းများ ပြုလုပ်ရမည်ဖြစ်သောကြောင့် ပြဿနာဖြေရှင်းရန် နည်းလမ်းပေါင်းများစွာကို ချိန်ဆနှိုင်းယှဉ်ခွင့်ရှိသည်။ ထိုသို့ နှိုင်းယှဉ်အပ်သော နည်းလမ်းပေါင်းများစွာထဲမှ အကောင်းဆုံးနည်းလမ်းကို ပြည်သူလူထုက လွတ်လပ်စွာ ရွေးချယ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် အထွေထွေသော လူ့ပြဿနာမျိုးစုံကို ဖြေရှင်းရာတွင် အမှားနည်းသွားနိုင်သည်။

(၂) လွတ်လပ်စွာ ပြောဆိုရေးသားထုတ်ဝေခွင့်ရှိသောကြောင့် လူထုအမြင်ကျယ်လာသည်။ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားသာမက အခြားအခြားသောသတင်းဌာနမျိုးစုံမှ သတင်းအချက်အလက်များကို လွယ်ကူစွာရရှိသောကြောင့် အစိုးရတရပ်၏လုပ်ရပ် (သို့မဟုတ်) မိမိရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ်တဦး(သို့မဟုတ်) နိုင်ငံရေးပါတီတရပ်၏လုပ်ရပ် မှားယွင်းမှုတစုံတရာ ပေါ်ပေါက်လာပါက ချက်ချင်းဝေဖန်ကန့်ကွက်ခြင်းဖြင့် ထိုအမှားများက တိုင်းပြည်နှင့်လူ့အဖွဲ့အစည်းကြီးကို ဒုက္ခမပေးနိုင်ခင် အကောင်းဆုံး ပြန်လည်ပြင်ဆင်၍ အစားထိုးနိုင်သည်။

လူသည် မှားတတ်သော သတ္တဝါတမျိုးဖြစ်သည်။ လူဖြင့် ဖွဲ့စည်းထားသောအစိုးရတရပ်သည်လည်း အမှားများကျူးလွန်နိုင်ပါသည်။ အစိုးရတရပ်၏ကျူးလွန်မိသောအမှားကို ပြင်ဆင်ရန် အကောင်းဆုံးသောနည်းလမ်းမှာ လွတ်လပ်စွာ ရေးသားပြောဆိုခွင့်ကို လူထုထံ အပြည့်အဝ အပ်နှင်းထားခြင်းဖြစ်သည်။

(၃) ဒီမိုကရေစီစနစ်သည် လွတ်လပ်သောလူထုက မိမိကိုယ်ကိုမိမိ လွတ်လပ်စွာ အုပ်ချုပ်သောစနစ်ဖြစ်သည်။ သို့ရာတွင် တိုင်းပြည်၏အရေးအရာကိစ္စများကို စီမံအုပ်ချုပ်ရာတွင်သော်လည်းကောင်း၊ လူ့အဖွဲ့အစည်းတရပ်လုံး၏ အရေးအရာကိစ္စများကို တိုင်ပင်နှီးနှောရာတွင်သော်လည်းကောင်း၊ လူထုအနေဖြင့် မိမိတို့ ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များနှင့် အစိုးရများကိုသာ တစုံလုံးပုံအပ်လွှဲပြောင်းခြင်းမရှိစေဘဲ မိမိတို့ကိုယ်တိုင် လွတ်လပ်စွာ ပြောဆိုခြင်း၊ ရေးသားတင်ပြခြင်း၊ ဆန္ဒမဲပေးခြင်း၊ စီတန်းလှည့်လည်ဆန္ဒပြခြင်း စသည့်နည်းလမ်းပေါင်းစုံဖြင့် ပါဝင်ပတ်သက်ရန်လိုအပ်သည်။ သို့မှသာ အစိုးရနှင့်ပြည်သူအကြားပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုများ ရှင်သန်နိုင်မည် ဖြစ်သည်။

(၄) လူသားတိုင်း၏ မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော လွတ်လပ်စွာ ပြောဆိုရေးသားခွင့်ဆိုသည်မှာ အစိုးရက ပြည်သူလူထုထံသို့ ပေးအပ်မှ ရနိုင်သောအရာမဟုတ်ပေ။ လူသားတိုင်း၏ မွေးရာပါအခွင့်အရေးဖြစ်သည်။ အစိုးရက ထိုမွေးရာပါအခွင့်အရေးကို လူထုထံ မပေးနိုင်သော်လည်း ဖျက်ဆီးနိုင်သည်။ ထို့ကြောင့်အစိုးရက ပြည်သူလူထု၏ မွေးရာပါအခွင့်အရေးဖြစ်သော လွတ်လပ်စွာ ပြောဆိုရေးသားခွင့်ကို ပိတ်ပင်တားဆီးခြင်း မရှိရလေအောင် တိုင်းပြည်၏အမြင့်ဆုံးဥပဒေဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းပေးရမည်။

(၅) လွတ်လပ်စွာ ပြောဆိုရေးသားခွင့်သည် လူသားတိုင်း၏အခြေခံလွတ်လပ်ခွင့် ဖြစ်သည်။ သို့သော် ထိုလွတ်လပ်မှုအခွင့်အရေးကို အလွဲသုံးစားလုပ်၍ လူသားအချင်းချင်း ညှဉ်းပန်းနှိပ်စက်မှု၊ ဘာသာရေးတခုနှင့်တခုအကြား အမြင်မှားယွင်းမှုနှင့် ရန်လိုမုန်းတီးမှုများကို အားပေးလှုံ့ဆော်သည့် ရေးသားပြောဆိုချက်မျိုးကိုမူ လူ့ဘောင်အကျိုးစီးပွားအတွက် ဥပဒေဖြင့် ကာ

ကွယ်ဟန့်တားရမည်။ ယင်းသို့ လွတ်လပ်စွာပြောဆိုရေးသားမှုကို ဘောင်ချကန့်သတ်ခြင်းသည် လွတ်လပ်မှုကို ထိပါးခြင်းမဟုတ်ဘဲ လွတ်လပ်မှု၏ ရန်သူမျိုးစုံကို လွတ်လပ်သောလူထုက လွတ်လပ်စွာ ကြိုတင်ကာကွယ်ခြင်းသာ ဖြစ်စေရမည်။

(၆) လွတ်လပ်စွာ ပြောဆိုရေးသားခွင့် (Freedom of Speech) တွင် လွတ်လပ်စွာ စည်းရုံးခွင့်နှင့် ဆန္ဒပြခွင့်တို့လည်း ပါရှိသည်။ ပြည်သူလူထုက မိမိတို့အမြင်နှင့်ဆန္ဒသဘောထားများကို နှုတ်ဖြင့်ပြောရုံ၊ စာဖြင့်ရေးသားရုံမျှနှင့် တခါတရံမလုံလောက်တတ်ပေ။ ထို့ကြောင့် ရုပ်ခန္ဓာကိုအသုံးချ၍ မိမိတို့၏ဆန္ဒသဘောထားများ၊ အမြင်များ၊ ယုံကြည်ချက်များကို ဖော်ထုတ်ပြသရန် လိုအပ်လေ့ရှိသည်။ ထိုအခါ လူထုက အစုအဝေးဖြင့် ချီတက်ဆန္ဒပြခြင်း၊ လူထုစည်းဝေးပွဲများ၊ ဟောပြောပွဲများ ကျင်းပခြင်းကို ပြုလုပ်ရသည်။ ယင်းသည် ဒီမိုကရေစီစနစ်၏ အားသာချက်တရပ်ဖြစ်သည်။ သို့ရာတွင် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းကိုသာ ဒီမိုကရေစီစနစ်က အားပေးသည်။ ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းမှ အကြမ်းဖက်ဆန္ဒပြခြင်းအသွင်သို့ ကူးပြောင်းမသွားမိစေရန် လွတ်လပ်သောလူထုက မိမိတို့၏အသိတရားဖြင့် ထိန်းကွပ်ထားရမည်။ သို့ရာတွင် အာဏာရှင်စနစ်၌ ငြိမ်းချမ်းစွာ ဆန္ဒပြခွင့်အပါအဝင်၊ လွတ်လပ်စွာ ပြောဆိုရေးသားခွင့်ကိုပိတ်ပင်ထားသည့်အပြင် လူထုတို့၏ ငြိမ်းချမ်းစွာဆန္ဒပြပွဲများကို အကြမ်းဖက်နှိမ်နင်းလေ့ရှိခြင်းကြောင့် အကြမ်းဖက်ဆန္ဒပြပွဲအဖြစ်သို့ အသွင်ကူးပြောင်းသွားတတ်သည်။ ထိုအရာကို သတိထားပြီး ရှောင်ရှားရမည်။

(၇) လွတ်လပ်စွာ ပြောဆိုရေးသားခွင့်သည် ''လွတ်လပ်မှု'' (Freedom) ၏ အခြေခံရေသောက်မြစ်များဖြစ်ကြသော တရားမျှတခြင်း၊ ငြိမ်းချမ်းခြင်းနှင့်သည်းခံခြင်းတရားတို့အပေါ် အမှီပြု၍ ရှင်သန်သင့်သည်။ ထို့ကြောင့် လွတ်လပ်စွာ ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ရေးသားထုတ်ဝေခြင်း၊ စီတန်းလှည့်လည်ခြင်းများသည် လူ့အဖွဲ့အစည်းအတွင်း တရားမျှတမှု ရရှိရေးအတွက် ငြိမ်းချမ်းစွာ လုပ်ဆောင်သောအရာများသာ ဖြစ်သင့်သည်။ တရားမျှတခြင်းနှင့် ငြိမ်းချမ်းခြင်းတို့ကို သည်းခံခြင်းတရားဖြင့် ချွန်းအုပ်၍

လမ်းကြောင်း ထိန်းမတ်ခြင်းမပြုနိုင်သောအခါ လွတ်လပ်စွာ ပြောဆိုရေး သားခွင့်သည် ငြိမ်းချမ်းရေးလမ်းစဉ်သို့မလိုက်ဘဲ အကြမ်းဖက်မှုသို့ အသွင် ကူးပြောင်းတတ်သည်။ ငြိမ်းချမ်းရေးကို အကြမ်းဖက်သောနည်းလမ်းဖြင့် လမ်းကြောင်း လွှဲပြောင်းသောအခါ တရားမျှတခြင်း၊ ငြိမ်းချမ်းခြင်းနှင့် သည်းခံခြင်းများ ပျောက်ဆုံးပြီး မတရားမှု၊ အနိုင်ကျင့်စော်ကားမှု၊ ရန်လို မုန်းတီးမှုများသာမက လူ့ဘောင်လောကကို သွေးချောင်းစီးစေသော အကြမ်းဖက်မှုမျိုးစုံလည်း ပေါ်ပေါက်လာပါတော့သည်။ ထို့ကြောင့် လွတ်လပ်စွာ ပြောဆိုရေးသားခွင့်သည် ငြိမ်းချမ်းရေးလမ်းစဉ်နှင့် အကြမ်း ဖက်လမ်းစဉ်တို့ကို စည်းခြားပေးထားသောအရာဖြစ်သည်။ ငြိမ်းချမ်းရေး လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်နှစ်ခုအကြားတွင် ရပ်တည်နေသဖြင့် တဘက်စီက အကောင်းအတွက်ရော အဆိုးအတွက်ပါ အသုံးချရန် လွယ် ကူသည်။ လွယ်လွယ်ကူကူ အလွဲသုံးစားလုပ်နိုင်သောအရာလည်း ဖြစ် သည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်ရှင်သန်ရေးအတွက် အရေးကြီးဆုံးဖြစ် သည့် လွတ်လပ်စွာ ပြောဆိုရေးသားခွင့်သည် ဒီမိုကရေစီကို အလွဲသုံးစား လုပ်ရန် အလွယ်ကူဆုံးသော ယန္တရားဖြစ်သွားတတ်သည်ကိုလည်း သတိ ထားရန် လိုအပ်သည်။

## ၄။ ဒီမိုကရေစီအစိုးရနှင့် သတင်းမီဒီယာလွတ်လပ်ခွင့်

ဒီမိုကရေစီစနစ်သည် ပြည်သူလူထုကိုယ်တိုင်က မိမိတို့၏အကျိုးစီးပွားများ ကိုသယ်ပိုးဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက် ကာ မိမိတို့ကိုယ်တိုင် ပါဝင်ဖွဲ့စည်းသည့် အစိုးရကို ထူထောင်သည့်စနစ်ဖြစ်သည်။

ထိုသို့ မိမိတို့ကိုယ်တိုင်ပါဝင်ပြီး မိမိတို့အကျိုးစီးပွားကို သယ်ပိုးထမ်းဆောင် မည့် မိမိတို့၏ အစိုးရတရပ်ကို ရွေးချယ်တင်မြှောက်နိုင်ရန်အတွက် အရေးကြီးဆုံးသော သော့ချက်မှာ လွတ်လပ်စွာ စည်းရုံးဟောပြောခွင့်၊ ရေးသားထုတ်ဝေခွင့်နှင့် နိုင်ငံရေး ပါတီများ အပါအဝင် အခြားသော အသင်းအဖွဲ့များကို ဖွဲ့စည်းထူထောင်ခွင့်စသည့် အချက် များ ပါဝင်သည်။

လွတ်လပ်စွာ စည်းရုံးပြောဆိုနိုင်မှသာလျှင် ထိုနိုင်ငံရေးပါတီနှင့် ကိုယ်စားလှယ် လောင်းများ၏ နိုင်ငံရေးအမြင်နှင့်ခံယူချက်များကို ပြည်သူလူထုက နားလည်သဘော ပေါက်နိုင်ပေလိမ့်မည်။ နိုင်ငံရေးပါတီတရပ်နှင့် ကိုယ်စားလှယ်တဦး၏ မူဝါဒနှင့်ပေါ်လစီ

များကို လွတ်လပ်စွာ ရေးသားထုတ်ဝေ၍ ကျယ်ပြန့်စွာ ဖြန့်ချိနိုင်မှသာလျှင် ထိုသူများ ခံယူတင်ပြထားသော နိုင်ငံရေးဝါဒနှင့်ပေါ်လစီများသည် ပြည်သူလူထုအတွက် တကယ် အကျိုး ရှိ– မရှိ၊ ကာလဒေသနှင့် သဟဇာတ ဖြစ်–မဖြစ်၊ ခေတ်နှင့်လျော်ညီခြင်း ရှိ–မရှိ စသည်တို့ကို ပြည်သူလူထုက ဝေဖန်သုံးသပ်ပြီး အဆုံးအဖြတ်ပေးနိုင်လိမ့်မည်ဖြစ်သည်။

နိုင်ငံရေးပါတီတရပ်နှင့် ကိုယ်စားလှယ်လောင်း (နိုင်ငံရေးသမား) များက မိမိ တို့ပေါ်လစီနှင့် ရှေ့လုပ်ငန်းစဉ်များကို လူထုရှေ့မှောက်သို့ ရဲရင့်စွာ တင်ပြပြီး ပြည်သူ လူထု၏အစစ်အဆေးကို ပြတ်သားစွာခံယူရဲရပေမည်။ သို့မှသာ ထိုနိုင်ငံရေးပါတီတခုခု (သို့မဟုတ်) နိုင်ငံရေးသမားတဦးဦး၏ အရည်အချင်း ပေါ်လာနိုင်မည်ဖြစ်သည်။ ပေါ်လစီ နှင့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တင်ပြပုံတင်ပြနည်း မည်မျှကောင်းမွန်ပါစေ၊ ထို နိုင်ငံရေးသမား၏လက်တွေ့ဘဝတွင် အကောင်အထည်ဖော်နိုင်သောအရည်အချင်း ရှိ– မရှိ၊ အကျင့်သိက္ခာ၊ သီလနှင့် ထိုပုဂ္ဂိုလ်သည် ပြည့်စုံခြင်းရှိ–မရှိ စသည်တို့ကို ပြည်သူ လူထု၌ လွတ်လပ်စွာ စစ်ဆေးပိုင်ခွင့်ရှိရမည်။

ခြုံ၍ပြောရပါက လွတ်လပ်စွာ စည်းရုံးပြောဆိုခွင့်၊ ရေးသားထုတ်ဝေခွင့်နှင့် နိုင်ငံရေးပါတီအသင်းအပင်းများ ဖွဲ့စည်းထူထောင်ခွင့်မရှိပါက လွတ်လပ်ပြီး တရားမျှတ သောရွေးကောက်ပွဲကိုလည်း ကျင်းပနိုင်လိမ့်မည်မဟုတ်ပေ။ လွတ်လပ်၍ တရားမျှတ သော ရွေးကောက်ပွဲ မရှိပါက ပြည်သူလူထုက မိမိတို့အကျိုးစီးပွားအတွက် မိမိတို့ ကိုယ်တိုင် ပါဝင်ဖွဲ့စည်းသော ပြည်သူ့အစိုးရတရပ်လည်း ပေါ်ပေါက်လာနိုင်လိမ့်မည် မဟုတ်ပေ။

ယခုခေတ်တွင် သတင်းမီဒီယာကို တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ဟူ၍ပင် ခေါ်ဆို နေကြသည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်တွင် သတင်းမီဒီယာများသည် အောက်ပါအခန်း ကဏ္ဍများဖြင့် ပြည်သူလူထုတရပ်လုံးနှင့် လူ့အဖွဲ့အစည်းကြီးတရပ်လုံးအတွက် ပါဝင် အသုံးတော်ခံကြရမည် ဖြစ်သည်။

(၁) လွတ်လပ်သော သတင်းမီဒီယာများသည် ဘက်လိုက်မှု တစုံတရာမရှိ ဘဲ တိကျမှန်ကန်သော သတင်းအချက်အလက်များကို ပြည်သူလူထုထံသို့ တင်ပြပေးရမည်။

(၂) အစိုးရတရပ်၏လုပ်ဆောင်မှုများက တရားမျှတမှု ရှိ–မရှိ၊ တာဝန်ခံမှုနှင့် တာဝန်ယူမှု ရှိ–မရှိ စသည်တို့ကို ထိုသတင်းမီဒီယာများက ပြည်သူလူထု ထံသို့ အချက်အလက် မှန်ကန်စွာ တင်ပြရမည်။

(၃) လွတ်လပ်သော ဒီမိုကရေစီစနစ်အောက်တွင် ဖွဲ့စည်းထူထောင်ထားကြသော လူမှုအခြေပြုအဖွဲ့အစည်းများ၊ ဘာသာရေးနှင့် လူမှုရေးအဖွဲ့အစည်းများ၏လုပ်ဆောင်မှုများ မှန်ကန်ခြင်း ရှိ–မရှိကို သတင်းမီဒီယာများ ပြည်သူလူထုထံသို့ တင်ပြသတင်းပေးရမည်။

(၄) ရပ်ရွာအရေးကိစ္စမှစ၍ တတိုင်းပြည်လုံးအရေးအထိ ပါဝင်သော အရေးကြီးသည့်ကိစ္စတိုင်းတွင် ပြည်သူလူထု ပါဝင်ဆွေးနွေးနိုင်ရေးအတွက် သတင်းမီဒီယာများက စင်မြင့်သဖွယ်ဆောင်ရွက်ပေးရမည်။ မီဒီယာများထံမှ တိကျမှန်ကန်သည့်သတင်းအချက်အလက်များ ရရှိနိုင်မှသာ မှန်ကန်သည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည်ဖြစ်သည်။

(၅) ဒီမိုကရေစီစနစ်အောက်တွင် လွတ်လပ်စွာ ပြောဆိုရေးသားထုတ်ဝေခွင့်ကို အလေးအနက်ထားရမည်ဖြစ်သည်။ အစိုးရအနေဖြင့် သတင်းနှင့် မီဒီယာဌာန အသီးသီး၏ ရေးသားထုတ်ဝေပြောဆိုတင်ပြချက်များကို စိစစ်ရန် ဟူသောရည်ရွယ်ချက်ဖြင့်ဖွဲ့စည်းထားရှိသည့် ''စာပေစိစစ်ရေး''နှင့် ''ဆင်ဆာ'' အဖွဲ့များ လုံးဝမရှိသင့်ပေ။ ထိုနည်းတူ အစိုးရက သတင်းနှင့် မီဒီယာများကို ထိန်းချုပ်၍ အာဏာရပါတီနှင့် အစိုးရ၏အာဘော်များကိုသာ ပြည်သူလူထုထံ တင်ပြရမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထူထောင်လေ့ရှိသည့် အစိုးရ၏ပြန်ကြားရေးဌာနသည်လည်း ဒီမိုကရေစီစနစ်တွင် လုံးဝမရှိအပ်ပေ။

(၆) သတင်းနှင့် မီဒီယာဟု ဆိုရာ၌ ယခင်က ''စာနယ်ဇင်း'' ဟု ခေါ်ဆိုသည့် သတင်းစာ၊ ဂျာနယ်နှင့်မဂ္ဂဇင်းများသာမက ယခုခေတ်တွင် လူထုဆက်ဆံရေးကိရိယာအဖြစ် အသုံးများသည့်အင်တာနက်၊ Website၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် အခြားအခြားသော လူထုဆက်သွယ်ရေးယန္တရားများအားလုံးပါဝင်သည်။

## ရှင်းလင်းချက်

ဒီမိုကရေစီနိုင်ငံရေးတွင်ကျင့်သုံးလျက်ရှိသော အစိုးရ၏ပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ်များ ထားရှိခြင်း၊ သမ္မတ (သို့မဟုတ်) ဝန်ကြီးတဦးဦး၏ ပြောရေးဆိုခွင့်ရှိသူထားရှိခြင်းနှင့်ပါတီတရပ်ရပ်က ပြောရေးဆိုခွင့်ရှိသူပုဂ္ဂိုလ်သာမက သတင်းနှင့်ပြန်ကြားရေးဌာန

ထားရှိခြင်းတို့သည် ထိုပါတီ (သို့မဟုတ်) ထိုအစိုးရ တာဝန်ရှိသူ၏ ပေါ်လစီနှင့်မူဝါဒများက မီဒီယာလွတ်လပ်ခွင့်ကိုမထိပါးနိုင်ချေ။ သို့သော် မြန်မာနိုင်ငံကဲ့သို့ လွတ်လပ်ခွင့်မရှိသောနိုင်ငံများတွင် ပြန်ကြားရေးဌာနကို ဝန်ကြီးဌာနတခုအဖြစ်ထားရှိခြင်းသည် သတင်းနှင့်ပြန်ကြားရေးကို အစိုးရမှ ထိန်းချုပ်ထားရမည်ဟူသော အစဉ်အလာနှင့် လူထုလွတ်လပ်မှုအပေါ် ဖိနှိပ်ချုပ်ချယ်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ထားရှိခြင်းဖြစ်သည်။ ထိုသို့ သတင်းနှင့်ပြန်ကြားရေးကို ထိန်းချုပ်ရုံသာမက မိမိတို့ပေါ်လစီနှင့်မူဝါဒအတိုင်း ဝါဒဖြန့်ချိနိုင်ရေးအတွက် သတင်းထောက်များကိုလည်း အစိုးရကိုယ်တိုင်က ခန့်ထားကြသည်။ ထို့အပြင် သတင်းနှင့် မီဒီယာများကို ထိန်းချုပ်နိုင်ရန် ဆင်ဆာအဖွဲ့များကိုပါ ဖွဲ့စည်း၍ လွတ်လပ်စွာ ပြောဆိုရေးသားထုတ်ဝေခွင့်ကို ပြင်းထန်စွာ ပိတ်ပင်တားဆီးလေ့ရှိကြသည်။ ယင်းသည် ဒီမိုကရေစီစနစ်တွင် မရှိအပ်သောအရာများသာ ဖြစ်ကြသည်။

## ၅။ ဘာသာရေးလွတ်လပ်ခွင့်

လူသားတိုင်း ခံစားသင့်ခံစားထိုက်သော အခြေခံအခွင့်အရေးများနှင့်လွတ်လပ်ခွင့်များအနက် ဘာသာရေးလွတ်လပ်ခွင့်သည် ထိပ်ဆုံးတွင် ပါဝင်သည်။ တချို့ကဘာသာရေးလွတ်လပ်ခွင့်ကို လွတ်လပ်မှုအားလုံး၏အထွတ်အထိပ်ဖြစ်သည်ဟုပင် ခေါ်ဆိုသမုတ်ကြသည်။ အကြောင်းမှာ ဘာသာရေးသည် လောကီရေးရာသာမဟုတ်ဘဲ လောကုတ္တရာအရေးများပါဝင်၍ လူ့ဘဝ၏ ဖြစ်တည်ခြင်းအကြောင်းတရားကို အနက်ရှိုင်းဆုံးနှင့် အသိမ်မွေ့ဆုံး ချဉ်းကပ်ဆောင်ရွက်သောအလုပ်ဖြစ်သောကြောင့်တည်း။ ဖန်ဆင်းရှင်ဘုရားသခင်နှင့် ဖန်ဆင်းခံရသောလူသားတို့အကြား စိတ်ဝိညာဉ်ဖြင့် ကူးလူးဆက်ဆံသောအလုပ်လည်းဖြစ်သည်။ ထို့ကြောင့် ဤမျှသိမ်မွေ့လေးနက်သော သမ္မာတရားနှင့် ဓမ္မတရားတို့၏အလုပ်ကို ဆောင်ရွက်ရာတွင် မည်သူမျှ အနှောင့်အယှက်မပေးသင့်ပေ။ ဘာသာရေးကို နိုင်ငံရေးမှ ကင်းနိုင်သမျှ ကင်းရှင်းအောင်ထားရမည်။ ထိုသို့ ဆောင်ရွက်ရေးအတွက်–

(၁) ဘာသာရေးလွတ်လပ်ခွင့် အပြည့်အဝရှိရမည်။

(၂) ဘာသာရေးနှင့် နိုင်ငံရေး ရောယှက်ခြင်း မရှိစေရ။

(၃) နိုင်ငံသားတိုင်းသည် မိမိတို့ယုံကြည်ကိုးကွယ်သည့်ဘာသာကို လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရှိသည်။ ဘာသာတရားနှင့် သက်ဆိုင်သောအရာကိစ္စမှန်သမျှကို လွတ်လပ်စွာ ပါဝင်လုပ်ဆောင်ခွင့်ရှိရမည်။

(၄) ဘာသာရေးလွတ်လပ်ခွင့်ဟုဆိုရာတွင် ဘာသာရေးဆိုင်ရာစာပေများကို လွတ်လပ်စွာ ဖြန့်ချိခွင့်၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများကိုလွတ လပ်စွာ တည်ဆောက်ခွင့်၊ ဘာသာရေးဆိုင်ရာ နေ့ထူးနေ့မြတ်များတွင် ပွဲလမ်းသဘင်များကို လွတ်လပ်စွာ ကျင်းပခွင့်၊ မိမိယုံကြည်ရာ ဘာသာ တရားကို လွတ်လပ်စွာ ဟောပြောသင်ကြားခွင့်နှင့် သာသနာပြုခွင့်စသည့် အခွင့်အရေးများ ပါဝင်သည်။

(၅) ဘာသာရေး လွတ်လပ်ခွင့် အပြည့်အဝပေးအပ်ပြီး သာသနာပြုခွင့်ကို လည်း လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန် တန်းတူအခွင့်အရေးပေးသင့် သည်။ နိုင်ငံရေးနှင့် ဘာသာရေးကို ခွဲခြားထားသောကြောင့် အစိုးရအနေ ဖြင့် မည်သည့်ဘာသာတရားကိုမျှ ဦးစားပေးခြင်း၊ သာသနာပြုလုပ်ငန်း များတွင် အစိုးရက ပါဝင်ဆောင်ရွက်ခြင်း၊ ငွေကြေးထောက်ပံ့ခြင်းများ လုံးဝမပြုလုပ်သင့်ပေ။

(၆) နိုင်ငံရေးနှင့် ဘာသာရေးကို ခွဲခြားထားသောကြောင့် မည်သည့်ဘာသာ သာသနာကိုမျှ တိုင်းပြည်၏ ဘာသာအဖြစ် ပြဋ္ဌာန်းခြင်း၊ အထူးဦးစားပေး ခြင်း လုံးဝမပြုလုပ်သင့်ပေ။

(၇) နိုင်ငံရေးနှင့်ဘာသာရေးကို ခွဲခြားထားသည့် ဒီမိုကရေစီစနစ်အောက်တွင် ဘာသာရေးကို အထောက်အကူပေးရန် ဖွဲ့စည်းထူထောင်သည့် သာသနာ ရေးဝန်ကြီးဌာန လုံးဝမထားရှိသင့်ပေ။ ဘာသာရေးသည် နိုင်ငံရေးမှ လုံးဝ ကင်းရှင်း လွတ်လပ်သင့်သည်။

### ၆။ လူနည်းစုများ၏အခွင့်အရေးကို ကာကွယ်ခြင်း

ဒီမိုကရေစီစနစ်သည် အများဆန္ဒအရ အရာရာကို အဆုံးအဖြတ်ပေးသောစနစ် ဖြစ်သည်။ အခြားတဖက်တွင်လည်း ဒီမိုကရေစီစနစ်သည် လူသားတိုင်း၏ မွေးရာပါ အခွင့်အရေးများကို အလေးပေးတန်ဖိုးထားသောကြောင့် လူသားတိုင်း၏တန်းတူညီမျှ မှုအခွင့်အရေးကို အထူးဦးစားပေးစဉ်းစားသောစနစ်လည်း ဖြစ်သည်။

အပေါ်ယံအားဖြင့်ကြည့်ပါက နိုင်ငံသားတိုင်းတွင် ရှိအပ်သော တန်းတူညီမျှခွင့် ဟူသော ''တန်းတူရေး'' နှင့် အများဆန္ဒအရ အရာရာကို ဆုံးဖြတ်သည်ဟူသော ''အများ ဆန္ဒဖြင့်ဆုံးဖြတ်ခြင်း'' ကျင့်စဉ်နှစ်ရပ်တို့သည် ဆန့်ကျင်သယောင် ထင်ရပေသည်။

အများဆန္ဒဖြင့်သာ အရာရာကိုဆုံးဖြတ်ပါက လူနည်းစုများ၏ အခွင့်အရေးကို ချိုးဖောက်ပိတ်ပင်ရာ မရောက်ပေဘူးလားဟု မေးစရာရှိသည်။

အများစုနှင့်အနည်းစု ဆန္ဒချင်းမတူညီသောအခါ လူ့အဖွဲ့အစည်းအတွင်း နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးပြဿနာများစွာ ပေါ်ပေါက်တတ်သည်။ အထူးသဖြင့် လူမျိုးပေါင်းစုံ ရောနှောနေထိုင်နေသော တိုင်းပြည်များတွင် အရာရာကို အများဆန္ဒဖြင့်သာလျှင် ဆုံးဖြတ်ရမည်ဆိုပါက လူနည်းစုများ၏ အခွင့်အရေးများပပျောက်ပြီး နောင်နှစ်ပေါင်းများစွာကြာလာသောအခါ လူမျိုးငယ်များပါ ပျောက်ကွယ်တိမ်မြုပ်သွားနိုင်သည်။ ထို့ကြောင့်ပင်လျှင် ဒီမိုကရေစီစနစ်သည် လူမျိုးကြီးဝါဒလွှမ်းမိုးရေးနှင့် လူအုပ်ကြီးဖြင့် အနိုင်ကျင့်စော်ကားသော (Tyranny of Majority) ကို ဖြစ်ပွားစေနိုင်သည်ဟု ပညာရှင်များစွာက စောဒကတက်ကာ ငြင်းခုံခဲ့ကြသည်။

ဥပမာ – ပါလီမန်ဒီမိုကရေစီခေတ်တွင် ဝန်ကြီးချုပ်ဦးနုက ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းသတ်မှတ်ရန် ပြည်ထောင်စုလွှတ်တော်တွင် မဲခွဲဆုံးဖြတ်သောအခါ ချင်း၊ ကချင်၊ ရှမ်းစသောတိုင်းရင်းသားလူမျိုးများ၏ဆန္ဒမဲ မပါဘဲ ဗမာလူမျိုးများ၏ ဆန္ဒမဲဖြင့် အလွယ်တကူဆုံးဖြတ်နိုင်ခဲ့သည်။ အကြောင်းမှာ ဦးနုခေတ်တွင် ပြည်ထောင်စုလွှတ်တော်တရပ်လုံး၊ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တွင် ဗမာလူမျိုးများက လွှမ်းမိုးထားသောကြောင့် တိုင်းရင်းသားလူမျိုးများ၏ဆန္ဒမဲ တခုမျှမပါဘဲ ဗမာလူမျိုးများ လိုလားသော ဥပဒေအားလုံးကို ရေးဆွဲပြဋ္ဌာန်းအတည်ပြုနိုင်ခဲ့သည်။

ထို့ကြောင့် ဒီမိုကရေစီစနစ်အောက်တွင် လူများစုက လူနည်းစု၊ အထူးသဖြင့် လူဦးရေပိုမိုများပြားသောလူမျိုးများက လူဦးရေပိုမိုနည်းပါးသောလူမျိုးငယ်များကို အနိုင်ကျင့် စော်ကားမှုများ မရှိရလေအောင် နည်းလမ်းရှာဖွေရမည်ဖြစ်သည်။ ထိုသို့နည်းလမ်းရှာဖွေရာတွင် အကောင်းဆုံးသောနည်းလမ်းတခုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် ရေးဆွဲပြဋ္ဌာန်းခြင်းသာဖြစ်သည်။ ထို့ကြောင့် –

(၁) ဒီမိုကရေစီစနစ်တွင် အရာရာကို အများဆန္ဒအရ ဆုံးဖြတ်ချက်များ ချမှတ်လေ့ရှိသော်လည်း ယင်းလုပ်ရပ်သည် လူနည်းစုများ၏အခွင့်အရေးကို တဖက်သတ်ချိုးဖောက်မှုအဆင့်အထိ မဖြစ်သင့်ပေ။ အများဆန္ဒဖြင့် ဆုံးဖြတ်သော်လည်း လူနည်းစု၏ ဆန္ဒသဘောထားကိုလည်း လေးစားအသိအမှတ် ပြုရမည်။

(၂) လူမျိုးပေါင်းစုံ ရောနှောနေထိုင်သော တိုင်းပြည်တွင် နေထိုင်ကြသည့်အခါ လူမျိုးရေးကြောင့်သော်လည်းကောင်း၊ အခြားသော အခြေအနေအမျိုးမျိုး ကြောင့်သော်လည်းကောင်း၊ လူမျိုးစုထဲမှ လူနည်းစုအဖြစ် ရပ်တည်နေ ကြသူများ၏ ''ပကတိတည်ရှိနေခြင်း''ကို အသိအမှတ်ပြုကြရမည်။ ထိုသို့ မတူကွဲပြားမှုရှိနေခြင်းကိုတော့ လေးစားအသိအမှတ်ပြုမှသာ ''မတူကွဲ ပြားမှုအပေါ်အခြေခံသော စည်းလုံးညီညွတ်ရေး'' (Unity in Diversity) ကို ဖော်ဆောင်နိုင်မည် ဖြစ်သည်။

(၃) တိုင်းရင်းသားလူမျိုးငယ်များ မတိမ်ကော မပပျောက်ရေးအတွက် ကာ ကွယ်စောင့်ရှောက်ရာတွင် အကောင်းဆုံးနည်းလမ်းမှာ ထိုလူမျိုးငယ် များ၏ အမျိုးသားလက္ခဏာ (National Identity) ကို ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားသောဥပဒေများ၊ နည်းဥပဒေများဖြင့် ကာကွယ်ခြင်းပင်ဖြစ်သည်။

(၄) တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားရေးလက္ခဏာ (National Identi– ty) ဟုဆိုရာတွင် ထိုလူမျိုးများ၏ လူမျိုးဖြစ်ခြင်းလက္ခဏာ၊ ဘာသာစကား၊ ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးတမ်းများ၊ ဘိုးဘွားပိုင်နယ်မြေများ (Home Land) နှင့်သမိုင်းနောက်ခံ စသည်များ ပါဝင်သည်။ ယင်းကို တချို့ပညာ ရှင် များက ယဉ်ကျေးမှုလွတ်လပ်ခွင့်နှင့် ဆက်စပ်သော ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့် (Cultural Self– determination or Cultural Autonomy) ဟု ခေါ် ဆိုကြသည်။ တိုင်းရင်းသားလူမျိုးတိုင်းတွင် ၎င်းတို့ယဉ်ကျေးမှုနှင့် ဆက် စပ်သောကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသင့်သည်။

(၅) လူမျိုးပေါင်းစုံရောနှောနေထိုင်၍ ပြည်ထောင်စုစနစ်ကို ကျင့်သုံးသော တိုင်းပြည်များတွင် အမျိုးသားပြည်နယ် ထူထောင်နိုင်လောက်သော လူ အင်အားမရှိသည့် လူမျိုးငယ်များအတွက် နိုင်ငံရေးအကျိုးခံစားခွင့် ထိုက် တန်စွာရရှိနိုင်ရန် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဒေသနှင့် အမျိုးသားနယ်မြေများ ကို သတ်မှတ်၍၊ ထိုလူမျိုးငယ်များ၏ အခွင့်အရေးများကို ဖွဲ့စည်းပုံ အခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းပေးရမည်။

## ၇။ အမျိုးသမီးအခွင့်အရေးနှင့် ကျား–မတန်းတူရေး

ကမ္ဘာ့လူဦးရေ၏ထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်ကြသည်။ ထို့ကြောင့် အမျိုးသမီးအခွင့်အရေးကို ပိတ်ပင်ခြင်းသည် ကမ္ဘာ့လူဦးရေထက်ဝက်၏ အခွင့်အရေးကို ပိတ်ပင်ခြင်းနှင့် အတူတူပင်ဖြစ်သည်။ လူသားတို့၏ မွေးရာပါအခွင့်အရေးကို တန်ဖိုးထားပြီး၊ လွတ်လပ်မှုကို မြတ်နိုးသော ဒီမိုကရေစီစနစ်တွင် အမျိုးသမီးအခွင့်အရေးများကို အထူးတန်ဖိုးထား ကာကွယ်စောင့်ရှောက်ထိန်းသိမ်းမြှင့်တင်သင့်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် အမျိုးသမီးများကို ဘာသာရေးအရသော်လည်းကောင်း၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံအရသော်လည်းကောင်း တန်းတူအခွင့်အရေး မပေးခဲ့ကြချေ။ ကျွန်ုပ်တို့ ချင်းလူ့အဖွဲ့အစည်းများတွင်လည်း အမျိုးသမီးများကို အမျိုးသားများနှင့် တန်းတူအခွင့်အရေး မပေးခဲ့ကြပေ။ အတွေးအခေါ်ဟောင်းများကို ဆန့်ကျင်တော်လှန်၍ အမျိုးသမီးများကို အမျိုးသားများနှင့်အတူ တန်းတူရည်တူအခွင့်အရေး ပေးသင့်သည်။ လူတိုင်း ရရှိခံစားထိုက်သောအခြေခံအခွင့်အရေးများသာမက အမျိုးသမီးများအတွက် အထူးသီးသန့် လိုအပ်သောအခွင့်အရေးများကိုလည်း အထူးဥပဒေများပြဋ္ဌာန်း၍ကာကွယ်ပေးသင့်သည်။ အမျိုးသမီးများကို အောက်ပါကဏ္ဍများတွင် အခွင့်အရေးအပြည့်အဝပေးအပ်သင့်သည်။

### က။ ဥပဒေဆိုင်ရာ အခွင့်အရေးများ

(၁) တရားရုံးများတွင် စီရင်ချက် တစုံတရာ ချမှတ်ရန် တရားရင်ဆိုင်ရသောအခါ အမျိုးသမီးများ၏ အခွင့်အရေးများကို အမျိုးသားများနည်းတူ တန်းတူအခွင့်အရေးပေးရမည်။

(၂) အမျိုးသမီးများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံပိုင်ခွင့်နှင့် အခြားပိုင်ဆိုင်ခြင်းဆိုင်ရာ အခွင့်အရေးအားလုံးတွင် အမျိုးသားများနှင့် တန်းတူအခွင့်အရေးပေးရမည်။

(၃) ဖွဲ့စည်းပုံအခြေခံဥပဒေများ ရေးဆွဲပြဋ္ဌာန်းရာတွင် အမျိုးသမီးကိုယ်စားလှယ်များကိုပါ ပါဝင်ဆွေးနွေးအကြံပေးဆုံးဖြတ်ပိုင်ခွင့်ပေးရမည်။

(၄) တိုင်းပြည်၏ ဥပဒေပြုအာဏာကို ကိုင်တွယ်ကျင့်သုံးနေသော လွှတ်တော်အဆင့်ဆင့်တွင် အမျိုးသမီး အနည်းဆုံး (၃၀) ရာခိုင်နှုန်း ပါဝင်ရန် ဥပဒေဖြင့် ပြဋ္ဌာန်းပေးသင့်သည်။

## ခ။ နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ

(၁) အမျိုးသမီးများကို အမျိုးသားများနှင့်ရင်ဘောင်တန်း၍ နိုင်ငံရေးနယ်ပယ်တွင် ပါဝင်လှုပ်ရှားတာဝန်ယူ ဆုံးဖြတ်ပိုင်ခွင့်ပေးရမည်။

(၂) မဲပေးပိုင်ခွင့်၊ အရွေးခံပိုင်ခွင့်များဖြင့် ရပ်ကွက်/ကျေးရွာအဆင့်မှ သမ္မတနှင့် ဝန်ကြီးချုပ်အဆင့်ထိ အဆင့်တိုင်း၊ နေရာတိုင်းတွင် အရည်အချင်းပြည့်မီ၍လူထုထောက်ခံအားပေးမှုရရှိသော အမျိုးသမီးများကို လွတ်လပ်စွာ ရွေးချယ်၍ တာဝန်ထမ်းဆောင်ခွင့်ပေးရမည်။

(၃) ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးနှင့် လူမှုအဖွဲ့အစည်းနယ်ပယ်များအားလုံးတွင် အမျိုးသမီးများ၏ အခွင့်အရေးများကို မည်သည့်အကြောင်း ပြချက်နှင့်မျှ ပိတ်ပင်ဟန့်တားခြင်း မရှိစေရ။

(၄) ဘာသာရေးကို အကြောင်းပြု၍ အမျိုးသမီးများ၏ အခွင့်အရေးများကို ပိတ်ပင်တားမြစ်ခြင်း မရှိစေရ။

(၅) ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများအပေါ် အကြောင်းပြု၍ အမျိုးသမီးများ၏အခွင့်အရေးများကို ပိတ်ပင်တားမြစ်ခြင်း မရှိစေရ။

(၆) ပညာရေးနယ်ပယ်တွင် အမျိုးသမီးများကို အမျိုးသားများနည်းတူ အခွင့်အရေးပေးရမည်။

(၇) အမျိုးသမီးများကို တန်းတူအခွင့်အရေးပေး၍ ပြည်ထောင်စု ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ခွင့်ပေးရမည်။

## ၈။ ဒီမိုကရေစီစနစ်နှင့် ပညာရေးလွတ်လပ်ခွင့်

အာဏာရှင်စနစ်တွင် ''ထုံအညံ့ဖျင်း၍ အသိတရား ကင်းမဲ့သောလူထု'' မျိုးကို သာအာဏာရှင်တို့ အလိုချင်ဆုံးသောအရာ ဖြစ်သည်။ ပြည်သူလူထု ''ထုံအညံ့ဖျင်း'' မှသာ အာဏာရှင်တို့ တန်ခိုးကြီးထွားနိုင်ပေလိမ့်မည်။ ပြည်သူလူထု အသိတရားကင်းမဲ့မှ အာဏာရှင်များသည် သူတို့စိတ်တိုင်းကျ တိုင်းပြည်ကို အုပ်ချုပ်မင်းမူနိုင်လိမ့်မည်။ ထို့ကြောင့် အာဏာရှင်ကြီးများက အာဏာရရှိသည်နှင့် တပြိုင်နက်ပညာရေးမဏ္ဍိုင်ကြီးကို ပထမပစ်မှတ်ထားပြီး ဖြိုခွင်းဖျက်ဆီးတတ်ကြသည်။

ဒီမိုကရေစီစနစ်ကမူ ပညာရေးကို အခြေခံလူ့အခွင့်အရေးတရပ်အဖြစ် လက်ခံ အသိအမှတ်ပြုသည်။ ထို့ကြောင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် ပညာရေးကိုအခြေခံလူ့အခွင့်အရေးအဖြစ် အတိအလင်း အသိအမှတ်ပြုဖော်ပြထားခြင်းဖြစ်သည်။

(၁) လွတ်လပ်စွာ တွေးခေါ်မြော်မြင်ခြင်းနှင့် ရေးသားပြောဆိုခြင်းသည် ဒီမိုကရေစီစနစ်၏ အသက်သွေးကြောဖြစ်သည်။ လွတ်လပ်စွာ တွေးခေါ်မြော်မြင်တတ်သော လူ့အဖွဲ့အစည်းတရပ် ထူထောင်ရန် ပညာရေးစနစ်သည် အခရာကျသော ဒီမိုကရေစီယန္တရားတခုဖြစ်သည်။

(၂) လူ့အဖွဲ့အစည်းတိုင်းနှင့်လူမျိုးတိုင်းသည် မိမိတို့၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ခေတ်တခေတ်ပြီး တခေတ် လက်ဆင့်ကမ်း သင်ယူခဲ့ရသကဲ့သို့ ဒီမိုကရေစီ၏အမွေအနှစ်များနှင့် တန်ဖိုးများကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းရာတွင် ပညာရေးစနစ်သည် အလွန်အရေးကြီးသည်။

(၃) ဒီမိုကရေစီစနစ်တွင် ဒီမိုကရေစီကျင့်စဉ်တရားများ၏ အခြားအခြေခံသဘောတရားများဖြစ်ကြသော တရားမျှတခြင်း၊ ငြိမ်းချမ်းခြင်းနှင့် သည်းခံခြင်းတရားများသာမက တရားမျှတသော ရွေးကောက်ပွဲများတွင် လွတ်လပ်စွာ ပြောဆိုစည်းရုံး၍ တရားမျှတသောနည်းလမ်းဖြင့် ပါဝင်ယှဉ်ပြိုင် အရွေးခံရေးကို ငယ်ရွယ်စဉ်ဘဝမှ စတင်ကာ ကျောင်းသူကျောင်းသားများကို လေ့ကျင့်သင်ကြားပေးရသည်။ ကျောင်းကောင်စီရွေးကောက်ပွဲများ၊ ကျောင်းသားအသင်းအဖွဲ့များ၏ ရွေးကောက်ပွဲများကို နှစ်စဉ်ကျင်းပ၍ ကျောင်းသားများအား ဒီမိုကရေစီအလေ့အကျင့်များကို သင်ကြားတတ်မြောက်အောင် လေ့ကျင့်ပေးရသည်။

(၄) ဒီမိုကရေစီစနစ်ကျင့်သုံးသော တိုင်းပြည်များသည် ပညာရေးကို အခြေခံလူ့အခွင့်အရေးအဖြစ် ရရှိခံစားနိုင်ရေးအတွက် ကလေးငယ်အားလုံး၊ လူငယ်လူရွယ်အားလုံး ပညာသင်ကြားခွင့်နှင့် စာသင်ကျောင်းများကိုလည်း လွတ်လပ်စွာ ဖွင့်လှစ်ခွင့်ပြုသည်။ အစိုးရက လိုအပ်သောအကူအညီများကိုပေးပြီး၊ အစိုးရစာသင်ကျောင်းများကိုပါ ဖွင့်လှစ်ပေးရမည်။

(၅) လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံရောနှောနေထိုင်သော တိုင်းပြည်များတွင် တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကားများကို အခြေခံ၍သော်လည်းကောင်း၊ ကိုးကွယ်ရာဘာသာတရားကို အခြေခံ၍သော်လည်းကောင်း၊ လွတ်လပ်စွာ ပညာသင်ကြားခွင့်နှင့် စာသင်ကျောင်းများ ဖွင့်လှစ်ခွင့်ရှိရမည်။

(၆) တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်၍ ပြည်ထောင်စုစနစ်ကို ကျင့်သုံးသောတိုင်းပြည်များတွင် တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကားကို သက်ဆိုင်ရာပြည်နယ်၏ ရုံးသုံးဘာသာစကားအဖြစ် အသိအမှတ်ပြုထားသောကြောင့် ထိုပြည်နယ်၏ ရုံးသုံးဘာသာစကား တိုးတက်ရှင်သန်ရေးကို ပြည်ထောင်စုဥပဒေနှင့် ဆန့်ကျင်ခြင်း မရှိစေဘဲ ပြည်နယ်များက သီးခြားလွတ်လပ်စွာ ပြဋ္ဌာန်းထားသောပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ပြည်နယ်အစိုးရက လွတ်လပ်စွာ စီမံဆောင်ရွက်ခွင့်ရှိစေရမည်။

(၇) ဒီမိုကရေစီစနစ်သည် လူသားတိုင်း၏ အခြေခံလွတ်လပ်ခွင့်များနှင့် အခြေခံလူ့အခွင့်အရေးများကို တိုင်းပြည်၏လုံခြုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့နှင့် တန်းတူရည်တူ အလေးထားသောစနစ်ဖြစ်သည်။ တိုင်းပြည်၏ လုံခြုံရေးအတွက် တိုင်းပြည်၏ ဘဏ္ဍာငွေများကို အလုံအလောက် အသုံးချသည့်နည်းတူ လူသားတိုင်း၏အခြေခံလွတ်လပ်ခွင့်နှင့်အခြေခံလူ့အခွင့်အရေးများပွင့်လန်းရှင်သန်၍ လွတ်လပ်သော လူ့အဖွဲ့အစည်းတရပ် ထူထောင်ရေးတွင် အခြေခံအကျဆုံးဖြစ်သည့် ပညာရေးကဏ္ဍအတွက် ဘဏ္ဍာငွေ အလုံအလောက်ထားရှိရန် အစိုးရမှ တာဝန်ယူဆောင်ရွက်ပေးရမည်။

# အခန်း (၅)
# ပြည်ထောင်စုနှင့်ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း

ပြည်ထောင်စုနှင့် ပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) အကြား အာဏာ ခွဲဝေကျင့်သုံးခြင်း (Division of Powers) သည် ဖက်ဒရယ်စနစ်တွင် မရှိမဖြစ် လိုအပ်သော ဖက်ဒရယ်အင်္ဂါရပ်တခုပင်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုနှင့် ပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) အကြား အာဏာခွဲဝေကျင့်သုံးခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခိုင်အမာကာကွယ်ပြဋ္ဌာန်းရန် လိုအပ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရခြင်း၏ အဓိကရည်ရွယ်ချက်သည်– တိုင်းသူပြည်သားများ၏ အခြေခံရပိုင်ခွင့်များကို တဘက်တွင် အခိုင်အမာ ကာကွယ်ပြဋ္ဌာန်းပြီး၊ အခြားတဘက်တွင် အုပ်ချုပ်သူအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာများကို ဘောင်ခတ်ကန့်သတ်ခြင်းပင် ဖြစ်ပါသည်။

အစိုးရ၏လုပ်ပိုင်ခွင့်အာဏာများကို ဘောင်ခတ်ကန့်သတ်ရာတွင် ဖက်ဒရယ်ပြည်ထောင်စုစနစ်၌ ကျင့်သုံးပုံကျင့်သုံးနည်းနှင့် တစ်ပြည်ထောင်စနစ်တွင် ကျင့်သုံးပုံကျင့်သုံးနည်းတို့ မတူနိုင်ကြပေ။ တစ်ပြည်ထောင်စနစ်တွင် အစိုးရ၏လုပ်ပိုင်ခွင့်အာဏာကို ဘောင်ခတ်ကန့်သတ်ရာ၌ အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို ပိုင်းခြားကျင့်သုံးခြင်း (Separation of Powers) ကို စနစ်တကျ ကျင့်သုံး၍ ယင်းအာဏာသုံးရပ်ကို ချိန်ခွင်လျှာညီခြင်းနှင့် အပြန်အလှန်ထိန်းချုပ်ခြင်း (Check–and–Balance) လုပ်ရုံမျှဖြင့် လုံလောက်ပါသည်။ ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင်မူ အစိုးရ၏လုပ်ပိုင်ခွင့်အာဏာများကို ဘောင်ခတ်ကန့်သတ်ရာ၌ အချုပ်အခြာအာဏာသုံးရပ်ကို ပိုင်းခြားကျင့်သုံးရုံမျှဖြင့် မလုံလောက်ပေ။ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း (Division of Powers) ကို စနစ်တကျ တွဲဖက်ကျင့်သုံးရန် လိုအပ်ပါသည်။

---

ပြည်ထောင်စုနှင့် ပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) အကြား အာဏာခွဲဝေကျင့်သုံးခြင်းကို လက်တွေ့ကျင့်သုံးဖော်ဆောင်ရာတွင် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်နှင့် မစစ်မှန်သော အတုအယောင် ဖက်ဒရယ်ပြည်ထောင်စုစနစ်တို့ ကျင့်သုံးပုံခြင်း မတူကွဲပြားကြပါသည်။ မစစ်မှန်သော အတုအယောင် ပြည်ထောင်စုစနစ်ဆိုသည်မှာ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ရုပ်သိမ်း၍ ပြည်နယ် (ဖက်ဒရယ်ယူနစ်များ) ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်မရှိသော ပြည်ထောင်စုစနစ်ပင် ဖြစ်ပါသည်။ ထိုကဲ့သို့သော အတုအယောင်ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုနှင့်ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်းကို ဖော်ဆောင်ရာတွင် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတခုတည်းတွင် ပြည်ထောင်စု၏လုပ်ပိုင်ခွင့်နှင့် ပြည်နယ်လုပ်ပိုင်ခွင့်များကို တပြိုင်တည်းပြဋ္ဌာန်း၍ ထိုဖွဲ့စည်းပုံအခြေခံဥပဒေ၏ နောက်ဆက်တွဲတွင် ဇယား (၁)၊ ဇယား (၂) တို့ဖြင့် ဖော်ပြလျက်ရှိပါသည်။

၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပြည်ထောင်စု၏ လုပ်ပိုင်ခွင့်နှင့် ဥပဒေပြုအညွှန်းကို ဇယား (၁) တွင်သော်လည်းကောင်း၊ ပြည်နယ်များ၏ လုပ်ပိုင်ခွင့်အာဏာများနှင့် ဥပဒေပြုအညွှန်းများကို ဇယား (၂) တွင်သော်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေတခုတည်းတွင် တပြိုင်တည်းတပေါင်းတည်းပြဋ္ဌာန်းခဲ့ကြပါသည်။ ထို့ကြောင့် ပြည်နယ်များက သက်ဆိုင်ရာပြည်နယ်များအတွက် ပြဋ္ဌာန်းဥပဒေများကို လွတ်လပ်စွာ ပြင်ဆင်ပြဋ္ဌာန်းပိုင်ခွင့် မရှိချေ။ ပြည်ထောင်စုလွှတ်တော်တွင်သာ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများကို ပြုလုပ်နိုင်ပါသည်။ ဤသို့ဖြင့် ပြည်နယ်များ၏ (ဖက်ဒရယ်ယူနစ်များ၏) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ရုပ်သိမ်းခြင်းခံခဲ့ရသည်။

စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) အကြား အာဏာခွဲဝေကျင့်သုံးခြင်း “မူ”အရ ပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) ကို အပ်နှင်းထားသော လုပ်ပိုင်ခွင့်အာဏာများအား ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စနစ်တကျ ရေးဆွဲပြဋ္ဌာန်းပိုင်ခွင့်ရှိပါသည်။ ပြည် ထောင်စုအဖွဲ့ဝင်ပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) သည် သက်ဆိုင်ရာပြည်နယ်အတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းဥပဒေနှင့် သမိုင်းနောက်ခံများသာမက ထိုပြည်နယ်၏ ပထဝီဝင်အနေအထားနှင့် စီးပွားရေးအခြေအနေအားလုံးတို့ ကိုက်ညီသည့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံ

ဥပဒေကို ရေးဆွဲပြဋ္ဌာန်းပိုင်ခွင့်ရှိပါသည်။ ထိုကဲ့သို့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိခြင်းသည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ပေးထားခြင်းပင်ဖြစ်ပါသည်။ ထိုကဲ့သို့ အာမခံချက်ပေးနိုင်မှသာ ပြည်ထောင်စုအစိုးရက ပြည်နယ်များကို လွှမ်းမိုးခြင်းဆိုသည့် ပြည်ထောင်စုအစိုးရ၏လုပ်ပိုင်ခွင့်အာဏာများကို ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း ''မူ'' ဖြင့် ဘောင်ခတ်ကန့်သတ်နိုင်လိမ့်မည် ဖြစ်ပါသည်။

## ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေ ကျင့်သုံးခြင်း

အနှစ် (၇၀) ကျော် ပြည်တွင်းစစ်အပါအဝင် ဤတိုင်းပြည်တွင် ရင်ဆိုင်နေရသော နိုင်ငံရေးပြဿနာ အားလုံး၏ အရင်းအမြစ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာ(Constitutional Crisis) ဖြစ်သည်ဟု ဥပဒေရှုထောင့်မှ သုံးသပ်နိုင်ပါသည်။ ဖွဲ့စည်းပုံအခြေခံပြဿနာဟုဆိုရာ၌ အဓိကအကျဆုံးသောပြဿနာ (၂) ရပ်မှာ–

(၁) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို လုံလောက်သောအာဏာ မပေးခြင်းနှင့်

(၂) ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေရေးကို ပီပြင်စွာ မဆောင်ရွက်နိုင်ခြင်းတို့ ဖြစ်ပါသည်။

ထိုပြဿနာ (၂) ခုမှာ ခွဲခြားမရအောင် ဆက်စပ်နေပါသည်။ ပြည်နယ်များကို လုံလောက်သော အာဏာမပေးသောကြောင့် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား ခွဲဝေပိုင်းခြား၍ သီးခြားစီကျင့်သုံးရမည့် အာဏာလည်း မရှိခဲ့ပေ။ ထို့ကြောင့် ပင်လုံစာချုပ်အရဖွဲ့စည်းထူထောင်ခဲ့သော ပြည်ထောင်စုကြီးသည် ပြည်ထောင်စုစနစ်မှ သွေဖည်၍ အမျိုးသားနိုင်ငံတော်အသွင်ဆောင်သော တပြည်ထောင်စနစ်နှင့် ရောစပ်ထားသည့် အတုအယောင်ပြည်ထောင်စုဖြစ်သွားခဲ့ပါသည်။ အနှစ် (၇၀) ကျော် ပြည်တွင်းစစ်ကို ရပ်စဲ၍ ပြည်ထောင်စုကြီးကို ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကိုအာမခံချက်ပေးနိုင်သည့် ပြည်ထောင်စုကြီးအဖြစ် ပြန်လည်တည်ဆောက်ရာတွင် အထက်ဖော်ပြပါ ပြဿနာ (၂) ရပ်ကို ပထမဦးဆုံး ဖြေရှင်းရန် လိုအပ်မည်ဖြစ်ပါသည်။

ပြည်ထောင်စုနှင့်ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း၏ အဓိကရည် ရွယ်ချက်မှာ ဖက်ဒရယ်စနစ်အရ ပြည်ထောင်စု၏အချုပ်အခြာအာဏာမူလပိုင်ရှင်ဖြစ်သောပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) အတွင်းရှိ ပြည်သူလူထုလက်ဝယ်သို့ ပြန်လည်သက်ရောက်စေရေးနှင့် ပြည်သူလူထုနှင့်နီးနိုင်သမျှနီးစပ်အောင် ဆောင်ရွက်ခြင်းဟူသော ပြည်သူလူထုနှင့်အနီးကပ်ဆုံး အစိုးရကတဆင့် လုပ်ဆောင်နိုင်သည်အထိ လုပ်ပိုင်ခွင့်ပြုသောစနစ် (Subsidiarity Principle) ကို ကျင့်သုံးနိုင်ရေးအတွက်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) အကြား အာဏာခွဲဝေကျင့်သုံးရေး သတ်မှတ်ရာတွင် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ကို မည်သည့်အာဏာများ ပေးအပ်ထားကြောင်း ခိုင်လုံတိကျ၍ ကျိုးကြောင်းဆီလျော်သော အခြေခံအကြောင်းရင်းများ ရှိရန် လိုအပ်သည်။

ထိုသို့ ပြည်ထောင်စုနှင့်ပြည်နယ်ကြား အာဏာခွဲဝေကျင့်သုံးရာတွင် ပြည်နယ်များက စုပေါင်းဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရထံသို့ အပ်နှင်းသောအာဏာများ၊ တနည်းအားဖြင့် ပြည်ထောင်စုအစိုးရက မဖြစ်မနေကျင့်သုံးရန် လိုအပ်သည့် လုပ်ပိုင်ခွင့်အာဏာတချို့မှအပ ကျန်လုပ်ပိုင်ခွင့်အာဏာများကို ပြည်နယ်အစိုးရများက လက်ခံကျင့်သုံးသင့်သည်။ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်းကို အောက်ပါအတိုင်း လေးပိုင်းပိုင်း၍ တင်ပြအပ်ပါသည်။ ယင်းတို့မှာ–

(၁) ပြည်ထောင်စုအစိုးရကို သီးသန့်ကျင့်သုံးရန် အပ်နှင်းရမည့် လုပ်ပိုင်ခွင့်အာဏာများ၊

(၂) ပြည်နယ်အစိုးရက သီးသန့်ကျင့်သုံးရမည့် လုပ်ပိုင်ခွင့်အာဏာများ (သို့မဟုတ်) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို လုံလောက်သော နိုင်ငံရေးအာဏာများ အပ်နှင်းခြင်း

(၃) ပြည်ထောင်စုနှင့် ပြည်နယ်များအကြား ပူးတွဲကျင့်သုံးရမည့် အာဏာများ၊

(၄) ကြွင်းကျန်သောအာဏာများ ဟူ၍ဖြစ်ပါသည်။

## ၁။ ပြည်ထောင်စုအစိုးရကို သီးသန့်ကျင့်သုံးရန် အပ်နှင်းရမည့်လုပ်ပိုင်ခွင့်အာဏာများ

ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုကြီးကို ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အားလုံးနှင့်တကွ ထိုပြည်နယ်များအတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတရပ်လုံးက စုပေါင်းပိုင်ဆိုင်ထားပါသည်။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များက စုပေါင်းပိုင်ဆိုင်ထားသော ပြည်ထောင်စုကြီးကို "စုပေါင်းအုပ်ချုပ်" ရန် လည်း ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အားလုံးတွင် တာဝန်ရှိပါသည်။ ထို့ကြောင့် ဖက်ဒရယ်ပြည်ထောင်စုစနစ်၏ အခြေခံအင်္ဂါရပ်ကြီးတခုဖြစ်သော "စုပေါင်းအုပ်ချုပ်ခြင်း" (Shared-rule) အရ၊ ပြည်ထောင်စုကြီးကို စုပေါင်းအုပ်ချုပ်နိုင်ရေးအတွက် သီးသန့် အာဏာများကို ပြည်ထောင်စုထံသို့ ပြည်နယ်များက အာဏာအပ်နှင်းထားရန် လိုအပ်ပါသည်။ သို့မှသာ ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် ပြည်ထောင်စုက ပြည်နယ်များကို လိုအပ်သောအာဏာများ လိုအပ်သလို ခွဲဝေပေးခြင်းနှင့် အခြားတဘက်တွင် ပြည်နယ် များက စုပေါင်း၍ ပြည်ထောင်စုကို လိုအပ်သောအာဏာအပ်နှင်းခြင်းဆိုသော စနစ်နှစ် ခုကို မျှတစွာ ပေါင်းစပ်ကျင့်သုံးသည့်စနစ်ဖြစ်ကြောင်း အဓိပ္ပာယ်ပေါ်လွင်ထင်ရှားနိုင် မည် ဖြစ်ပါသည်။

ယေဘုယျအားဖြင့် အောက်တွင်ဖော်ပြထားသောအကြောင်းအရာများနှင့်သက် ဆိုင်သည့်ကိစ္စများတွင်သာလျှင် ပြည်ထောင်စုအစိုးရ၌လုပ်ပိုင်ခွင့်အာဏာများရှိသင့်သည်။

(က) ပြည်နယ်များက သီးခြားစီမဟုတ်ဘဲ ပြည်ထောင်စုအတိုင်းအတာ ဖြင့် စုပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များ။

(သို့မဟုတ်)

(ခ) ပြည်ထောင်စု တခုလုံးအတွင်း တူညီစွာ (တပြေးညီ) ကျင့်သုံးရမည့် ကိစ္စရပ်များ။

ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ပြည်ထောင်စုကြီးကို စုပေါင်းအုပ်ချုပ် နိုင်ရန် မရှိမဖြစ် အပ်နှင်းမည့်အာဏာများမှာ-

(၁) ပြည်ထောင်စုကာကွယ်ရေး၊

(၂) နိုင်ငံခြားရေး၊

(၃) ငွေဒင်္ဂါးနှင့် ငွေစက္ကူထုတ်လုပ်ခြင်း၊

(၄) ပြည်ထောင်စုတဝှမ်းလုံးတွင်ကျင့်သုံးရမည့်အလေးချိန်နှင့် ချိန်ခွင်တိုင်းတာရေးစနစ်များ၊

(၅) စာတိုက်၊ ကြေးနန်းနှင့် အခြားဆက်သွယ်ရေးစနစ်များ၊

(၆) ပြည်ထောင်စုအတိုင်းအတာဖြင့်ကောက်ယူရမည့်အကောက်ခွန်စနစ်၊

(၇) လူဝင်မှုကြီးကြပ်ရေးနှင့် သန်းခေါင်စာရင်း စသည့်ကိစ္စရပ်များ ပါဝင်သည်။

## ၂။ ပြည်နယ်အစိုးရက သီးသန့်ကျင့်သုံးရမည့်အာဏာများ (သို့မဟုတ်) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို လုံလောက်သော နိုင်ငံရေးအာဏာများ အပ်နှင်းခြင်း

ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် ကိုယ်ပိုင်အုပ်ချုပ်ခြင်း (Self–rule) နှင့် စုပေါင်းအုပ်ချုပ်ခြင်း (Shared–rule) တို့ကို ပေါင်းစပ်ထားသောစနစ်ဖြစ်သောကြောင့် ခိုင်မာတောင့် တင်းသော ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုကြီး၏ အခြေခံအုတ်မြစ်ဖြစ်သော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) ကို လုံ လောက်သော နိုင်ငံရေးအာဏာများ အပ်နှင်းရန် လိုအပ်ပါသည်။ ထိုလိုအပ်ချက်များကို အောက်ပါအတိုင်း တဆင့်ပြီးတဆင့် တင်ပြသွားမည် ဖြစ်ပါသည်။

### (က) ပြည်နယ် (ဖက်ဒရယ်ယူနစ်) ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းခွင့်

ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) ကို နိုင်ငံရေးအာဏာသုံးရပ်ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို အပ်နှင်းရမည်။ ထိုသို့အပ်နှင်းရာတွင် ဥပဒေပြုရေးအာဏာကို လွတ်လပ်စွာ ကျင့်သုံးနိုင်ရေးအတွက် ပြည်နယ်လွှတ်တော်၊ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးနိုင်ရေးအတွက်ပြည်နယ်အစိုးရ၊ တရားစီရင်ရေးအာဏာကို ကျင့်သုံးနိုင်ရေးအတွက် ပြည်နယ်တရားရုံး တို့ကို ဖွဲ့စည်းထူထောင်ခွင့်ပေးရပါမည်။

ပြည်နယ်လွှတ်တော်များက ပြည်နယ်အတွင်း ကျင့်သုံးရမည့်ဥပဒေများကို လွတ်လပ်စွာ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက်သော်လည်းကောင်း၊ ပြည်နယ်အစိုးရများက မိမိတို့ပြည်နယ်ကို လွတ်လပ်စွာ စီမံအုပ်ချုပ်နိုင်ရေးအတွက်သော်လည်းကောင်း၊

ပြည်နယ်တရားရုံးများက မိမိတို့ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းစဉ်လာအတိုင်း လွတ်လပ်စွာ တရားစီရင်နိုင်ရေး အတွက်သော်လည်းကောင်း၊ ပြည်နယ်အသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို မိမိတို့ပြည်နယ်၏ သမိုင်းကြောင်း၊ အမျိုးသားလက္ခဏာ၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုတို့ကို အခြေခံ၍ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိဘဲ သီးခြားလွတ်လပ်စွာ ရေးဆွဲပြဋ္ဌာန်းပိုင်ခွင့်ရှိရမည်။ သို့မှသာ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) ၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ပေးနိုင်မည်ဖြစ်ပါသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဟုဆိုရာ၌လည်း နိုင်ငံရေး အာဏာများကို လွတ်လပ်စွာ ကျင့်သုံးခွင့်ရန်လိုအပ်သော နိုင်ငံရေးကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Political Self– determination) သာမက တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Cultural Self– determination) ကိုလည်း အာမခံချက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

## (ခ) ပြည်နယ်လွှတ်တော်များ၏ ဥပဒေပြုပိုင်ခွင့်အာဏာများ

ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိ၍ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ သီးခြားပြဋ္ဌာန်းပိုင်ခွင့်ရှိသော ပြည်နယ်များဖြင့် ဖွဲ့စည်းရမည်ဖြစ်သောကြောင့် ပြည်နယ်လွှတ်တော်များသည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက စုပေါင်းဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်ထံသို့ အပ်နှင်းထားသော ဥပဒေပြုရေးအာဏာများမှအပ ကျန်ရှိသောကိစ္စရပ်များအားလုံးတွင် ဥပဒေပြုပိုင်ခွင့်အာဏာများ ရှိရမည်ဖြစ်ပါသည်။

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ၏ ဥပဒေပြုပိုင်ခွင့်အာဏာများကို အကြမ်းအားဖြင့်နှစ်မျိုးနှစ်စား ခွဲခြားနိုင်ပါသည်။ ယင်းတို့မှာ–

(၁) သမိုင်းကြောင်းအရတည်ရှိပြီးသား လူမျိုးကိုအခြေခံသော အမျိုးသားပြည်နယ်များတွင် တိုင်းရင်းသား လူမျိုးများအလိုက် ခံစားသင့်ခံစားထိုက်သော လူမျိုးရေးဆိုင်ရာ စုပေါင်းအခွင့်အရေးနှင့် သက်ဆိုင်သော ကိစ္စရပ်များအတွက် ပြဋ္ဌာန်းရန် လိုအပ်သောဥပဒေများနှင့်

(၂) လူမျိုးကိုအခြေခံသော အမျိုးသားပြည်နယ်များတွင်ဖြစ်စေ၊ လူမျိုးပေါင်းစုံရောနှောနေထိုင်သည့် ပထဝီကိုအခြေခံသော ပြည်နယ်များ

တွင်ဖြစ်စေ၊ ထိုပြည်နယ်များအတွင်းရှိ ပြည်သူလူထုတရပ်လုံး၏ ဘဝလုံခြုံရေး၊ ငြိမ်းချမ်းသာယာရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးအတွက် အခြေခံလိုအပ်ချက်များနှင့် သက်ဆိုင်သောကိစ္စရပ်များအတွက် ပြဋ္ဌာန်းရန် လိုအပ်သောဥပဒေများပင် ဖြစ်ပါသည်။

ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ (ဖက်ဒရယ်ယူနစ်) ၏ ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းကျင့်သုံးနိုင်သော ဥပဒေများသည် အကြမ်းအားဖြင့် အောက်ပါကိစ္စရပ်များဖြစ်ပါသည်။

(က) တိုင်းရင်းသားလူမျိုးများက မိမိတို့၏ ဓလေ့ထုံးစံ၊ ကိုးကွယ်ယုံကြည်မှုနှင့် ယဉ်ကျေးမှု စသည်တို့ကို အခြေခံ၍ လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့် ရရှိရေးအတွက် ပြဋ္ဌာန်းရန် လိုအပ်သောဥပဒေများ၊

(ခ) တိုင်းရင်းသားလူမျိုးများက မိမိတို့၏စာပေ၊ ယဉ်ကျေးမှုနှင့် အမျိုးသားရေးလက္ခဏာများကို ကာကွယ်ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် လိုအပ်သော စာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားခွင့်၊ ယဉ်ကျေးမှုပြတိုက်နှင့် အမွေအနှစ်ထိန်းသိမ်းခွင့်၊ ရိုးရာဓလေ့ထုံးစံနှင့် စပ်ဆိုင်သည့် အဆို၊ အတီး၊ အကပညာသင်ကျောင်းများ ဖွင့်လှစ်ခွင့် စသည်တို့အတွက် ပြဋ္ဌာန်းရန် လိုအပ်သောဥပဒေများ၊

(ဂ) တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် အမျိုးသားလက္ခဏာများ ထိန်းသိမ်းမြှင့်တင်ရေးနယ်ပယ်တွင် လွတ်လပ်စွာ ဖန်တီးဆောင်ရွက်နိုင်ရန်အတွက် သတင်းစာ၊ ဂျာနယ်နှင့် စာအုပ်စာတမ်းများ လွတ်လပ်စွာထုတ်ဝေခွင့်၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များ လွတ်လပ်စွာ လွှင့်ထုတ်ခွင့် စသည်တို့နှင့် စပ်လျဉ်း၍ ကာကွယ်ပြဋ္ဌာန်းရန် လိုအပ်သောဥပဒေများ၊

(ဃ) ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်များ၏ ဘဝလုံခြုံရေးနှင့် ငြိမ်းချမ်းသာယာရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝရင်းမြစ်များနှင့် ဓာတ်သတ္တုများ တူးဖော်ထုတ်လုပ်ရေး စသည့်ကိစ္စရပ်များအတွက် ပြဋ္ဌာန်းရန် လိုအပ်သောဥပဒေများ ဟူ၍ဖြစ်ပါသည်။

ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက မိမိတို့၏ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်းသည် ဖက်ဒရယ်စနစ်ကို ကျင့်သုံးသည့်တိုင်းပြည်များတွင် ပုံမှန်ဖြစ်စဉ်တခုဖြစ်ပြီး ခွဲထွက်ရေးအခြေအနေသို့ ဦးတည်ခြင်း မရှိပါ။ ၎င်းတို့နှစ်သက်သည့်အစိုးရပုံစံကို လွတ်လပ်စွာ ပုံဖော်ကျင့်သုံးခွင့် အခွင့်အရေးအား ပေးအပ်ခြင်းသည် ၎င်းပြည်နယ်များကို ပြည်ထောင်စုအတွင်း ပိုမိုပူးပေါင်းပါဝင်ရေးအတွက်ပင် အထောက်အကူပြုမည့်အချက်(၂) ချက်ရှိပါသေးသည်။ ပထမအချက်အနေဖြင့် ပြည်နယ်အစိုးရများသည် ပြည်နယ်သားများအတွက် ပိုမိုသင့်လျော်စေမည့်အပြင် ပိုမို၍အလုပ်လုပ်ပေးနိုင်မည်ဖြစ်သဖြင့် ပြည်ထောင်စုအတွင်း နေထိုင်ရခြင်းကို ပိုမိုကျေနပ်စေနိုင်သည်။ ဒုတိယအချက်မှာ ပြည်နယ်သားများအနေဖြင့် ပြည်ထောင်စုအစိုးရက ၎င်းတို့အပေါ်ယုံကြည်မှုရှိသည်ဟု ခံစားနားလည်လာပြီး ပြည်ထောင်စုအတွင်း နေထိုင်ရခြင်းအတွက် ပိုမိုပျော်ရွှင်စေပါလိမ့်မည်။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ကိုယ်စီရှိသော ဖက်ဒရယ်စနစ်သည် ခွဲထွက်ရေးကြိုးပမ်းမှုကိုပင် လျော့ပါးကျဆင်းစေမည့် အထိရောက်ဆုံးသော နည်းလမ်းတခုလည်း ဖြစ်ပါသည်။

## (ဂ) ပြည်နယ်အစိုးရများ၏ လုပ်ပိုင်ခွင့်အာဏာများ

ကိုယ်ပိုင်အုပ်ချုပ်ခြင်းနှင့် စုပေါင်းအုပ်ချုပ်ခြင်းစနစ်ကို ပေါင်းစပ်ထားသော ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်နယ်အစိုးရများသည် ပြည်ထောင်စုအစိုးရ၏ သြဇာခံအစိုးရများ မဟုတ်ကြပေ။ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြုထားသောဘောင်အတွင်း ဖွဲ့စည်းပြဋ္ဌာန်းသည့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထူထောင်ထားသော သီးသန့်အစိုးရများသာ ဖြစ်ကြပါသည်။

ဖက်ဒရယ်စနစ်ကို ကျင့်သုံးသည့် တိုင်းပြည်အများစုတွင် ပြည်နယ်အစိုးရအဖွဲ့၏အကြီးအကဲအား မဲဆန္ဒရှင်များမှ ရွေးချယ်ကြသည်။ ပြည်နယ်အစိုးရအကြီးအကဲအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍လည်းဖြစ်စေ သက်ဆိုင်ရာပြည်နယ်အသီးသီးရှိ မဲဆန္ဒရှင်များက ရွေးချယ်ရမည်။ ပြည်နယ်အစိုးရအဖွဲ့၏ အကြီးအကဲအား တိုက်ရိုက်ရွေးချယ်ခြင်းတွင်သော်လည်းကောင်း၊ သွယ်ဝိုက်ရွေးချယ်ခြင်းတွင်သော်လည်းကောင်း အားနည်းချက်နှင့် အားသာချက်ကိုယ်စီရှိကြသည်။ မည်သည့်စနစ်အား ကျင့်သုံးရန်ကိုမူ ပြည်သူများမှ ရွေးချယ်ရမည် ဖြစ်သည်။

အချို့သောစနစ်များတွင် မဲဆန္ဒရှင်များမှ ပြည်နယ်အကြီးအကဲများကို တိုက်ရိုက်မဲပေးရွေးချယ်ကြသည်။ ၎င်းစနစ်တွင် ပြည်နယ်အကြီးအကဲအား အုပ်ချုပ်

ရေးမှူး Governor or Chief Minister ဟု ခေါ်ဆိုကြသည်။ ပြည်သူများမှ တိုက်ရိုက် ရွေးချယ်ခြင်းခံရသောကြောင့် ထိုပြည်နယ်အုပ်ချုပ်ရေးမှူးများသည် ပြည်သူလူထုနှင့် တိုက်ရိုက်ဆက်ဆံမှုရှိကြသည်။

အခြားသောဖက်ဒရယ်စနစ်များတွင် ပြည်သူများမှ ပြည်နယ်အကြီးအကဲအား သွယ်ဝိုက်၍ ရွေးချယ်ကြသည်။ ပြည်သူများမှ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်ကြပြီးနောက် လွှတ်တော်ကိုယ်စားလှယ်များအတွင်း၌ ပြည်နယ်အစိုးရအဖွဲ့၏ အကြီးအကဲကို ရွေးချယ်ကြသည်။ ဤစနစ်မျိုးတွင် ပြည်နယ်အကြီးအကဲကို ပြည်နယ်ဝန်ကြီးချုပ်ဟု ခေါ်ဆိုကြသည်။

ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်နယ်အစိုးရအကြီးအကဲများအား မည်သို့မည်ပုံ ရွေးချယ်ရမည်ဟူသည့်ပုံစံကို အသေးစိတ်ထည့်သွင်းရေးဆွဲထားရမည် ဖြစ်သည်။

ပြည်ထောင်စုစနစ်တွင် ပြည်နယ်အစိုးရများသည် တပြည်ထောင်စနစ်တွင် ဖွဲ့စည်းအပ်သော ဒေသန္တရအစိုးရကဲ့သို့ ဗဟိုအစိုးရလက်အောက်ခံအစိုးရများမဟုတ်သောကြောင့်၊ ပြည်နယ်အစိုးရ၏ ဝန်ကြီးချုပ်နှင့် ဝန်ကြီးအဖွဲ့ဝင်များကို တပြည်ထောင်စနစ်တွင် ဗဟိုအစိုးရက ခန့်အပ်ထားသလို၊ ပြည်ထောင်စုအစိုးရက ခန့်အပ်၍ မရပေ။ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဒီမိုကရေစီနည်းကျကျ ပြည်သူလူထုက လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ကြရမည်။

ပြည်နယ်အစိုးရသည် ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ ပူးတွဲကျင့်သုံးရန် ပြဋ္ဌာန်းထားသောဥပဒေများနှင့် ပြည်နယ်လွှတ်တော်က သက်ဆိုင်ရာပြည်နယ်အတွင်း ကျင့်သုံးရန် ပြဋ္ဌာန်းထားသောဥပဒေနှင့်အညီ မိမိတို့ပြည်နယ်များအတွင်း တရားဥပဒေစိုးမိုးရေးကို ဦးထိပ်ထား၍ အုပ်ချုပ်စီမံရမည်။

ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ပြည်နယ်အစိုးရများကို အပ်နှင်းရမည့် အာဏာများအနက် လက်ရှိနိုင်ငံရေး လိုအပ်ချက်အရ အောက်ပါ လုပ်ပိုင်ခွင့်အာဏာများကို အနိမ့်ဆုံးအနေဖြင့် ဦးစားပေးဆောင်ရွက်သင့်ကြောင်း တင်ပြအပ်ပါသည်။

(၁) မူလတန်းမှစ၍ အထက်တန်းကျောင်းအဆင့်အထိ ပညာရေးစနစ် (ယင်းတို့တွင် တိုင်းရင်းသားစာပေများ သင်ကြားပို့ချခွင့်ပါဝင်ရမည်။)၊

(၂) ပြည်နယ်တက္ကသိုလ်များ ဖွင့်လှစ်သင်ကြားခွင့်၊

(၃) ကျန်းမာရေး (ဆေးရုံများ တည်ဆောက်ခွင့်သာမက၊ သူနာပြုကျောင်းများပါ သင်ကြားဖွင့်လှစ်ခွင့်)၊

(၄) ပြည်နယ်ရဲတပ်ဖွဲ့များ ဖွဲ့စည်းထူထောင်ခွင့်နှင့် ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးတို့ကို စီမံဆောင်ရွက်ခွင့်၊

(၅) သက်ဆိုင်ရာပြည်နယ်အတွင်း တိုင်းရင်းသားဘာသာစကားဖြင့် သတင်းစာ၊ ဂျာနယ်၊ ရုပ်မြင်သံကြားနှင့် အခြားစာအုပ်စာပေထုတ်ဝေရေးလုပ်ငန်းကို ပြည်နယ်အတွင်း လိုင်စင်ထုတ်ပေးခွင့်၊

(၆) သက်ဆိုင်ရာပြည်နယ်များအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းမြှင့်တင်ရေးအတွက် ယဉ်ကျေးမှုကျောင်းများ ဖွင့်လှစ်ခွင့်၊ အဆိုအကအတီး သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားခွင့်၊

(၇) လူမျိုးကို အခြေခံ၍ ဖွဲ့စည်းထားသော အမျိုးသားပြည်နယ်များတွင် တိုင်းရင်းသားလူမျိုးများက မိမိတို့၏ ဘိုးဘွားပိုင်နယ်မြေနှင့် လူမျိုးပိုင်နယ်နိမိတ်အတွင်းရှိ သဘာဝပတ်ဝန်းကျင်နှင့် မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကို ထိန်းသိမ်းကာကွယ် ထုတ်ယူသုံးစွဲခွင့်၊ ရောင်းဝယ်ဖောက်ကားခွင့်၊ အခွန်ကောက်ယူခွင့်များကို ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ခွင့်– စသည့် အခွင့်အရေးများကို ပြည်နယ်အစိုးရများအား အပ်နှင်းထားရမည်။

## (ဃ) ပြည်နယ်တရားစီရင်ရေးအာဏာ

(၁) ပြည်နယ်တရားစီရင်ရေးစနစ်သည် ပြည်ထောင်စု တရားစီရင်ရေးစနစ်နှင့်ထပ်တူ လွတ်လပ်၍ အမှီအခိုကင်းသော တရားစီရင်ရေးစနစ်ကို ကျင့်သုံးရမည်။

(၂) ပြည်နယ်နယ်နိမိတ်အတွင်း တရားစီရင်ရေးအာဏာကို ကျင့်သုံးနိုင်ရန် ပြည်နယ်တရားရုံးများကို အဆင့်အလိုက် ဖွဲ့စည်းထားရှိရမည်။ ၎င်းတို့

တွင်– မြို့နယ်ရုံး၊ ခရိုင်ရုံး၊ ဟိုက်ကုတ် (High Court) ရုံးများပါဝင်သည်။ ပြည်နယ်တရားရုံးများတွင် မူလရုံးနှင့်အယူခံရုံးအဆင့်အတန်းများလည်း ပါရှိစေရမည်။

(၃) တရားရုံးများတွင် တရားစီရင်ဆောင်ရွက်နိုင်ရန် ပြည်နယ်အတွင်း မြို့နယ်၊ ခရိုင်နှင့် ဟိုက်ကုတ် (High Court) တရားသူကြီးများကို ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်နယ်ဝန်ကြီးချုပ်က ခန့်အပ်တာဝန်ပေးရမည်။

(၄) ပြည်နယ်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာသည် ပြည်ထောင်စုလွှတ်တော်၏ ပြဋ္ဌာန်းဥပဒေများ၊ သက်ဆိုင်ရာပြည်နယ်လွှတ်တော်၏ ပြဋ္ဌာန်းဥပဒေများနှင့်အညီဖြစ်ရမည်။

## ၃။ ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရများအကြား ပူးတွဲကျင့်သုံးရမည့်အာဏာများ

ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် ကိုယ်ပိုင်အုပ်ချုပ်ခြင်းနှင့် စုပေါင်းအုပ်ချုပ်ခြင်းတို့ ပေါင်းစပ်ထားသောကြောင့် ထိုစနစ်တွင် အနည်းဆုံး အစိုးရ (၂) ရပ်ရှိပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခြင်းကို စီမံခန့်ခွဲမည့် ပြည်နယ်အစိုးရများနှင့် စုပေါင်းအုပ်ချုပ်ခြင်းကို စီမံခန့်ခွဲမည့် ပြည်ထောင်စုအစိုးရတို့ပင် ဖြစ်ပါသည်။

ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့သည် မိမိတို့နှင့်သက်ဆိုင်သည့် အစိုးရလုပ်ပိုင်ခွင့်နှင့်အာဏာများတွင် တာဝန်အရှိဆုံးအစိုးရများဖြစ်ကြပါသော်လည်း၊ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများသည် ပြည်ထောင်စုတခုအတွင်းရှိ ပူးတွဲရပ်တည်သော အစိုးရများသာဖြစ်သောကြောင့် ပြည်ထောင်စုတဝှန်းလုံးနှင့်သော်လည်းကောင်း၊ ပြည်နယ် အသီးသီးနှင့်သော်လည်းကောင်း တနိုင်ငံလုံးကို လွှမ်းခြုံသည့် အရေးအရာကိစ္စရပ်များကို ပူးတွဲတာဝန်ယူ ထမ်းဆောင်ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ ပူးတွဲကျင့်သုံးမည့်အာဏာများ သတ်မှတ်ထားခြင်းသည် ဖက်ဒရယ်စနစ်၏အရေးကြီးသောအင်္ဂါရပ်တခု ဖြစ်ပါသည်။

ပြည်ထောင်စုအစိုးရနှင့်ပြည်နယ်အစိုးရများပူးတွဲကျင့်သုံးရမည့်အာဏာများ အနက် အောက်ပါတို့ကို ဥပမာအားဖြင့် ဖော်ပြအပ်ပါသည်။

(၁) ပညာရေး- တက္ကသိုလ်နှင့်ဘွဲ့လွန်အဆင့်ပညာရေးဆိုင်ရာကိစ္စရပ်များ၊

(၂) ကျန်းမာရေး- ပြည်နယ်တခုချင်းစီအနေဖြင့် သီးခြားဆောင်ရွက်၍ မရသော အဆင့်မြင့်ဆေးရုံများ၊ ဆေးဘက်ဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် ကူးစက်ပြန့်ပွားတတ်သောရောဂါများ တနိုင်ငံလုံးအတိုင်းအတာဖြင့် ကာကွယ်ရမည့်ကိစ္စရပ်များ၊

(၃) လူမှုရေး- ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ၏ ပြည်နယ်တခုနှင့် တခုအကြား လူနေမှုအဆင့်အတန်း ကွာခြားချက် နည်းပါးစေရန် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်များ ညှိနှိုင်း၍ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊

(၄) ပြည်ထောင်စုလမ်းမကြီးများ- ပြည်နယ်တခုနှင့်တခုအကြားသော်လည်းကောင်း၊ ပြည်နယ်များစွာကိုလည်းကောင်း ဖြတ်သန်း၍ ပြည်နယ်တခုချင်းစီအနေဖြင့် ဆောင်ရွက်၍မရသော ကုန်းလမ်း၊ ရေလမ်းအပါအဝင် ပြည်ထောင်စုလမ်းမကြီးများကိစ္စ၊

(၅) ပြည်သူ့ရဲတပ်ဖွဲ့နှင့် ပြည်ထောင်စုရဲတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်ရေး- ဖက်ဒရယ်ပြည်ထောင်စုတွင် ပြည်နယ်အသီးသီးက မိမိတို့ပြည်နယ်လုံခြုံရေးအတွက် ရဲတပ်ဖွဲ့များကို ဖွဲ့စည်းပိုင်ခွင့် ရှိရမည်ဖြစ်သော်လည်း ပြည်နယ်တခု၏ နယ်နိမိတ်ဘောင်ကို ကျော်၍ ဖြစ်ပွားသောမှုခင်းများ၊ ပြည်နယ်တခုမှတခုထဲသို့ ထွက်ပြေးတိမ်းရှောင်သော ရာဇဝတ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသူများကိစ္စကို ပြည်ထောင်စုရဲတပ်ဖွဲ့များ၊ ပြည်နယ်ရဲတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်၍ ပြည်ထောင်စုတရားရုံးမှ တရားစီရင်ချက် ချမှတ်ရမည့်ကိစ္စရပ်များ၊

(၆) သဘာဝဘေးဒဏ်များဖြစ်သည့် ရေကြီးခြင်း၊ တောင်ပြိုခြင်း၊ မီးလောင်ခြင်း မြေငလျင်လှုပ်ခြင်း၊ မုန်တိုင်းများ တိုက်ခတ်ခြင်း စသည်တို့ကြောင့် ကြီးမားစွာ သက်ရောက်မှုရှိသော ဘေးဒဏ်ကိစ္စရပ်များ၊

(၇) နိုင်ငံတကာအကူအညီရယူခြင်း-ပြည်နယ်တခုချင်းစီ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထိုပြည်နယ်မှ လိုအပ်သောအရင်းအနှီးများကို ကမ္ဘာ့ငွေကြေးအဖွဲ့အစည်း (ဥပမာ- ကမ္ဘာ့ဘဏ်၊ IMF နှင့် ADB) ထံမှ အကူအညီရယူရာတွင် ပြည်နယ်နှင့် ပြည်ထောင်စုအစိုးရ ပူးပေါင်း၍ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊

(၈) သဘာဝအရင်းအမြစ်များကို ခွဲဝေခြင်းနှင့်အကောက်အခွန် ကောက်ယူခြင်းဆိုင်ရာကိစ္စရပ်များ စသည်တို့ ဖြစ်သည်။

## ၄။ ကြွင်းကျန်သောအာဏာများ

ကြွင်းကျန်သောအာဏာများဆိုသည်မှာ– လက်ရှိအချိန်အခါတွင် ဥပဒေပြဋ္ဌာန်းရန် မလိုအပ်သေးသော်လည်း အနာဂတ်လိုအပ်ချက်အရ ရေးသားပြဋ္ဌာန်းရမည့်ဥပဒေနှင့်လုပ်ပိုင်ခွင့်အာဏာများပင်ဖြစ်ပါသည်။ လက်ရှိအချိန်တွင် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုအညွှန်းတွင်သော်လည်းကောင်း၊ ပြည်နယ်လွှတ်တော်များ ဥပဒေပြုအညွှန်းတွင်သော်လည်းကောင်း၊ ပြည်ထောင်စုနှင့်ပြည်နယ်များ ပူးတွဲကျင့်သုံးရမည့် ဥပဒေပြုအညွှန်းတွင်သော်လည်းကောင်း ဖော်ပြခြင်းမရှိသေးသော ဥပဒေပြုခြင်းဆိုင်ရာကိစ္စရပ်များ ဖြစ်ပါသည်။

အရပ်စကားဖြင့်ဆိုပါက– မမြင်ရ မသိရသေးသော၊ နောက်နောင်တွင် ဖြစ်ပေါ်လာလတ္တံ့သောကိစ္စရပ်များပင်ဖြစ်သည်။ ထို့ကြောင့် ကြွင်းကျန်သောအာဏာကို ပြည်ထောင်စုထံသို့ အပ်နှင်းမည်လော၊ ပြည်နယ်များထံသို့ အပ်နှင်းမည်လောဆိုသည့်ကိစ္စသည် လူမျိုးတမျိုး၏အနာဂတ်ကံကြမ္မာနှင့် ထိုလူမျိုးများနှင့်သက်ဆိုင်သည့် ပထဝီနယ်မြေ၊ ဘိုးဘွားပိုင်နယ်နှင့် လူမျိုးပိုင်နယ်မြေတို့၏ အရေးကိစ္စကို မည်သူ့ထံအပ်နှင်းမည်နည်းဟူသော ပြဿနာပင် ဖြစ်ပါသည်။

ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုက ပိုင်ဆိုင်သောနယ်မြေနှင့် လူမျိုးဟူ၍မရှိပေ။ ပြည်ထောင်စုသည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များဖြင့် ပူးပေါင်းဖွဲ့စည်းထားသောကြောင့်၊ ပြည်ထောင်စုက ပိုင်ဆိုင်သောအရာသည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသာဖြစ်ကြသည်။ ပြည်ထောင်စုက တိုက်ရိုက်ပိုင်ဆိုင်သောနယ်မြေဆို၍ ပြည်နယ်အားလုံးက သဘောတူလွှဲအပ်ထားသော ပြည်ထောင်စုမြို့တော်နယ်နိမိတ်တခုသာရှိနိုင် သည်။ ပြည်ထောင်စုအတွင်းရှိ အခြားနယ်မြေများသည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက တိုက်ရိုက်ပိုင်ဆိုင်ထားကြပါသည်။

ထိုနည်းတူ ပြည်ထောင်စုတွင် သီးခြားလူမျိုးလည်းမရှိ၊ သီးခြားယဉ်ကျေးမှုလည်းမရှိ၊ သီးခြားဘာသာစကားလည်း မရှိပေ။ ယင်းတို့သည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက စုပေါင်းပိုင်ဆိုင်ထားသော ဘုံပိုင်ပစ္စည်းများသာဖြစ်ကြသည်။

ထို့ကြောင့် လူမျိုးတမျိုး၏အနာဂတ်ကံကြမ္မာနှင့် ပြည်နယ်တခုချင်းစီအတွင်း နောက်နောင်တွင် ဖြစ်ပေါ်လာမည့် စီမံခန့်ခွဲရေးဆိုသောကိစ္စဖြစ်သည့် ကြွင်းကျန်သော အာဏာများကို ပြည်ထောင်စုတွင် မထားဘဲ၊ ပြည်နယ်များတွင်သာ အပ်နှင်းထားသင့်ကြောင်း တင်ပြအပ်ပါသည်။ ကြွင်းကျန်သောအာဏာများကို အပ်နှင်းခြင်းဖြင့် ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးကို အသိအမှတ်ပြုရာလည်း ရောက်နိုင်ပါသည်။

## အာဏာခွဲဝေခြင်း

(၁) ဖက်ဒရယ်စနစ်၏အခြေခံမူဖြစ်သော စုပေါင်းအုပ်ချုပ်ခြင်း (Shared–rule) အရ ဖွဲ့စည်းထားသည့် ပြည်ထောင်စုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခြင်း (Self–rule) အရဖွဲ့စည်းထားသော ပြည်နယ်များအကြား အာဏာခွဲဝေရေးကို အောက်ပါအတိုင်းကျင့်သုံးရမည်။

- (က) ပြည်ထောင်စုအာဏာ
- (ခ) ပြည်နယ်အာဏာ
- (ဂ) ထပ်တူပြုအာဏာ
- (ဃ) ကြွင်းကျန်အာဏာ

(၂) ပြည်ထောင်စုအာဏာ

- (၁) ဖက်ဒရယ်ပြည်ထောင်စုလက်နက်ကိုင်တပ်ဖွဲ့များနှင့် ပြည်ထောင်စုလုံခြုံရေးဆိုင်ရာအဖွဲ့များ
- (၂) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်
- (၃) ဖက်ဒရယ်ပြည်ထောင်စုထောက်လှမ်းရေးအဖွဲ့
- (၄) ပြည်ထောင်စုလုံခြုံရေးကောင်စီ
- (၅) ပြည်ထောင်စုရဲတပ်ဖွဲ့
- (၆) လက်နက်နှင့်ပေါက်ကွဲစေတတ်သော ခဲယမ်းမီးကျောက်များထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း
- (၇) နိုင်ငံသားများ စစ်မှုထမ်းခြင်း

(၈) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နှစ်ပြည်ထောင်ဆိုင်ရာ စာချုပ်စာတမ်းများ၊ သဘောတူညီချက်များ

(၉) ကုလသမဂ္ဂနှင့် သံတမန်ဆိုင်ရာကိစ္စရပ်များ

(၁၀) နိုင်ငံကူးလက်မှတ်နှင့် လူဝင်မှုကြီးကြပ်ရေး

(၁၁) ငွေစက္ကူထုတ်လုပ်ဖြန့်ချိရေး

(၁၂) ပြည်ထောင်စုဘဏ်

(၁၃) နိုင်ငံတကာကုန်သွယ်ရေးနှင့် ပြည်ထောင်စုအတွင်း ကုန်သွယ်ရေး

(၁၄) သွင်းကုန်ထုတ်ကုန်အခွန်ကောက်ခံခြင်း

(၁၅) ပြည်ထောင်စု စာတိုက်၊ ကြေးနန်းနှင့် ဆက်သွယ်ရေး

(၁၆) အလေးချိန်နှင့် ခြင်တွယ်တိုင်းတာခြင်း

(၁၇) ကူးယူဖြန့်ချိခွင့်၊ နည်းပညာမူပိုင်ခွင့်၊ ဒီဇိုင်းနှင့်တံဆိပ်အမှတ်အသားဆိုင်ရာ

(၁၈) အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများ

(၁၉) နိုင်ငံသားဆိုင်ရာနှင့် နိုင်ငံခြားသားများ နိုင်ငံသားဖြစ်ခြင်း

(၂၀) ပြည်ထောင်စုနယ်မြေသတ်မှတ်ခြင်း

(၂၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(၂၂) ပြည်ထောင်စုအဆင့် ရွေးကောက်ပွဲစနစ်

(၃) ပြည်နယ်အာဏာ

(၁) ပြည်နယ်ရဲတပ်ဖွဲ့နှင့် ပြည်နယ်လုံခြုံရေးတပ်ဖွဲ့များ ဖွဲ့စည်းခြင်း

(၂) ဒေသန္တရအစိုးရများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် အမျိုးသားနယ်မြေ များ ဖွဲ့စည်းခြင်း

(၃) မြေနှင့် သဘာဝသယံဇာတ

(၄) ပြည်နယ်အခွန်နှင့် အခွန်ဘဏ္ဍာဆိုင်ရာကိစ္စရပ်များ

(၅) ပြည်နယ်ကုန်သွယ်ရေး

(၆) ပြည်နယ်လမ်းပန်းဆက်သွယ်ရေး

(၇) ပြည်နယ်အခြေခံအဆောက်အအုံများ (Infrastructure)

(၈) နေအိမ်၊ ဥပစာ၊ မြေယာ၊ ပိုင်ဆိုင်မှု လွှဲပြောင်းခြင်း

(၉) ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ (Cultural Self–Determination)

(၁၀) ပညာရေး

(၁၁) ပြည်နယ် စက်မှုလက်မှုနှင့် နည်းပညာ

(၁၂) ကျန်းမာရေး

(၁၃) ပြည်နယ်လူမှုဖူလုံရေး

(၁၄) စိုက်ပျိုးရေး

(၁၅) မွေးမြူရေး

(၁၆) ပြည်နယ်သားဆိုင်ရာ ကိစ္စရပ်များ

(၁၇) ပြည်နယ်ဝန်ထမ်းများနှင့် သင်ကြားလေ့ကျင့်ရေး

(၁၈) ပြည်နယ်ရွေးကောက်ပွဲကော်မရှင်

(၁၉) ပြည်နယ်ရွေးကောက်ပွဲစနစ်

(၂၀) ပြည်နယ်တရားရေး (Customary law ကိုအခြေခံသော တရားစီရင်ရေး)

**မှတ်ချက်**။ ပြည်နယ်အာဏာ အမှတ်စဉ် (၃) နှင့် (၇) အား fiscal federalism, con–current power စသည်တို့နှင့်ယှဉ်၍ ဆက်လက်ဆွေးနွေးစဉ်းစားရန်

(၄) ထပ်တူပြုအာဏာ

(၁) ပြည်ထောင်စု အဝေးပြေးကားလမ်းများ၊ ရထားလမ်းများ၊ ရေကြောင်းလမ်း များ၊ ကမ်းရိုးတန်းနှင့် ပင်လယ်ရေကြောင်းသွားလာရေးများနှင့် လေကြောင်း လုပ်ငန်းများ

(၂) ဖက်ဒရယ်ပြည်ထောင်စုအတွင်း ရောင်းဝယ်ခွန်၊ စီးပွားရေးလုပ်ငန်းခွန်၊ အမြတ်ခွန်၊ ယစ်မျိုးခွန်၊ ဆိပ်ကမ်းခွန် အပါအဝင် အကောက်အခွန်ဆိုင်ရာ ကိစ္စရပ်များ

(၃) အခွန်ဘဏ္ဍာခွဲဝေခြင်း

(၄) ဘဏ်နှင့် အာမခံလုပ်ငန်းများ

(၅) နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်းဆိုင်ရာများ

(၆) နိုင်ငံခြားရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာကိစ္စရပ်များ

(၇) အလုပ်ချိန်၊ အနိမ့်ဆုံးလုပ်ခ၊ အလုပ်ပိတ်ရက်များနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး စံနှုန်းသတ်မှတ်ချက်များ

(၈) အလုပ်သမားနှင့် တောင်သူလယ်သမားဆိုင်ရာကိစ္စရပ်များ

(၉) ကလေးသူငယ်များ၊ အမျိုးသမီးများ၊ ခြားနားစွမ်းသူများနှင့် သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေး

(၁၀) ကလေးများအခွင့်အရေးဆိုင်ရာကိစ္စရပ်များ

(၁၁) အခြေခံပညာကို အခမဲ့သင်ကြားခွင့်

(၁၂) ပုဂ္ဂလိကကျောင်းများ၊ တက္ကသိုလ်နှင့်အသက်မွေးဝမ်းကျောင်းပညာရေးဆိုင်ရာကိစ္စရပ်များ

(၁၃) ပြည်ထောင်စုဆိုင်ရာ ကျန်းမာရေးကိစ္စရပ်များ

(၁၄) မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ

(၁၅) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(၁၆) လူဦးရေသန်းခေါင်စာရင်းကောက်ခံခြင်း

(၁၇) ဖွားသေစာရင်း မှတ်ပုံတင်ခြင်း

(၁၈) ရာဇဝတ်မှုဥပဒေနှင့် တရားမကျင့်ထုံးဥပဒေဆိုင်ရာကိစ္စရပ်များ

(၁၉) ဒုက္ခသည်ရေးရာနှင့် နိုင်ငံရေးခိုလှုံခွင့်ဆိုင်ရာကိစ္စရပ်များ

(၂၀) လူထုဆန္ဒဖော်ထုတ်ခြင်းနှင့် လုပ်ထုံးလုပ်နည်းများ

(၂၁) အသင်းအဖွဲ့များနှင့် သမဂ္ဂများဖွဲ့စည်းခြင်း

(၂၂) ဓလေ့ထုံးတမ်းကွဲပြားခြားနားသူများအကြား လက်ထပ်ထိမ်းမြားခြင်း၊ ကွာရှင်းခြင်းနှင့် အမွေဆက်ခံခြင်း

(၂၃) လူနည်းစုအခွင့်အရေးများကာကွယ်ခြင်း

(၂၄) ဝန်ထမ်းလေ့ကျင့်ရေး

(၂၅) ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းမီဒီယာနှင့် ပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာ ကိစ္စရပ်များ

(၂၆) နိုင်ငံရေးပါတီများဆိုင်ရာ ကိစ္စရပ်များ

(၂၇) နိုင်ငံရေးတာဝန် ထမ်းဆောင်သူ ပုဂ္ဂိုလ်များ၏ ငွေကြေးနှင့်ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှု

(၂၈) အရေးပေါ်အခြေအနေဆိုင်ရာကိစ္စရပ်များ

(၂၉) ပြည်နယ်သစ်များ ဖွဲ့စည်းခြင်းနှင့် ပြည်နယ်နိမိတ်သတ်မှတ်ခြင်း

(၃၀) ရွေးကောက်ပွဲစနစ်နှင့် မဲဆန္ဒနယ်များ သတ်မှတ်ခြင်း

**မှတ်ချက်။** အခြေခံအဆောက်အအုံများ (Infrastructure) ကို ဤနေရာ၌ ထည့်သွင်းသင့်– မသင့် ပြန်လည်ဆွေးနွေးသုံးသပ်ရန်။

(၅) ကြွင်းကျန်အာဏာ

ဖွဲ့စည်းပုံဥပဒေတွင် သတ်မှတ်ဖော်ပြထားခြင်းမရှိသည့် ကြွင်းကျန်သောအာဏာများကို ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အသီးသီးက ပိုင်ဆိုင်သည်။

(၆) ထပ်တူဥပဒေပြုအညွှန်းများနှင့်ပတ်သက်လျှင် ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စု တစ်ဝန်းလုံးကို လွှမ်းခြုံမည့် မူဘောင်ဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းရမည်။ ပြည်နယ်များမှ အသေးစိတ်ဥပဒေများပြဋ္ဌာန်းခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရမည်။

# အခန်း (၆)
# ဖက်ဒရယ်ပြည်ထောင်စု အခြေခံမူများ

ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု၏ အခြေခံမူများသည် ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာလမ်းညွှန် အခြေခံမူများ၊ ယုံကြည်ချက်များ၊ မျှော်မှန်းချက်များနှင့် စံတန်ဖိုးတို့ကို ပေါင်းစပ်ထားသည့် ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အင်္ဂါရပ်တခုပင်ဖြစ်သည်။ ထို့ကြောင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအခြေခံမူများသည် ပြည်ထောင်စုနိုင်ငံသစ်တခုကို ပူးပေါင်းဖွဲ့စည်းရန် သဘောတူချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်၏ အခြေခံယုံကြည်ချက်များအပေါ်တွင်အမြဲပင် အခြေခံထားရမည် ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် ပင်လုံစာချုပ်ပေါ်တွင်အခြေခံ၍ဖွဲ့စည်းထူထောင်ထားသော တိုင်းပြည်ဖြစ်သည်။ ပင်လုံစာချုပ်ချုပ်ဆိုရာတွင် အခြေခံထားသော ယုံကြည်ချက်များအနက် အရေးအကြီးဆုံးသောအချက်များမှာ– ထိုစဉ်က တောင်တန်းဒေသများဟု ခေါ်ဆိုထားသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ အပြည့်အဝပေးရမည်ဆိုသောအချက် (Full Autonomy) နှင့် ထိုဒေသများတွင် ဒီမိုကရေစီကျင့်သုံးရမည်ဆိုသော အချက်များပင်ဖြစ်ပါသည်။ ထို့အပြင် ဗိုလ်ချုပ်အောင်ဆန်း၏လမ်းညွှန်မူ (၇) ချက်နှင့် ထိုလမ်းညွှန်မူတွင်ပါရှိသည့် ''တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားတန်းတူရေး'' လည်း ပါဝင်ပေသည်။ ထို့ကြောင့် ပင်လုံစာချုပ်ချုပ်ဆိုရာတွင် အခြေခံထားသော ''ယုံကြည်ချက်များ'' မှာ ''ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး'' များပင်ဖြစ်သည်။

သို့ရာတွင် ပင်လုံစာချုပ်ချုပ်ဆိုခဲ့စဉ်တုန်းက မျှော်မှန်းခဲ့သော ပြည်ထောင်စု မျှော်ရည်ချက်များ၊ စံတန်ဖိုးများ၊ ယုံကြည်ချက်များနှင့်လမ်းညွှန်အခြေခံမူများကို စနစ်တကျဖော်ထုတ်၍ ''ပြည်ထောင်စုအခြေခံမူများ'' အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်

ရေးဆွဲပြဌာန်းနိုင်ခြင်း မရှိခဲ့ချေ။ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပင်လုံစာချုပ်နှင့် ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှု (၇) ချက်များအပေါ် အခြေခံ၍ ရေးဆွဲပြဌာန်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်ဟုဆိုသော်လည်း ''ပြည်ထောင်စု၏အခြေခံမှုများ'' ကို စနစ်တကျဖော်ထုတ် ရေးဆွဲပြဌာန်းခြင်း မရှိသည့်အပြင် ''ပြည်နယ်-ပြည်မ'' ပြဿနာကြောင့် ''ပြည်ထောင်စု ဖွဲ့စည်းမှုပုံသဏ္ဌာန်'' (Form of the Union) ဆိုင်ရာပြဿနာကိုလည်း ပြေလည်အောင် ဖြေရှင်းနိုင်ခြင်း မရှိခဲ့ပေ။

၁၉၇၄ ခုနှစ်တွင် ရေးဆွဲပြဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေသည် မ.ဆ.လ တပါတီအာဏာရှင်စနစ်ကို စနစ်တကျထူထောင်ရန် ရေးဆွဲပြဌာန်းခဲ့သောဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပါသည်။ ထို့ကြောင့် ထိုဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ (၁၁) တွင် ''နိုင်ငံတော်သည် တခုတည်းသောပါတီစနစ်ကိုသာ ကျင့်သုံးရမည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် နိုင်ငံတော်၏တခုတည်းသောနိုင်ငံရေးပါတီဖြစ်၍ နိုင်ငံတော်ကို ဦးဆောင်သည်'' ဟု အတိအလင်းရေးဆွဲပြဌာန်းခဲ့ပါသည်။ ထိုကဲ့သို့ တပါတီအာဏာရှင်စနစ်ကိုအခြေခံသော တပြည်ထောင်စနစ်ထူထောင်ရေးကို ဦးတည်ခဲ့သောကြောင့် ''ပြည်ထောင်စုအခြေခံမှု'' ဖော်ထုတ်ရေးဆွဲပြဌာန်းရေးကို လုံးဝဥဿုံဥပေက္ခာပြုခဲ့ပါသည်။

၂၀၀၈ ခုနှစ်တွင် ရေးဆွဲပြဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း စစ်အာဏာရှင်စနစ်ကိုအခြေခံသော ပြည်ထောင်စုအမည်ခံ အမျိုးသားနိုင်ငံတော် ထူထောင်ရေးကို ဦးတည်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသာဖြစ်သည်။ ထို့ကြောင့် ထိုဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ (၆) ပုဒ်မခွဲ (စ) တွင် ''နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက် ဦးတည်သည်'' ဟုအတိအကျ ပြဌာန်းခဲ့ပါသည်။ ဤသို့ဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း ပြည်ထောင်စုဖွဲ့စည်းရေးဆိုင်ရာ အခြေခံမှုများ ဖော်ထုတ်ပြဌာန်းရေးကို ထပ်မံဥပေက္ခာပြုခဲ့ပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ စစ်အာဏာရှင်စနစ် ထူထောင်ရေးလမ်းစဉ်ကြောင့် ၂၀၂၀ နိုဝင်ဘာလတွင်ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲရလဒ်နှင့်ဒီမိုကရေစီကျင့်စဉ်တရားများကို လှစ်လျူရှု၍ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော ဗမာ့တပ်မတော်က တိုင်းပြည်၏အာဏာကို မတရားသိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

## ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ အခြေခံမူဖော်ထုတ်ရေး ကြိုးပမ်းမှုများ

မဟာလူမျိုးကြီးဝါဒီ စစ်အုပ်စုက ပင်လုံစာချုပ်၏ အခြေခံ ယုံကြည်ချက်များကို ကျော်ခိုင်း၍ တပြည်ထောင်စနစ်ကို အခြေခံသော အမျိုးသားနိုင်ငံတော် ထူထောင်ရေးလမ်းစဉ်ကို တစိုက်မတ်မတ် ကြိုးပမ်းနေချိန်တွင် အခြားတဘက်၌ ပြည်ထောင်စုဘွား တိုင်းရင်းသားလူမျိုးပေါင်းစုံတို့က ပင်လုံစာချုပ်ပါ အခြေခံယုံကြည်ချက်များနှင့် မျှော်မှန်းချက်များသာမက ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှု (၇) ချက်အတိုင်း စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးကို တစိုက်မတ်မတ် ကြိုးပမ်းခဲ့ကြပါသည်။ ထိုကြိုးပမ်းမှုများအနက် သမိုင်းတွင်သည့် အောက်ပါကြိုးပမ်းမှုများကို ဖော်ပြအပ်ပါသည်။

### ၁။ ၁၉၆၁ ခုနှစ်တွင် ရှမ်းပြည်နယ်အစိုးရမှ အဆိုပြုခဲ့သည့် ''ရှမ်းမူ''

၁၉၆၁ ဖေဖော်ဝါရီလ (၂၅) ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရက ဦးဆောင်ကျင်းပခဲ့သော ရှမ်းပြည်နယ်၊ ပြည်လုံးကျွတ်ညီလာခံတရပ်တွင် ''ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးစာတမ်း'' ကိုတင်သွင်းပြီး ထိုစာတမ်းတွင် ''ပြည်နယ်များသည် ဗမာပြည်မနှင့် တန်းတူညီမျှသော အခွင့်အရေးများ ခံစားခွင့်မရှိသည်ကို ထင်ရှားစွာ တွေ့မြင်နိုင်ပေသည်'' ဟု ဖော်ပြပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတခုလုံးတွင်–

(၁) ဖွဲ့စည်းပုံစနစ်တွင်သော်လည်းကောင်း၊

(၂) အာဏာနှင့် အခွင့်အရေးခွဲဝေမှုတွင်သော်လည်းကောင်း၊

(၃) ပါလီမန်ဖွဲ့စည်းပုံစနစ်တွင်သော်လည်းကောင်း၊

(၄) ပြည်ထောင်စုအခွန်တော်နှင့် ဘဏ္ဍာခွဲဝေသုံးစွဲမှုစနစ်တွင်သော်လည်းကောင်း၊ ချို့ယွင်းချက်များရှိပြီး ပြည်နယ်များ နစ်နာလျက်ရှိသည်ဟု ထုတ်ပြန်ခဲ့ပါသည်။ ထို့ကြောင့် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေကို အထက်ဖော်ပြပါကဏ္ဍ (၄) ခုတွင်သာမက ''ပြည်နယ်များ လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေး (Complete Autonomy)'' ရရှိရေးအတွက် အောက်ပါအတိုင်း တောင်းဆိုခဲ့သည်။

(၅) ''အသစ်ပြုပြင် ဖွဲ့စည်းမည့် မြန်မာပြည်ထောင်စုသည် ပြည်ထောင်စု စစ်စစ်ဖြစ်လေရာ၊ ပြည်နယ်တိုင်းသည် ဗဟိုပြည်ထောင်စုဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေနှင့်မဆန့်ကျင်သော သီးခြားပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေများ ရရှိရမည့်အပြင်၊ သီးခြားဥပဒေပြုလွှတ်တော်၊ သီးခြား အစိုးရ၊ သီးခြားတရားရုံးများ ထားရှိရပေမည်'' ဟု စစ်မှန်သောဖက်ဒရယ် စနစ်ကို တင်ပြတောင်းဆိုခဲ့သည်။

ယင်းတောင်းဆိုချက်(၅) ရပ်သည်ပင်လျှင် ''ပြည်ထောင်စုအခြေခံမူ'' များ ဖြစ်ပေတော့သည်။

## ၂။ ၁၉၆၁ – တောင်ကြီးညီလာခံနှင့် ၁၉၆၂ ဖက်ဒရယ်လှုပ်ရှားမှု

ရှမ်းပြည်နယ်အစိုးရက ''ရှမ်းမူ''ဟု သမိုင်းတွင်ကျန်ရစ်သည့် ''ပြည်ထောင်စု စစ်စစ်မူ'' ကိုတင်ပြတောင်းဆိုပြီး၊ ထိုကိစ္စရပ်များကို အခြားတိုင်းရင်းသားလူမျိုးပေါင်း စုံနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေး၍ ၁၉၆၁ ဇွန်လ (၈) ရက်မှ (၁၆) ရက်နေ့အထိ ရှမ်းပြည်နယ် မြို့တော် တောင်ကြီးမြို့တွင် ''ပြည်နယ်ပေါင်းစုံညီလာခံ'' တရပ်ကိုကျင်းပခဲ့ပါသည်။ ထိုညီလာခံတွင်ပင်လုံစာချုပ်ကိုလက်မှတ်ရေးထိုးခဲ့ကြသော ချင်း၊ ကချင်နှင့်ရှမ်းလူမျိုး များသာမက ကရင်၊ ကယား၊ မွန်နှင့် ရခိုင်လူမျိုးတို့လည်း တက်ရောက်ခဲ့ကြပါသည်။

တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် တောင်ကြီးညီလာခံတွင်အောက်ပါ အဆို(၅) ရပ်ကို တင်ပြခဲ့ကြပါသည်။ ယင်းတို့မှာ–

(၁) ပြည်နယ်များ ညီညွတ်ရေးအဆို

(၂) ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရေးအဆို

(၃) ပြည်ထောင်စုအမျိုးသားညီလာခံ ကျင်းပရေးအဆို

(၄) မွန်၊ ရခိုင်နှင့် ချင်းပြည်နယ်များ ဖွဲ့စည်းရေးအဆို

(၅) နယ်ချဲ့ဆန့်ကျင်ရေးအဆိုတို့ ဖြစ်ပါသည်။

တောင်ကြီးညီလာခံတွင် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ အောက်ပါ တောင်းဆိုချက် (၅) ရပ်ကိုလည်း ဆုံးဖြတ်ချက်ချမှတ် တောင်းဆိုနိုင်ခဲ့ပါသည်။

(၁) ပြည်မကို ပြည်နယ်တနယ် ဖွဲ့စည်းရေး

(၂) လွှတ်တော် (၂) ရပ်ကို အာဏာတူပေးရေး

(၃) လူမျိုးစုလွှတ်တော်သို့ ပြည်နယ်တိုင်းက တူညီသော ကိုယ်စားလှယ် အရေအတွက် စေလွှတ်ရေး

(၄) ပြည်နယ်များက မိမိတို့ဆန္ဒအလျောက် လွှဲအပ်ထားသောအာဏာများကို ပြည်ထောင်စုဗဟိုအစိုးရသို့ ကန့်သတ်၍ ကျန်အာဏာများကို ပြည်နယ်များတွင် ထားရှိရေး

(၅) ပြည်နယ်တိုင်းသည် ဗဟိုပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်သော သီးခြားဖွဲ့စည်းပုံအခြေခံဥပဒေများရရှိရမည့်အပြင် သီးခြားဥပဒေလွှတ်တော်၊ သီးခြားအစိုးရ၊ သီးခြားတရားရုံးများ ထားရှိရေး (ရှမ်းမူအတိုင်းဖြစ်သည်) ... ဆိုသောအချက်များကို တောင်းဆိုခဲ့ပါသည်။

တောင်ကြီးညီလာခံတွင် ''ပြည်ထောင်စု အမျိုးသားညီလာခံကျင်းပရေး'' အဆိုအရ– ၁၉၆၂ ဖေဖော်ဝါရီလ (၂၄) ရက်နှင့်မတ်လ (၁) ရက်နေ့များတွင် ''ဖက်ဒရယ်နီးနှောဖလှယ်ပွဲ'' ကို ကျင်းပနိုင်ခဲ့ပါသည်။ ထို ''ဖက်ဒရယ်နီးနှောဖလှယ်ပွဲ'' ၏နောက်ဆုံးအစီအစဉ် ကို မတ်လ (၆) ရက်နေ့တွင် ကျင်းပရန် စီစဉ်ခဲ့သော်လည်း တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ''ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်'' အခွင့်အရေးများကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေး ကြိုးပမ်းမှုကို ပိတ်ပင်ဟန့်တားရန် ရည်ရွယ်ချက်ဖြင့် မဟာလူမျိုးကြီးဝါဒီစစ်ဗိုလ်ချုပ်များက တိုင်းပြည်၏အာဏာကို ၁၉၆၂ မတ်လ (၂) ရက်နေ့တွင် မတရားသိမ်းပိုက်ခဲ့ပါသည်။ ဤသို့ဖြင့် ဖက်ဒရယ်တည်ဆောက်ရေးဆိုင်ရာ ''ပြည်ထောင်စုအခြေခံမူ'' များ ဖော်ထုတ်ရေးကြိုးပမ်းမှုသည်လည်း ကာလအတိုင်းအတာတခုအထိ ရပ်တန့်သွားခဲ့ပါသည်။

## ၃။ ၁၉၉၀ ဗိုလ်အောင်ကျော်လမ်းကြေညာချက်

၁၉၈၈ ခုနှစ်တွင် ကျောင်းသားများစတင်ဦးဆောင်သော ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့ပါသည်။ ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးတွင် တော်လှန်ရေးကောင်စီနှင့် မ.ဆ.လ တပါတီအာဏာရှင်စနစ်အောက်တွင် တောင်းဆိုခွင့် မရရှိခဲ့သော ဒီမိုကရေစီရေးနှင့် စစ်မှန်သောပြည်ထောင်စုစနစ် တည်ဆောက်ရေးကို ပြန်လည်တောင်းဆိုမှုများ ပြုလုပ်နိုင်ခဲ့ပါသည်။ သို့ရာတွင် ''ဖက်ဒရယ်မူ'' ဟူသောစကားလုံးကို သုံး၍မရသေးပေ။ ထိုကာလတွင် တင်ပြတောင်းဆိုခဲ့သော ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ တောင်းဆိုချက်များအနက် သမိုင်းတွင်ကျန်ရစ်ခဲ့သည့် တောင်း

ဆိုချက်မှာ ၁၉၉၀ မေလ ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရရှိခဲ့သည့် "အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်" (NLD) နှင့် တိုင်းရင်းသားနိုင်ငံရေးပါတီ (၂၁) ပါတီတို့စုပေါင်းဖွဲ့ စည်းထားသော"ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်" (UNLD) တို့မှ ၁၉၉၀ ဩဂုတ်လ (၂၉) ရက်နေ့တွင် ပူးတွဲထုတ်ပြန်ခဲ့သည့် "ဗိုလ်အောင်ကျော်လမ်း ကြေညာချက်" ပင်ဖြစ်ပါသည်။

ဗိုလ်အောင်ကျော်လမ်းကြေညာချက်တွင် ပြည်ထောင်စုတည်ဆောက်ရေး ဆိုင်ရာပြည်ထောင်စုအခြေခံမူနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း သဘောတူထုတ်ပြန်ခဲ့ ပါသည်။

၄ (ဂ) တိုင်းရင်းသားလူမျိုးများသည် လူမျိုးရေးတန်းတူညီမျှမှု၊ နိုင်ငံရေးတန်းတူ ညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ရရှိရမည့်အပြင် ဒီမိုကရေစီ နှင့် လူ့အခွင့်အရေးများကို အာမခံချက်ရှိသော ပြည်ထောင်စုကို တိုင်းရင်း သားအားလုံး သွေးစည်းညီညွတ်စွာ ထူထောင်ရန် လိုအပ်ကြောင်း၊ ပြည် ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်တို့ တညီတညွတ်တည်း သဘောတူကြသည်။

## ၄။ ၁၉၉၂ မာနယ်ပလောသဘောတူစာချုပ်၊ ၁၉၉၇ မယ်သရောထာ သဘောတူညီချက်၊ ၁၉၉၈ သူးမွဲကလိုးသဘောတူညီချက်များ

ရှစ်လေးလုံးအရေးတော်ပုံကြီးဖြင့် ဒီမိုကရေစီအရေးတော်ပုံကြီးကို တနိုင်ငံလုံး အတိုင်းအတာဖြင့် လှုပ်ရှားဆောင်ရွက်နိုင်ခဲ့သော်လည်း ၁၉၈၉ စက်တင်ဘာလ(၁၈) ရက်နေ့တွင် ဗိုလ်ချုပ်ကြီးစောမောင်ဦးဆောင်သည့် ဗမာ့တပ်မတော်မှ နိုင်ငံ့အာဏာကို ပြန်လည်သိမ်းပိုက်ခဲ့ပါသည်။ ထိုကဲ့သို့ စစ်အာဏာသိမ်းမှုကြောင့် ဒီမိုကရေစီအရေး တော်ပုံကြီးတွင် ပါဝင်လှုပ်ရှားခဲ့ကြသော ကျောင်းသားလူငယ်များ၊ အမျိုးသမီးများနှင့် နိုင်ငံရေးပါတီအသီးသီးမှ ခေါင်းဆောင်များသည်ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေး နှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝရှိသည့် စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးအတွက် နှစ်ပေါင်းများစွာ လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲနေကြသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးသို့ ရောက်ရှိလာခဲ့ ကြပါသည်။

ထိုကဲ့သို့ လွတ်မြောက်နယ်မြေသို့ ရောက်ရှိခဲ့ကြသည့် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်ကြီးများသည် ဖက်ဒရယ်တည်ဆောက်ရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲများကို အကြိမ်ကြိမ်ကျင်းပ၍ အဆင့်ဆင့်သော သဘောတူညီချက်များကို လက်မှတ်ရေးထိုးရယူနိုင်ခဲ့ကြသည်။ ထိုသဘောတူချက်များအနက် ထင်ရှားသောညီလာခံသဘောတူညီချက်များမှာ–

(၁) ၁၉၉၂ ဇူလိုင် (၃၁) ရက်တွင် သဘောတူချုပ်ဆိုခဲ့သော မာနယ်ပလောသဘောတူစာချုပ်

(၂) ၁၉၉၇ ဇန်နဝါရီ (၁၄) ရက်တွင် သဘောတူချုပ်ဆိုခဲ့သော မယ်သရောထာသဘောတူညီချက်

(၃) ၁၉၉၈ ဒီဇင်ဘာ (၁၄) ရက်တွင် သဘောတူချုပ်ဆိုခဲ့သော သူးမွဲကလိုးသဘောတူညီချက်များဖြစ်ကြပါသည်။

## ၄.၁။ မာနယ်ပလောသဘောတူစာချုပ်
## ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံတော် တည်ဆောက်ရေးသဘောတူညီချက်

မြန်မာပြည်သည် လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာကပင် တိုင်းရင်းသားလူမျိုး အသီးသီးတို့ နယ်မြေချင်းဆက်စပ်လျက် အတူတကွ အခြေချနေထိုင်လာခဲ့သည့် တိုင်းပြည်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးအားလုံး ပိုင်ဆိုင်သည့် တိုင်းပြည်လည်းဖြစ်သည်။

မြန်မာပြည်သည် တိုင်းရင်းသားလူမျိုးအားလုံး၏ ဆန္ဒညီညွတ်မှုကို အခြေခံသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်မှသာ စည်းလုံးခိုင်မာစွာ ရပ်တည်သွားနိုင်မည်ဖြစ်သည်။ ဤသို့ဖြစ်မြောက်ရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများသည် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ သို့ရာတွင် ဤစာချုပ်သည် လက်တွေ့အကောင်အထည်မပေါ်ခဲ့ပေ။

ယခု မဆလ၊ နဝတ စသော မဟာလူမျိုးကြီးဝါဒ ကျင့်သုံးသည့် ဖက်ဆစ်အာဏာရှင်တို့၏ ကြီးစိုးမှုကြောင့် တိုင်းရင်းသားလူများ၏အခွင့်အရေးများ ဆုံးရှုံးနေကြရသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပျက်ပြားပြီး ပြည်တွင်းစစ်မီးတောက်လောင်လျက် ရှိသည်။

သို့ဖြစ်၍ မြန်မာပြည်ရှိ တိုင်းရင်းသားလူမျိုးအားလုံး ပြည်သူလူထုအားလုံး သည်စစ်အာဏာရှင်စနစ်အား အပြုတ်တိုက်ပြီးနောက် အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ဒီမိုကရေစီနှင့် အခြေခံလူ့အခွင့်အရေးရှိသည့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကို တည်ဆောက်လိုကြသည်။

တန်းတူမှု၊ လွတ်လပ်မှု၊ စည်းလုံးညီညွတ်မှု၊ လုံခြုံမှု၊ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် ယုံကြည်လေးစားမှု၊ ဖွံ့ဖြိုးတိုးတက်မှုရှိသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန်အတွက် အဓိကလိုအပ်ချက်မှာ စစ်အာဏာရှင်ကြီးစိုးမှုအား တိုက်ဖျက်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့ပင် ဖြစ်သည်။

ဤသို့သောအခြေအနေတွင်–

(၁) ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ၊

(၂) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)၊

(၃) မြန်မာပြည် ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ်၊

(၄) အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုအဖွဲ့အစည်း (၄) ဖွဲ့တို့သည် ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့တွင် မာနယ်ပလောဌာနချုပ်၌ အောက်ပါအတိုင်း အခိုင်အမာ သဘောတူညီကြသည်။

၁။ မဟာလူမျိုးကြီးဝါဒကိုလည်းကောင်း၊ စစ်အာဏာရှင်စနစ်ကိုလည်းကောင်း၊ မဟာလူမျိုးကြီးဝါဒနှင့် ဖက်ဆစ်စစ်အာဏာရှင်စနစ်ကို ကျင့်သုံးသည့် နဝတ အားလည်းကောင်း အဆုံးတိုင် အတူတကွ ဆန့်ကျင်တိုက်ဖျက်သွားမည်။

၂။ နဝတစစ်အာဏာရှင် ကြီးစိုးမှု ချုပ်ငြိမ်းပြီးနောက် လွတ်လပ်ငြိမ်းချမ်းသည့် အခြေအနေတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ နိုင်ငံရေးအဖွဲ့အစည်းပေါင်းစုံ တက်ရောက်နိုင်သည့် စစ်မှန်သော အမျိုးသားညီလာခံကြီး ခေါ်ယူသွားမည်။

၃။ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု၏ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို တိုင်းရင်းသားလူမျိုးအားလုံး၊ ပြည်သူလူထုတရပ်လုံး၏ ဆန္ဒညီညွတ်မှုကို အခြေခံ၍ ရေးဆွဲပြဋ္ဌာန်းသွားမည်။

၄။ မည်သည့်လူမျိုးကိုမျှ အခွင့်ထူးမပေးရေးနှင့် လူမျိုးစု၊ မျိုးနွယ်စုအားလုံး၏ အခြေခံ အမျိုးသားအခွင့်အရေးများကို ချုပ်ချယ်ကန့်သတ်မှု မပြုရေးမူကို ကျင့်သုံးသွားမည်။

၅။ တိုင်းရင်းသားလူမျိုးအားလုံး အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ဒီမိုကရေစီနှင့် အခြေခံလူ့အခွင့်အရေး အပြည့်အဝရှိသည့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်သွားမည်။

ထိုသို့ တည်ဆောက်ရာတွင်–

(က) ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့်ပြည်နယ်များဖြင့်စုပေါင်းဖွဲ့စည်းထားသည့် အမျိုးသားပြည်နယ်ပေါင်းစု ပြည်ထောင်စုဖြစ်ရေး၊

(ခ) ပြည်နယ်များမှ ပြည်ထောင်စုသို့ လွှဲအပ်ထားသော အာဏာများမှအပကျန်သောအာဏာများကို ပြည်နယ်များတွင် ထားရှိ၍ ပြည်နယ်အသီးသီးတွင်လည်း ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်မှုအာဏာ ကျင့်သုံးပိုင်ခွင့်ရှိရေး၊

(ဂ) ပြည်ထောင်စုတွင် အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့ လွှတ်တော် (အောက်လွှတ်တော်) ဟူ၍ လွှတ်တော်နှစ်ရပ်ထားရှိရေး၊

(ဃ) ပြည်ထောင်စုနှင့် ပြည်နယ်များ၏ တပ်မတော်များကို လူမျိုးပေါင်းစုံပြည်သူလူထု၏ ကွပ်ကဲမှုအာဏာအောက်တွင် တည်ရှိရေး၊

(င) ပြည်ထောင်စု၏အချုပ်အခြာအာဏာဖြစ်သော ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာ (၃) ရပ်ကို အပြန်အလှန်ထိန်းညှိစနစ်ဖြင့် ဖွဲ့စည်းထားရှိပြီး လွတ်လပ်သည့် တရားစီရင်မှုစနစ်ကိုကျင့်သုံးရေး၊

(စ) မဟာလူမျိုးကြီးဝါဒနှင့် ဖက်ဆစ်စစ်အာဏာရှင်စနစ် ပြန်လည်၍ပေါ်ပေါက်မလာနိုင်ရေး စသည့်အချက်များကို ပြည်ထောင်စုဖွဲ့စည်းရေးတွင်ကျင့်သုံးသွားမည်။

## ၄.၂။ မယ်သရောထာ သဘောတူညီချက်

မြန်မာနိုင်ငံ စစ်အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသော တိုင်းရင်းသားလူမျိုးများသည် ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ ၁– ရက်နေ့မှ ၁၄ ရက်နေ့အထိ ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ အခြေခံဒေသဖြစ်သော 'မယ်သရောထာ' တွင် နီးနှောဖလှယ်ပွဲကြီးကို ကျင်းပခဲ့ကြပြီး တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် လေ့လာသူပေါင်း

(၁၁၁) ဦးတက်ရောက်ခဲ့ကြသည်။ ဤနီးနှောဖလှယ်ပွဲမှ ''မယ်သရောထာသဘောတူညီချက်'' နှင့် ထုတ်ပြန်ကြေညာချက်များ ပြုလုပ်ခဲ့ကြပါသည်။

ယင်းနီးနှောဖလှယ်ပွဲသို့ တက်ရောက်ခဲ့ကြသော အဖွဲ့အစည်းများမှာ– ရခိုင်တိုင်းရင်းသား၊ ချင်းတိုင်းရင်းသား၊ ကချင်တိုင်းရင်းသား၊ ကရင်တိုင်းရင်းသား၊ ကယန်းတိုင်းရင်းသား၊ မွန်တိုင်းရင်းသား၊ ပအိုဝ်းတိုင်းရင်းသား၊ ပလောင်တိုင်းရင်းသား၊ လားဟူတိုင်းရင်းသား၊ ရှမ်းတိုင်းရင်းသားနှင့် 'ဝ' တိုင်းရင်းသား ခေါင်းဆောင်များသည် အဖွဲ့အစည်းနှင့် လူမျိုးအသီးသီးကို ကိုယ်စားပြုကြလျက် ကော်သူလေးပြည်နယ်၊ မယ်သရောထာ၌ ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်မှ (၁၄) ရက်နေ့အထိ ကျင်းပသော နီးနှောဖလှယ်ပွဲကြီးတွင် စုံညီစွာ တက်ရောက်ခဲ့ကြပါသည်။

အထက်ပါဖော်ပြပြီးသော ကျွန်ုပ်တို့ တိုင်းရင်းသားကိုယ်စားလှယ်များသည် နီးနှောဖလှယ်ပွဲကြီး၌ ရင်းနီးပွင့်လင်းစွာ အကျေအလည် ဆွေးနွေးညှိနှိုင်း တိုင်ပင်ကြပြီးနောက် အောက်ပါအချက်များကို တညီတညွတ်တည်း သဘောတူညီချက် ချမှတ်ခဲ့ကြသည်။

### (၁) နိုင်ငံရေးရည်မှန်းချက်ဆိုင်ရာ သဘောတူညီချက်

(က) စစ်အာဏာရှင်စနစ် ဖျက်သိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရန်။

(ခ) ဒီမိုကရေစီ နိုင်ငံရေးစနစ် ကျင့်သုံးရန်။

(ဂ) လူမျိုးတိုင်း တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးရရှိရန်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရန်တို့ဖြစ်သည်။

### (၂) နဝတ၏ အမျိုးသားညီလာခံနှင့်ပတ်သက်သော သဘောတူညီချက်

လက်ရှိနဝတ ဦးစီးကျင်းပနေဆဲဖြစ်သော အတုအယောင် အမျိုးသားညီလာခံသည် စစ်အာဏာရှင်စနစ် တည်မြဲရေးအတွက် ဖြစ်သည်။ တိုင်းရင်းသားလူမျိုးများအတွက် အခွင့်အရေး လုံးဝရနိုင်မည်မဟုတ်သည့်အတွက်လည်းကောင်း၊ နဝတအမျိုးသားညီလာခံကို ကျွန်ုပ်တို့ တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲကြီးက လုံးဝအသိအမှတ်မပြုကြောင်းနှင့် ၎င်းညီလာခံကို ဆန့်ကျင်တိုက်ပွဲဝင်သွားကြရန် သဘောတူကြသည်။

### (၃) သုံးပွင့်ဆိုင်ဆွေးနွေးပွဲနှင့်ပတ်သက်သော သဘောတူညီချက်

ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ဆုံးဖြတ်ထောက်ခံထားသည်သာမက ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကလည်း သဘောတူထားသော သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲကို ကျွန်ုပ်တို့တိုင်းရင်းသားနီးနှောဖလှယ်ပွဲကြီးက သဘော

တူလက်ခံသည်။ ထိုသုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင် မဒတ၏ UNLD၊ NDF နှင့် အခြား တိုင်းရင်းသားလူမျိုးများ ပါဝင်သောအင်အားစု၊ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော ဒီမိုကရေစီအင်အားစုနှင့် နဝတစစ်အုပ်စုအင်အားစု သုံးစုတို့ ပါဝင်စေရမည်။

**(၄) ဖက်ဒရယ်ပြည်ထောင်စုနှင့်ပတ်သက်သော သဘောတူညီချက်**

အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးအပြည့်အဝ ရရှိပြီး၊ အမျိုးသားပြည်နယ်များ စုပေါင်းပါဝင်ဖွဲ့စည်းထားသည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ကျွန်ုပ်တို့တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲကြီးက တညီတညွတ်တည်း သဘောတူကြပါသည်။

**(၅) စီးပွားရေးမူဝါဒနှင့်ပတ်သက်သော သဘောတူညီချက်**

စီးပွားရေးမူဝါဒနှင့်ပတ်သက်၍ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်သွားရန် ကျွန်ုပ်တို့တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲကြီးက သဘောတူသည်။ သို့သော် နဝတအုပ်ချုပ်နေစဉ်ကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခြင်းသည် စစ်အာဏာရှင်စနစ်နှင့် စစ်အုပ်စု၏ အကျိုးစီးပွားကိုသာဖြစ်စေပြီး၊ တိုင်းရင်းသားလူမျိုးစု ပြည်သူများအဖို့ အကျိုးလုံးဝမရှိသည့်အပြင် ဖိနှိပ်ချုပ်ချယ်မှုဒဏ်ကို ပိုမိုခံစားလာရသည့်အတွက် နဝတစစ်အုပ်စုနှင့် ပူးတွဲလုပ်ဆောင်သော ရင်းနှီးမြှုပ်နှံမှုအပါအဝင် စီးပွားရေးလုပ်ငန်းအားလုံးကို ကျွန်ုပ်တို့တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲကြီးက အပြင်းအထန် ကန့်ကွက်လိုက်သည်။

**(၆) မူးယစ်ဆေးဝါး တိုက်ဖျက်ရေး**

မူးယစ်ဆေးဝါး စိုက်ပျိုး၊ ထုတ်လုပ်၊ ရောင်းချမှု အပါအဝင်၊ လုပ်ငန်းအားလုံးကို ဆန့်ကျင်တိုက်ဖျက်ရန် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်တို့ တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲကြီးက တညီတညွတ်တည်း သဘောတူသည်။

**(၇) ဒီမိုကရေစီအင်အားစုများနှင့်ပတ်သက်သော သဘောတူညီချက်**

နဝတ စစ်အုပ်စု ဖြုတ်ချရေးနှင့် စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးအတွက် နိုင်ငံရေးတိုက်ပွဲ၊ သံတမန်ရေးတိုက်ပွဲ၊ လူထုတိုက်ပွဲ အပါအဝင် ဘက်ပေါင်းစုံမှ တိုးမြှင့်တိုက်ပွဲဝင် သွားရန် ကျွန်ုပ်တို့ တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲကြီးက သဘောတူသည်။

ယင်းသို့ တိုက်ပွဲဝင်ရာတွင် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော ဒီမိုကရေစီအင်အားစုများနှင့် တန်းတူရည်တူ လက်တွဲ၍ အမျိုးသားအခွင့်အရေးအတွက်လည်း

ကောင်း၊ ဒီမိုကရေစီအခွင့်အရေးအတွက်လည်းကောင်း၊ တပြိုင်နက်တည်း စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်သွားကြရန်ကိုလည်း ကျွန်ုပ်တို့ တိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲကြီးက တညီတညွတ်တည်း သဘောတူကြသည်။

ထို့အပြင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၁၉၉၀ ရွေးကောက်ပွဲတွင် ပြည်သူလူထု၏ဆန္ဒနှင့်အညီ ဒီမိုကရေစီနည်းကျ ရွေးကောက်ခံရသော အနိုင်ရပါတီဖြစ်ကြောင်းကို ကျွန်ုပ်တို့ အသိအမှတ်ပြုသည်သာမက ၎င်း၏ နဝတစစ်အုပ်စုကိုဆန့်ကျင်သောလုပ်ဆောင်မှုအားလုံးကို မိမိတို့နီးနှောဖလှယ်ပွဲကြီးက အပြည့်အဝ ထောက်ခံသည်။

**(၈) ASEAN နှင့်ပတ်သက်သော သဘောတူညီချက်**

နဝတက အုပ်ချုပ်နေသော ကာလအတွင်း မြန်မာပြည်အား ASEAN အဖွဲ့ဝင်အဖြစ် လက်ခံခြင်းကို အတတ်နိုင်ဆုံး ဆိုင်းငံ့ပေးထားပါရန်၊ ASEAN သို့ ပန်ကြားလွှာပေးပို့သွားရန် ဤတိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲကြီးက သဘောတူသည်။

**(၉) တပ်ပေါင်းစုနှင့်ပတ်သက်သော သဘောတူညီချက်**

တိုင်းရင်းသားလူမျိုးများ၏ ပြည်လုံးဆိုင်ရာ တပ်ဦးအဖွဲ့အစည်းဖြစ်သော အမျိုးသား ဒီမိုကရေစီ တပ်ပေါင်းစု၏ နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေး စသည်တို့ကို ပိုမိုခိုင်မာအောင် ဝိုင်းဝန်းပံ့ပိုး တည်ဆောက်ပေးရန် ဤတိုင်းရင်းသားလူမျိုးများ နီးနှောဖလှယ်ပွဲကြီးက တညီတညွတ်တည်း သဘောတူကြသည်။

**(၁၀) ပြန်လည်ဆုံစည်းရန် သဘောတူညီချက်**

မယ်သရောထာ နီးနှောဖလှယ်ပွဲကြီး၏ရလဒ်များကို ဆက်လက်ထိန်းသိမ်း အကောင်အထည်ဖော်သွားရန်နှင့် အနည်းဆုံး တနှစ်လျှင်တကြိမ် စုံစုံညီညီ ပြန်လည်ဆုံစည်းကြရန် ကျွန်ုပ်တို့ တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲကြီးက တညီတညွတ်တည်း သဘောတူကြသည်။

## ၄.၃။ အမျိုးသားသွေးစည်းညီညွတ်ရေးနီးနှောဖလှယ်ပွဲ သူးမွဲကလိုး သဘောတူညီချက်

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်သည့် တိုင်းပြည်ဖြစ်သည်။ ခေတ်သစ်မြန်မာ့သမိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ညှိနှိုင်း၍ တည်ဆောက်ထားသော အမျိုးသားသွေးစည်းညီညွတ်မှုအင်အားဖြင့်

မြန်မာပြည် လွတ်လပ်ရေးကို ရယူနိုင်ခဲ့သော်လည်း ဗိုလ်ချုပ်ကျဆုံးမှုနှင့်အတူ အမျိုးသားသွေးစည်းညီညွတ်ရေးသည်လည်း လွင့်ပါးပျောက်ကွယ်ခဲ့ရသည်။

စစ်အာဏာရှင်စနစ်အောက်တွင် နှစ်ပေါင်းများစွာ အဖိနှိပ်ခံခဲ့ရခြင်း၏ အကျိုးဆက်အဖြစ် အမျိုးသားသွေးစည်းညီညွတ်မှု ပြိုကွဲလျက် တိုင်းပြည်ကြေပြုန်း ပျက်သုဉ်းမည့် ဘေးအန္တရာယ်ကြီးကို ရင်ဆိုင်နေရသည့် အချိန်အခါဖြစ်ပေသည်။ တိုင်းရင်းသားပေါင်းစုံ ပြည်သူတို့၏ လက်ငင်းလိုအပ်ချက်ဖြစ်သော စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး၊ ခေတ်မီတိုးတက်၍ သာယာဝပြောသော ထာဝစဉ်ငြိမ်းချမ်းသာယာသည့် လူ့အဖွဲ့အစည်း တည်ဆောက်ရေးတို့ကို အမျိုးသားသွေးစည်းညီညွတ်မှုအင်အားဖြင့်သာ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ သို့ပါ၍ အမျိုးသားသွေးစည်းညီညွတ်မှု တည်ဆောက်ရေးလုပ်ငန်းသည် ယနေ့ကာလ တိုင်းရင်းသားပေါင်းစုံပြည်သူတို့အတွက် အဓိကကျသောလုပ်ငန်းစဉ်ဖြစ် သည်။ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တိုင်းရင်းသားကိုယ်စားပြုပါတီများနှင့်ပူးတွဲလျက် ယင်းတာဝန်ကို တက်ကြွစွာထမ်းဆောင်နေသည့်နည်းတူ အောက်တွင် လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်း (၂၃) ဖွဲ့သည်လည်း ၁၉၉၈–ခုနှစ် ဒီဇင်ဘာလ(၁၂) ရက်နေ့မှ (၁၄) ရက်နေ့အထိ (၃) ရက်တိုင်တိုင် ကော်သူးလေပြည်နယ်၊ သူးမွဲကလိုးတွင် အမျိုးသားသွေးစည်းညီညွတ်ရေး နီးနှောဖလှယ်ပွဲကြီးကို အောင်မြင်စွာ ကျင်းပ၍ အောက်ဖော်ပြပါ အချက်အလက်များကို တညီတညွတ်တည်း သဘောတူ ဆုံးဖြတ်ကြပါသည်။ ၎င်းသဘောတူညီဆုံးဖြတ်ချက်များမှာ –

(၁) ၁၉၄၇ ခုနှစ်တွင် ချုပ်ဆိုသည့် ပင်လုံစာချုပ်နှင့် ယင်းစာချုပ်ဆိုင်ရာ ကတိကဝတ်များ၊ ၁၉၉၀ ပြည့်နှစ်တွင် ထုတ်ပြန်သည့် ဗိုလ်အောင်ကျော်လမ်းထုတ်ပြန်ကြေညာချက်၊ ၁၉၉၂ ခုနှစ်တွင် ချုပ်ဆိုသည့် မာနယ်ပလောစာချုပ်၊ ၁၉၉၇ ခုနှစ်တွင် ပြုလုပ်သည့် မယ်သရောထာသဘောတူညီချက်များသည် တိုင်းရင်းသားလူမျိုးများ၊ ပြည်သူများ၏ အခြေခံအကျိုးစီးပွားကို ကိုယ်စားပြုသည့် သမိုင်းဝင်သဘောတူညီချက်များဖြစ်သည်ဟု မှတ်ယူသည်။

(၂) မြန်မာပြည်၏ လက်ရှိပဋိပက္ခသည် ဖိနှိပ်အုပ်စိုးသူ စစ်အာဏာရှင်အုပ်စုကတဖက်၊ အဖိနှိပ်ခံတိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူလူထုကြီးကတဖက် ဖြစ်ပွားနေသည့် ပဋိပက္ခဖြစ်ပြီး ယင်းပဋိပက္ခကြီးသည် တနေ့တခြားပိုမိုပြင်းထန်လာနေသည့်အတွက် အဆုံးအဖြတ်ကာလတခုသို့ပင် ရောက်နေသည်ဟု သုံးသပ်ကြသည်။

(၃) နဝတ/နအဖ စစ်အာဏာရှင်ကြီးစိုးမှုကြောင့် ယနေ့မြန်မာပြည်တွင် ဒီမိုကရေစီ ဆိတ်သုဉ်းခြင်းနှင့် အမျိုးသားအခွင့်အရေး ဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်နေရသည်။ ထို့ကြောင့် စစ်အာဏာရှင် ကြီးစိုးမှုကို ဖျက်သိမ်းပစ်ရန်မှာ တိုင်းပြည်၏ အဓိကဘုံ လုပ်ငန်းတာဝန် ဖြစ်သည်ဟု တညီတညွတ်တည်း သဘောတူဆုံးဖြတ်သည်။

(၄) နဝတ/နအဖ စစ်အာဏာရှင်ကြီးစိုးမှု တိုက်ဖျက်ရေးတွင် လူမျိုး၊ ဘာသာ၊ အယူဝါဒ၊ လက်ဝဲလက်ယာ မခွဲခြားဘဲ ပါတီ၊ အဖွဲ့အစည်းများအားလုံး၊ လူပုဂ္ဂိုလ်များအားလုံး အနိမ့်ဆုံးဖြစ်နိုင်သည့်အဆင့်မှ စတင်၍ လက်တွဲဆောင်ရွက်သွားကြရန် သဘောတူ ဆုံးဖြတ်သည်။

(၅) နဝတ/နအဖ သည် အမျိုးသားညီလာခံကို ဦးစီးကျင်းပခွင့် မရှိပေ။ လက်ရှိပြုလုပ်နေသည့်အမျိုးသားညီလာခံသည် အတုအယောင်အမျိုးသားညီလာခံဖြစ်၍ လုံးဝ တရားမဝင်ချေ။ ထို့ကြောင့် ၎င်းအမျိုးသားညီလာခံအား လုံးဝအသိအမှတ်မပြုကြောင်း တညီတညွတ်တည်း သဘောတူဆုံးဖြတ်သည်။

(၆) တိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူများ၏ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရန် တညီတညွတ်တည်း သဘောတူဆုံးဖြတ်သည်။

(၇) အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး အပြည့်အဝရှိပြီး၊ အမျိုးသားပြည်နယ်များ စုပေါင်းပါဝင်ဖွဲ့စည်းထားသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန် သဘောတူဆုံးဖြတ်သည်။

(၈) ၁၉၉၀ ပြည့်ရွေးကောက်ပွဲ အနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသား ကိုယ်စားပြုပါတီ (၄) ပါတီ၏ ပြည်သူ့လွှတ်တော် အစည်းအဝေးခေါ်ယူရန်တောင်းဆိုခြင်း၊ လွှတ်တော်ကိုယ်စားပြုကော်မတီဖွဲ့စည်းခြင်း၊ လွှတ်တော်ရေးရာ ကော်မတီများ ဖွဲ့စည်းခြင်းများအား ထောက်ခံကြောင်း သဘောတူဆုံးဖြတ်သည်။

(၉) ဤနီးနှောဖလှယ်ပွဲမှ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးမှု ပေါ်ပေါက်ရေးကို လတ်တလော လုပ်ငန်းစဉ်အဖြစ် ပူးပေါင်းကြိုးပမ်းသွားကြရန် သဘောတူဆုံးဖြတ်သည်။

(၁၀) မြန်မာပြည်အတွင်း မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ပြည်ပတင်ပို့မှုများတွင် နအဖစစ်အုပ်စု၏ အဓိကပါဝင်ပတ်သက်နေမှုကို ဆန့်ကျင်ရှုတ်ချကြောင်း သဘောတူဆုံးဖြတ်သည်။

(၁၂) နအဖစစ်အာဏာရှင်ကြီးစိုးမှုရှိနေသရွေ့ မြန်မာပြည်အတွင်းသို့ ရင်းနှီးမြှုပ်နှံမှုမှန်သမျှ ပြည်ပမှ ဝင်ရောက်မပြုလုပ်ရန် တောင်းဆိုကြောင်း သဘောတူဆုံးဖြတ်သည်။

(၁၃) ဤအမျိုးသားသွေးစည်းညီညွတ်ရေး နီးနှောဖလှယ်ပွဲမှ ဆုံးဖြတ်သည့် သဘောတူဆုံးဖြတ်ချက်များကို ဆက်လက်ထိန်းသိမ်း အကောင်အထည်ဖော်ရန်အတွက် နီးနှောဖလှယ်ပွဲသို့ တက်ရောက်ကြသည့် အဖွဲ့အားလုံး တာဝန်ယူရန်၊ စည်းရုံးညှိနှိုင်းရေးကော်မတီတရပ် ဖွဲ့စည်း၍ ဆက်လက်အကောင်အထည်ဖော်သွားရန် ဆုံးဖြတ်သည်။ (၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၄) ရက်)

## ၅။ ၂၀၀၅ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် အခြေခံရမည့် လမ်းညွှန်မှု (၈) ချက်

ရှစ်လေးလုံးအရေးတော်ပုံကြီးနှင့်အတူ ပေါ်ပေါက်လာခဲ့ကြသော ဒီမိုကရေစီအင်အားစုမှ နိုင်ငံရေးပါတီများ၊ ကျောင်းသားလူငယ်များ၊ အမျိုးသမီးအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ ဆွေးနွေးမှုအမျိုးမျိုးနှင့် နီးနှောဖလှယ်ပွဲတို့ကို အကြိမ်ကြိမ် ကျင်းပခဲ့ကြပြီး ၂၀၀၅ ဖေဖော်ဝါရီလ (၁၂) ရက်နေ့၊ (၅၈) နှစ်မြောက် ပြည်ထောင်စုနေ့တွင် ''အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် အခြေခံရမည့် လမ်းညွှန်ချက် (၈) ချက်'' ကို ခေါင်းဆောင်ကိုယ်စားလှယ် (၁၀၆) ဦးတို့က တညီတညွတ်တည်း လက်မှတ်ရေးထိုးသဘောတူနိုင်ခဲ့ကြပါသည်။ ထို ''အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် အခြေခံရမည့် လမ်းညွှန်မှု (၈) ချက်'' မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) **အချုပ်အခြာအာဏာ (Sovereign Power)**

နိုင်ငံ၏အချုပ်အခြာအာဏာဟူသမျှတို့သည် ပြည်သူလူထုထံမှသာ ဆင်းသက်စေရမည်။

(၂) **တန်းတူရေး (Equality)**

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရ ဖြစ်စေ၊ လူမျိုးရေးအရ ဖြစ်စေ တန်းတူရည်တူအခွင့်အရေး ရှိစေရမည်။

(၃) **ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-determination)**

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုစသည့်ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့် အဝရှိစေရမည်။

(၄) **ဖက်ဒရယ်ပြည်ထောင်စုမူများ (Federal Principles)**

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်နယ်များဖြင့် ဖွဲ့စည်းမည့် ဖက်ဒရယ်ပြည်ထောင်စုဖြစ်ရမည်။ ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်နှစ်ရပ်ထားရှိရမည်။

(၅) **လူနည်းစုများ၏အခွင့်အရေးများ (Minority Rights)**

ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်း ရင်းသား လူနည်းစုများများ၏ အခွင့်အရေးများအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ကာကွယ်ပြဋ္ဌာန်းပေးရမည်။

(၆) **ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးများနှင့် ကျား-မဆိုင်ရာ တန်းတူညီမျှမှုများ (Democracy, Human Rights and Gender Equality)**

ဘာသာအယူဝါဒ၊ အသားအရောင်၊ လိင်ကွဲပြားမှုများကို အခြေခံသော ခွဲခြား ဆက်ဆံခြင်း မရှိစေဘဲ အခြေခံလူ့အခွင့်အရေးများ၊ ဒီမိုကရေစီအခွင့်အရေး များကို ကာကွယ်ပြဋ္ဌာန်းပေးရမည်။

(၇) **ဘာသာရေးကို အခြေမခံသောနိုင်ငံ (Secular State)**

ဘာသာရေးကို အခြေမခံသော ပြည်ထောင်စု ဖြစ်စေရမည်။

(၈) **ပါတီစုံဒီမိုကရေစီစနစ် (Multi-party Democracy System)**

ဖက်ဒရယ်ပြည်ထောင်စုတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးစေရမည်။

## ၆။ ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုရန် ကြိုးပမ်းခြင်း

၂၀၁၅၊ အောက်တိုဘာ (၁၅) ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (၈) ဖွဲ့ (နောက်ပိုင်း ၁၀ ဖွဲ့ ဖြစ်သွားခဲ့သည်။) တို့ သဘောတူချုပ်ဆိုထားသော ''တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်'' (NCA) အရ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ကို ကျင်းပပြု လုပ်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံအစည်းအဝေးများကို ကျင်းပခဲ့ပါသည်။ ထိုကဲ့သို့ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ကို ကျင်းပရခြင်း၏ ရည်ရွယ် ချက်သည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုတည်ဆောက် ရေးအတွက် လိုအပ်သောဒီမိုကရေစီအခြေခံမူများနှင့် ဖက်ဒရယ်အခြေခံမူများကို ဖော်

ထုတ်၍၊ ထိုကဲ့သို့ နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်တွင် သဘောတူထားသော အခြေခံမူများကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁) ရာစုပင်လုံအစည်းအဝေးများတွင် ''ပြည်ထောင်စုသဘောတူစာချုပ်'' အဖြစ် ချုပ်ဆိုနိုင်ရေးပင် ဖြစ်ပါသည်။

ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုရခြင်း၏ရည်ရွယ်ချက်မှာ ''ပြည်ထောင်စု သဘောတူစာချုပ်'' တွင် ပါရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်အခြေခံမူများကို အခြေခံ၍''နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေအရပ်ရပ်ကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့်ပယ်ဖျက်ခြင်း'' များ ပြုလုပ်ရန် ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုပါက ''ပြည်ထောင်စုသဘောတူစာချုပ်'' ဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့်ပယ်ဖျက်ခြင်းများ ပြုလုပ်ရေးပင် ဖြစ်ပါသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) အရ ဆောင်ရွက်ခဲ့သော နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်မှ ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ''ပြည်ထောင်စုသဘောတူစာချုပ်'' ချုပ်ဆိုခြင်းအားဖြင့် ပြည်ထောင်စုအခြေခံမူများဖော်ထုတ်နိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများက တတ်နိုင်သရွေ့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် ၂၀၁၆ ဇန်နဝါရီလ (၁၂) ရက်မှ (၁၆) ရက်နေ့အထိ ကျင်းပခဲ့သော ပထမအကြိမ် ''ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ'' တွင် NCA စာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (၈) ဖွဲ့က ''၂၀၀၅ ခုနှစ်'' တွင် သဘောတူခဲ့သော ''အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်မူ (၈) ချက်'' ကို အခြေခံ၍ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာအခြေခံမူများကို တရားဝင်တင်သွင်းခဲ့ပါသည်။

ယင်းတို့မှာ–

**(၁) အချုပ်အခြာအာဏာ** (Soverign Power)

ဖက်ဒရယ်ပြည်ထောင်စု၏ အချုပ်အခြာအာဏာသည် တိုင်းရင်းသားပြည်သူလူထုတရပ်လုံးထံမှ ဆင်းသက်လာစေရမည်။

(က) ပြည်ထောင်စု၏ အချုပ်အခြာအာဏာသည် တိုင်းရင်းသားပြည်သူလူထု တရပ်လုံးထံမှ ဆင်းသက်လာစေရမည်။

(ခ) အချုပ်အခြာအာဏာ၏ ရေသောက်မြစ်သုံးသွယ်ဖြစ်သော ဥပဒေပြုရေး

အာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို သီးခြား စီကျင့်သုံးခြင်း (Separation of Powers) ရှိစေရမည်။

(ဂ) ပြည်ထောင်စု၏အချုပ်အခြာအာဏာမူလပိုင်ရှင်ဖြစ်သော ပြည်သူလူထု အနေဖြင့် Initiative နှင့် Referendum Power များကို မိမိတို့လက်ဝယ် တွင် ထားရှိကျင့်သုံးခွင့်ရှိစေရမည်။

**(၂) တန်းတူရေး** (Equality)

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူ ရည်တူအခွင့်အရေး ရှိစေရမည်။

(က) ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးတိုင်းသည် လူမျိုးရေးအရ တန်းတူရည်တူ အခွင့်အရေးရရှိကြရမည်။

(ခ) ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေး ရရှိကြရမည်။ ထို့ကြောင့် ပြည်ထောင်စုအဖွဲ့ ဝင်အမျိုးသားပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များကို နိုင်ငံရေး အာဏာများဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရား စီရင်ရေးအာဏာများ တန်းတူရည်တူ အပ်နှင်းထားစေရမည်။

(ဂ) ပြည်ထောင်စုအတွင်းရှိ မည်သည့်လူမျိုးကိုမျှ အထူးအခွင့်အရေး မပေး ရ။ မည်သည့်လူမျိုးကိုမျှ အခွင့်အရေး ချုပ်ချယ်ကန့်သတ်ခြင်း မရှိစေရ။

**(၃) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်** (Self–determination)

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုစသ ည့်ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိစေရမည်။

(က) တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိကြသော ကြောင့် မိမိတို့၏ နိုင်ငံရေးကံကြမ္မာကို မိမိတို့ကိုယ်တိုင် လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိကြရမည်။

(ခ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ရရှိကြရမည်ဖြစ်သောကြောင့် နိုင်ငံရေးအာဏာ (၃) ရပ်ဖြစ်သော ဥပဒေ ပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို

ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြုသည်နှင့်အမျှ အပြည့်အဝ ကျင့်သုံးခွင့် ရှိစေရမည်။ ထိုသို့ ကျင့်သုံးနိုင်ရေးအတွက် ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေများကို ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ သီးခြားလွတ်လပ်စွာ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိစေရမည်။

(ဂ) တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားကြသော ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် အခွင့်အရေးများကို မည်သည့်အခြေအနေတွင်မျှ ရုပ်သိမ်းခြင်း မရှိစေရ။

## (၄) စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုမူ (Federal Principles)

ဖက်ဒရယ်ပြည်ထောင်စုကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော အမျိုးသားပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များဖြင့် ဖွဲ့စည်းရမည်။ ပြည်ထောင်စုလွှတ်တော်တွင် အာဏာတူလွှတ်တော် (၂) ရပ်ထားရှိစေရမည်။

(က) ဖက်ဒရယ်ပြည်ထောင်စုကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိ၍ တန်းတူသော နိုင်ငံရေးအာဏာများကို အပ်နှင်းခြင်းခံရသည့် အမျိုးသားပြည်နယ်များနှင့်အမျိုးသားများပြည်နယ်များကို အခြေခံ၍ ဖွဲ့စည်းရမည်။

(ခ) ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတည်းဟူသော နိုင်ငံရေးအာဏာ (၃) ရပ်စလုံးကို အပြည့်အဝ အပ်နှင်းစေရမည့်အပြင် ထိုနိုင်ငံရေးအာဏာ (၃) ရပ်စလုံးကို တရားဥပဒေနှင့်အညီ လွတ်လပ်စွာ ကျင့်သုံးနိုင်ရေးအတွက် ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်တရားရုံးချုပ်ကို လွတ်လပ်စွာ ထူထောင်ခွင့် ရှိစေရမည်။

(ဂ) ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ လွတ်လပ်စွာ ရေးသားပြဋ္ဌာန်းခွင့် ရှိစေရမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Self–rule) နှင့် ထိုအဖွဲ့ဝင်အမျိုးသားပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များ ပူးပေါင်း၍ ဖွဲ့စည်းသည့် ပြည်ထောင်စုကို စုပေါင်းအုပ်ချုပ်ခွင့်

(Shared-rule) တို့ကို ပေါင်းစပ်ထားသည့်စနစ်ဖြစ်သောကြောင့် ဖက်ဒရယ်ပြည်ထောင်စုအစိုးရနှင့် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များအကြားတွင် နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အာဏာများကို ခွဲဝေကျင့်သုံးခြင်း (Division of Powers) ရှိစေရမည်။

(င) တန်းတူသောပြည်နယ်များ ပူးပေါင်း၍ ပြည်ထောင်စုကို ဖွဲ့စည်းသောအခါ ပြည်ထောင်စုလွှတ်တော်တွင် အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ဟူ၍ လွှတ်တော် (၂) ရပ်ကို ထားရှိရမည်။ အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) တွင် အမျိုးသားပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များမှ ဦးရေတူညီသော ကိုယ်စားလှယ်များကို စေလွှတ်စေရမည်။

(စ) အမျိုးသားပြည်နယ်များနှင့်အမျိုးသားများပြည်နယ်များက စုပေါင်းကျင့်သုံးရန် ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းထားသည့် ပြည်ထောင်စုကာကွယ်ရေး၊ နိုင်ငံခြားဆက်သွယ်ရေး၊ ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်လုပ်ရေးနှင့် ပြည်ထောင်စုလမ်းပန်းဆက်သွယ်ရေးစသော အာဏာများမှအပ ကြွင်းကျန်သောအာဏာ (Residual Powers) များကို အမျိုးသားပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များတွင် အပ်နှင်းထားစေရမည်။

(ဆ) ပြည်နယ်များသည် ပြည်ထောင်စုအစိုးရမှ ကောက်ခံရရှိထားသော အခွန်ငွေများ၊ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် အခြားအရင်းအမြစ်များကို မျှဝေခံစားခွင့်ရှိစေရမည်။ ထိုနည်းတူ ပြည်နယ်အချင်းချင်းကြား ခွဲဝေသုံးစွဲခွင့်ကိုလည်း ဥပဒေနှင့်အညီဆောင်ရွက်ရမည်။

(ဇ) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ ကြားတွင်သော်လည်းကောင်း၊ ပြည်နယ်အစိုးရအချင်းချင်းကြားတွင်သော်လည်းကောင်း၊ ပေါ်ပေါက်လာသော အငြင်းပွားမှုများကို သီးခြားလွတ်လပ်သော ပြည်ထောင်စု အခြေခံဥပဒေဆိုင်ရာခုံရုံးမှ ဖြေရှင်းဆောင်ရွက်ရမည်။

## (၅) **လူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်ခြင်း** (Minority Rights)

ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များနှင့် အမျိုးသားများပြည်

နယ်များအတွင်းနေထိုင်ကြသော တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများကို အပြည့်အဝ ကာကွယ်ပြဋ္ဌာန်းပေးရမည်။

(က) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်းရှိ တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများကို အပြည့်အဝကာကွယ်ပေးနိုင်ရန်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ (Autonomous Regions) နှင့် အမျိုးသားနယ်မြေများ (National Areas) ကို ဥပဒေနှင့်အညီ သတ်မှတ်ပြဋ္ဌာန်းစေရမည်။

(ခ) ထိုတိုင်းရင်းသားလူနည်းစုများက မိမိတို့၏ ယဉ်ကျေးမှု ဘာသာစကားနှင့် အမျိုးသားရေးလက္ခဏာများ ထိန်းသိမ်းကာကွယ် မြှင့်တင်ခွင့်ရှိစေရမည်။ ထို့အပြင် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး စသည့်တို့ တိုးတက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်ခွင့်အာဏာများကိုလည်း အပြည့်အဝအပ်နှင်းထားရမည်။

**(၆) ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးနှင့် ကျား–မ ဆိုင်ရာတန်းတူညီမျှမှု (Democracy, Human Rights and Gender Equality)**

(က) ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံးသည် လူပုဂ္ဂိုလ်တဦးချင်းအလိုက် ခံစားခွင့်ရှိသည့် တသီးပုဂ္ဂလအခွင့်အရေးများ (Individual Rights) နှင့် တိုင်းရင်းသားလူမျိုးများ လူမျိုးအလိုက် ခံစားခွင့်ရှိသည့် စုပေါင်းအခွင့်အရေးများ (Collective Rights) များကို အပြည့်အဝ ခံစားပိုင်ခွင့် ရှိစေရမည်။

(ခ) ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ မဟုတ်သော်လည်း ပြည်ထောင်စု၏နိုင်ငံသားကို ခံယူထားသော နိုင်ငံသားတိုင်းသည် နိုင်ငံသားများ၏ အခြေခံအခွင့်အရေး (Citizen Rights) များကို အပြည့်အဝခံစားခွင့်ရှိစေရမည်။

(ဂ) နိုင်ငံသားတိုင်း၏ မွေးရာပါရပိုင်ခွင့်ဖြစ်သော အခြေခံလူ့အခွင့်အရေးများကို မည်သည့်အခြေအနေအောက်တွင်မှ ရုပ်သိမ်းခွင့်မရှိစေရ။

(ဃ) ကျား–မဆိုင်ရာ လိင်ကွဲပြားမှုကို အခြေခံသော ခွဲခြားဆက်ဆံမှုများကို လုံးဝပိတ်ပင်ဟန့်တားထားရမည်။

### (၇) ပါတီစုံဒီမိုကရေစီ (Multi–Party Democracy System)

လူမျိုးပေါင်းစုံ စုပေါင်းနေထိုင်၍ လူမျိုးပေါင်းစုံက စုပေါင်းပိုင်ဆိုင်ထားသော ဖက်ဒရယ်ပြည်ထောင်စုတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးစေရမည်။

(က) ပြည်ထောင်စုတွင် တပါတီအာဏာရှင်စနစ် လုံးဝမပေါ်ပေါက်စေရန် ဥပဒေဖြင့် ဟန့်တားကာကွယ်ရမည်။

(ခ) နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော်က သီးခြားပြဋ္ဌာန်းပေးရမည်။

### (၈) ဘာသာရေးကို အခြေမခံသော နိုင်ငံ (Secular State)

နိုင်ငံရေးနှင့် ဘာသာရေး ရောစပ်ခြင်း မရှိစေဘဲ၊ ဘာသာရေးကို အခြေမခံသော နိုင်ငံ ဖြစ်စေရမည်။

(က) လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်မူအရ နိုင်ငံသားတိုင်းသည် မိမိနှစ်သက်ရာ ဘာသာအယူဝါဒကို ကိုးကွယ်ခွင့်ရှိစေရမည်။

(ခ) ဘာသာရေးကို အသုံးပြု၍ နိုင်ငံရေးရာကိစ္စများကို ဆောင်ရွက်ခွင့်မပြု။

(ဂ) ပြည်ထောင်စုလွှတ်တော်သည် မည်သည့်ဘာသာတရားကိုမျှ ပြည်ထောင်စု၏ ဘာသာအဖြစ် ပြဋ္ဌာန်းခြင်း မပြုရ။

၂၀၁၆ ဩဂုတ်လ (၃၁) ရက်နေ့မှ စက်တင်ဘာလ (၃) ရက်အထိ ကျင်းပခဲ့သော ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံပထမအစည်းအဝေး) ကိုလည်း NCA စာချုပ် လက်မှတ်ရေးထိုးခြင်း မရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများကိုယ်စား ''ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ'' (UNFC) မှ ခေါင်းဆောင် (၅) ဦးက ''၂၀၀၅ လမ်းညွှန်အခြေခံမူ (၈) ချက်'' ကို အခြေခံ၍ အကျယ်တဝင့်တင်ပြဆွေးနွေးခဲ့ကြပါသည်။ ထို့အပြင် NCA စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ''PPST'' ကလည်း ''ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အခြေခံမူများ'' ဟူသောခေါင်းစဉ်ဖြင့် အခြေခံမူ (၂၂) ခုကို ၂၀၁၇ မေလ (၂၉) နှင့် ၂၀၁၈ ဇူလိုင်လများတွင် ကျင်းပခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁) ရာစုပင်လုံဒုတိယနှင့် တတိယအစည်းအဝေးများတွင် တင်သွင်းနိုင်ခဲ့သည်။ သို့ရာတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းပြည်၏

အာဏာကို ချုပ်ကိုင်ထားသော စစ်တပ်၏ ကန့်ကွက်ဟန့်တားမှုကြောင့် မျှော်မှန်းသလောက် ဒီမိုကရေစီနှင့်ဖက်ဒရယ်အခြေခံမူများကို ပြည်ထောင်စုသဘောတူစာချုပ်ဖြစ်ပေါ်လာသည်အထိ အပြီးသတ်ချုပ်ဆိုနိုင်ခြင်း မရှိခဲ့ပေ။

တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများက စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အခြေခံမူများ ဖော်ထုတ်ရေးကို တဘက်မှ ကြိုးပမ်းခဲ့သည်။ ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲတွင် အနိုင်ရပြီး အစိုးရဖြစ်လာသော NLD အစိုးရကလည်း ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ အခြေခံမူများကို ၂၀၁၉ အောက်တို ဘာလ (၂၈) ရက်နေ့တွင် တင်ပြလာခဲ့ပါသည်။ ၂၀၁၉ အောက်တိုဘာ(၁၅) ရက်နေ့တွင် ကျရောက်ခဲ့သော NCA စာချုပ်ချုပ်ဆိုသည့် (၄) နှစ်မြောက် နှစ်ပတ်လည်နေ့အစည်းအဝေးကို အောက်တိုဘာလ(၂၈) ရက်နေ့တွင် ကျင်းပ ခဲ့ပါသည်။ ထိုအခမ်းအနားတွင် NLD ပါတီ၏ ဥက္ကဋ္ဌနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သူ (မ) ၏ပါတီနှင့် အစိုးရက လက်ခံယုံကြည်ထားသော ဖက်ဒရယ်အခြေခံမူ (၅) ချက်ကိုတင်ပြခဲ့ပါသည်။ ယင်းတို့မှာ–

(၁) စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရမည်။

(၂) ဖက်ဒရယ်စနစ်နှင့်အညီ အာဏာခွဲဝေမှု၊ သယံဇာတ ခွဲဝေမှု၊ အခွန်အကောက် ခွဲဝေမှုရှိရမည်။

(၃) ဖက်ဒရယ်ယူနစ်အားလုံး တန်းတူရည်တူရှိရမည်။

(၄) ပြည်နယ်များ၌ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံနိုင်သော ကိုယ်ပိုင်အခြေခံဥပဒေများ ရှိရမည်။

(၅) ပြည်နယ်များ၏အာဏာများကို ခွဲဝေကျင့်သုံးသည့်အခါ ပြည်သူလူထုကို အခြေခံရမည်ဟူသောအချက်များ ဖြစ်ပါသည်။

ဒေါ်အောင်ဆန်းစုကြည်က ထိုအခြေခံမူများကို ၂၀၂၀ ဩဂုတ်လ (၁၉) ရက်နေ့မှ (၂၁) ရက်နေ့အထိ ကျင်းပခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁) ရာစုပင်လုံစတုတ္ထအကြိမ်အစည်းအဝေး၌ ထပ်လောင်း တင်ပြအဆိုပြုခဲ့ပါသည်။ သို့ရာတွင် ဒေါ်အောင်ဆန်းစုကြည် တင်ပြထားသော ဖက်ဒရယ်အခြေခံမူများကို "ပြည်ထောင်စုသဘောတူစာချုပ်" အဖြစ် ချုပ်ဆိုနိုင်ခြင်းမရှိခင် ၂၀၂၁ ဖေဖော်ဝါရီလတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ဗမာ့တပ်မတော်မှ နိုင်ငံ့အာဏာကိုမတရားသိမ်းပိုက်ခဲ့သဖြင့် "ပြည်ထောင်စုသဘောတူစာချုပ်" ဖြင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်

ရေးဆိုင်ရာအခြေခံမှုများ ဖော်ထုတ်ရေးလုပ်ငန်းစဉ်ကြီးသည်လည်း တခန်းရပ်သွားခဲ့ပါသည်။

## ၇။ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်

မင်းအောင်လှိုင် ဦးဆောင်သော ဗမာ့တပ်မတော်၏ ၂၀၂၁ ဖေဖော်ဝါရီ (၁) ရက်နေ့ အာဏာသိမ်းမှုသည် ၁၉၆၂ နှင့် ၁၉၈၈ တို့တွင်ဖြစ်ပွားခဲ့သော အာဏာသိမ်းမှုများနှင့် ရည်ရွယ်ချက်အားဖြင့်သော်လည်းကောင်း၊ လုပ်ပုံလုပ်နည်းအားဖြင့်သော်လည်းကြောင်း အတူတူပင် ထပ်တူကျခဲ့ပါသည်။ ၁၉၆၂ တွင် ဖြစ်ပွားခဲ့သော ဗိုလ်နေဝင်းဦးဆောင်သည့် အာဏာသိမ်းမှု၌ အဓိကဦးတည်ချက်မှာ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့က တောင်ကြီးညီလာခံမှတဆင့် တောင်းဆိုခဲ့သော ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးကို ဟန့်တားရန်ဖြစ်သည်။ ၁၉၈၈ တွင် ဖြစ်ပွားခဲ့သော ဗိုလ်စောမောင်ဦးဆောင်သည့် အာဏာသိမ်းမှုသည် ရှစ်လေးလုံးအရေးတော်ပုံကြီးကြောင့် လူထုတရပ်လုံးက တောင်းဆိုခဲ့ကြသည့် ဒီမိုကရေစီစနစ်ပေါ်ထွန်းရေးကို ဟန့်တားပိတ်ပင်ရန် ဖြစ်ပါသည်။ ၂၀၂၁ ဖေဖော်ဝါရီတွင် ဖြစ်ပေါ်ခဲ့သည့် မင်းအောင်လှိုင် ဦးဆောင်သော အာဏာသိမ်းမှုသည် ၂၀၂၀ နိုဝင်ဘာလတွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများရှိသည်ဟု အကြောင်းပြခဲ့သော်လည်း စစ်ကောင်စီ၏ အဓိကရည်ရွယ်ချက်မှာ NCA စာချုပ်အရ ဆောင်ရွက်နေသော ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် NLD အစိုးရနှင့် တိုင်းရင်းသားလူမျိုးများ ပူးပေါင်း၍ ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုကို ထူထောင်နိုင်ခဲ့ပါက စစ်အာဏာရှင်တို့၏ ဩဇာလွှမ်းမိုးချယ်လှယ်မှုများ အားလုံး နိဂုံးကမွတ် အဆုံးသတ်သွားတော့မည်ကို သိရှိစိုးရိမ်ခြင်းကြောင့်သာလျှင် ဖြစ်ပါတော့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် သုံးကြိမ်သုံးခါ ဖြစ်ပွားခဲ့သော စစ်အာဏာသိမ်းမှုတို့၏ ရည်ရွယ်ချက်နှင့်ဦးတည်ချက်များသည် မဟာလူမျိုးကြီးဝါဒီ စစ်ခေါင်းဆောင်များ၏ ဖက်ဒရယ်စနစ် ဆန့်ကျင်ရေး၊ ဒီမိုကရေစီစနစ် ဆန့်ကျင်ရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးတို့ကို ဆန့်ကျင်သည့်လုပ်ရပ်များသာဖြစ်သည်။ ထို့ကြောင့် သုံးကြိမ်သုံးခါသော စစ်အာဏာသိမ်းမှုအားလုံးတို့သည် အနှစ်သာရအားဖြင့် အတူတူပင်ဖြစ်သည်။

စစ်အာဏာသိမ်းမှု ရည်ရွယ်ချက်နှင့် ဦးတည်ချက်များ အတူတူဖြစ်ပါသော်လည်း ပြည်သူလူထု၏ တုံ့ပြန်မှုများမှာမူ မတူညီကြပေ။ ၁၉၆၂ ၌ ဗမာမဟုတ်သော

တိုင်းရင်းသားလူမျိုးများ၏ ဖက်ဒရယ်တောင်းဆိုမှုကြောင့် စစ်အာဏာသိမ်းမှုဖြစ်ပွားခဲ့စဉ်က တိုင်းရင်းသားလူမျိုးများ တောင်းဆိုခဲ့သော ဖက်ဒရယ်ပြည်ထောင်စုစနစ် ထူထောင်ရေးကို မည်သည့်ဗမာနိုင်ငံရေးပါတီနှင့် နိုင်ငံရေးသမားမျှ ထောက်ခံအားပေးခြင်း မရှိခဲ့ပေ။ ထို့ကြောင့် ဗိုလ်နေဝင်းကို ''ဗမာပြည်၏ ကပ်စထရိုဖြစ်စေရမည်'' ဟု ကြွေးကြော်ကာ စစ်အာဏာသိမ်းမှုကို ထောက်ခံကြိုဆိုခဲ့ကြပါသည်။ ထို့ကြောင့် ဖက်ဒရယ်အရေး အောင်မြင်မှုမရခဲ့ခြင်း ဖြစ်သည်။

၁၉၈၈ တွင် ဖြစ်ပွားခဲ့သော စစ်အာဏာသိမ်းမှုသည် ဒီမိုကရေစီအရေးတော်ပုံကြီးကို ဟန့်တားဖျက်ဆီးရန်ဖြစ်သည်။ ရှစ်လေးလုံးအရေးတော်ပုံကာလတွင် ပြည်ထောင်စုတဝှမ်းလုံးရှိ ပြည်သူလူထုတရပ်လုံးက ဒီမိုကရေစီအရေးတွင် တသားတည်းဖြစ်ခဲ့ကြသော် ငြားလည်း တိုင်းရင်းသားလူမျိုးများ တောင်းဆိုသည့် အမျိုးသားတန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အာမခံချက်ပေးနိုင်သည့် ဖက်ဒရယ်ပြည်ထောင်စုအရေးတွင် တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီအင်အားစုများ မတူညီနိုင်ခဲ့ကြပေ။ ထိုစဉ်ကာလက ဒီမိုကရေစီလှုပ်ရှားမှုတွင် ရှေ့တန်းမှဦးဆောင်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ထိပ်တန်းခေါင်းဆောင်တဦးက ''ကျုပ်တို့ဟာ လွတ်လပ်ရေးတိုက်ပွဲကာလမှာ လွတ်လပ်ရေးသာ ပထမ၊ လွတ်လပ်ရေးသာ ဒုတိယ၊ လွတ်လပ်ရေးသာ တတိယဆိုပြီး တိုက်ပွဲဝင်ခဲ့တယ်။ အခုလည်းပဲ ဒီမိုကရေစီသာ ပထမ၊ ဒီမိုကရေစီသာ ဒုတိယ၊ ဒီမိုကရေစီသာ တတိယဆိုပြီး တိုက်ပွဲဝင်ရမယ်။ တိုင်းရင်းသားလူမျိုးများရဲ့ အမျိုးသားတန်းတူရေးနဲ့ ဖက်ဒရယ်ကိစ္စကို မစဉ်းစားနိုင်သေးဘူး'' ဟု လူသိရှင်ကြားပြောကြားခဲ့ပါသည်။ ထိုကဲ့သို့သော အယူအဆကြောင့် ရှစ်လေးလုံးအရေးတော်ပုံကြီးသည် ဒီမိုကရေစီအရေးတွင် တတိုင်းပြည်လုံး စုစည်းညီညွတ်မှုတည်ဆောက်နိုင်ခဲ့သော်လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တိုင်းရင်းသားခေါင်းဆောင်များ ပင်လုံညီလာခံတွင် မျှော်မှန်းခဲ့သော စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးတွင် ညီညွတ်သင့်သလောက် မညီညွတ်နိုင်ခဲ့ပါ။ ထို့ကြောင့် ရှစ်လေးလုံးအရေးတော်ပုံကြီးသည် အောင်မြင်သင့်သလောက် အောင်မြင်မှုမရရှိနိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၁ ဖေဖော်ဝါရီလတွင် ဖြစ်ပွားခဲ့သော စစ်အာဏာသိမ်းမှုသည်ကား ၁၉၆၂ တွင် ဗိုလ်နေဝင်း ဦးဆောင်ခဲ့သော စစ်အာဏာသိမ်းမှုထက်သော်လည်းကောင်း၊ ၁၉၈၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဗိုလ်စောမောင်ဦးဆောင်သည့် စစ်အာဏာသိမ်းမှုထက်သော်လည်းကောင်း ရည်ရွယ်ချက် ပိုမို၍ ဆိုးဝါးယုတ်မာခဲ့ပါသည်။ မင်းအောင်လှိုင်သည်

ဒီမိုကရေစီရေးနှင့်ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးသာမက ပြည်တွင်းစစ် ငြိမ်းချမ်းရေးကြိုးပမ်းမှုကိုပါ ရိုက်ချိုးဖျက်ဆီးရန် ရည်ရွယ်၍ စစ်အာဏာသိမ်းခြင်းဖြစ်ပါသည်။ သို့ရာတွင် လူထု၏တုံ့ပြန်မှုသည် ၁၉၆၂ နှင့် ၁၉၈၈ မတူခဲ့ပေ။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ၁၉၆၂ တွင် လူထုက ဖက်ဒရယ်စနစ်ကို မထောက်ခံခဲ့ပေ။ ၁၉၈၈ တွင်လည်း လူထုတရပ်လုံး ဒီမိုကရေစီအရေးတွင် သဘောထားတူညီခဲ့ကြသော်လည်း၊ ဖက်ဒရယ်အရေးတွင် မတူညီနိုင်ကြပေ။ ၂၀၂၁ ဖေဖော်ဝါရီ စစ်အာဏာသိမ်းမှုကိုဆန့်ကျင်သည့် "နွေဦးတော်လှန်ရေး" တွင်မူ ပြည်ထောင်စုတဝှမ်းလုံးရှိတိုင်းရင်းသားပြည်သူလူထုတရပ်လုံး ညီညွတ်နေကြသည်။ စစ်အာဏာရှင်ကို ဆန့်ကျင်နေသည့်နေရာတွင် တူညီရုံသာမက၊ ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီစနစ်တို့ကို တပြိုင်နက်တည်းတောင်းဆိုရာတွင်လည်း အတူတူပင်ဖြစ်ပါသည်။ ထို့ကြောင့် "နွေဦးတော်လှန်ရေး" ၏ ကြွေးကြော်သံသည် ဖက်ဒရယ်စနစ် အရင်လာ၍"ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု ထူထောင်ရေး" ဟူ၍ ဖြစ်လာပါသည်။

နွေဦးတော်လှန်ရေး၏ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးကြွေးကြော်သံနှင့်အတူ စစ်အာဏာသိမ်းမှုကို အန်တုဆန့်ကျင်သည့် အင်အားစုအသီးသီးပူးပေါင်း၍ ၂၀၂၁ မတ်လ (၃၁) ရက်နေ့တွင် "ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်" ကို တညီတညွတ်တည်း ထုတ်ပြန်နိုင်ခဲ့ပါသည်။ ထို "ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်" ကို စစ်အာဏာသိမ်းဆန့်ကျင်ရေးအင်အားစုများဖြစ်ကြသည့် ၂၀၂၀ နိုဝင်ဘာလတွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲကြီးတွင် လူထုတရပ်လုံးက တခဲနက်ရွေးကောက်တင်မြှောက်ခြင်းခံရသော ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၊ စစ်အာဏာရှင်စနစ်ဆန့်ကျင်သည့်နိုင်ငံရေးပါတီများ၊ မင်းအောင်လှိုင်ဦးဆောင်သည့် ဗမာ့တပ်မတော်စစ်အာဏာသိမ်းမှုကို ဆန့်ကျင်အန်တုသည့် လူထုလူတန်းစားအသီးသီးမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများက စုစည်းညီညွတ်စွာဖြင့် ထို "ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်" ကို စုပေါင်းရေးသားပြုစုပြီး "ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)" က တရားဝင်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

၂၀၂၁ မတ်လ (၃၁) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော "ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်" တွင် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်မှု (၅) ချက်နှင့်အတူ ဖက်ဒရယ်အခြေခံမူ (၃၇) ချက်တို့ပါဝင်သည်။ ထိုဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးလမ်းညွှန်မှု (၅) ချက်နှင့်ဖက်ဒရယ်အခြေခံမူ (၃၇)

ချက်တို့သည်– NCA စာချုပ်အရ ဆောင်ရွက်ခဲ့သော နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်နှင့် ငြိမ်းချမ်းရေးညီလာခံများတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော NLD အစိုးရတို့က တစိုက်မတ်မတ် တောင်းဆိုခဲ့သော တောင်းဆိုချက်များပင် ဖြစ်ပါ သည်။ သို့ရာတွင် စစ်တပ်၏ကန့်ကွက်ပိတ်ပင်မှုကြောင့် ထိုအခြေခံမူများကို ''ပြည်ထောင်စုသဘောတူစာချုပ်'' အဖြစ် လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခြင်း မရှိခဲ့ချေ။ စစ်တပ်၏ ပိတ်ပင်ဟန့်တားမှုကြောင့် NCA စာချုပ်အရ ဆောင်ရွက်ခဲ့သော ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် (၅) နှစ်အတွင်း မရရှိနိုင်ခဲ့သည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာအခြေခံမူများကို စစ်တပ်မပါဘဲ ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားများအကြား ဆွေးနွေးညှိနှိုင်း၍ (၃) ပတ်အတွင်း သဘောတူနိုင်ခဲ့ခြင်းဖြစ်ပါသည်။

၂၀၂၁ မတ်လ (၃၁) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည့် ''ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်'' တွင်ပါရှိသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူ(၅) ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များအတွင်းရှိ ပြည်သူတို့သည် အချုပ်အခြာအာဏာ၏ မူရင်းပိုင်ရှင်များ ဖြစ်သည်။

(၂) ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များဖြင့် ဖွဲ့စည်းသည်။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအားလုံး (ဖက်ဒရယ်ယူနစ်အားလုံး) တို့သည် နိုင်ငံရေးအရ တန်းတူသည်။

(၃) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် သက်ဆိုင်ရာပြည်နယ်ဖွဲ့ စည်း ပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသည်။

(၄) အာဏာခွဲဝေမှု(Power Sharing)၊ သယံဇာတခွဲဝေမှု (Revenue Sharing) နှင့် ဖက်ဒရယ်ဘဏ္ဍာရေးစနစ် (Fiscal Federalism) တို့ကို ကျင့်သုံးသည်။ ထိုသို့ခွဲဝေရာတွင် ပြည်သူလူထုနှင့် အနီးကပ်ဆုံးအစိုးရအဆင့်က လုပ်ဆောင်နိုင်သည်အထိ လုပ်ပိုင်ခွင့်ပြုသောစနစ် (Subsidiarity Principle) ကို ကျင့်သုံးသည်။

(၅) ဖက်ဒရယ်ပြည်ထောင်စုလုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာတပ်ဖွဲ့များအားလုံးသည် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အရပ်သား

အစိုးရ၏ကွပ်ကဲမှုနှင့် စီမံအုပ်ချုပ်မှုအောက်တွင်ရှိရမည်။ လူသားလုံခြုံရေးကို အခြေခံသည့်မူဝါဒ ကျင့်သုံးရမည်။

ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်တွင် ပါရှိသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာလမ်းညွှန်အခြေခံမူများနှင့် ဖက်ဒရယ်အခြေခံမူဝါဒများသည် မကြာခင် အနာဂတ်တွင် ရေးဆွဲပြဋ္ဌာန်းမည့် ''ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ'' ၏ အခန်း (၁) တွင် ပါရှိမည့် ''ပြည်ထောင်စုအခြေခံမူများ'' ဖြစ်သွားရပါမည်။ ထိုပြည်ထောင်စုအခြေခံမူများသည်ဖွဲ့စည်းပုံအခြေခံဥပဒေတခုလုံး၏အခြေခံမူများ (Principle Articles) ဖြစ်သွားရပေမည်။ ထိုအခြေခံမူ (Principle Articles) များအား အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေတခုလုံးတွင်ရေးဆွဲပြဋ္ဌာန်းမည့်''အကျိုးသက်ရောက်မှုရှိသောပုဒ်မများ'' (Operative Articles) များကို ရေးဆွဲပြဋ္ဌာန်းသွားမည်ဖြစ်ပါသည်။ ထို့ကြောင့် ''ပြည်ထောင်စု၏အခြေခံမူများ''သည် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတခုလုံး၏ အသက်သွေးကြောပင် ဖြစ်ပါသည်။

ယခုအခါ ၂၀၂၁ မတ်လ (၃၁) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ''ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်'' ကို ပိုမိုပြည့်စုံစေရန် ''အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC)'' က ပြန်လည်မွမ်းမံရေးသားလျက်ရှိပါသည်။ ထို့ကြောင့် မကြာတော့သော အနာဂတ်တွင်ပြဋ္ဌာန်းမည့် ''ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ'' သည် ပြည်ထောင်စု၏ရည်မှန်းချက်၊ စံတန်ဖိုးနှင့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများသာမက နွေဦးတော်လှန်ရေးနှင့်အတူ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့က အသစ်တဖန် ရေးဆွဲပြဋ္ဌာန်း၍ သဘောတူညီမှု ရယူထားသော ''ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်'' စာတမ်းတို့အပေါ် အခြေခံသွားမည်ဖြစ်ပါသည်။ ထိုမျှမက ''ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်'' တွင် ရေးသားဖော်ပြချက်နှင့် ပေါင်းစပ်၍ အခြားအစုအဖွဲ့များ၊ ဥပမာ– PPST ၏ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာအခြေခံမူများ၊ Task Force မှရေးသားတင်ပြထားသည့်အခြေခံမူများ၊ UNA က ပြင်ဆင်ထားသည့် ပြည်ထောင်စုအခြေခံမူများစသည်တို့ကို ပေါင်းစပ်၍ ''ပြည်ထောင်စု အခြေခံမူများ'' ကို အပြည့်စုံဆုံး၊ အကောင်းဆုံးဖြစ်စေရန် ရေးသားပြဋ္ဌာန်းသွားမည်ဖြစ်သည်။

ပြည်ထောင်စုအခြေခံမူများကို စနစ်တကျ ဖော်ထုတ်ခြင်းသည် ပင်လုံညီလာခံတွင်ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ မျှော်မှန်းခဲ့သော ''ဒီမိုကရေ

စီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်'' အခွင့်အရေးများကို အပြည့်အဝ အာမခံချက်ပေးနိုင်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး အခြေခံ သော့ချက်ပင်ဖြစ်ပါသည်။ ယင်းသည် ပင်လုံစာချုပ်ကို အကောင်အထည်မဖော်နိုင်ခြင်း ကြောင့် ဖြစ်ပွားနေသည့် ပြည်တွင်းစစ်ချုပ်ငြိမ်းရေးအတွက် ငြိမ်းချမ်းရေးအုတ်မြစ်လည်း ဖြစ်သည်။ ထို့ကြောင့်''ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်'' တွင်ပါရှိသော ပြည်ထောင်စု၏စံ တန်ဖိုးများ၊ မျှော်ရည်ချက်များနှင့် လမ်းညွှန်အခြေခံမူများသာမက နိုင်ငံရေးနှင့် တော်လှန် ရေးအင်အားစုအသီးသီးက နှစ်ပေါင်းများစွာ စုဆောင်းပြုစုထားသော ဖက်ဒရယ်အခြေခံ မူများကို အတတ်နိုင်ဆုံး စုစည်းတင်ပြသွားမည်ဖြစ်သည်။ ထို့ကြောင့် ''ပြည်ထောင်စု အခြေခံမူ'' များတွင် ဖက်ဒရယ်ပဋိညာဉ် အစိတ်အပိုင်း (၁) အပါအဝင် ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်နှင့် ပင်လုံစိတ်ဓာတ်၊ တောင်တန်းဒေသစုံစမ်းရေးကော်မတီ (FACE) ၏အစီရင်ခံစာ၊ ၁၉၆၂ ရှမ်းမူနှင့် တောင်ကြီးညီလာခံတောင်းဆိုချက်များ၊ ဗိုလ်အောင်ကျော် လမ်းကြောညာချက်၊ မာနယ်ပလော၊ မယ်သယောထာနှင့် သူးမွဲကလိုးသဘောတူညီချက် များ၊ ၂၀၀၅ အနာဂတ်ပြည်ထောင်စုတည်ဆောက်ရာတွင် အခြေခံရမည့် လမ်းညွှန်မူ (၈) ရပ်၊ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးနှင့် ပေါင်းစပ် ညှိနှိုင်းရေးကော်မတီ (FCDCC) ၏ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း)၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲ ဦးဆောင်အဖွဲ့ (PPST) ၏ အခြေခံ မူ (၂၂) ချက်၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့ (၁၂) ဖွဲ့၏ အခြေခံ မူ (၂၄) ချက်... စသည် တို့ကို စနစ်တကျ စုစည်း၍ တင်ပြသွားမည်ဖြစ်ပါသည်။

## ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု၏ အခြေခံမူများ

**(ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၁) ကို အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေအသွင်ပြောင်းထားသော အဆိုပြုချက်များ)**

**(၁) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုသမ္မတနိုင်ငံ**

ဖက်ဒရယ်ပြည်ထောင်စုသည် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ချုပ်ဆိုထားသော ပင်လုံစာချုပ်ကို အခြေခံ၍ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့

က ပူးပေါင်းဖွဲ့စည်း ထူထောင်ထားသော လွတ်လပ်၍ အချုပ်အခြာအာဏာ ပိုင်သည့် နိုင်ငံဖြစ်သည်။ ယင်းကို "ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ" (Republic of Federal Union of Burma" ဟု ခေါ်တွင်စေရမည်။ (FCDCC ပုဒ်မ (၁))

**အဆိုပြုချက်**။ ယင်းကို "ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုသမ္မတနိုင်ငံ" (Repblic of Federal Democratic Pyidaungsu) ဟု ခေါ်တွင်စေရမည်။

(၂) **ဖက်ဒရယ်ပြည်ထောင်စု၏ စံတန်ဖိုးများ (Federal Union Values)**

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုသမ္မတနိုင်ငံတွင် ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်တို့ကို ပူးတွဲထားသော ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်။ ဖက်ဒရယ် ဒီမိုကရေစီစနစ်ကို အပြည့်အဝ ကျင့်သုံးနိုင်ရေးအတွက် အောက်ပါတို့ကို စံတန်ဖိုးအဖြစ် ယုံကြည်လက်ခံသည်။

(က) အခြေခံလူ့အခွင့်အရေး (Fundamental Human Rights)
(ခ) ဒီမိုကရေစီအခွင့်အရေး (Democratic Rights)
(ဂ) တိုင်းရင်းသားလူနည်းစုအခွင့်အရေး (Ethnic Minority Rights)
(ဃ) တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Equality and Self-Determination)
(င) စုပေါင်းခေါင်းဆောင်မှု (Collective Leadership)
(စ) စုံလင်ကွဲပြားမှုကို အပြန်အလှန်လေးစား အသိအမှတ်ပြုခြင်း (Pluralism, Mutual Respect and Mutual Recognition)
(ဆ) သဟဇာတဖြစ်ခြင်းနှင့် မတူကွဲပြားမှုကို လက်ခံသော ညီညွတ်ခြင်း (Unity in Diversity)
(ဇ) ဂျန်ဒါ တန်းတူရေး (Gender Equality)
(ဈ) ခွဲခြားဆက်ဆံမှုမရှိခြင်း (လူမျိုး၊ ကိုးကွယ်မှုယုံကြည်မှု၊ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကျား-မ၊ မသန်စွမ်းမှု၊ လိင်စိတ်ခံယူမှု) (Non-Discrimination)
(ည) ဘာသာရေးကို အခြေမခံသော နိုင်ငံရေးစနစ် (Secular State)

## (၃) ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများ

(က) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များအတွင်းရှိ ပြည်သူတို့သည် အချုပ်အခြာအာဏာ၏မူရင်းပိုင်ရှင်များဖြစ်ကြသည်။

(ခ) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝရှိသော ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များဖြင့် ဖွဲ့စည်းသည်။

(ဂ) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် သက်ဆိုင်ရာပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသည်။

(ဃ) အာဏာခွဲဝေမှု (Division of Powers)၊ သယံဇာတခွဲဝေမှု (Revenue Sharing) နှင့် ဖက်ဒရယ်ဘဏ္ဍာရေးစနစ် (Fiscal Federalism) တို့ကို ကျင့်သုံးသည်။ ထိုသို့ခွဲဝေရာတွင် ပြည်သူလူထုနှင့် အနီးကပ်ဆုံးအစိုးရအဆင့်က လုပ်ဆောင်နိုင်သည်အထိ လုပ်ပိုင်ခွင့်ပြုသောစနစ် (Subsidiarity Principle) ကို ကျင့်သုံးသည်။

(င) ဖက်ဒရယ်ပြည်ထောင်စုလုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာတပ်ဖွဲ့များအားလုံးသည် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အရပ်သားအစိုးရ၏ ကွပ်ကဲမှုနှင့် စီမံအုပ်ချုပ်မှုအောက်တွင် ရှိရမည်။ လူသားလုံခြုံရေးကို အခြေခံသည့်မူဝါဒ ကျင့်သုံးရမည်။

## (၄) ဖက်ဒရယ်ပြည်ထောင်စု၏ အသွင်သဏ္ဌာန်

(က) ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝရှိသော လူမျိုးကိုအခြေခံသည့်ပြည်နယ်များနှင့်ပထဝီကို အခြေခံသည့်ပြည်နယ်များဖြင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို ဖွဲ့စည်းသည်။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အားလုံး (ဖက်ဒရယ်ယူနစ်အားလုံး) သည် နိုင်ငံရေးရ တန်းတူသည်။ (Cf: FDC – ၂)

(ခ) တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အခွင့်အရေးများကို အဆင့်ဆင့် အာမခံချက်ပေးနိုင်ရေးအတွက် သမိုင်းကြောင်းအရ တည်ရှိပြီးသား လူမျိုးကိုအခြေခံသည့် ပြည်နယ်များကို လူမျိုးအမည်ဖြင့် ဆက်လက်ဖွဲ့စည်းထူထောင်ခွင့်သာမက

ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်းရှိ တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်ရန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် အမျိုးသားနယ်မြေများ ဖွဲ့စည်းခွင့်ရှိစေရမည်။ (cf: PP ST အခြေခံမူ –၇)

(ဂ) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တိုင်းတွင် အချုပ်အခြာအာဏာ၏ မဏ္ဍိုင် (၃) ရပ်ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့ ရှိသည်။ (Cf: FDC – ၃)

(ဃ) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်သစ်များ ဖွဲ့စည်းထူထောင်ခွင့်ရှိသည်။ (FCDCC–၅၅)

## (၅) ဖက်ဒရယ်ပြည်ထောင်စုနယ်နိမိတ်

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု၏ မြေထု၊ ရေထု၊ လေထုပါဝင်သော နယ်နိမိတ်သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် တည်ရှိသည့်အတိုင်း ဖြစ်သည်။ (FCDCC ပုဒ်မ – ၈)

## (၆) ဖက်ဒရယ်ပြည်ထောင်စုအချုပ်အခြာအာဏာ

(က) ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုသမ္မတနိုင်ငံ၏ အချုပ်အခြာအာဏာသည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များရှိ ပြည်သူလူထုထံမှ ဆင်းသက်၍ ပြည်ထောင်စုတဝှန်းလုံး၌ တည်သည်။(FDC – ၄)

(ခ) ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုအချုပ်အခြာအာဏာ၏မဏ္ဍိုင် (၃) ရပ်ဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအကြား ခွဲဝေကျင့်သုံးခြင်း (Division of Powers)၊ ပိုင်းခြားကျင့်သုံးခြင်း (Separation of Powers) နှင့် အပြန်အလှန်ထိန်းကျောင်းခြင်း (Check–and–Balance) ရှိစေရမည်။ (FDC – ၅)

## (၇) ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေခြင်း

(က) ဖက်ဒရယ်ပြည်ထောင်စုနှင့် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအကြားတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အာဏာ

များကို ခွဲဝေကျင့်သုံးစေရမည်။ (FCDCC ပုဒ်မ – ၆)

(ခ) ဖက်ဒရယ်ပြည်ထောင်စုနှင့် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအကြားတွင် အာဏာများကိုခွဲဝေကျင့်သုံးခြင်း 'မူ' အရ ပြည်ထောင်စုအာဏာ၊ ပြည်နယ်အာဏာ၊ ထပ်တူပြုအာဏာများနှင့် ကြွင်းကျန်အာဏာများကို သတ်မှတ်ပြဋ္ဌာန်းရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအားလုံး၏ဘုံအကျိုးစီးပွားအတွက် ကျင့်သုံးရန် လိုအပ်သောအခွင့်အာဏာများကို ပြည်ထောင်စုသို့ အပ်နှင်းသည်။

(ဃ) ပြည်ထောင်စုအာဏာ၊ ပြည်နယ်အာဏာနှင့် ထပ်တူပြုအာဏာများတွင်ထည့်သွင်းဖော်ပြထားခြင်း မရှိသည့် ကြွင်းကျန်နေသည့်အာဏာများသည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များတွင်တည်ရှိသည်။ (FDC – ၆)

**(၈) ဖက်ဒရယ်ပြည်ထောင်စုဥပဒေပြုရေး**

(က) ဖက်ဒရယ်ပြည်ထောင်စု၏ ဥပဒေပြုရေးအာဏာသည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၌ တည်သည်။ (FCDCC – 60)

(ခ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ကို အာဏာတူသည့် ဖက်ဒရယ်အထက်လွှတ်တော်နှင့် ဖက်ဒရယ်အောက်လွှတ်တော်တို့ဖြင့် ဖွဲ့စည်းသည်။ (FDC–7)

(ဂ) ဖက်ဒရယ်အထက်လွှတ်တော်ကို ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အသီးသီးက အရေအတွက်တူညီစွာ ရွေးချယ်စေလွှတ်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။ (FDC–7, FCDCC –၇၂–ခ)

**မှတ်ချက်**။ အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အထက်လွှတ်တော် ၂၀၂၀ ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ထားသော ပြည်ထောင်စုအဆင့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များအပြင် နွေဦးတော်လှန်ရေး၌ ထဲထဲဝင်ဝင် ပါဝင်နေကြသော တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ (၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအကြား) ပါဝင်နိုင်ရေးကို ဆွေးနွေးသင့်သည်။

(ဃ) ဖက်ဒရယ်အောက်လွှတ်တော်ကို လူဦးရေအပေါ်တွင်အခြေခံ၍သော်လည်းကောင်း၊ မြို့နယ်အပေါ်တွင်အခြေခံ၍သော်လည်းကောင်း ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။ (FDC–7)

**မှတ်ချက်**။ အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်အောက်လွှတ်တော်တွင် ၂၀၂၀ ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ထားသော ပြည်ထောင်စုအဆင့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များအပြင် နွေဦးတော်လှန်ရေး၌ ထဲထဲဝင်ဝင် ပါဝင်နေကြသော တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ (၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအကြား) ပါဝင်နိုင်ရေးကို ဆွေးနွေးသင့်သည်။

(င) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းရာတွင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့သည် ဥပဒေကြမ်းများကို သီးခြားစီ ဆွေးနွေး၍ သီးခြားစီ မဲပေးဆုံးဖြတ်ရမည်။ လွှတ်တော် (၂) ရပ်စလုံး၏ သဘောတူဆုံးဖြတ်ချက်ရရှိမှသာ ပြည်ထောင်စုဥပဒေအဖြစ် ပြဋ္ဌာန်းရမည်။ (FDC – ၇၊ FCDCC ပုဒ်မ ၆၀, ၉၇)

## (၉) ဖက်ဒရယ်ပြည်ထောင်စုအုပ်ချုပ်ရေး

(က) ဖက်ဒရယ်ပြည်ထောင်စု၏ အုပ်ချုပ်ရေးစနစ်သည် ဝန်ကြီးချုပ် ဦးဆောင်သော ပါလီမန်စနစ် (Parliamentary System) တွင် ပြည်ထောင်စုဦးသျှောင်အဖြစ် ပြည်ထောင်စုသမ္မတကို ထားရှိသောစနစ်ဖြစ်သည်။ (FDC – ၈)

(ခ) ပြည်ထောင်စုသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးချုပ်တို့အကြား ညှိနှိုင်းဆောင်ရွက်မှု အားကောင်းသောစနစ်ကို ဖက်ဒရယ်ပြည်ထောင်စုအုပ်ချုပ်ရေးတွင် ကျင့်သုံးရမည်။

## (၁၀) ဖက်ဒရယ်ပြည်ထောင်စု တရားစီရင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး

(က) ဖက်ဒရယ်ပြည်ထောင်စုတွင် တရားဥပဒေစိုးမိုးရေးနှင့် လွတ်လပ်သောတရားစီရင်ရေးအာဏာကို ကျင့်သုံးရန်အတွက် ဖက်ဒရယ်ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဖက်ဒရယ်ပြည်ထောင်စု တရားရုံး

များ အဆင့်ဆင့် ဖွဲ့စည်းထားရှိရမည်။ ဖက်ဒရယ်ပြည်ထောင်စု သမ္မတက အဆိုပြုတင်သွင်းလာသော ဖက်ဒရယ်ပြည်ထောင်စု တရားသူကြီးချုပ်အား ဖက်ဒရယ်အထက်လွှတ်တော်က စိစစ် အတည်ပြုပေးရမည်။ (FDC – ၉)

(ခ) ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်အကြားတွင်သော်လည်း ကောင်း၊ ပြည်နယ်အချင်းချင်းအကြားတွင်သော်လည်းကောင်း ဖွဲ့ စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်သော အငြင်းပွားမှုများကို ဖြေရှင်း ဆောင်ရွက်ရန်အတွက် လွတ်လပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံးကို ဖွဲ့စည်းထူထောင်ရမည်။ (FDC – ၁၀)

**မှတ်ချက်။**

(က) သွင်ကူးပြောင်းရေးကာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံးအစား "အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ကောင်စီ" ဖွဲ့စည်းရန် သင့်– မသင့်ကိစ္စကို ဆွေးနွေးနေဆဲဖြစ်ပါသည်။ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၁) ပုဒ်မ (၆၃) တွင် ပြဋ္ဌာန်းထားသော အကြီးအကဲများပူးတွဲကော်မတီကို အသွင်ကူးပြောင်းရေးကာလ အတွင်းတွင် ''အသွင်ကူးပြောင်းရေးကာလဖက်ဒရယ်ကောင်စီ'' အဖြစ် ဖွဲ့စည်းသင့်မည် လော။ ယင်းဖက်ဒရယ်ကောင်စီအား ''ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး'' ၏ လုပ် ပိုင်ခွင့်ဖြစ်သော တရားစီရင်ပိုင်ခွင့်အာဏာ (Judiciary Power) သာမက စေ့စပ်ညှိနှိုင်း ပိုင်ခွင့်အာဏာ (Negotiation Power) ကိုလည်း အပ်နှင်းထားရမည်။

(ခ) "အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ကောင်စီ" ကို ပြည်ထောင်စုဝန်ကြီး ချုပ်နှင့် ပြည်နယ်/ဖက်ဒရယ်ယူနစ် အသီးသီး၏ အကြီးအကဲများ ပါဝင်၍ ဖွဲ့စည်းသင့် ပါသည်။ အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ကောင်စီကို နည်းပညာအရ အထောက် အကူပြုမည့် ဥပဒေပညာရှင်များကို ခန့်အပ်နိုင်သည်။

**(၁၁) အမြင့်ဆုံးဥပဒေ**

ဤအသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် အသွင်ကူးပြောင်းရေးကာလအတွင်း ဖက်ဒရယ်ပြည်ထောင်စု၏ အမြင့်ဆုံးဥပဒေ ဖြစ်သည်။ (FDC – ၁၁)

## (၁၂) ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ

(က) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသည်။ (FDC – ၁၂)

(ခ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ဒေသန္တရအုပ်ချုပ်ရေး အဆင့်ဆင့်သတ်မှတ်မှု၊ ဒေသန္တရအုပ်ချုပ်ရေးနယ်မြေသတ်မှတ်မှုနှင့် ဒေသန္တရ အစိုးရဖွဲ့စည်းမှု အပါအဝင် ဒေသန္တရအစိုးရဆိုင်ရာကိစ္စရပ်များကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် လိုအပ်သလို ထည့်သွင်းပြဋ္ဌာန်းရမည်။ (12 EROs – ၂၀)

(ဂ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်းရှိ မြေနှင့်သဘာဝသယံဇာတဆိုင်ရာ အောက်ဖော်ပြပါကိစ္စရပ်များကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းရမည်။

(၁) မြေပိုင်ဆိုင်ခွင့်၊ အသုံးပြုပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်၊ အခွန်ကောက်ခံပိုင်ခွင့်၊ အကျိုးခံစားပိုင်ခွင့်။ (12 EROs – 18)

(၂) တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းစဉ်လာအရ မြေပိုင်ဆိုင်မှုကို အသိအမှတ်ပြုပိုင်ခွင့်။ (12 EROs – 18)

(၃) သဘာဝသယံဇာတပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်၊ အခွန်ကောက်ခံခွင့်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပိုင်ခွင့်။ (12 EROs – 18)

(ဃ) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် သက်ဆိုင်ရာပြည်နယ်ရွေးကောက်ပွဲဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသည်။ (Cf: 12 EROs – 10)

(င) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်းရှိ တိုင်းရင်းသားလူမျိုးတိုင်း၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစသည့် ကဏ္ဍအသီးသီးနှင့် သက်ဆိုင်သော အခွင့်အရေးများကို ကာကွယ်ထိန်းသိမ်းမြှင့်တင်ပေးရမည်။ (FDC – ၁၄)

(စ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်းရှိ ဌာနေတိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုတို့အား ထိခိုက်ပျက်ယွင်းစေလောက်သော ပြည်တွင်း ရွှေ့ပြောင်းအခြေချမှု မဖြစ်ပေါ်စေရန် စနစ်တကျ စီမံကွပ်ကဲရမည်။ (12 EROs – ၁၃)

(ဆ) ပြည်နယ်များ၏ ရုံးသုံးဘာသာစကားကို သက်ဆိုင်ရာပြည်နယ်က သင့်လျော်သလို သတ်မှတ်နိုင်သည်။ (FDC – ၁၅)

**(၁၃) လူနည်းစုများ၏ အခွင့်အရေးများ ကာကွယ်ခြင်း**

(က) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်းရှိ တိုင်းရင်းသားလူနည်းစုများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်ရေးများကို အဆင့်ဆင့် အာမခံချက်ပေးရမည်။ (PPST)

(ခ) တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်ပေးနိုင်ရန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ အမျိုးသားနယ်မြေများနှင့် ဒေသန္တရအုပ်ချုပ်ရေးစနစ်တို့ကို လိုအပ်လျှင်လိုအပ်သလို သက်ဆိုင်ရာပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းပေးရမည်။ (FCDCC–၅၃–ခ)

(ဂ) တိုင်းရင်းသားလူနည်းစုများ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများ၊ ဘာသာစကားများကို နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာစံနှုန်းများနှင့်အညီ လွတ်လပ်စွာ ထိန်းသိမ်းကာကွယ်မြှင့်တင်ခွင့်ရှိစေရမည်။ (FDC – ၄၅)

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် အမျိုးသားနယ်မြေများကို တိုင်းရင်းသားလူမျိုးများ၏ အမည်ဖြင့် ဖွဲ့စည်းရမည်။ (PPST)

**(၁၄) အသွင်ကူးပြောင်းရေးကာလ ကော်မရှင်များ (FDC – ၁၆)**

အသွင်ကူးပြောင်းရေးကာလအတွင်း ကော်မရှင်များကို လိုအပ်သလို ဖွဲ့စည်းရမည်။

**(၁၅) နိုင်ငံရေးနှင့်ဘာသာရေး**

(က) ဖက်ဒရယ်ပြည်ထောင်စုသည် နိုင်ငံရေးနှင့် ဘာသာရေး ရောယှက်ခြင်း မရှိစေဘဲ၊ ဘာသာရေးကို အခြေမခံသောနိုင်ငံ ဖြစ်စေရမည်။ (FCDCC ပုဒ်မ – ၇၊ က)

(ခ) မည်သည့်ဘာသာအယူဝါဒကိုမျှ ဖက်ဒရယ်ပြည်ထောင်စုဘာသာအဖြစ် ပြဋ္ဌာန်းခြင်း မရှိစေရ။ (FCDCC ပုဒ်မ – ၇၊ ခ)

(ဂ) ဘာသာ သာသနာအတွက် ပြည်ထောင်စုအုပ်ချုပ်ရေးအာဏာနှင့် အခွန်ဘဏ္ဍာငွေကို အသုံးမပြုရ။

**(၁၆) ဘဏ္ဍာရေးဆိုင်ရာ ဖက်ဒရယ်စနစ် (Fiscal Federalism)**

(က) ပြည်ထောင်စုအဆင့်အစိုးရနှင့် ပြည်နယ်အဆင့် အစိုးရများအကြား တိကျစည်းစနစ်ကျသော အခွန်ဘဏ္ဍာ ကောက်ခံသည့်စာရင်းကို တိကျစွာ ဥပဒေပြုပြဋ္ဌာန်းထားရမည်။ ပြည်ထောင်စု အခွန်ဘဏ္ဍာ ကောက်ခံသောယန္တရားနှင့် ပြည်နယ် အခွန်ဘဏ္ဍာ ကောက်ခံသော ယန္တရားတို့ သီးခြားစီ ရှိရမည်။ (FDC – ၁၈)

(ခ) ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ အကြားဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများကို ခွဲဝေကျင့်သုံး ခွင့် ရှိရမည်။(12 EROs – ၁၇)

(ဂ) ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်တို့အကြား ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲခြင်းနှင့် ခွဲဝေခြင်း (Fiscal Management and Sharing) ဆိုင်ရာဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရမည်။

(ဃ) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ ဘက်စုံညီမျှ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဘဏ္ဍာရေးဆိုင်ရာ သာတူညီမျှရေးအစီအစဉ်ကို ရေးဆွဲ ပြဋ္ဌာန်းထားရမည်။ (FDC– ၁၉)

**(၁၇) မြေနှင့် သဘာဝသယံဇာတ**

(က) မြေနှင့်သဘာဝသယံဇာတ စီမံခန့်ခွဲခြင်းဆိုင်ရာဥပဒေများကို သက် ဆိုင်ရာ ပြည်နယ်များက ရေးဆွဲပြဋ္ဌာန်းပိုင်ခွင့်ရှိသည်။ (Cf: FDC – ၂၀)

(ခ) ပြည်နယ်အတွင်းရှိ မြေနှင့် သဘာဝသယံဇာတအရင်းအမြစ်များအား လုံး၏ မူရင်းပိုင်ရှင်သည် ပြည်နယ်အတွင်းနေထိုင်သော ပြည်နယ် သားများဖြစ်သည်။ ပြည်နယ်အတွင်းရှိ သဘာဝသယံဇာတအရင်း အမြစ်များ စူးစမ်းရှာဖွေခြင်း၊ တူးဖော်ထုတ်လုပ် သုံးစွဲခြင်း၊ ရောင်း ဝယ်ဖောက်ကားခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်း စသည်တို့ကို ပြည် နယ်က စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။ (Cf: FDC – ၂၁)

(ဂ) ဖက်ဒရယ်ပြည်ထောင်စုတွင် သယံဇာတမှ ရရှိသော ဘဏ္ဍာငွေများကို သက်ဆိုင်ရာပြည်နယ်က စီမံခန့်ခွဲပိုင်ခွင့်နှင့် အကျိုးခံစားပိုင်ခွင့်ရှိသည်။ (FDC – ၂၂)

(ဃ) သဘာဝသယံဇာတအရင်းအမြစ်များ ထုတ်ယူသုံးစွဲရာတွင် သက်ဆိုင်ရာဒေသခံများ၏ သဘောဆန္ဒကို ရယူရမည့်အပြင် ထိုဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း တိုက်ရိုက်အကျိုးပြုမှုရှိရမည်။ သဘာဝသံယဇာတများ ထုတ်ယူသည့်အတွက် ဖြစ်ပေါ်လာမည့်လူထုနှင့်သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်သည့်ဆိုးကျိုးများနှင့် ပျက်စီးဆုံးရှုံးသွားသော ဂေဟစနစ်ကို ပြန်လည်ကုစားရေးအတွက် သီးခြားအခွန်ငွေကောက်ခံပြီး ရန်ပုံငွေအစီအစဉ်တစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းထားရမည်။ (FDC – ၂၃)

## (၁၈) ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာအခြေခံမူ

(က) ဖက်ဒရယ်ပြည်ထောင်စု၏ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ မူဝါဒများသည် လူသားလုံခြုံရေးကို အခြေခံရမည်။ (FDC – ၅၅)

(ခ) ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာတပ်ဖွဲ့များ အားလုံးသည် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသောအရပ်သားအစိုးရ၏ အုပ်ချုပ်မှုအောက်တွင်ရှိသည့် အရပ်ဖက်အာဏာပိုင်စိုးမှု (Civilian Supremacy) စနစ် ဖော်ဆောင်ကျင့်သုံးရမည်။ (12 EROs – ၁၆) (FDC – ၅၅)

(ဂ) ဖက်ဒရယ်လွှတ်တော်သည် ပြည်ထောင်စု၏လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာမူဝါဒများနှင့် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းပေးရမည်။ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ အသုံးစရိတ်များကို ဖက်ဒရယ်လွှတ်တော်က စိစစ်အတည်ပြုပေးရမည်။ (FDC – ၅၆)

(ဃ) ပြည်ထောင်စုရဲတပ်ဖွဲ့နှင့် ပြည်နယ်ရဲတပ်ဖွဲ့တို့ကို သီးခြားစီ ဖွဲ့စည်းရမည်။ ပြည်နယ်လုံခြုံရေးတပ် ဖွဲ့စည်းခွင့်ရှိသည်။ ပြည်နယ်ရဲတပ်ဖွဲ့နှင့်ပြည်နယ်လုံခြုံရေးတပ်တို့သည် သက်ဆိုင်ရာပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအောက်တွင်ရှိသည်။ ပြည်နယ်ရဲတပ်ဖွဲ့နှင့် ပြည်နယ်လုံခြုံ

ရေးတပ်တို့၏အသုံးစရိတ်များကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်က စိစစ်အတည်ပြုပေးရမည်။ (FDC – ၅၇)

(င) ပြည်ထောင်စုလုံခြုံရေးနှင့် အရေးပေါ်အခြေအနေတွင်သော်လည်းကောင်း၊ သဘာဝကပ်ဘေးအန္တရာယ်များနှင့် ကယ်ဆယ်ရေးဆိုင်ရာလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက်သော်လည်းကောင်း လုံခြုံရေးတပ်ဖွဲ့များအား အသုံးပြုမှုနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာပြည်နယ်အစိုးရတို့က ညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်ရမည်။ (FDC – ၅၈)

(စ) ဖက်ဒရယ်ပြည်ထောင်စု၏ အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီကို ဖွဲ့စည်းရမည်။ ၎င်းကောင်စီတွင် ပြည်နယ်လုံခြုံရေးနှင့်ကာကွယ်ရေးကောင်စီများမှအနည်းဆုံးတစ်ဦးစီအပါအဝင် ကောင်စီဝင် စုစုပေါင်း၏ (၃၀) ရာခိုင်နှုန်းထက်မကျော်သော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။ (FDC – ၅၉)

(ဆ) ကာကွယ်ရေးတပ်ဖွဲ့၊ လုံခြုံရေးတပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့တို့တွင် အမျိုးသမီးများ တန်းတူပါဝင်နိုင်ရေးကို အာမခံချက်ပေးနိုင်သည့် ဥပဒေများကို ပြဋ္ဌာန်းရမည်။

**(၁၉) ဖက်ဒရယ်ပြည်ထောင်စုလုံခြုံရေးစနစ်**

ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသား အားလုံးအတွက် လူသားဇဟိုပြုလုံခြုံရေး၊ ကျား-မ တန်းတူရေး၊ ရပ်ရွာဘေးအန္တရာယ် ကာကွယ်တားဆီးရေး၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းတို့ကို ထိန်းသိမ်းကာကွယ်ပေးနိုင်သော လုံခြုံရေးစနစ်ကို ကျင့်သုံးရမည်။ ထိုသို့ ကျင့်သုံးနိုင်ရေးအတွက် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံတို့မှ အဖွဲ့အစည်းများ၊ အင်အားစုများဘက်ပေါင်းစုံ လွှမ်းခြုံပါဝင်နိုင်သည့် ဝန်ဆောင်မှုများကို ဖော်ဆောင်နိုင်သောဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးစနစ်တစ်ရပ် တည်ဆောက်ရမည်။ (Cf: FDC – 60, 12 EROs – 15)

**(၂၀) အုပ်ချုပ်ရေးနှင့် ပြည်သူ့ဝန်ထမ်းခြင်း (Administration and Public Services)**

(က) ပြည်ထောင်စုဝန်ထမ်းနှင့် ပြည်နယ်ဝန်ထမ်းများကို သီးခြားစီထားရှိရမည်။ ပြည်ထောင်စုဝန်ထမ်းများကို ပြည်ထောင်စုအစိုးရက

ရွေးချယ်ခန့်အပ်၍ စီမံခန့်ခွဲရမည်။ ပြည်နယ်ဝန်ထမ်းများကို ပြည်နယ်အစိုးရက ရွေးချယ်ခန့်အပ်၍ စီမံခန့်ခွဲရမည်။ (Cf: FDC – 61)

(ခ) အုပ်ချုပ်ရေးနှင့် ပြည်သူ့ဝန်ထမ်းကိစ္စရပ်များနှင့်ပတ်သက်၍ ဝန်ထမ်းရွေးချယ်ရေးနှင့် လေ့ကျင့်သင်ကြားရေးတို့ကို တိကျသောမူဝါဒများရေးဆွဲပြဋ္ဌာန်းရမည်။ ဝန်ထမ်းလေ့ကျင့်ရေး သင်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းဆိုင်ရာ အခြေခံစံနှုန်းများကို ဖက်ဒရယ်ပြည်ထောင်စုအစိုးရက သတ်မှတ်ပေးပြီး ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက သက်ဆိုင်ရာ ပြည်နယ်နှင့် လိုက်လျောညီထွေစွာ ဖြည့်စွက်ခြင်း၊ ပြုပြင်ခြင်းများ ပြုလုပ်ခွင့်ရှိသည်။ (Cf: FDC – ၆၁)

(ဂ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များတွင် အုပ်ချုပ်ရေးနှင့် ပြည်သူ့ဝန်ထမ်း လေ့ကျင့်သင်ကြားရေးကျောင်းများ သီးခြားဖွင့်လှစ်ခွင့်ရှိသည်။ (Cf: FDC – ၆၂)

**(၂၁) အစိုးရအချင်းချင်းအကြား ဆက်ဆံရေး (Inter–Governmental Relations)**

(က) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား၌သော်လည်းကောင်း၊ ပြည်နယ်အစိုးရများ အချင်းချင်းအကြား၌သော်လည်းကောင်း၊ အပြန်အလှန် သြဇာလွှမ်းမိုးမှုကင်းသော ညှိနှိုင်းဆောင်ရွက်မှုစနစ် ဖော်ဆောင်ရမည်။ (12 EROs – ၂၄)

(ခ) အစိုးရအချင်းချင်းအကြား အငြင်းပွားမှုများ ပေါ်ပေါက်ပါက အပြန်အလှန်သြဇာလွှမ်းမိုးမှုကင်းသော ညှိနှိုင်းဆောင်ရွက်မှုကိုဖော်ဆောင်နိုင်ရန် သက်ဆိုင်ရာအစိုးရအကြီးအကဲများပါဝင်သည့် ပူးတွဲကော်မတီကိုသော်လည်းကောင်း၊ လုပ်ငန်းကဏ္ဍအသီးသီးတို့တွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် ကဏ္ဍအလိုက် ဝန်ကြီးများ ပူးတွဲကော်မတီကိုသော်လည်းကောင်း၊ မျှဝေသုံးစွဲရန် သတ်မှတ်ထားသော ဝင်ငွေများကို စီမံခန့်ခွဲရန်အတွက် ဘဏ္ဍာရေးပူးတွဲကော်မတီကိုသော်လည်း ကောင်း စသည့် ပူးတွဲကော်မတီတို့ကို ဖွဲ့စည်းနိုင်သည်။ ပူးပေါင်းဆောင်ရွက်သည့်ကိစ္စရပ်၏လိုအပ်ချက်အရ ကော်မတီ သက်တမ်းကို သတ်မှတ်ထားရှိရမည်။ (Cf: FDC– ၆၃)

**မှတ်ချက်**။ ပုဒ်မ (၁၀–ခ) တွင် ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးအစား "အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ကောင်စီ" ဖွဲ့စည်းရန် သဘောတူပါက၊ ယင်းကောင်စီဖွဲ့စည်းခြင်းကို ပုဒ်မ (၂၁) တွင် ပါရှိသည့် ပြည်နယ်အကြီးအကဲများ ပါဝင်သော ပူးတွဲကော်မတီကို ဖက်ဒရယ်ကောင်စီအဖြစ် ဖွဲ့စည်းသင့်ပါသည်။

(၂၂) **ပြည်နယ်အကြီးအကဲ**

ပြည်နယ်အကြီးအကဲများသည် ပြည်ထောင်စုအဂ်ါစဉ်အရ ပြည်ထောင်စုဝန်ကြီးများ၏ အထက်တွင် ရှိသည်။ (FDC – ၆၄)

(၂၃) **နိုင်ငံရေးစနစ်**

(က) ဖက်ဒရယ်ပြည်ထောင်စု၏ နိုင်ငံရေးစနစ်သည် ပါတီစုံဒီမိုကရေစီစနစ် ဖြစ်သည်။ (FCDCC ပုဒ်မ – ၉၊ က)

(ခ) နိုင်ငံရေးပါတီများကို ဒီမိုကရေစီအခြေခံမှုများ၊ ကျင့်စဉ်များနှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းထူထောင်နိုင်သည်။ (FCDCC ပုဒ်မ – ၉၊ ခ)

(ဂ) ပြည်ထောင်စုအဆင့်တွင် မှတ်ပုံတင်သော နိုင်ငံရေးပါတီများအတွက် နိုင်ငံရေးပါတီများဆိုင်ရာဥပဒေကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးရမည်။

(ဃ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များတွင် မှတ်ပုံတင်သော နိုင်ငံရေးပါတီများအတွက် နိုင်ငံရေးပါတီများဆိုင်ရာဥပဒေကို သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်လွှတ်တော်များမှ ပြဋ္ဌာန်းရမည်။

(၂၄) **ရွေးကောက်ပွဲကော်မရှင်များ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်များကို သီးခြားစီ ဖွဲ့စည်းရမည်။

နောက်ဆက်တွဲများ

■

# ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်

## အစိတ်အပိုင်း (၁)

### ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ကြေညာစာတမ်း

၂၀၂၁ ခုနှစ်

Federal Democracy Charter

Part – I

Declaration of Federal Democracy Union

2021

# မာတိကာ

နိဒါန်း

အခန်း (၁)　ဦးတည်ချက်၊ ရည်ရွယ်ချက်

အခန်း (၂)　ပဋိညာဉ်တွင် ပါဝင်သည့်အဖွဲ့အစည်းများ (Members of the Charter)

အခန်း (၃)　အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ် (သို့မဟုတ်) နိုင်ငံရေးလမ်းပြမြေပုံ

အခန်း (၄)　ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း

- အပိုင်း (၁)　ပြည်ထောင်စုမျှော်ရည်ချက်နှင့် စံတန်ဖိုး၊
- အပိုင်း (၂)　ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာလမ်းညွှန်အခြေခံမူများ
- အပိုင်း (၃)　ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အခြေခံမူဝါဒများ

အခန်း (၅)　ဝန်ခံကတိပြုချက်

နိဂုံး

# ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်

## Federal Democracy Charter

### နိဒါန်း

သမိုင်းစဉ်ဆက် သီးခြားလွတ်လပ်စွာနေထိုင်ခဲ့ကြသော တိုင်းရင်းသားလူမျိုးများသည် လွတ်လပ်ရေးကို အတူတကွရယူပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကိုပူးပေါင်းထူထောင်ရန် ကြိုးပမ်းခဲ့ကြသည်။ သို့ရာတွင် လွတ်လပ်ရေးရရှိသည့်အချိန်မှစ၍ ရေးဆွဲပြဋ္ဌာန်းကျင့်သုံးခဲ့ကြသော ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတို့သည် ပင်လုံစာချုပ်တွင် သဘောတူညီထားခဲ့သောဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးများကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ခြင်းမရှိသောကြောင့် ဤတိုင်းပြည်တွင် နှစ်ပေါင်း (၇၀) ကျော်ပြည်တွင်းစစ်နှင့် ရင်ဆိုင်နေရသည့်အပြင် စစ်အာဏာသိမ်းမှု အကြိမ်ကြိမ်ဖြစ်ပွားပြီး စစ်အာဏာရှင်စနစ်နှင့် တစ်ပါတီအာဏာရှင်စနစ်တို့၏ဆိုးကျိုးများကို ပြည်သူလူထုတစ်ရပ်လုံး ခါးစည်းခံနေကြသည်။

စစ်အုပ်စုက တစ်ပါတီအာဏာရှင်စနစ် ထူထောင်နိုင်ရေးအတွက် ရေးဆွဲပြဋ္ဌာန်းခဲ့သော ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရှစ်လေးလုံးအရေးတော်ပုံကြီးဖြင့် ပြည်သူလူထုတစ်ရပ်လုံးက ဖျက်သိမ်းနိုင်ခဲ့ပြီး စစ်အာဏာရှင်စနစ်ထူထောင်ရေးအတွက် လူထုဆန္ဒမပါဘဲ အတင်းအဓမ္မရေးဆွဲပြဋ္ဌာန်းခဲ့သည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ၂၀၂၁ ခုနှစ်ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ဖြစ်ပွားခဲ့သော စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် လူထုလှုပ်ရှားမှုကြီးဖြင့် ဖျက်သိမ်းနိုင်ခဲ့ပါသည်။ စစ်ကောင်စီသည် သူတို့ကိုယ်တိုင် ရေးဆွဲပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်၍ အာဏာသိမ်းခဲ့သောကြောင့် ထိုအာဏာသိမ်းမှုသည်ပင်လျှင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပျက်ပြယ်သွားစေခဲ့သည်။

၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းသည်ဟု အကြောင်းပြ၍ ဖြစ်ပွားသော စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ပြီး အကြမ်းမဖက်ငြိမ်းချမ်းစွာဖြင့် ဆန္ဒထုတ်ဖော်သည့် လူထုလှုပ်ရှားမှုများကို CDM လှုပ်ရှားမှု၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ ဖွဲ့စည်းခြင်းအပါအဝင် လူငယ်၊ အမျိုး

သမီး၊ ဝန်ထမ်း၊ အလုပ်သမားနှင့် သမဂ္ဂများက အစပြု၍ အမျိုးသမီးအဖွဲ့အစည်းများ အပါအဝင် လူထုအခြေပြုလူမှုအဖွဲ့အစည်းများ၊ သပိတ်ကော်မတီများ၊ တိုင်းရင်းသား လူမျိုးပေါင်းစုံ၊ လူထုလူတန်းစားအလွှာအသီးသီး၊ စစ်အာဏာသိမ်းမှုကို လက်မခံသော နိုင်ငံရေးပါတီများ ပူးပေါင်းဆောင်ရွက်သော လူထုလှုပ်ရှားမှုသပိတ်တိုက်ပွဲများ ပြည်ထောင်စုတစ်ဝှမ်းလုံးတွင် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ ပြုလုပ်နေကြသည်။ ထို အာဏာသိမ်းမှု ဆန့်ကျင်ရေးလှုပ်ရှားမှုတွင် ပူးပေါင်း၍ ပါဝင်ပတ်သက်သူများ (Stake-holders) ၏စုပေါင်းခေါင်းဆောင်မှုဖြင့် တစ်ခုတည်းသောအင်အားစုကိုဖွဲ့စည်းထူထောင် နိုင်မှသာ စစ်အာဏာရှင်စနစ်ကို အပြီးသတ် တိုက်ဖျက်ချေမှုန်းသွားနိုင်မည်ဟု ယုံကြည် သည်။ စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှကို အမြစ်ပြုတ်တိုက်ဖျက် နိုင်မှသာ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးများ ကို အပြည့်အဝအာမခံချက်ပေးနိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီး ခိုင်မာသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ထူထောင်နိုင်မည်ဟု ယုံကြည်သည်။

ဤ“ပဋိညာဉ်”အား လက်ခံသဘောတူညီကြသည့် အဖွဲ့အစည်းများသည် ဖော်ပြပါ စံတန်ဖိုးများကို ကိုင်စွဲပြီး အာဏာရှင်စနစ် ပပျောက်ရေးနှင့် ဖက်ဒရယ် ဒီမို ကရေစီပြည်ထောင်စု ပေါ်ပေါက်ရေးတို့အတွက် အဆင့်လိုက်ဆောင်ရွက်သွားမည်။ ထိုသို့ အဆင့်လိုက်ဆောင်ရွက်ရာတွင် နိုင်ငံရေးလမ်းပြမြေပုံ၊ ဖွဲ့စည်းပုံအခြခံဥပဒေရေးဆွဲရာ တွင် အခြေခံရမည့် လမ်းညွှန်အခြေခံမူများ၊ အခြေခံမူဝါဒများဖြင့် ဖက်ဒရယ်ဒီမိုကရေ စီ ပြည်ထောင်စုကြီးကို ကြိုးပမ်းတည်ဆောက်သွားမည်ဖြစ်ကြောင်း သန္နိဋ္ဌာန်ချအပ်ပါ သည်။ ပဋိညာဉ်ကိုလက်ခံသဘောတူညီကြသူများ၏ စုပေါင်းခေါင်းဆောင်မှုမှတဆင့် စုပေါင်းအကောင် အထည်ဖော်ဆောင်ရွက်မှုများသည် လိုရာပန်းတိုင်သို့ တွန်းပို့ရောက် ရှိနိုင်မည့် စုပေါင်းအင်အားကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း ခိုင်မာသော ယုံကြည်ချက် ဖြင့် ဤပဋိညာဉ်ကြီးအား အတည်ပြုပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## ဦးတည်ချက်၊ ရည်ရွယ်ချက်

အာဏာသိမ်းစစ်ကောင်စီသည် ပြည်သူလူထု၏ ဖက်ဒရယ်နှင့် ဒီမိုကရေစီအခွင့်အရေးဆိုင်ရာ ဆန္ဒသဘောထားများကို လှစ်လျူရှုကာ နိုင်ငံအဆင့် အကြမ်းဖက်မှုလုပ်ရပ်များ ဆောင်ရွက်နေသည်။ ဤအခြေအနေတွင် ပြည်သူလူထု ကိုယ်စားပြုမှုရှိသော အဖွဲ့အစည်းများ၏ အခွင့်အာဏာပေးအပ်ထားသည့် Assembly တစ်ရပ်နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government) ကို ဖွဲ့စည်းရန် လိုအပ်ပါသည်။

ဤအခြေအနေတွင် အာဏာရှင်ကို ဆန့်ကျင်သည့် ပြည်သူလူထုကိုယ်စားပြုမှုရှိသော အဖွဲ့အစည်းများက ဦးဆောင်၍ အခန်း (၃) တွင် ဖော်ပြထားသော နိုင်ငံရေးလမ်းပြမြေပုံနှင့်အညီ တိုင်းပြည် ပြန်လည်တည်ငြိမ် အေးချမ်းသာယာစေရန်၊ ပိုမိုကောင်းမွန်သောအနာဂတ်တိုင်းပြည်အတွက် ပြည်ထောင်စုဖွဲ့စည်းအခြေခံဥပဒေ အသစ်တစ်ခု ပေါ်ထွက်လာရန်နှင့် ထိုဖွဲ့စည်းပုံအခြေခံဥပဒေအားဖြင့် စစ်မှန်သော အရပ်သားအစိုးရများ ပေါ်ထွက်လာရန်အတွက် ဤသဘောတူ ပဋိညာဉ်ကြေညာစာတမ်း ကတိကဝတ်ပြု၍ လက်မှတ်ရေးထိုးသည့်အဖွဲ့အစည်းများသည်အတူတကွ စုပေါင်းသန္နိဋ္ဌာန်ပြု၍ ဆောင်ရွက်သွားရန် ရည်ရွယ်ခြင်းဖြစ်သည်။

ထို့အပြင် အဓိကအရေးကြီးသည့် ပြည်ထောင်စုအတွင်း ဖြစ်ပွားခဲ့သည့် ပဋိပက္ခများ၊ အရင်းခံပြဿနာများကို အပြီးသတ်ချုပ်ငြိမ်းစေနိုင်ရန်အတွက်လည်းကောင်း၊ တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံး ပူးပေါင်းပါဝင်လက်တွဲနိုင်ရန်အတွက်လည်းကောင်း၊ ဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတွင် ပြည်ထောင်စုဝင်လူမျိုးများအားလုံး၊ နိုင်ငံသားများအားလုံး လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ တရားမျှတခြင်းတို့ကို အခြေခံကာ အပြန်အလှန်အသိအမှတ်ပြုလေးစားမှု၊ ချစ်ကြည်ရိုင်းပင်းမှု၊ သွေးစည်းညီညွတ်မှုတို့ကို တည်ဆောက်ပြီး ငြိမ်းချမ်းစွာ အေးအတူပူအမျှ အတူတကွ ယှဉ်တွဲနေထိုင်နိုင်သော သာယာဝပြောသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုအား တည်ဆောက်ရန်လည်းကောင်း အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်သွားရန် ရည်ရွယ်သည်။

၁။ စစ်အာဏာရှင်စနစ် အပါအဝင် အာဏာရှင်စနစ် မှန်သမျှ ပပျောက်ရေး။

၂။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပြီးသတ် ဖျက်သိမ်းရေး။

၃။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး။

၄။ အရပ်သားပြည်သူ့အစိုးရ ပေါ်ထွန်းရေး။

## အခန်း (၂)

## ပဋိညာဉ်တွင် ပါဝင်သည့် အစုအဖွဲ့များ (Members of the Charter)

ဤပဋိညာဉ်တွင် ဖော်ပြပါဦးတည်ချက်၊ ရည်ရွယ်ချက်တို့ကို စုပေါင်းအကောင်အထည် ဖော်ဆောင်ရွက်ရန်အတွက် အောက်ပါနယ်ပယ်များမှ အစုအဖွဲ့များ ပူးပေါင်းပါဝင်ကြသည်။

၁။ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ

၂။ နိုင်ငံရေးပါတီများ

၃။ သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့်လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် အရပ်ဖက်အဖွဲ့အစည်းများ၊ အာဏာရှင်စနစ်ဆန့်ကျင်ရေး CDMလှုပ်ရှားမှုဆိုင်ရာအဖွဲ့အစည်းများ၊ လူထုသပိတ်လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ

၄။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ

၅။ ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ်ကိုယ်စားပြုအဖွဲ့/ကော်မတီများ

## အခန်း (၃)

## အကောင်အထည်ဖော်မည့်လုပ်ငန်းစဉ် (သို့မဟုတ်) နိုင်ငံရေးလမ်းပြမြေပုံ

၁။ စစ်အာဏာသိမ်းမှု အဆုံးသတ်နိုင်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ထူထောင်ရေးအတွက် စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ပြုတ်ကျသည်အထိ ဝန်ထမ်းများ၏ CDM လှုပ်ရှားမှုများအပါအဝင် လူထုအထွေထွေလှုပ်ရှားမှုများကို အဆက်မပြတ် ဆက်လက်လှုပ်ရှား ဆောင်ရွက်နိုင်ရေး စည်းရုံးလှုံ့ဆော်ခြင်း၊ အားပေးခြင်းနှင့် ပံ့ပိုးကူညီခြင်း။

၂။ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်ကိုယ်စားပြုကော်မတီများ ဖွဲ့စည်း၍ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ခြင်း၊

၃။ နိုင်ငံရေးဆိုင်ရာသဘောတူညီချက်များ ဆွေးနွေးအတည်ပြုနိုင်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိတ်ဖက်နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် အမျိုးသမီးနှင့် လူငယ်အဖွဲ့အစည်းများ အပါအဝင် အရပ်ဖက်လူမှုအဖွဲ့အစည်းများ လက်တွဲဆောင်ရွက်နိုင်သည့် အခင်းအကျင်း ဖော်ဆောင်ခြင်း၊

၄။ ဖက်ဒရယ်ဒီမိုကရစီ ပဋိညာဉ် (Charter) ကို ရေးဆွဲအတည်ပြုခြင်း၊

၅။ ဤပဋိညာဉ် (Charter) နှင့်အညီ ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ (Interim National Unity Government) ဖွဲ့စည်းခြင်း၊ ဥပဒေပြုရေးနှင့် တရားရေးမဏ္ဍိုင်ဆိုင်ရာ အဖွဲ့အစည်းများကို ဖွဲ့စည်းခြင်း၊

၆။ အာဏာရှင်စနစ် အပြီးတိုင်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးအတွက် ဘုံပန်းတိုင်တူ အင်အားစုအားလုံးပါဝင်သော ပြည်သူ့ညီလာခံတစ်ရပ် ခေါ်ယူကျင်းပခြင်း၊

၇။ အာဏာရှင်စနစ် ပပျောက်ရေး၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် မဟာဗျူဟာ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

၈။ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း၊

၉။ အသွင်ကူးပြောင်းရေးကာလ အစိုးရဖွဲ့စည်းခြင်း၊

၁၀။ တိုင်းပြုပြည်ပြုညီလာခံ (Constitutional Convention) ခေါ်ယူကျင်းပပြီး ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြုခြင်း၊

၁၁။ တိုင်းပြုပြည်ပြုညီလာခံက ရေးဆွဲအတည်ပြုထားသည့် ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေကို လူထုဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြုပြဋ္ဌာန်းခြင်းနှင့်ရွေးကောက်ပွဲကျင်းပခြင်း၊

၁၂။ အတည်ပြုပြဋ္ဌာန်းလိုက်သည့်ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များကို ဖွဲ့စည်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေစနစ် (Constitutionalism) အရ လိုက်နာကျင့်သုံးခြင်း၊

## အခန်း (၄)
## ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်း

ဤပဋိညာဉ်ကိုအခြေခံ၍ အောက်ဖော်ပြပါ လမ်းညွှန်အခြေခံမူများ ချမှတ်ကာ အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)ကို ရေးဆွဲရမည်။

| | |
|---|---|
| အပိုင်း (၁) | ပြည်ထောင်စုမျှော်ရည်ချက်နှင့် စံတန်ဖိုး |
| အပိုင်း (၂) | ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများ |
| အပိုင်း (၃) | အခြေခံမူဝါဒများ |

### အပိုင်း (၁)
### ပြည်ထောင်စု မျှော်ရည်ချက်နှင့် စံတန်ဖိုး၊

ပြည်ထောင်စုမျှော်ရည်ချက် (Union Vision)

လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှုကို အာမခံပြီး ငြိမ်းချမ်းသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်မည်။

ပြည်ထောင်စုစံတန်ဖိုး (Union Values)

ပြည်ထောင်စုကြီးကို တည်ဆောက်ရန်အတွက် အောက်ပါတို့ကို စံတန်ဖိုး အဖြစ်ယုံကြည်လက်ခံသည်။

၁။ အခြေခံလူ့အခွင့်အရေး (The Fundamental Human Rights/ Human Rights)

၂။ ဒီမိုကရေစီအခွင့်အရေး (Democratic Rights)

၃။ လူနည်းစုအခွင့်အရေး (Minority Rights)

၄။ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Equality and Self Determination)

၅။ စုပေါင်းခေါင်းဆောင်မှု (Collective Leadership)

၆။ စုံလင်ကွဲပြားမှုကို အပြန်အလှန်လေးစား အသိအမှတ်ပြုခြင်း (Pluralism, Mutual Respect And Mutual Recognition)

၇။ သဟဇာတဖြစ်ခြင်းနှင့် မတူကွဲပြားမှုကို လက်ခံသော ညီညွတ်ခြင်း (Unity In Diversity)

၈။ ဂျဲန်ဒါ တန်းတူရေး (Gender Equality)

၉။ ခွဲခြားဆက်ဆံမှုမရှိခြင်း (လူမျိုး၊ ဘာသာ၊ ကျား–မ၊ မသန်စွမ်းမှု၊ လိင်စိတ်ခံယူမှုကွဲပြားမှု/ လိင်စိတ် ဝိသေသကွဲပြားမှု) (Non–Discrimination)

## အပိုင်း (၂)

## ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများ

၁။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များအတွင်းရှိ ပြည်သူတို့သည် အချုပ်အခြာအာဏာ၏ မူရင်းပိုင်ရှင်များ ဖြစ်သည်။

၂။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များဖြင့်ဖွဲ့စည်းသည်။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအားလုံး (ဖက်ဒရယ်ယူနစ်အားလုံး) တို့သည် နိုင်ငံရေးအရ တန်းတူသည်။

၃။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် သက်ဆိုင်ရာပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခွင့် ရှိသည်။

၄။ အာဏာခွဲဝေမှု (Division of Powers)၊ သယံဇာတခွဲဝေမှု (Revenue Sharing) နှင့် ဖက်ဒရယ်ဘဏ္ဍာရေးစနစ် (Fiscal Federalism) တို့ကို ကျင့်သုံးသည်။ ထိုသို့ ခွဲဝေရာတွင် ပြည်သူလူထုနှင့်အနီးကပ်ဆုံးအစိုးရအဆင့်က လုပ်ဆောင်နိုင်သည်အထိ လုပ်ပိုင်ခွင့်ပြုသောစနစ် (Subsidiarity Principle) ကို ကျင့်သုံးသည်။

၅။ ဖက်ဒရယ် ပြည်ထောင်စုလုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာတပ်ဖွဲ့များ အားလုံးသည် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အရပ်သားအစိုးရ၏ ကွပ်ကဲမှုနှင့်စီမံအုပ်ချုပ်မှု အောက်တွင် ရှိရမည်။ လူသားလုံခြုံရေးကို အခြေခံသည့် မူဝါဒ ကျင့်သုံးရမည်။

## အပိုင်း (၃)
## ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အခြေခံမူဝါဒများ

ပြည်ထောင်စု၏အသွင်သဏ္ဌာန်

၁။ ဒီမိုကရေစီအခွင့်အရေးများအပြည့်အဝကျင့်သုံးသော၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စုအင်္ဂါရပ်များနှင့် ပြည်စုံသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တည်ဆောက်မည်။

၂။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များဖြင့် ဖွဲ့စည်းသည်။

၃။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်တိုင်းတွင် သီးခြားဥပဒေပြုရေးအာဏာ၊ သီးခြားအုပ်ချုပ်ရေးအာဏာနှင့် သီးခြားတရားစီရင်ရေးအာဏာတို့ ရှိသည်။

ပြည်ထောင်စုအချုပ်အခြာအာဏာ

၄။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များရှိပြည်သူလူထုသည် အချုပ်အခြာအာဏာ၏ မူရင်းပိုင်ရှင်များဖြစ်ကြသည်။

၅။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအချုပ်အခြာအာဏာ၏မဏ္ဍိုင် (၃) ရပ်ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို လွတ်လပ်စွာ ပိုင်းခြားကျင့်သုံးခြင်းနှင့် အပြန်အလှန် ထိန်းကျောင်းခြင်း ရှိစေရမည်။

၆။ ဖက်ဒရယ်ပြည်ထောင်စု၏အချုပ်အခြာအာဏာကို ပြည်ထောင်စုနှင့်ပြည်ထောင် စုအဖွဲ့ဝင်ပြည်နယ်များအကြား ခွဲဝေကျင့်သုံးခြင်းကို ရှိရမည်။ ထိုကဲ့သို့ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား စနစ်တကျ အာဏာခွဲဝေကျင့်သုံးနိုင်ရေးအတွက် ပြည်ထောင်စုအာဏာ၊ ပြည်နယ်အာဏာနှင့် ထပ်တူပြုအာဏာများကို သတ်မှတ်ပြဋ္ဌာန်းရမည်။ ဖက်ဒရယ် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအားလုံး၏ ဘုံအကျိုးစီးပွားအတွက် ကျင့်သုံးရန် လိုအပ်သောအခွင့်အာဏာများကိုသာ ပြည်ထောင်စုသို့ အပ်နှင်းသည်။ ပြည်ထောင်စုအာဏာ၊ ပြည်နယ်အာဏာနှင့် ထပ်တူပြုအာဏာများတွင် ထည့်သွင်းဖော်ပြထားခြင်းမရှိသည့် ကြွင်းကျန်နေသည့်အာဏာများသည် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များတွင် တည်ရှိသည်။

ပြည်ထောင်စုဥပဒေပြုရေး

၇။ ဖက်ဒရယ်လွှတ်တော်ကို အာဏာတူသည့် ဖက်ဒရယ်အထက်လွှတ်တော်နှင့် ဖက်ဒရယ်အောက်လွှတ်တော်တို့ဖြင့် ဖွဲ့စည်းသည်။ အထက်လွှတ်တော်ကို ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အသီးသီးက အရေအတွက်တူညီစွာ ရွေးချယ်စေလွှတ်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။ အောက်လွှတ်တော်ကို လူဦးရေအပေါ်တွင် အခြေခံ၍သော်လည်းကောင်း၊ မြို့နယ်အပေါ်တွင် အခြေခံ၍သော်လည်းကောင်း ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။ ယင်းလွှတ်တော်နှစ်ရပ်က ပြည်ထောင်စုဥပဒေများကို ရေးဆွဲပြဋ္ဌာန်းသည်။

ပြည်ထောင်စုအုပ်ချုပ်ရေး

၈။ ဖက်ဒရယ်ပြည်ထောင်စု၏ အုပ်ချုပ်ရေးစနစ်သည် ဝန်ကြီးချုပ်ဦးဆောင်သောစနစ် (Parliamentary System) ဖြစ်သည်။ ဝန်ကြီးချုပ်ဦးဆောင်သောစနစ်တွင် ပြည်ထောင်စုဦးသျှောင်(သို့) ပြည်ထောင်စုသမ္မတ ထားရှိသောစနစ်ဖြစ်သည်။

ပြည်ထောင်စုတရားစီရင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

၉။ ဖက်ဒရယ်ပြည်ထောင်စု တရားစီရင်ရေးအာဏာကို ကျင့်သုံးနိုင်ရန်အတွက် ဖက်ဒရယ် ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် ဖက်ဒရယ်ပြည်ထောင်စု တရားရုံးများ အဆင့်ဆင့်ဖွဲ့စည်းထားရှိရမည်။ ဖက်ဒရယ်ပြည်ထောင်စု သမ္မတက အဆိုပြုတင်သွင်းလာသော ဖက်ဒရယ်ပြည်ထောင်စု တရားသူကြီးချုပ်အား ဖက်ဒရယ်လွှတ်တော်က စိစစ်အတည်ပြုပေးရမည်။

၁၀။ ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်အကြားတွင်သော်လည်းကောင်း၊ ပြည်နယ်အချင်းချင်း အကြားတွင်သော်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်သောအငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ရန်အတွက် လွတ်လပ်သော ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးကို ဖွဲ့စည်းထူထောင်ရမည်။

၁၁။ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်ထောင်စု၏ အမြင့်ဆုံးဥပဒေဖြစ်သည်။

ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ

၁၂။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရေးဆွဲပြဋ္ဌာန်းခွင့် ရှိသည်။

၁၃။ ပြည်နယ်တွင်းဒေသန္တရအဆင့်လုပ်ပိုင်ခွင့်အာဏာကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရှင်းလင်းတိကျစွာ ဖော်ပြပြီး ၎င်း၏အခွန်ဘဏ္ဍာ ကောက်ယူနိုင်သည့် စာရင်းများကို တိကျစွာ သတ်မှတ်ပြဋ္ဌာန်းထားရမည်။

၁၄။ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးတိုင်း၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစသည့် ကဏ္ဍအသီးသီးနှင့်သက်ဆိုင်သောအခွင့်အရေးများကို ကာကွယ်ထိန်းသိမ်း မြှင့်တင်ပေးရမည်။

၁၅။ ပြည်နယ်များ၏ ရုံးသုံးဘာသာစကားကို သက်ဆိုင်ရာပြည်နယ်က သင့်လျော်သလို သတ်မှတ်နိုင်သည်။

လွတ်လပ်သော ကော်မရှင်များ

၁၆။ ဖက်ဒရယ်ပြည်ထောင်စုတွင် အောက်ဖော်ပြပါ လွတ်လပ်သော ကော်မရှင်များကို ဖွဲ့စည်းရမည်။ ထို့အပြင် အခြားကော်မရှင်များကိုလည်း လိုအပ်သလိုတိုးချဲ့ ဖွဲ့စည်းနိုင်သည်။

(က) အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မရှင် (Anti-corruption Commission)

(ခ) ရွေးကောက်ပွဲကော်မရှင် (Election Commission)

(ဂ) ခွဲခြားမှုပပျောက်ရေးနှင့် လူ့အခွင့်အရေးကော်မရှင် (Anti-discrimination and Human Rights Commission)

(ဃ) သတင်းအချက်အလက် သိပိုင်ခွင့်ကော်မရှင် (Rights to Information Commission)

(င) ဂျန်ဒါအခြေပြုအကြမ်းဖက်မှုနှင့် အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ ကော်မရှင်
(Commission on Gender-based Violence and Domestic Violence)

(စ) အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေး

(ဆ) လူနည်းစုအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးကော်မရှင်

(ဇ) နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးကော်မရှင်

(ဈ) အမျိုးသမီးအခွင့်အရေးကော်မရှင် (Women Rights Commission)

(ည) ကလေးသူငယ်အခွင့်အရေးကော်မရှင် (Child Rights Commission)

(ဋ) အလုပ်သမားနှင့်လယ်သမားအခွင့်အရေးကော်မရှင် (Labor and Farmer Rights Commission)

(ဌ) တောင်သူလယ်သမားနှင့် မြေယာဆိုင်ရာအခွင့်အရေးကော်မရှင် (Farmer and Land Rights Commission)

(ဍ) ခြားနားစွမ်းသူများအခွင့်အရေးကော်မရှင် (Rights of the Differ–ently Abled Commission)

(ဎ) လူငယ်ရေးရာကော်မရှင် (Youth Affairs Commission)

(ဏ) ဂျန်ဒါတန်းတူရေးကော်မရှင် (Gender Equality Commission)

နိုင်ငံရေးနှင့်ဘာသာရေး

၁၇။ ဖက်ဒရယ်ပြည်ထောင်စုသည် နိုင်ငံရေးနှင့်ဘာသာရေး ရောယှက်ခြင်းမရှိသော၊ ဘာသာရေးကို အခြေမခံသော နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်။

ဘဏ္ဍာရေးဆိုင်ရာ ဖက်ဒရယ်စနစ် (Fiscal Federalism)

၁၈။ ပြည်ထောင်စုအဆင့် အစိုးရနှင့် ပြည်နယ်အဆင့် အစိုးရများအကြား တိကျ၍ စည်းစနစ်ကျသော အခွန်ဘဏ္ဍာ ကောက်ခံသည့်စာရင်းကို တိကျစွာ ဥပဒေပြု ပြဋ္ဌာန်းထားရမည်။ ပြည်ထောင်စုအခွန်ဘဏ္ဍာ ကောက်ခံသော ယန္တရားနှင့် ပြည်နယ်အခွန်ဘဏ္ဍာကောက်ခံသော ယန္တရားတို့ သီးခြားစီ ရှိရမည်။

၁၉။ ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်တို့အကြား ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲခြင်းနှင့် ခွဲဝေခြင်း (Fiscal Management and Sharing) ဆိုင်ရာဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရမည်။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ ဘက်စုံညီမျှဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ သာတူညီမျှရေးအစီအစဉ်ကို ရေးဆွဲပြဋ္ဌာန်းထားရမည်။

မြေနှင့်သဘာဝသယံဇာတ

၂၀။ ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်တို့အကြား မြေနှင့်သဘာဝသယံဇာတ စီမံခန့်ခွဲခြင်း၊ ခွဲဝေခြင်းဆိုင်ရာ ဥပဒေကို ရေးဆွဲပြဋ္ဌာန်းရမည်။

၂၁။ ပြည်နယ်အတွင်းရှိ မြေနှင့် သဘာဝသယံဇာတအရင်းအမြစ်များအားလုံး၏ မူရင်းပိုင်ရှင်သည် ပြည်နယ်အတွင်း နေထိုင်သော ပြည်နယ်သားများဖြစ်သည်။ ပြည်နယ်အတွင်းရှိ သဘာဝသယံဇာတ အရင်းအမြစ်များ စူးစမ်းရှာဖွေခြင်း၊ တူးဖော်ထုတ်လုပ်သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်း စသည်တို့ကို ပြည်နယ်က လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့် ရှိသည်။

၂၂။ ဖက်ဒရယ်ပြည်ထောင်စုတွင် သယံဇာတမှရရှိသော ဘဏ္ဍာငွေများကို သက်ဆိုင်ရာပြည်နယ်က စီမံခန့်ခွဲပိုင်ခွင့်နှင့် အကျိုးခံစားပိုင်ခွင့်ရှိသည်။

၂၃။ သဘာဝသယံဇာတ အရင်းအမြစ်များ ထုတ်ယူသုံးစွဲရာတွင် သက်ဆိုင်ရာဒေသခံများ၏ သဘောဆန္ဒကို ရယူရမည့်အပြင် ထိုဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း တိုက်ရိုက်အကျိုးပြုမှု ရှိရမည်။ သဘာဝသယံဇာတများ ထုတ်ယူသည့်အတွက်ဖြစ်ပေါ်လာမည့် လူထုနှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်သည့် ဆိုးကျိုးများနှင့် ပျက်စီးဆုံးရှုံးသွားသော ဂေဟစနစ်ကို ပြန်လည်ကုစားရေးအတွက် သီးခြားအခွန်ငွေ ကောက်ခံပြီး ရန်ပုံငွေ အစီအစဉ် တစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းထားရမည်။

အခြေခံအခွင့်အရေးများ

၂၄။ ပြည်ထောင်စုတွင်နေထိုင်သူတိုင်းသည် အခြေခံလူ့အခွင့်အရေးကို အပြည့်အဝခံစားခွင့် ရှိရမည်။

၂၅။ ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများအားလုံးသည် လူပုဂ္ဂိုလ်တဦးချင်းအလိုက် ခံစားခွင့်ရှိသည့် တသီးပုဂ္ဂလအခွင့်အရေးများနှင့် တိုင်းရင်းသားလူမျိုးများ၏ လူမျိုးအလိုက် ခံစားခွင့်ရှိသည့် စုပေါင်းအခွင့်အရေးများနှင့် အစုအဖွဲ့အလိုက် ခံစားခွင့်ရှိသည့် စုပေါင်းအခွင့်အရေးများကို အပြည့်အဝ ခံစားပိုင်ခွင့်ရှိရမည်။

၂၆။ ပြည်ထောင်စု၏ နိုင်ငံသားအဖြစ် ခံယူထားသော ပြည်ထောင်စုနိုင်ငံသားတိုင်းသည် နိုင်ငံသားများ၏အခြေခံအခွင့်အရေး (Citizen Rights) များနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများ (Cultural Self – Determination) ကို အပြည့်အဝခံစားခွင့်ရှိရမည်။

စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ

စီးပွားရေးဆိုင်ရာအခွင့်အရေးများ

၂၇။ ပြည်ထောင်စုနိုင်ငံသားတိုင်းသည် တရားသဖြင့် ရှာဖွေရရှိထားသော ပစ္စည်းဥစ္စာများ ပိုင်ဆိုင်ခွင့်၊ လွှဲပြောင်းခွင့်၊ ထုခွဲရောင်းချပိုင်ခွင့်၊ အမွေဆက်ခံပိုင်ခွင့် ရှိရမည်။

၂၈။ ပြည်ထောင်စုနိုင်ငံသားတိုင်း၏ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို အများပြည်သူအကျိုးအတွက်သာလျှင် ဥပဒေနှင့်အညီ ရုပ်သိမ်းမှု ပြုလုပ်နိုင်စေရမည်။ ရုပ်သိမ်းခံရသူ၏ အကျိုးနှင့်အများပြည်သူတို့၏အကျိုးကို တရားမျှတစွာ ချိန်ဆ၍ ထိုက်တန်သော လျော်ကြေးပေးပြီးမှသာ သိမ်းယူခွင့်ရှိစေရမည်။

၂၉။ ပြည်ထောင်စုနိုင်ငံသားတိုင်းသည် ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ အဆင့်အတန်း၊ ကျား – မ၊ လိင်စိတ် ခံယူမှု၊ မသန်စွမ်းမှု၊ အသားအရောင်၊ လူမျိုး၊ အသက်အရွယ် အပေါ်မူတည်၍ ခွဲခြားခံရခြင်း မရှိစေရဘဲ အလုပ်ရွေးချယ်ပိုင်ခွင့်နှင့် အလုပ်လုပ်ပိုင်ခွင့် အခွင့်အရေးရှိစေရမည်။

၃၀။ ပြည်ထောင်စုနိုင်ငံသားတိုင်းသည် မိမိ၏ အသက်မွေးဝမ်းကျောင်းအတွက် လွတ်လပ်စွာ စီးပွားရှာဖွေခွင့်နှင့် စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများကို လွတ်လပ်စွာ တည်ထောင်ခွင့်ရှိသည်။

၃၁။ အထက်အပိုဒ် (၂၈)ပါ အခွင့်အရေးကို ကျင့်သုံးရာတွင် ပြည်ထောင်စုက ချမှတ်ထားသော စီးပွားရေးဆိုင်ရာမူဝါဒများ၊ စီမံကိန်းများ၊ နိုင်ငံတော်လုံခြုံရေး၊ ပြည်သူလူထု၏ အကျိုးစီးပွားနှင့် ကျန်းမာရေးတို့ကို ထိခိုက်မှု မရှိစေရ။

၃၂။ ပြည်ထောင်စုနိုင်ငံသားတိုင်းသည် လွတ်လပ်စွာ တီထွင်ဖန်တီးပိုင်ခွင့်နှင့် နည်းပညာမူပိုင်ခွင့်တို့ကို ဥပဒေနှင့်အညီ ခံစားပိုင်ခွင့် ရှိစေရမည်။

၃၃။ မိရိုးဖလာ သဘာဝအမွေအနှစ်များ၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ဓလေ့ထုံးတမ်း အစဉ်အလာအရ သီးသန့်ပိုင်ဆိုင်လာခဲ့သော နည်းပညာဆိုင်ရာ အမွေအနှစ်များကို သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်းမှ အစဉ်အဆက် ထိန်းသိမ်းပိုင်ခွင့်၊ အသုံးပြုပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် လက်ဆင့်ကမ်းပိုင်ဆိုင်ခွင့် ရှိစေရမည်။

၃၄။ ပြည်ထောင်စုနိုင်ငံသားတိုင်းသည် မိမိနေရင်းပြည်နယ်မှ အခြားပြည်နယ်တရပ်ရပ်သို့ အခြေချနေထိုင်ခြင်း၊ စီးပွားရှာဖွေခြင်းတို့သည် သက်ဆိုင်ရာပြည်နယ်၏ တရားဥပဒေပြဋ္ဌာန်းချက်များနှင့်အညီသာလျှင် ဖြစ်စေရမည်။

၃၅။ နိုင်ငံခြားရင်းနှီးမြုပ်နှံမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုလုပ်ပိုင်ခွင့်၊ ပြည်နယ်လုပ်ပိုင်ခွင့်၊ ထပ်တူပြုလုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။ ကြွင်းကျန်လုပ်ပိုင်ခွင့်များသည် ပြည်နယ်များ၌ တည်ရမည်။

လူမှုရေးဆိုင်ရာအခွင့်အရေး

၃၆။ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် –

(က) လွတ်လပ်စွာ ပညာသင်ကြားပိုင်ခွင့်ရှိသည်။

(ခ) မိမိ နှစ်သက်ဝါသနာပါရာ အတတ်ပညာ၊ အသက်မွေးဝမ်းကျောင်းပညာ၊ အဆင့်မြင့်ပညာများကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ရှိစေရမည်။

(ဂ) အခြေခံပညာရေးကို မသင်မနေရအဖြစ် အခမဲ့သင်ကြားခွင့် ရရှိစေရမည်။

၃၇။ တိုင်းရင်းသားများ၏ မိခင်ဘာသာစကားအခြေပြုသင်ကြားရေးစနစ်ကို ပြည်နယ်နှင့် ဖက်ဒရယ်ယူနစ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရမည်။ ဖယ်ဒရယ်ဒီမိုကရေစီပညာရေးကို အကောင်အထည်ဖော်ကျင့်သုံးမည်။

၃၈။ ပုဂ္ဂလိကကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ သိပ္ပံနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဆင့်မြင့်ပညာသင်ကျောင်းများကို သတ်မှတ်ပြဋ္ဌာန်းထားသောဥပဒေနှင့်အညီ တည်ထောင်ပိုင်ခွင့်ကို အာမခံရမည်။

၃၉။ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတိုင်းသည် အခြေခံကျန်းမာရေး ကာကွယ်စောင့်ရှောက်မှုနှင့် ကုသမှုကို အခမဲ့ရယူခံစားပိုင်ခွင့်ရှိစေရမည်။ ဖက်ဒရယ်ကျန်းမာရေးစနစ် ဖော်ဆောင်ကျင့်သုံးရမည်။

၄၀။ ပြည်ထောင်စုအတွင်း နေထိုင်သူများအားလုံးသည် လူမှုရေးဆိုင်ရာ အခွင့်အရေးများကိုလည်း တန်းတူညီမျှစွာ ခံစားခွင့်ရှိရမည်။

သတင်းမီဒီယာအခွင့်အရေးများ

၄၁။ သတင်းမီဒီယာများ၏ လွတ်လပ်စွာ ရပ်တည်ပိုင်ခွင့်၊ လွတ်လပ်စွာ သတင်းရယူပိုင်ခွင့်၊ လွတ်လပ်စွာ သတင်းတင်ပြပိုင်ခွင့်တို့အား အကာအကွယ်ပေးရမည်။

ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများ

၄၂။ တိုင်းရင်းသားလူမျိုးများ၏ အစုအဖွဲ့အခွင့်အရေးများဖြစ်သော ဘာသာစကား၊ သမိုင်းအမွေအနှစ်၊ ရိုးရာဓလေ့ အစဉ်အလာများနှင့် အထိမ်းအမှတ်လက္ခဏာများကို ထိန်းသိမ်းကာကွယ် မြှင့်တင်ခွင့် ရှိစေရမည်။

၄၃။ ဖက်ဒရယ်ပြည်ထောင်စုတွင် မှီတင်းနေထိုင်သူတိုင်းသည် မိမိတို့လူမျိုး၏ ဘာသာစကားနှင့် စာပေတို့ကို လွတ်လပ်စွာ ပြောဆိုခွင့်၊ သင်ကြားပိုင်ခွင့်၊ တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ပိုင်ခွင့်ရှိစေရမည်။

အထူးစီမံဆောင်ရွက်မှုဆိုင်ရာအခွင့်အရေးများ

၄၄။ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာများ၊ ဘာသာစကားများကို နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများနှင့်အညီ လွတ်လပ်စွာ ထိန်းသိမ်းကာကွယ်မြှင့်တင်ခွင့်ရှိစေရမည်။ တိုင်းရင်းသားလူမျိုးများ၏မွေးရာပါအခွင့်အရေးအဖြစ်ပိုင်ဆိုင်ထားသော အမျိုးသားလက္ခဏာနှင့်ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများကို မည်သည့်အခြေအနေတွင်မျှ ရုပ်သိမ်းဟန့်တားခြင်းမရှိစေရ။

၄၅။ တိုင်းရင်းသားများသည် လူမှုစီးပွား၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ သာတူ ညီမျှစွာ ခံစားခွင့် ရှိရမည်ဖြစ်ပြီး တိုးတက်မြှင့်တင်ပေးသည့် ဆောင်ရွက်ချက်များ (Progressive Actions/Affirmative Actions) များကိုလည်း ခံစားခွင့် ရှိစေရမည်။

၄၆။ လူမျိုး၊ ဘာသာ၊ ကျား-မ၊ မသန်စွမ်းမှု (ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ)၊ လိင်စိတ်ခံယူမှု (Protected Characteristics)၊ အသားအရောင်ကို အခြေခံပြီး တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ၊ ခွဲခြားဆက်ဆံမှုများနှင့် အခြားသော မည်သည့်ခွဲခြားဆက်ဆံမှု မှန်သမျှကို လုံးဝပိတ်ပင်ဟန့်တားရမည့်အပြင် ထိုအခွင့်အရေးများကိုမြှင့်တင်ခြင်း၊ ကာကွယ်ခြင်းနှင့် လေးစားလိုက်နာခြင်းများ ရှိရမည်။

၄၇။ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုအတွင်း တန်းတူရေးအကောင်အထည်ဖော်နိုင်ရန်အတွက် ဆုံးဖြတ်ချက်ချမှတ်သည့် အခန်းကဏ္ဍအဆင့်ဆင့်တွင် အမျိုးသမီးများ အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်ရေးမူကို ချမှတ်ဆောင်ရွက်ရမည်။

၄၈။ ကလေးသူငယ်များဆိုင်ရာအခွင့်အရေး

(က) ကလေးငယ်တိုင်းသည် အရွယ်မရောက်သေးသူအဖြစ် ကာကွယ်စောင့်ရှောက်မှုကို ရရှိခံစားပိုင်ခွင့်ရှိသည်။ ကလေးငယ်တိုင်းသည် အမျိုးသားထု တရပ်လုံး၏ ဖေးမကူညီမှုကို ခံစားပိုင်ခွင့်ရှိစေရမည်။

(ခ) ကလေးများအား မိဘ (သို့မဟုတ်) အုပ်ထိန်းသူတို့၏ ဆန္ဒမပါဘဲ ၎င်းတို့၏ မိသားစုထံမှ ကွဲကွာအောင် မပြုလုပ်ရ။ ကလေးတို့ကို ပြုစုစောင့်ရှောက်ခြင်းနှင့် သွန်သင်ပြုပြင်ခြင်းတို့သည် မိဘတို့၏ သဘာဝအခွင့်အရေးဖြစ်သည်။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ်နှင့်အညီ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းထားသော ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကိုလည်း လိုက်နာကျင့်သုံးရမည်။ အကယ်၍ မိဘ (သို့မဟုတ်) အုပ်ထိန်းသူတို့က ဝတ္တရားပျက်ကွက်လျှင်သော်လည်းကောင်း၊ တနည်းနည်းကြောင့် ကလေးများ ခိုကိုးရာမဲ့ဘဝသို့ရောက်ရှိမည့် အခြေအနေမျိုးတွင်သော်လည်းကောင်း၊ ကလေးများအား မိသားစုနှင့် ကွဲကွာစေခြင်းကို ဥပဒေအတိုင်း ဆောင်ရွက်ရမည်။

(ဂ) ကလေးများကို စီးပွားရေးနှင့် လူမှုရေးအရ ခေါင်းပုံဖြတ်ခြင်းမှ ကာကွယ်စောင့်ရှောက်မှု ပြုရမည်။ ၎င်းတို့၏ ကိုယ်ကျင့်တရား၊ ကျန်းမာရေး၊ အသက်အန္တရာယ်၊ ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးမှု၊ ပညာရေးသင်ကြားခွင့် တစ်ခုခုကို ထိခိုက်စေသော အလုပ်လုပ်ကိုင်စေခြင်းများမှ ကာကွယ်စောင့်ရှောက်ရမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ကလေးများအခွင့်အရေးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပေးရမည်။

၄၉။ အလုပ်သမားအခွင့်အရေး

အလုပ်သမားအခွင့်အရေးဆိုင်ရာဥပဒေများ ပြဋ္ဌာန်းရာတွင် အောက်ပါအချက်များအပါအဝင် နိုင်ငံတကာ စံချိန်စံနှုန်းသတ်မှတ်ချက်များ၊ သဘောတူညီချက်များနှင့်အညီ ပြည်နယ်လွှတ်တော်များနှင့် ဖက်ဒရယ် ပြည်ထောင်စုလွှတ်တော်တို့မှ ပြဋ္ဌာန်းရမည်။

(က) အလုပ်လုပ်သူတိုင်း လူ့ဂုဏ်သိက္ခာနှင့်အညီ ရှင်သန်ရပ်တည်နိုင်ရေး အတွက်–

(၁) သင့်တင့်လျောက်ပတ်သောလုပ်ငန်းခွင်အခြေအနေများ ရရှိခွင့်

(၂) လူမှုဖူလုံရေးခံစားခွင့်နှင့် လူမှုကာကွယ်စောင့်ရှောက်ရေး ခံစားခွင့်

(၃) မျှတသောအလုပ်ချိန်သတ်မှတ်ချက်နှင့်အညီ အလုပ်လုပ်ခွင့်

(၄) အားလပ်ရပ်နှင့် ခွင့်ရက်များခံစားခွင့်

(၅) အလုပ်သမားသမဂ္ဂများ လွတ်လပ်စွာ တည်ထောင် ဖွဲ့စည်းခွင့် (ILO Convention 87)နှင့် စုပေါင်းညှိနှိုင်းတောင်းဆိုခွင့် (ILO Convention 98) များရရှိစေရမည်။

(ခ) ပြည်တွင်း၊ ပြည်ပရွှေ့ပြောင်းအလုပ်သမားများနှင့် နိုင်ငံခြားမှ ဝင်ရောက်လုပ်ကိုင်သော နိုင်ငံခြားသား အလုပ်သမားများအတွက် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းပေးရမည်။

၅၀။ တောင်သူလယ်သမားအခွင့်အရေး

(က) တောင်သူလယ်သမားတိုင်းသည် –

(၁) သီးနှံများကို လွတ်လပ်စွာ စိုက်ပျိုးခွင့်၊ ရောင်းချခွင့်၊ ထုတ် လုပ်ခွင့်၊

(၂) အခွန်ဟူသမျှ ငွေကြေးဖြင့် ပေးဆောင်ခွင့်၊

(၃) တောင်သူလယ်သမားသမဂ္ဂများ လွတ်လပ်စွာ ဖွဲ့စည်းခွင့် ရှိစေရမည်။

(ခ) တောင်သူလယ်သမား အခွင့်အရေးဆိုင်ရာ ဥပဒေများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြည်နယ်လွှတ်တော်များနှင့် ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်တို့က ပြဋ္ဌာန်းပေးရမည်။

တန်းတူအခွင့်အရေးဖော်ဆောင်ခြင်း

၅၁။ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခြင်းနှင့် အခွင့်အရေးများ ဆုံးရှုံးခြင်းတို့ကို ခံစားနေရသော တိုင်းရင်းသားလူမျိုးများနှင့်အစုအဖွဲ့များအတွက် ဖြစ်စေ၊ စွမ်းဆောင်နိုင်မှု အခြေအနေ နိမ့်ပါးလျက်ရှိသော နိုင်ငံသားအစုအဖွဲ့များအတွက်ဖြစ်စေ၊ အချို့သောထုံးတမ်းစဉ်လာများအရ နှိမ့်ချဖယ်ကြဉ်ခြင်းခံထားရသော နိုင်ငံသားအစုအဖွဲ့များအတွက်ဖြစ်စေ၊ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ အထူးစီမံဆောင်ရွက်ချက်များဖြင့် အကာအကွယ်ပေးခြင်း၊ စီမံဆောင်ရွက်ခြင်းတို့သည် နိုင်ငံသားတိုင်း တန်းတူအခွင့်အရေး ရရှိစေရမည်ဟူသော ပြဋ္ဌာန်းချက်ကြောင့် အဟန့်အတား မဖြစ်စေရ။

၅၂။ ပြည်နယ်များအတွင်းရှိ လူနည်းစုများ (Minority within Minority) နိုင်ငံရေးဆုံးဖြတ်ချက် အခန်းကဏ္ဍတွင် ပူးပေါင်းပါဝင်နိုင်စေရန် အဆင့်ဆင့်သော နိုင်ငံရေးကဏ္ဍတို့တွင် ပါဝင်နိုင်ခွင့် အခွင့်အလမ်းများကို ဖန်တီးပေးရမည်။ ထို့အပြင်အခြားသော ကဏ္ဍအသီးသီးတွင် အထူးစီမံဆောင်ရွက်ချက် (Affirmative Actions) များကိုလည်း မူဝါဒချမှတ်ဖော်ဆောင်ပေးရမည်။

၅၃။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေး

(က) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုကြောင့် ကြုံတွေ့ခံစားရမည့် အတိဒုက္ခများမှ ကင်းလွတ်စေရမည့်အပြင် သဘာဝတရားနှင့် ကိုက်ညီ၍ ကျန်းမာရေးနှင့်ညီညွတ်သည့် သဘာဝပတ်ဝန်းကျင်ကို ရရှိရန် အခွင့်အရေးရှိသည်။

(ခ) လူနည်းစုဌာနေတိုင်းရင်းသားတို့၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခွင့်နှင့် ၎င်းတို့အခြေချနေထိုင်ရာဒေသအတွင်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို ဖြစ်စေနိုင်သည့် သဘာဝသယံဇာတများ အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းအပေါ် ကန့်သတ်ထိန်းချုပ်ခွင့်ရှိခြင်းကို ဖက်ဒရယ်ပြည်ထောင်စုအစိုးရသည် အသိအမှတ်ပြုရမည်။

ဖက်ဒရယ်လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာအခြေခံမူ

၅၄။ ဖက်ဒရယ်ပြည်ထောင်စု၏လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာမူဝါဒများသည် လူသားလုံခြုံရေးကို အခြေခံရမည်။ ဖက်ဒရယ်ပြည်ထောင်စုလုံခြုံရေးနှင့် ကာ

ကွယ်ရေးဆိုင်ရာတပ်ဖွဲ့များ အားလုံးသည် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အရပ်သားအစိုးရ၏ အုပ်ချုပ်မှုအောက်တွင် ရှိရမည်။

၅၅။ ဖက်ဒရယ်လွှတ်တော်သည် ပြည်ထောင်စု၏လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာမူဝါဒများနှင့် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းပေးရမည်။ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာအသုံးစရိတ်များကို ဖက်ဒရယ်လွှတ်တော်က စိစစ်အတည်ပြုပေးရမည်။

၅၆။ ပြည်ထောင်စုရဲတပ်ဖွဲ့နှင့် ပြည်နယ်ရဲတပ်ဖွဲ့တို့ကို သီးခြားစီဖွဲ့စည်းရမည်။ ပြည်နယ်လုံခြုံရေးတပ် ဖွဲ့စည်းခွင့်ရှိသည်။ ပြည်နယ်ရဲတပ်ဖွဲ့နှင့် ပြည်နယ်လုံခြုံရေးတပ်တို့သည် သက်ဆိုင်ရာပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအောက်တွင်ရှိသည်။ ပြည် နယ်ရဲတပ်ဖွဲ့နှင့် ပြည်နယ်လုံခြုံရေးတပ်တို့၏ အသုံးစရိတ်များကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်က စိစစ်အတည်ပြုပေးရမည်။

၅၇။ ပြည်ထောင်စုလုံခြုံရေးနှင့် အရေးပေါ်အခြေအနေတွင်လည်းကောင်း၊ သဘာဝကပ်ဘေးအန္တရာယ်များနှင့် ကယ်ဆယ်ရေးဆိုင်ရာလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက်သော်လည်းကောင်း လုံခြုံရေးတပ်ဖွဲ့များအားအသုံးပြုမှုနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာပြည်နယ်အစိုးရတို့က ညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်ရမည်။

၅၈။ ဖက်ဒရယ်ပြည်ထောင်စု၏ အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီကို ဖွဲ့စည်းရမည်။ ၎င်းကောင်စီတွင် ပြည်နယ်လုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီများမှ အနည်းဆုံး တဦးစီ အပါအဝင် ကောင်စီဝင် စုစုပေါင်း၏ (၃၀) ရာခိုင်နှုန်းထက်မကျော်သော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

ဖက်ဒရယ်ပြည်ထောင်စုလုံခြုံရေးစနစ်

၅၉။ ပြည်ထောင်စု၊ ပြည်နယ်နှင့် ဒေသန္တရအရပ်သားအစိုးရများအကြား လုပ်ပိုင်ခွင့်ဆိုင်ရာ အာဏာများ ခွဲဝေခြင်း၊ အစုအဖွဲ့ (သို့) လူပုဂ္ဂိုလ်အတွက် သီးခြားပေးအပ်ထားသော အခွင့်အရေးများဆိုင်ရာ ခွဲဝေခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာအာဏာခွဲဝေခြင်းတို့ ကျင့်သုံးပြီး ဒေသခံတို့၏ ဓလေ့ထုံးတမ်းများ၊ စိုးရိမ်ချက်များနှင့် လိုအပ်ချက်များကို ထင်ဟပ်ပုံဖော်သည့် သက်ဆိုင်ရာ ပထဝီအနေအထား အခြေခံမဟာဗျူဟာများ ချမှတ်မှုနှင့် လုံခြုံရေးဆိုင်ရာတာဝန်ရှိ

သူများ တာဝန်ချထားမှုတို့လုပ်ဆောင်ကာ ပြည်သူလူထု လုံခြုံရေး၊ ရပ်ရွာဘေး အန္တရာယ် တားဆီးရေးနှင့် ပြည်ထောင်စုကာကွယ်ရေးကို အာမခံသည့် လူမျိုး ပေါင်းစုံ၊ ဘက်ပေါင်းစုံလွှမ်းခြုံပူးပေါင်းပါဝင်သည့် အဖွဲ့အစည်းများ၊ အင်အားစု များနှင့် ဝန်ဆောင်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ဖက်ဒရယ် ပြည်ထောင်စုလုံခြုံရေးစနစ်တစ်ရပ် တည်ဆောက်ရမည်။

စီမံခန့်ခွဲခြင်းနှင့် ပြည်သူ့ဝန်ထမ်းခြင်း (Administration and Public Services)

၆၀။ စီမံခန့်ခွဲခြင်းနှင့် ပြည်သူ့ဝန်ထမ်းခြင်းလုပ်ငန်းများတွင် တာဝန်ထမ်းဆောင် မည့်သူများအား ရွေးချယ်ခြင်းနှင့်လေ့ကျင့်သင်ကြားခြင်းအတွက် တိကျသည့် မူဝါဒများ ရေးဆွဲပြဋ္ဌာန်းထားရမည်။ ဝန်ထမ်းလေ့ကျင့်သင်ကြားရေးကျောင်း များတွင်သင်ကြားမည့် သင်ရိုးညွှန်းတမ်းဆိုင်ရာ စံနှုန်းများကို ပြည်ထောင်စု အစိုးရက သတ်မှတ်ပြဋ္ဌာန်းပေးရမည်။

၆၁။ ပြည်နယ်များတွင်တာဝန်ထမ်းဆောင်မည့်သူများအတွက် သက်ဆိုင်ရာ ပြည်နယ်တွင် စီမံခန့်ခွဲခြင်းနှင့် ပြည်သူ့ဝန်ထမ်းခြင်းဆိုင်ရာ ဝန်ထမ်းရွေးချယ် လေ့ကျင့်သင်ကြားရေးကျောင်းများ သီးခြားဖွင့်လှစ်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိ သည်။

အစိုးရအချင်းချင်းအကြားဆက်ဆံရေး (Inter–Governmental Relations)

၆၂။ ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်အကြားတွင်သော်လည်းကောင်း၊ ပြည် နယ်အချင်းချင်းကြားတွင်သော်လည်းကောင်း အငြင်းပွားစရာများ၊ ပြဿနာ များ ပေါ်ပေါက်ပါက ပူးပေါင်းကိုင်တွယ် ဖြေရှင်းရန်နှင့် လုပ်ငန်းဆောင်တာ များကို အတူတကွ ပူးပေါင်းလုပ်ကိုင်နိုင်ရန်အတွက် အကြီးအကဲများ ပူးတွဲ ကော်မတီကိုလည်းကောင်း၊ လုပ်ငန်းကဏ္ဍအသီးသီးတို့တွင် ပူးပေါင်းဆောင် ရွက်ရန်အတွက် ကဏ္ဍအလိုက်ဝန်ကြီးများ ပူးတွဲကော်မတီကိုလည်းကောင်း၊ မျှဝေသုံးစွဲရန် သတ်မှတ်ထားသောဝင်ငွေများကို စီမံခန့်ခွဲရန်အတွက် ဘဏ္ဍာ ရေးပူးတွဲကော်မတီကိုလည်းကောင်းစသည့် ပူးတွဲကော်မတီတို့ကို ဖွဲ့စည်းနိုင် သည်။ ပူးပေါင်းဆောင်ရွက်သည့်ကိစ္စရပ်၏လိုအပ်ချက်အရ ကော်မတီသက် တမ်းကို သတ်မှတ်ထားရှိရမည်။

၆၃။ ပြည်နယ်အကြီးအကဲများသည် ပြည်ထောင်စုအဂ္ဂါစဉ်အရ ပြည်ထောင်စု ဝန်ကြီးများ၏ အထက်တွင် ရှိသည်။

# အခန်း (၅)

# ဝန်ခံကတိပြုချက်

ဤပဋိညာဉ်ကြေညာစာတမ်းသည် စစ်အာဏာရှင်ဆန့်ကျင်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ပေါက်ရေးအတွက် လှုပ်ရှားမှုများတွင် ပါဝင်သော အဖွဲ့အစည်းအားလုံးမှ အတူတကွ ကတိကဝတ်ပြု လက်မှတ်ရေးထိုး၍ လုပ်ဆောင်သွားရန် သဘောတူ(ချုပ်ဆို) ကြခြင်းဖြစ်သည်။ ဤကြေညာစာတမ်းအရ မိမိတို့သည် လက်ရှိတွေ့ကြုံနေရသည့် အကျပ်အတည်းဖြစ်နေသောအခြေအနေမှသည် De jure နှင့် De facto တို့၏စုပေါင်းခေါင်းဆောင်မှုဖြင့် ဥပဒေစိုးမိုးမှုရှိသော၊ ဒီမိုကရေစီအားကောင်းသော၊ တာဝန်ယူမှုရှိသည့်အစိုးရရှိသော အနေအထားသို့ ရောက်ရှိအောင် ဆောင်ရွက်သွားရန်ဖြစ်သည်။ လက်ရှိအချိန်တွင် ပြည်သူများအနေဖြင့် အာဏာသိမ်းစစ်တပ်၏ စိတ်အလိုရှိသည့်အတိုင်း အကြမ်းဖက်အုပ်ချုပ်နေမှုအောက်တွင် ဒုက္ခခံစားနေရပြီး တရားဝင်မှုရှိသည့် အစိုးရ မရှိတော့ပေ။ အကျိုးဆက်မှာ မိမိတို့သည် ဖရိုဖရဲ ပရမ်းပတာ အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ဤအခြေအနေတွင် မိမိတို့သည် တပ်မတော်အုပ်ချုပ်မှု ကင်းစင်ပြီး တည်ငြိမ်မှုကိုပေးနိုင်မည့် တညီတညွတ်တည်းရှိသော အစိုးရတစ်ရပ်ကို လုံးဝလိုအပ်နေပါသည်။ (ထို့ကြောင့် အမျိုးသားညီညွတ်ရေးအစိုးရအတွက် ဤပဋိညာဉ်ကြေညာစာတမ်းပါအချက်များသည် ဓမ္မကို အခြေခံ၍ ပါဝင်ပတ်သက်သူ (Stakeholders) များမှ နက်နက်ရှိုင်းရှိုင်း သက်ဝင်ယုံကြည်၍ ကတိကဝတ်ပြု (လက်မှတ်ရေးထိုး) ထားခြင်း ဖြစ်သည်။

ကျွန်ုပ်တို့အတွက် နိုင်ငံရေးလမ်းပြမြေပုံအတိုင်း ဆောင်ရွက်ရမည့်အလုပ်များမှာအရေးကြီး၍မြင့်မြတ်သော လုပ်ငန်းများဖြစ်ပါသည်။ မိမိတို့သည် ပရမ်းပတာ/ လုံခြုံမှုကင်းမဲ့သည့်အခြေအနေမှ တည်ငြိမ်မှုပြန်လည်ရရှိရန်၊ ဥပဒေမဲ့ဆောင်ရွက်နေမှုများမှ တရားမျှတ မှုရှိလာရန်၊ အကြမ်းဖက်မှုများမှ ပြန်လည်ငြိမ်းချမ်းမှု ရရှိရန်၊ စစ်အုပ်ချုပ်ရေးမှ ဒီမိုကရေစီ ပြန်လည်ထွန်းကားရန်၊ ရက်စက်ကြမ်းတမ်းမှုများမှ လုံခြုံစိတ်ချရမှု ပြန်လည်ရရှိရန်၊ မုန်းတီးမှုများမှ အမှန်တရားကို အခြေခံသည့် ကရုဏာစိတ်ထားများ ပြန်လည်တည်ဆောက်နိုင်ရန်နှင့် ဖိနှိပ်မှုများမှ လွတ်မြောက်ရန် စသည်တို့အတွက် အတူတကွ အပြန်အလှန် ကတိကဝတ်ပြုခြင်းဖြင့် ရှေ့ဆက်ဆောင်ရွက်သွားရမည်ဖြစ်

သည်။ ထိုလုပ်ငန်းစဉ်များနှင့် သဘောတူညီချက်များကို အမှန်တကယ် လေးစားစွာ၊ တာဝန်ရှိစွာနှင့် ကတိကဝတ်ခိုင်မြဲစွာ ဆောင်ရွက်သွားမည်။

ဤပဋိညာဉ်သည် တရားဝင် စည်းနှောင်ချုပ်ဆိုထားခြင်းဖြစ်သည်။ ထို့ပြင်မက ကိုယ်ကျင့်တရားကို အခြေခံ၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်းလည်းမှတ်ယူသည်။ ထို တာဝန်ရှိမှုများနှင့်ပတ်သက်၍ ပါဝင်လက်မှတ်ထိုးထားသည့်/ ကတိကဝတ်ပြုသည့် အဖွဲ့ တိုင်းသည် အခြားကတိကဝတ်ပြု၍ လက်မှတ်ရေးထိုးသည့် အဖွဲ့အစည်းတစ်ခုချင်း အပေါ်တွင်လည်းကောင်း၊ အဖွဲ့အစည်းအသီးသီး၏ အဖွဲ့ဝင်များအပေါ်တွင်လည်း ကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူများအပေါ်တွင်လည်းကောင်း၊ အနာဂတ် မျိုးဆက်သစ်များအပေါ်တွင်လည်းကောင်း တာဝန်ခံသည်ဟု ကျွန်ုပ်တို့ ယုံကြည် ပါသည်။

- ဤပဋိညာဉ်ပါ ဦးတည်ချက်၊ ရည်ရွယ်ချက်များအား ပြည်သူ့ညီလာခံ (People Assembly) ၏ စုပေါင်းဦးဆောင်မှုနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက် ကာ လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူမှုရှိပြီး ငြိမ်းချမ်းသည့် ဖက်ဒရယ် ဒီမို ကရေစီ ပြည်ထောင်စု တည်ဆောက်မည်။
- ထိုသို့တည်ဆောက်ရာတွင် ပြည်ထောင်စုစံတန်ဖိုးများကို အခြေခံ၍ ပြည်သူ ထံသို့ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် အခွင့်အရေး၊ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ် များထံသို့ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများအား ပြန်လည်အပ်နှင်းနိုင်ရေး ကြိုးပမ်း အားထုတ်သွားမည်။
- အခြေခံအခွင့်အရေးများ၊ ဂျဲန်ဒါတန်းတူညီမျှရေးနှင့် လူနည်းစုတို့၏ အခွင့် အရေးများ ရရှိစေရမည်။ နိုင်ငံသားတိုင်း၏ လူမှုဘဝ လုံခြုံမှုရှိစေရေးအတွက် လူသားလုံခြုံမှုကို အခြေခံသည့် ဖက်ဒရယ် ပြည်ထောင်စု၏ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာမူဝါဒများကို ချမှတ်ဆောင်ရွက်သွားမည်။
- နိုင်ငံသားတို့၏ လူနေမှုဘဝအဆင့်အတန်း ပိုမိုမြင့်မား၍ ဆန်းသစ်ပြောင်းလဲ မှုနှင့် စွန့်ဦးတီထွင်မှုတို့ကို အားပေးထောက်ကူပြုသည့် မူဝါဒများကို ချမှတ် ဆောင်ရွက်သွားမည်။
- လူတိုင်း လက်လှမ်းမီ လွှမ်းခြုံနိုင်သော အားလုံးအကျုံးဝင် ပညာရေးစနစ် (Universal Education Coverage) / မိခင်ဘာသာစကားအခြေခံ ပညာသင်

ကြားရေးစနစ်နှင့် ကျန်းမာရေးစနစ် (Universal Health Coverage) မသန်စွမ်းသူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များအပါအဝင် အမျိုးသမီးဆိုင်ရာအခွင့်အရေးများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အလွဲသုံးမှုဆိုင်ရာ အန္တရာယ်လျှော့ချရေး (Harm Reduction)၊ ကုသရေးနှင့် ပြည်လည်ထူထောင်အတွက် ထိရောက်သောမူဝါဒများ ချမှတ်ဆောင်ရွက်သွားမည်။

- ပြည်သူ့ဆန္ဒနှင့်အညီ အပ်နှင်းခြင်းမဟုတ်သော အခွင့်အာဏာများအား ပြန်လည်ရုပ်သိမ်းရမည်။ ရွေးကောက်ခံများကို အခြေခံသော အရပ်သားအုပ်ချုပ်ရေးစနစ်ကို တည်ဆောက်မည်။ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိသော အစိုးရများအား ပြည်သူ့အင်အားဖြင့် ဖြုတ်ချပါမည်။ အချုပ်အခြာ၏ မူလရင်းမြစ်သည် ပြည်သူအများ ဖြစ်ကြောင်း အာမခံနိုင်ရမည်။ နိုင်ငံ့အာဏာသည် ပြည်သူလက်ထဲတွင် ရှိကြောင်း သေချာစေရမည်။
- ဤပဋိညာဉ်ပါအကြောင်းအရာများ၊ ဖော်ပြချက်များနှင့် မူဝါဒများသည် မကြာမီကာလတွင် ပေါ်ပေါက်လာမည့် ကြားကာလအစိုးရ၊ ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံများတွင် ဆောင်ရွက်မည့် ကိစ္စရပ်များအတွက် သာမက ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာ၌လည်း လိုက်နာကျင့်သုံးရမည့် အခြေခံလမ်းညွှန်ချက်များ ဖြစ်သည်။

## နိဂုံး

တိုင်းရင်းသားခေါင်းဆောင်ကြီးများသည် ၁၉၄၇ ခုနှစ်တွင် ပင်လုံစာချုပ်ကို ချုပ်ဆိုကာ လွတ်လပ်ရေးကို အတူအကွရယူခဲ့ပြီး ပြည်ထောင်များ စုပေါင်း၍ ပြည်ထောင်စု နိုင်ငံအဖြစ် တည်ထောင်ရန် ကြိုးပမ်းခဲ့ကြသည်။ လွတ်လပ်ခြင်း၊ တန်းတူခြင်း၊ စုံလင်ကွဲပြားခြင်း၊ စုပေါင်းခေါင်းဆောင်ခြင်းနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်ရှိခြင်းတို့ကို ပြည်ထောင်စု၏ စံတန်ဖိုးများအဖြစ် ကိုင်စွဲ၍ လူမျိုးပေါင်းစုံ အေးအတူပူအမျှ ငြိမ်းချမ်းစွာဖြင့် အတူတကွ ယှဉ်တွဲနေထိုင်နိုင်မည့် ဖက်ဒရယ်ပြည်ထောင်စုအား တည်ဆောက်ရန် ရည်မျှော်ခဲ့ကြသည်။

သို့ပါ၍ ငြိမ်းချမ်းသာယာသည့် ဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရန်အတွက် ပြည်ထောင်စု၏ မူရင်းပဋိညာဉ်ဖြစ်သည့် ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်နှင့် ပင်လုံမူတို့ကို ပြန်လည်အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ ဖက်ဒရယ်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ရေးဆွဲရမည်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ အုပ်ချုပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေစနစ် (Constitutionalism) ကို ကျင့်သုံးမည်။ လိုအပ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်မည်။ ပြည်ထောင်စု၏ အင်္ဂါရပ်များနှင့် ပြည့်စုံရန် လုပ်ဆောင်မည်။ ပြည်ထောင်စုလက္ခဏာတည်ဆောက်ရေးဖြစ်သည့် အသွင်သဏ္ဍာန်လက္ခဏာ တည်ဆောက်ရေးနှင့် အနှစ်သာရ လက္ခဏာ တည်ဆောက်ရေးတို့ကို အကောင်အထည်ဖော်မည်။ စုပေါင်းတည်ထောင်ခဲ့သောပြည်ထောင်စုကြီးအား စုပေါင်းခေါင်းဆောင်မှုဖြင့် ကမ္ဘာ့အလယ်တွင် တင့်တယ်စေရမည်။

စံတန်ဖိုးများနှင့် ခိုင်မာသည့်မူဝါဒများကို လေးစားယုံကြည်လိုက်နာသော လွတ်လပ်၊ ငြိမ်းချမ်း၊ ကြီးပွား၊ တိုးတက်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုသစ်ကြီးကို ထုဆစ်ပုံဖော်ရန်အတွက် ဤပဋိညာဉ်ကြီးကို စုပေါင်းရေးဆွဲပြဋ္ဌာန်း အတည်ပြုကာ စုပေါင်းခေါင်းဆောင်မှုဖြင့် စုပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

# ဒီမိုကရေစီပဋိညာဉ်

## အစိတ်အပိုင်း (၂)

ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံ

၂၀၂၁ ခုနှစ်

Federal Democracy Charter

Part – 2

Interim Constitutional Arrangements

2021

၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပခဲ့သည့်

ပထမအကြိမ်ပြည်သူ့ညီလာခံတွင်

ပြင်ဆင်ဖြည့်စွက်ချက်များဖြင့် အတည်ပြုခဲ့သည်။

မာတိကာ


နိဒါန်း

| | |
|---|---|
| အခန်း (၁) | ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအစီအမံ၏ရည်ရွယ်ချက် |
| အခန်း (၂) | ပြည်သူ့ညီလာခံ |
| အခန်း (၃) | အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ |
| အခန်း (၄) | ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ၏ လုပ်ငန်းတာဝန်များ |
| အခန်း (၅) | ကြားကာလ ဥပဒေပြုရေး |
| အခန်း (၆) | ကြားကာလ အုပ်ချုပ်ရေး |
| အခန်း (၇) | ကြားကာလ တရားစီရင်ရေး |
| အခန်း (၈) | ပြည်နယ်/ဖက်ဒရယ်ယူနစ်များ၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး |
| အခန်း (၉) | အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ပြင်ဆင်မှုအစီအမံများ |
| အခန်း (၁၀) | ပဋိညာဉ်အား ပြင်ဆင်ဖြည့်စွက်ခြင်း |
| အခန်း (၁၁) | အထွေထွေပြဋ္ဌာန်းချက်များ (General Provisions) |
| အခန်း (၁၂) | ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ ကတိပြုချက်များ |

## နိဒါန်း

ပြည်ထောင်စုအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးတို့၏ ခိုင်မာသည့် လိုလားတောင့်တချက်မှာ လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှုတို့ကို အခြေခံသည့် ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အပြည့်အဝ အာမခံချက်ပေးနိုင်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး ပေါ်ပေါက်လာရေးပင်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ မွေးရာပါအခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာတို့ကို လေးစားတန်ဖိုးထားသော စံတန်ဖိုးများ၊ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံရမည့် အခြေခံမူများ၊ လမ်းညွှန်အခြေခံမူများ၊ အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ် (သို့မဟုတ်) နိုင်ငံရေးလမ်းပြမြေပုံတို့ကို ဤပဋိညာဉ်၏ အစိတ်အပိုင်း (၁) တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးကို စုပေါင်းအင်အားဖြင့် ကြိုးပမ်းဆောင်ရွက်ကြမည့် သက်ဆိုင်ရာအင်အားစု အသီးသီးတို့ကလည်း သန္နိဋ္ဌာန်ချမှတ် ကတိပြုကြပြီးဖြစ်သည်။ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်အစိတ်အပိုင်း (၁) တွင် ဖော်ပြထားသည့် ဦးတည်ချက်၊ ရည်ရွယ်ချက်များကို လက်တွေ့အကောင်အထည်ဖော်ရန်နှင့် ရှေ့ဆက်သွားမည့် နိုင်ငံရေးလမ်းပြမြေပုံအဆင့်ဆင့်အား လက်တွေ့အကောင်အထည်ဖော်ခြင်းဖြင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီးတည်ဆောက်နိုင်ရန်အလို့ငှာ ကြားကာလတွင် အခြေခံရမည့် "ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအစီအမံများ (Interim Constitutional Arrangements)" ကို ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်၏ အစိတ်အပိုင်း (၂) အဖြစ် အတည်ပြုပြဋ္ဌာန်းလိုက်သည်။ ဤကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအစီအမံများ၏သက်တမ်းသည် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းပြီး စတင်အသက်ဝင်သည့်အချိန်အထိ ဖြစ်သည်။

## အခန်း (၁)
## ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအစီအမံ၏ ရည်ရွယ်ချက်

၁။ စစ်အာဏာရှင်စနစ်အပါအဝင် မည်သည့်အာဏာရှင်စနစ်မဆို အပြီးတိုင်ချုပ်ငြိမ်းရေးကို ဦးတည်သည့် လုပ်ငန်းစဉ်များနှင့် အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်သည်အထိ လိုအပ်သည့်လုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

၂။ စစ်အာဏာရှင်စနစ်အပါအဝင် မည်သည့်အာဏာရှင်စနစ်မဆို အပြီးတိုင်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးအတွက် ဘုံပန်းတိုင်တူအင်အားစုအားလုံးပါဝင်သော ပြည်သူ့ညီလာခံတစ်ရပ်ကို စတင်ခေါ်ယူကျင်းပရန်၊

၃။ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်၏ အစိတ်အပိုင်း (၁) ပါ ဦးတည်ချက်၊ ရည်ရွယ်ချက်နှင့် နိုင်ငံရေးလမ်းပြမြေပုံ အဆင့်ဆင့်တို့ကို ဦးဆောင်အကောင်အထည်ဖော်မည့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီအား အတည်ပြုဖွဲ့စည်းရန်၊

၄။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၏ ညှိနှိုင်းသဘောတူညီချက်ဖြင့် ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရကို ဖွဲ့စည်းကာ ၎င်း၏ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပြဋ္ဌာန်းရန်၊

၅။ ဖက်ဒရယ်ဒီမိုကရေစီ တော်လှန်ရေးကာလအတွက် လိုအပ်သောစုဖွဲ့မှုများကို ပြုလုပ်ရန်နှင့် ၎င်းတို့၏ ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပြဋ္ဌာန်းရန်၊

၆။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီက အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ပြင်ဆင်မှုအစီအမံများ ရေးဆွဲရန်၊

## အခန်း (၂)
## ပြည်သူ့ညီလာခံ

### ရည်ရွယ်ချက်

၇။ အာဏာရှင်စနစ် အပြီးတိုင်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးအတွက် ဖက်ဒရယ်ဒီမိုကရေစီအင်အားစုများ စုပေါင်း၍ နိုင်ငံရေး၊

စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် အာဏာရှင်စနစ်တိုက်ဖျက်ရေးဆိုင်ရာ အခြေခံမူများ၊ မူဝါဒများ၊ မဟာဗျူဟာများနှင့် အသွင်ကူးပြောင်းရေး ဆိုင်ရာ အစီအမံများ ညှိနှိုင်းဆွေးနွေး အတည်ပြုဆောင်ရွက်ရန် ဤပြည်သူ့ညီလာခံကို ကျင်းပခြင်း ဖြစ်သည်။

ညီလာခံဖွဲ့စည်းကျင်းပပုံ တာဝန်နှင့် လုပ်ငန်းစဉ်

၈။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီသည် ပြည်သူ့ညီလာခံကို ဦးဆောင် ကျင်းပရမည်။ ပြည်သူ့ ညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်သူ့ညီလာခံ ကျင်းပပုံ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရမည်။

၉။ ပြည်သူ့ညီလာခံတွင် အောက်ပါနယ်ပယ်များမှ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို သဘောတူသော အစုအဖွဲ့များ၏ ကိုယ်စားလှယ်များ ပါဝင်မည်။

(က) ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ အပါအဝင် ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်များ

(ခ) နိုင်ငံရေးပါတီများ

(ဂ) သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့်လူနည်းစုဆိုင်ရာအဖွဲ့အစည်းများ အပါအဝင် အရပ်ဘက်အဖွဲ့အစည်းများ၊ အာဏာရှင်စနစ်ဆန့်ကျင်ရေးတွင်ပါဝင်နေကြသော နိုင်ငံ့ဝန်ထမ်းများအပါအဝင် CDM လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူထုသပိတ်လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ

(ဃ) တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ

(င) ကြားကာလ ပြည်နယ်/ဖက်ဒရယ်ယူနစ်ကိုယ်စားပြုနှင့် လူမျိုးအခြေပြုအဖွဲ့အစည်း/ ကောင်စီများ

၁၀။ ဤပြည်သူ့ညီလာခံတွင်ပါဝင်သည့်အဖွဲ့ဝင်များသည် သက်ဆိုင်ရာအဖွဲ့အစည်းများအား တရားဝင်ကိုယ်စားပြုသူများဖြစ်၍ ပြည်သူ့ညီလာခံ၏ ဆုံးဖြတ်ချက်များအတိုင်း ရပ်တည်၍ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရမည်။

လုပ်ပိုင်ခွင့်နှင့် တာဝန်များ

၁၁။ ပြည်သူ့ညီလာခံသည် အောက်ပါတာဝန်များနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(က) လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အခြေခံသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ဖွဲ့စည်းတည်ထောင်သွားရန်အတွက် လမ်းညွှန်မှုများပေးရန်၊ မိတ်ဖက်များအဖြစ် တာဝန်ခွဲဝေမှုများ ပြုလုပ်သွားရန်။

(ခ) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် အာဏာရှင်စနစ်တိုက်ဖျက်ရေးဆိုင်ရာ အခြေခံမူများ၊ မူဝါဒများ၊ မဟာဗျူဟာများကို ဆွေးနွေးအတည်ပြုရန်။

(ဂ) အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (ယာယီ) မှ သဘောတူတင်သွင်းသော ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်ကို ဆွေးနွေး အတည်ပြုရန်။

(ဃ) ပြည်သူ့ညီလာခံတက်ရောက်သည့် အင်အားစုအားလုံးမှ ကိုယ်စားပြုပါဝင်သော အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီအားဖွဲ့စည်းရန်။

(င) အမျိုးသားညီညွတ်ရေးအစိုးရကို အတည်ပြုပေးရန်။

(စ) ပြည်သူ့ညီလာခံသည် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီနှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့၏ မူဝါဒများကို သုံးသပ်ပြီး ဆုံးဖြတ်အတည်ပြုပေးခြင်း၊ အဓိကလုပ်ဆောင်သွားမည့် လုပ်ငန်းနယ်ပယ်များကို ချမှတ်ပေးခြင်းနှင့် ၎င်းတို့၏ဆောင်ရွက်ချက်များကို သုံးသပ်ခြင်းတို့ကို ဆောင်ရွက်ရန်။

(ဆ) ပြည်သူ့ညီလာခံသည် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီက ဖွဲ့စည်းသော ကော်မတီ၊ ကောင်စီ၊ ကော်မရှင်များကို အတည်ပြုပေးရန်။

(ဇ) အသွင်ကူးပြောင်းရေးဆိုင်ရာ အစီအမံများနှင့် အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းစဉ်များကို ဆွေးနွေးအတည်ပြုရန်။

(ဈ) အသွင်ကူးပြောင်းရေး ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရန်။

(ည) ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာလုပ်ငန်းစဉ်များကို အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီမှ ချမှတ်ပြီး ပြည်သူ့ညီလာခံတွင် အတည်ပြုရန်။

၁၂။ ညီလာခံကျင်းပခြင်း

(က) ပြည်သူ့ညီလာခံအား (၆) လ တစ်ကြိမ် ကျင်းပရမည်။

(ခ) လိုအပ်ပါက အရေးပေါ်ညီလာခံအား ကျင်းပနိုင်သည်။

(ဂ) ညီလာခံကိုယ်စားလှယ်များ၏ ၆၀ ရာခိုင်နှုန်း တက်ရောက်မှသာလျှင် ညီလာခံ အထမြောက်သည်။ ပုံမှန်ညီလာခံများတွင် မမျှော်လင့်ထား သည့်အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာသည့် အခြေအနေများ နှင့်အရေးပေါ်ညီလာခံများတွင် ညီလာခံအထမြောက်မှုကို အမျိုးသား ညီညွတ်ရေးအတိုင်ပင်ခံကောင်စီက ဆုံးဖြတ်နိုင်သည်။

၁၃။ ညီလာခံတွင် ဆုံးဖြတ်ချက် ချမှတ်ခြင်း

(က) လုံလောက်သော ဘုံသဘောတူညီမှု (Sufficient Consensus) ၆၅ ရာခိုင်နှုန်းကျော်ဖြင့် ဆုံးဖြတ်ချက် ချမှတ်ရမည်။

## အခန်း (၃)
## အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ

### ရည်ရွယ်ချက်

၁၄။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၏ ရည်ရွယ်ချက်များမှာ အောက် ပါအတိုင်းဖြစ်သည်။

(က) ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ပါ ဦးတည်ချက်၊ ရည်ရွယ်ချက်နှင့် နိုင်ငံရေးလမ်းပြမြေပုံများကို အကောင်အထည်ဖော် ဆောင်ရွက်ရာ တွင် ဦးဆောင်ရန်၊

(ခ) ပြည်သူ့ညီလာခံမှ ချမှတ်လိုက်သော မူဝါဒနှင့် မဟာဗျူဟာများကို တာဝန်ခံ အကောင်အထည်ဖော်ရာတွင် ပြည်သူ့ညီလာခံတစ်ခုနှင့် တစ်ခုအကြား ညှိနှိုင်းလုပ်ဆောင်ရန်နှင့် မူဝါဒရေးရာများအား စုပေါင်း ခေါင်းဆောင်မှုဖြင့် ကြီးကြပ်မှုပေးရန်၊

(ဂ) စစ်အာဏာရှင် ချုပ်ငြိမ်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည် ဆောက်ရေးအတွက် ဘုံပန်းတိုင်တူသော အင်အားစုအားလုံးကို စုစည်းနိုင်ရန်နှင့် ဖက်ဒရယ်ပဋိညာဉ်နှင့်အညီ မဟာဗျူဟာလုပ်ငန်းစဉ်

များကို လက်တွေ့အကောင်အထည်ဖော်ရေးတွင် အင်အားစုအားလုံး ပါဝင်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းပေးရန်၊

ဖွဲ့စည်းပုံ

၁၅။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီကို အောက်ပါအစုအဖွဲ့များမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

(က) ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ အပါအဝင် ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်များ

(ခ) နိုင်ငံရေးပါတီများ

(ဂ) သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့် လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် အရပ်ဘက်အဖွဲ့အစည်းများ၊ အာဏာရှင်စနစ်ဆန့်ကျင်ရေးတွင် ပါဝင်နေကြသော နိုင်ငံ့ဝန်ထမ်းများအပါအဝင် CDM လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူထုသပိတ် လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ

(ဃ) တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ

(င) ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ်/ လူမျိုး ကိုယ်စားပြု အဖွဲ့အစည်း/ ကောင်စီများ

၁၆။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီအတွင်း၌ သဘာပတိအဖွဲ့၊ နည်းပညာဆိုင်ရာ အတွင်းရေးမှူးအဖွဲ့တို့ကို သင့်လျော်သောလူဦးရေဖြင့် ဖွဲ့စည်းထားရှိရမည်။

လုပ်ပိုင်ခွင့်နှင့် တာဝန်များ

၁၇။ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) ပြည်သူ့ညီလာခံက အပြီးသတ်အတည်ပြုမည့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို ဦးဆောင် ရေးဆွဲရန်၊

(ခ) အာဏာရှင်စနစ် ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် ဘုံပန်းတိုင်တူ အင်အားစုများအားလုံး လက်တွေ့ ပူးပေါင်းပါဝင်လာရေးအတွက် စည်းရုံးစုစည်းရန်နှင့် ပေါင်းစပ်ညှိနှိုင်းရန်၊

(ဂ) ပြည်သူ့ညီလာခံ တစ်ခုနှင့်တစ်ခုအကြား ကာလများတွင် ညီလာခံအား တာဝန်ခံ၍ မူဝါဒရေးရာကိစ္စရပ်များကို ဆွေးနွေးချမှတ်ရန်၊

(ဃ) စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ပပျောက်ရေး၊ ဖက်ရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် မဟာဗျူဟာ ရေးဆွဲချမှတ်ရန်၊

(င) ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်နှင့်အညီ ချမှတ်အတည်ပြုထားသော မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ၂၀၀၈ အခြေခံဥပဒေ ပျက်ပြယ်ပြီးဖြစ်သည့် အခြေခံပေါ်မူတည်၍ မူဝါဒဆိုင်ရာ ဦးဆောင်မှုပေးရန်၊ ကြီးကြပ်ထိန်းကျောင်းရန်နှင့် ပေါင်းစပ်ညှိနှိုင်းရန်၊

(စ) အသွင်ကူးပြောင်းမှုဆိုင်ရာ အစီအမံများကို ဆွေးနွေးချမှတ်၍ ပြည်သူ့ညီလာခံသို့ တင်ပြကာ အတည်ပြုချက်ရယူရန်၊

(ဆ) အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးလုပ်ငန်းစဉ်ကို ဦးဆောင်ရန်နှင့် အဆိုပါမူကြမ်းကို ပြည်သူ့ညီလာခံ၌ အတည်ပြုချက်ရယူရန်

(ဇ) ပြည်သူ့ညီလာခံသို့တင်ပြကာ အတည်ပြုချက်ရယူထားသော ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဦးဆောင်ရန်၊

(ဈ) အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီသည် ပြည်သူ့ညီလာခံကို တာဝန်ခံရမည်။

(ည) အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ အစည်းအဝေးများတွင် ဆွေးနွေးမည့် အကြောင်းအရာအလိုက် အမျိုးသားညီညွတ်ရေးအစိုးရ၏ သက်ဆိုင်ရာဝန်ကြီးများကို ဖိတ်ကြားနိုင်သည်။

(ဋ) အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီသည် လုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နည်းပညာအထောက်အကူအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

ကော်မတီ၊ ကော်မရှင်များနှင့် လုပ်ငန်းအဖွဲ့များ

၁၈။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ဖော်ဆောင်ရေးအတွက် လိုအပ်မည့် ကဏ္ဍအလိုက် ချိတ်ဆက်လုပ်ဆောင်နိုင်စေရန် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံအဖွဲ့ဝင် အဖွဲ့အစည်းများအပြင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။ ထိုသို့ဖွဲ့စည်းရာတွင် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီနှင့် အမျိုးသားညီညွတ်ရေးအစိုးရတို့မှ အမည်စာရင်းတင်သွင်းသည့် သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်သူများပါဝင်သည့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီများ၊ ကော်မရှင်များနှင့် လုပ်ငန်းအဖွဲ့များ (Joint Coordination Committees, Commissions and Working Groups) စသည်တို့ကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

၁၉။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီက ဖွဲ့စည်းလိုက်သည့်ကော်မတီ၊ ကော်မရှင်များနှင့် လုပ်ငန်းအဖွဲ့များသည် ၎င်းတို့၏လုပ်ငန်းတာဝန်များကို ရှင်းလင်းတိကျစွာ ရေးဆွဲပြီး အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီတွင် ဆွေးနွေးအတည်ပြုချက်ရယူရမည်။ ကော်မတီ၊ ကော်မရှင်များသည် သက်ဆိုင်ရာနည်းပညာအထောက်အကူပြုအဖွဲ့များကို အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီ၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

## အခန်း (၄)
## ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ၏ လုပ်ငန်းတာဝန်များ

၂၀။ ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရသည် ဤပဋိညာဉ်ပါ နိုင်ငံရေးရည်ရွယ်ချက်များ၊ ဦးတည်ချက်များနှင့် နိုင်ငံရေးလမ်းပြမြေပုံကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၂၁။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီမှ ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိတ်ဖက်နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်ရမည်။

၂၂။ အာဏာရှင်စနစ် ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီမှ ဦးဆောင်

ရေးဆွဲထားသော မဟာဗျူဟာများနှင့်အညီ အမျိုးသားညီညွတ်ရေးအစိုးရက မူဝါဒနှင့် မဟာဗျူဟာများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(က) ပဋိညာဉ်ပါ ဦးတည်ချက်၊ ရည်ရွယ်ချက်များ၊ နိုင်ငံရေးလမ်းပြမြေပုံတို့နှင့်အညီ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ၏ မူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို ဝန်ကြီးဌာနအလိုက် ချမှတ်အကောင်အထည်ဖော်ရမည်။

(ခ) စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ပပျောက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံခြားရေးနှင့် သံတမန်ရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးစသည့် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ရမည်။

၂၃။ နိုင်ငံရေး

(က) ပြည်သူလူထုကို အကြမ်းဖက် ဖိနှိပ်လျက်ရှိသည့် အာဏာသိမ်းစစ်အုပ်စု၏ စီမံအုပ်ချုပ်မှုယန္တရားများကို ချိုးနှဲ့ရပ်တန့်စေပြီး၊ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် ၎င်း၏ အကောင်အထည်ဖော်လုပ်ဆောင်မှုများ ခိုင်မာအားကောင်းစေရန် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီဖြင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ထောင်ရေးအတွက် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) ၏ မူဝါဒရေးရာ ဦးဆောင်မှုနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) ပြည်သူလူထုတစ်ရပ်လုံးကို ဖိနှိပ်သော ဥပဒေများကို ပြင်ဆင်ပယ်ဖျက်နိုင်ရန်၊ အခြေခံလူ့အခွင့်အရေးများကို အကာအကွယ်ပေးနိုင်သော ဥပဒေကြမ်းများကိုရေးဆွဲအဆိုပြု၍ ကြားကာလဥပဒေပြုရေးအခန်း (၅) နှင့်အညီ အတည်ပြုချက်ရယူပြီး ပြည်သူတို့၏လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဃ) အကြမ်းမဖက် ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု (Civil Disobedience Movement) အပါအဝင် လူထုလှုပ်ရှားမှုများ စဉ်ဆက်မပြတ်ဆက်လက်ဖြစ်ပေါ်နေစေရေးအတွက် လိုအပ်သည့် ကူညီပံ့ပိုးမှု၊

စည်းရုံးမှု၊ စုစည်းမှု၊ ညှိနှိုင်းမှု၊ စုပေါင်းခေါင်းဆောင်မှုများဖြင့် ဆက်လက်အကောင်အထည်ဖော်ရမည်။

(င) အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်ယန္တရားကို အထောက်အပံ့ ဖြစ်စေသည့် စီးပွားရေးနှင့် ဘဏ္ဍာရေး အရင်းအမြစ်များကို လျော့ပါး ချိနဲ့စေရန် ပြည်တွင်းပြည်ပ ဖက်ဒရယ်ဒီမိုကရေစီ အရေးလှုပ်ရှားမှု အား ထောက်ခံသော အဖွဲ့အစည်းများနှင့်အတူ ပြည်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်ရမည်။

(စ) ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ၏ နိုင်ငံရေးရည်မှန်းချက် ပန်းတိုင်များကို အလျင်အမြန်ရောက်ရှိရန် ဆောင်ရွက်သော မဟာ ဗျူဟာ လုပ်ငန်းစဉ်အတွက် လိုအပ်သော စီးပွားရေးနှင့် ဘဏ္ဍာရေး လိုအပ်ချက်များကို ပြည်တွင်းပြည်မရှိ မြန်မာ့ဖက်ဒရယ်ဒီမိုကရေစီ အရေး လှုပ်ရှားမှုအား ထောက်ခံသော လူပုဂ္ဂိုလ်များနှင့်အတူ ပြည် သူများနှင့် ပူးပေါင်း၍ ဖြည့်ဆည်းဆောင်ရွက်ရမည်။

(ဆ) နိုင်ငံတကာဖိုရမ်များ၊ အစည်းအဝေးများအားလုံးတွင် စစ်အုပ်စုအား အသိအမှတ်မပြုရေးကို မြန်မာဖက်ဒရယ် ဒီမိုကရေစီအရေး လှုပ်ရှား မှုအား ထောက်ခံသော အဖွဲ့အစည်းများအားလုံးနှင့် ပူးပေါင်းဆောင် ရွက်ရမည်။

၂၄။ နိုင်ငံခြားရေး

(က) ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတကာအစိုးရများမှ အသိအမှတ်ပြုရေး၊ ထောက်ခံရေးနှင့် ပူးပေါင်းဆောင်ရွက်လာရေးအတွက် ဆောင်ရွက်သွားမည်။

(ခ) နိုင်ငံခြားရေးမူဝါဒအရ ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကာ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရအား နိုင်ငံတကာအသိုက် အဝန်းက တရားဝင်အသိအမှတ်ပြုလာစေရေး ဆောင်ရွက်ရမည်။

(ဂ) နိုင်ငံတကာဥပဒေများနှင့်အညီ ပြည်ထောင်စုနှင့် ပြည်ထောင်စု အတွင်းရှိ ပြည်သူလူထုအား အကာအကွယ်ပေးနိုင်မည့် နိုင်ငံတကာ စာချုပ်စာတမ်းများအား လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်ရမည်။

(ဃ) ဖက်ဒရယ်ဒီမိုကရေစီအရေးလှုပ်ရှားမှုအား ထောက်ခံသော မိတ်ဖက်နိုင်ငံများနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်ရမည်။

(င) အာဏာသိမ်းစစ်အုပ်စုအား နိုင်ငံတကာအသိုက်အဝန်းက ထိရောက်စွာ ပိတ်ဆို့အရေးယူနိုင်ရေးနှင့် နိုင်ငံတကာတရားရုံးများတွင် တရားစွဲဆိုအရေးယူနိုင်ရေးအတွက် သံတမန်နည်းလမ်းများဖြင့် ဆောင်ရွက်ရမည်။

၂၅။ စီးပွားရေး

(က) အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်လုပ်ငန်းများကို အထောက်အပံ့ဖြစ်စေသည့် စီးပွားရေးနှင့် ဘဏ္ဍာရေးအရင်းအမြစ်များကို လျော့ပါးချိနဲ့သွားစေရန် နိုင်ငံတကာစံနှုန်းများကို လိုက်နာ၍ တာဝန်ခံမှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှုရှိသော ပြည်တွင်းပြည်ပရှိအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(ခ) ပြည်သူလူထု၏ အခြေခံစီးပွားရေး ကောင်းမွန်လာစေရန်၊ ငွေကြေးစီးဆင်းလည်ပတ်မှု အဆင်ပြေချောမွေ့စေရန်နှင့် ငွေကြေးလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်ရမည်။

(ဂ) အာဏာသိမ်းစစ်အုပ်စု၏ လုပ်ရပ်များကြောင့် ပြည်သူလူထုအပေါ်တွင် ဖြစ်ပေါ်လာမည့် စီးပွားရေးဝန်ထုပ်ဝန်ပိုးများကို အကာအကွယ်ပေးနိုင်ရေးနှင့် ဖြေလျှော့ပေးနိုင်ရေးတို့အတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်မည်။

(ဃ) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးနှင့် ကိုက်ညီသည့် စီးပွားရေး မူဝါဒရေးဆွဲရန် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

၂၆။ လူမှုရေး

(က) အာဏာရှင်စနစ်တိုက်ဖျက်ရေးတွင် ခေတ်အဆက်ဆက်ပါဝင်လာခဲ့ခြင်း(သို့မဟုတ်) အာဏာရှင်စနစ်၏ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးအရ ဖိနှိပ်ရက်စက်ခြင်းတို့ကြောင့် နိုင်ငံတကာတွင် ရွှေ့ပြောင်းနေထိုင်ရသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့အား မြန်မာနိုင်ငံသားအဖြစ် ပြန်လည်လျှောက်ထားလိုပါက အဆင်ပြေချောမွေ့စေရေး

ဆောင်ရွက်ပေးရမည်။ ထို့ပြင် မြန်မာနိုင်ငံတွင်း အမြဲနေထိုင်ခွင့်ဆိုင်ရာအစီအမံများကိုလည်း စီစဉ်ဆောင်ရွက်ပေးရမည်။

(ခ) အာဏာသိမ်းစစ်အုပ်စု၏ ဖိနှိပ်အကြမ်းဖက်မှုများကြောင့် နေရပ်စွန့်ခွာရသူများ၊ လူမှုစီးပွားနှင့် ဘဝရပ်တည်မှု ထိခိုက်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များပေးနိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂ၊ နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်။

(ဂ) လက်လုပ်လက်စား အခြေခံလူတန်းစားများ၏ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် တတ်နိုင်သမျှ ဆောင်ရွက်ရမည်။

(ဃ) နိုင်ငံတကာသို့ ရောက်ရှိနေကြသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ နည်းပညာ ပံ့ပိုးမှုများအား ရယူနိုင်ရေး ဆောင်ရွက်ရမည်။

၂၇။ လုံခြုံရေးနှင့် ကာကွယ်ရေး

(က) ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရသည် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီနှင့် ညှိနှိုင်း၍ ပြည်သူ့လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်ထောင်စုကာကွယ်ရေးတို့အတွက် အမျိုးသားအဆင့်ကာကွယ်ရေးအစီအမံများကို ရေးဆွဲအကောင်အထည်ဖော်ရမည်။

(ခ) ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရသည် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လုံခြုံရေးကို အကာအကွယ်ပေးနိုင်ရေး ပြည်သူ့ကာကွယ်ရေး အစီအမံကို အမြန်ဆုံး ချမှတ်ဆောင်ရွက်ရမည်။

(ဂ) ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရသည် သက်ဆိုင်ရာပြည်နယ်အတွင်းရှိ ပြည်သူများအား ကာကွယ်ရန် ပြည်သူ့ကာကွယ်ရေးအစီအမံကို ဆောင်ရွက်သည့်အခါ ပြည်နယ်အတွင်း အခြေစိုက်လှုပ်ရှားသည့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုရင်း ညှိနှိုင်းဆောင်ရွက်ရမည်။

# အခန်း (၅)
# ကြားကာလ ဥပဒေပြုရေး

ဖက်ဒရယ်ပြည်ထောင်စု ဥပဒေပြုရေး

၂၈။ ကြားကာလအတွက် ဖက်ဒရယ်ပြည်ထောင်စု၏ ဥပဒေပြုရေးအာဏာသည် ၂၀၂၀ ပြည့်နှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ခံပြီး အကြမ်းဖက်အာဏာသိမ်းစစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမပြုသော ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ်များ၌ တည်သည်။

၂၉။ ၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး "ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်" ကို လက်ခံသဘောတူ၍ ပူးပေါင်းအကောင်အထည်ဖော်ရန် သဘောတူညီသော၊ အကြမ်းဖက် အာဏာသိမ်း စစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်ခြင်း မပြုသော ပြည်ထောင်စုအဆင့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၏ ပါဝင်မှုဖြင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီကိုဖွဲ့စည်းရမည်။

၃၀။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် ဖက်ဒရယ်ပြည်ထောင်စု၏ ကြားကာလ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် "ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်" ပါ ဦးတည်ချက်၊ ရည်ရွယ်ချက်၊ နိုင်ငံရေးလမ်းပြမြေပုံတို့နှင့်အညီ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီက ချမှတ်ထားသော မူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းပေးရမည်။

၃၁။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် ဥပဒေပြုရေးကိစ္စရပ်များကို ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်အရ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီက ချမှတ်ရေးဆွဲထားသော မဟာဗျူဟာမူဘောင်များနှင့်အညီ မူဝါဒဆိုင်ရာ ဆွေးနွေးညှိနှိုင်းသဘောတူညီချက် ရယူ၍ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်ရမည်။

၃၂။ ဤပဋိညာဉ်နှင့်အညီ နိုင်ငံရေးလမ်းပြမြေပုံနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရန်အတွက် လိုအပ်သော ဥပဒေပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်ကို ခေါ်ယူကျင်းပနိုင်သည်။

၃၃။ ပြည်သူလူထုတစ်ရပ်လုံးကို ဖိနှိပ်သောဥပဒေများအား ပြင်ဆင်၊ ပယ်ဖျက်၍ အခြေခံလူ့အခွင့်အရေးများကို အကာအကွယ်ပေးနိုင်သည့် ဥပဒေများ ရေးဆွဲ ပြဋ္ဌာန်းရမည်။

## အခန်း (၆)
## ကြားကာလ အုပ်ချုပ်ရေး

ဖက်ဒရယ်ပြည်ထောင်စုအုပ်ချုပ်ရေး

၃၄။ ကြားကာလအုပ်ချုပ်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အမျိုးသားညီညွတ်ရေးအစိုးရကို ဖွဲ့စည်းရမည်။

၃၅။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရကို ဖွဲ့စည်းရာတွင် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၏ ညှိနှိုင်းသဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၃၆။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် နိုင်ငံတော်ကို ကိုယ်စားပြုသော နိုင်ငံ့ဦးသျှောင် အကြီးအကဲများ ဖြစ်သည်။

၃၇။ ပြည်ထောင်စုဝန်ကြီးချုပ်သည် ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ အဖွဲ့၏ အကြီးအကဲ ဖြစ်သည်။

၃၈။ ပြည်ထောင်စုဝန်ကြီးချုပ်နှင့် ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရသည် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီနှင့် ပြည်သူ့ညီလာခံအား တာဝန်ခံရမည်။

၃၉။ ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့အား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသည်။

(က) နိုင်ငံတော်သမ္မတ

(ခ) နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်

(ဂ) ဒုတိယသမ္မတ (၁)

(ဃ) ဒုတိယသမ္မတ (၂)

(င) ပြည်ထောင်စုဝန်ကြီးချုပ်

(စ) ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ

(ဆ) ပြည်ထောင်စုရှေ့နေချုပ်

(ဇ) ပြည်ထောင်စုစာရင်းစစ်ချုပ်

၄၀။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ပါ နိုင်ငံရေးလမ်းပြမြေပုံနှင့် နိုင်ငံရေးရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရေးအတွက် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်နှင့်အညီ ရေးဆွဲထားသော မဟာဗျူဟာအရ အမျိုးသားညီညွတ်ရေးအစိုးရကို အကြံပေးရမည်။

၄၁။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ၏ သက်တမ်းနှင့်အညီဖြစ်သည်။

၄၂။ ပြည်ထောင်စုဝန်ကြီးချုပ်သည် ပဋိညာဉ်ပါ ဦးတည်ချက်များနှင့် ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ၏ မူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီနှင့် ညှိနှိုင်းလျက် အာဏာပိုင်အဖွဲ့အစည်း တစ်ရပ်ရပ်ကိုသော်လည်း ကောင်း၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုသော်လည်းကောင်း၊ ပုဂ္ဂိုလ်များအားလည်းကောင်း တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပေးအပ်နိုင်သည်။

၄၃။ ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရသည် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီနှင့် ညှိနှိုင်း၍ ပြည်ထောင်စုအဆင့် ကြားကာလ အုပ်ချုပ်ရေးစီမံချက်ကို ရေးဆွဲအတည်ပြု ပြဋ္ဌာန်းနိုင်သည်။

၄၄။ ပြည်သူ့ညီလာခံက တရားဝင်အတည်ပြုပေးထားသည့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၏ မူဝါဒများနှင့်အညီ ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ၏မူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကဏ္ဍအလိုက် ကော်မတီနှင့် ကော်မရှင်များကို သက်ဆိုင်ရာဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်းပေးပြီး (Facilitate) လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့်ပါဝင်ထိုက်သူများဖြင့်လိုအပ်သလို ဖွဲ့စည်းရမည်။

၄၅။ နိုင်ငံတော်သမ္မတသည် တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိလျှင် ဒုတိယသမ္မတ (၁) က နိုင်ငံတော်သမ္မတ ကိုယ်စား တာဝန်ထမ်းဆောင်ရမည်။ ဒုတိယသမ္မတ

(၁) သည် နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်နိုင်ခြင်းမရှိလျှင် ဒုတိယသမ္မတ (၂) က ယာယီသမ္မတအဖြစ် တာဝန်ထမ်းဆောင်ရမည်။

## အခန်း (၇)
## ကြားကာလ တရားစီရင်ရေး

၄၆။ ကြားကာလအတွင်း တရားစီရင်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဖက်ဒရယ်ပြည်ထောင်စုတွင် ရှိရင်းစွဲ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ၏ နယ်မြေများတွင် ၎င်းတို့၏ တရားစီရင်ရေးစနစ်သည် တရားဝင်ဖြစ်သည်။

၄၇။ ကြားကာလအတွင်း ဖက်ဒရယ်ပြည်ထောင်စု၏တရားစီရင်မှုအာဏာသည် "အမျိုးသားညီညွတ်ရေးအစိုးရ"က အသိအမှတ်ပြုထားသော အရပ်ဘက်တရားရုံးများတွင်လည်းကောင်း၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ နယ်မြေအတွင်း ဖွဲ့စည်းတည်ရှိထားရှိသည့် အဆင့်ဆင့်သော အရပ်ဘက်တရားစီရင်ရေးစနစ်တွင်လည်းကောင်း တည်ရှိရမည်။ တရားစီရင်ရေးအာဏာကို အဆိုပါတရားရုံးများနှင့် တရားရေးစနစ်များတွင် ကျင့်သုံးပိုင်ခွင့်ရှိပြီး လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးစနစ်ဖြစ်ရမည်။

၄၈။ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ[1] အတွင်း တရားစီရင်ရေးနှင့်ပတ်သက်ပြီး အငြင်းပွားမှုများအား ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ပါက ဖြေရှင်းဆောင်ရွက်ရန်အတွက် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီက တရားရေးဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးကော်မတီကို သက်ဆိုင်ရာဒေသများမှ တရားစီရင်ခွင့်အာဏာပိုင်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပေးထားရမည်။

၄၉။ ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ဖက်ဒရယ်ပြည်နယ်များနှင့် ဖက်ဒရယ်ယူနစ်ရှိ တရားသူကြီးများသည် လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်ရှိပြီး တရားဥပဒေကိုသာတာဝန်ခံရမည်။ လူ့အခွင့်အရေးများနှင့် မဆန့်ကျင်သော ရိုးရာဓလေ့ထုံးတမ်းဥပဒေများကိုလည်း လေးစားလိုက်နာကျင့်သုံးရမည်။

---

1 ယခုလက်ရှိဖြစ်တည်နေသော နိုင်ငံရေး၊ အုပ်ချုပ်ရေးအခြေအနေအရ ပြည်နယ်နှင့် တိုင်းဒေသကြီးအပိုင်းအခြားများကို ကြားကာလအတွင်းတွင် ပြည်နယ်/ဖက်ဒရယ်ယူနစ်ဟု ခေါ်ဆိုသည်။

၅၀။ ကြားကာလတရားသူကြီးများအား တင်ကူးကြံရွယ်ချက်ကြောင့်သော်လည်းကောင်း၊ အဂတိကြောင့်သော်လည်းကောင်း ဥပဒေချိုးဖောက်ခြင်းမှတစ်ပါး ၎င်းတို့၏ တရားစီရင်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များနှင့်ပတ်သက်ပြီး အရေးယူ တရားစွဲဆွဲခံရခြင်းမှ ကင်းလွတ်စေရမည်။

၅၁။ ကြားကာလအတွင်း တရားရုံးတစ်ခု၏ အမိန့်တစ်ရပ် (သို့မဟုတ်) ဆုံးဖြတ်ချက်သည် သက်ဆိုင်သူအားလုံးနှင့် အုပ်ချုပ်ရေးယန္တရားအားလုံးအပေါ် စည်းနှောင်မှုရှိရမည်။

## အခန်း (၈)
## ပြည်နယ်/ဖက်ဒရယ်ယူနစ်များ၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး

၅၂။ ဤပဋိညာဉ်ပါ ဖက်ဒရယ်တည်ဆောက်မှုအခြေခံဖြင့် ပြည်နယ်/ဖက်ဒရယ်ယူနစ်များ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်အရ သက်ဆိုင်ရာ ပြည်နယ်/ဖက်ဒရယ်ယူနစ်များ၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးယန္တရားများကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်သွားမည်။

၅၃။ ပြည်ထောင်စုနှင့် ပြည်နယ်/ ဖက်ဒရယ်ယူနစ်များအကြား ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအရေးကိစ္စများကို အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီတွင် ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၉)
## အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ပြင်ဆင်မှုအစီအမံများ

၅၄။ ကြားကာလမှာပင် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်မည်။

၅၅။ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီတွင် ကနဦးအတည်ပြု၍ ပြည်သူ့ညီလာခံသို့ တင်ပြအတည်ပြုရမည်။

၅၆။ ကြားကာလ လွှန်မြောက်သည်နှင့် အင်အားစုအသီးသီး ပိုမိုကျယ်ပြန့်စွာ ပါဝင်သည့် အသွင်ကူးပြောင်းရေးကာလ အမျိုးသားညီညွတ်ရေးအစိုးရ (Transi–

tional National Unity Government – TNUG) ကို အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီက အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ဖွဲ့စည်းပေးရမည်။

၅၇။ တဆက်တည်းမှာပင် ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရက အသွင်ကူး ပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အသွင်ကူးပြောင်းရေး အမျိုးသားညီညွတ်ရေးအစိုးရကို လုပ်ပိုင်ခွင့်တာဝန် လွှဲပြောင်းအပ်နှင်းရမည်။

၅၈။ ဖော်ပြပါ ပုဒ်မ ၅၆ နှင့် ၅၇ ကို ပြည်သူ့ညီလာခံတွင် ဆောင်ရွက်ပြီးစီး အတည် ပြုပြီးသည်နှင့်တပြိုင်နက် ဖက်ဒရယ်ပဋိညာဉ် အစိတ်အပိုင်း (၂) ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံကို ဖျက်သိမ်းကြောင်း အမျိုးသား ညီညွတ်ရေးအတိုင်ပင်ခံကောင်စီက ကြေညာရမည်။

## အခန်း (၁၀)
## ပဋိညာဉ်အား ပြင်ဆင်ဖြည့်စွက်ခြင်း

၅၉။ ဖြစ်ပေါ်တိုးတက်လာသော နိုင်ငံရေးအခြေအနေများနှင့်အညီ ဤကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအစီအမံအား ပြင်ဆင်လိုပါက အမျိုးသား ညီညွတ် ရေးအတိုင်ပင်ခံကောင်စီတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြင်ဆင် ဖြည့်စွက်ပြီး ပြည်သူ့ညီလာခံသို့ တင်သွင်းအတည်ပြုချက်ရယူရမည်။

## အခန်း (၁၁)
## အထွေထွေပြဋ္ဌာန်းချက်များ (General Prorvisions)

၆၀။ ဤဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်အစိတ်အပိုင်း (၂) ၏သက်တမ်းသည် အသွင် ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းပြီး စတင်အသက်ဝင် သည့်အချိန်အထိ ဖြစ်သည်။

၆၁။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ အာဏာသိမ်းစစ်အုပ်စုက ထုတ် ပြန်ခဲ့သော ဥပဒေ၊ ညွှန် ကြားချက်နှင့် အမိန့်များအားလုံးသည် တရားမဝင် ကြောင်း အမိန့်ထုတ်ပြန်ရမည်။

၆၂။ ဤဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို ပြဋ္ဌာန်းအတည်ပြုနိုင်ခြင်း မရှိသေးမီ ကာလအတွင်း ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီမှ ထုတ်ပြန်ခဲ့

သော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လက်စွဲများသည် ဤဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်နှင့် မဆန့်ကျင်ပါက အတည်ဖြစ်သည်။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် ဤပဋိညာဉ်နှင့် ကိုက်ညီမှုမရှိသော ဥပဒေ၊ အမိန့်၊ ညွှန် ကြားချက်နှင့် လက်စွဲများကို အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီက ချမှတ်ရေးဆွဲထားသော မဟာဗျူဟာမူဘောင်များနှင့်အညီ မူဝါဒဆိုင်ရာ ဆွေးနွေးညှိနှိုင်းသဘောတူညီချက်ဖြင့် ပြင်ဆင်ပြဋ္ဌာန်းခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်သည်။

၆၃။ ဤပဋိညာဉ်ပါ ဦးတည်ချက်၊ မဟာဗျူဟာလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်နေချိန်တွင်ဖြစ်ပေါ်လာသော နိုင်ငံရေးအပြောင်းအလဲများကြောင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို မဖြစ်မနေ ထပ်မံပေါင်းစပ်ချမှတ်ဖော်ဆောင်ရန် လိုအပ်လာပါက အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီက တာဝန်ပေးအပ်ထားသည့်သက်ဆိုင်ရာအစုအဖွဲ့ကို ရေးဆွဲစေပြီး ပြည်သူ့ညီလာခံတွင် အတည်ပြုသွားရန်ဖြစ်သည်။

၆၄။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ အဖွဲ့ဝင်အဖွဲ့အစည်းတိုင်းသည် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီကို တာဝန်ခံရမည်။

## အခန်း (၁၂)
## ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ ကတိပြုချက်များ

အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ၏ လုပ်ဆောင်ချက်များ၊ ကြားကာလအစိုးရ၏ လုပ်ဆောင်ချက်များ၊ ကြားကာလတွင် ကျင့်သုံးဆောင်ရွက်သည့် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို ပဋိညာဉ်အစိတ်အပိုင်း (၁) ပါ ပြည်ထောင်စု မျှော်ရည်ချက်၊ စံတန်ဖိုး၊ ဦးတည်ချက်၊ ရည်ရွယ်ချက်၊ နိုင်ငံရေးလမ်းပြမြေပုံများနှင့် ပဋိညာဉ်အစိတ်အပိုင်း (၂) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ခံမှုတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်ဟု သဘောတူ အတည်ပြု (ratify) ကြပါသည်။

ဤပဋိညာဉ်ကို သဘောတူအတည်ပြုထားကြသော အစုအဖွဲ့အားလုံးသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံခြားရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုအပ်ပါသည်။

■

ဖက်ဒရယ်ရေးရာပညာပေးစာစဉ် အမှတ် (၁)

# ဖက်ဒရယ်ဒီမိုကရေစီ
# ပြည်ထောင်စုစနစ်

ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာနမှ

ဖက်ဒရယ်ရေးရာပညာပေးအဖြစ်ထုတ်ဝေဖြန့်ချိသည်။